# ဘသက်သွေ

## မျှော်လင့်ခြင်းမနက်ဖြန်

မေဇင်လတ်၏ဘဝအမောဝတ္ထု။



**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဘသက်ဆွေ

## မျှော်လင့်ခြင်းမေနာကိုပြန်

မေဇင်လတ်၏ဘဝအမောဝတ္ထု

စာအုပ်စာတမ်းစာမူခွင့်ပြုချက်အမှတ်
၅၀၁၀၀၆၀၆၀၈
စာအုပ်စာတမ်းမျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၅၂၀၆၁၁

မျက်နှာဖုံး ဒျော်သောင်း

အတွင်းပုံများ
စိုးအောင်၊ ညီညီလွင်နှင့် မောင်လူရှင်

ပုံနှိပ်ခြင်း
၂၀၀၇ ခုနှစ် ဇန်နဝါရီလ
အုပ်ရေ - ၁၀၀၀

ပုံနှိပ်တိုက်
ဒေါ်ကြင်ယုံ၊ ကောင်းစံပုံနှိပ်တိုက်
အမှတ် (၂၇၉/ခ)၊ လမ်း (၄၀) ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ
အမှတ် (၁၁၁)၊ (၃၃) လမ်း ရန်ကုန်မြို့။

တန်ဖိုး - ၁၀၀၀ ကျပ်

အဆုံး၏နိဒါန်း

ဤသို့ဖြင့် မေဇင်လတ် အမည်ခံ၊ မေကြည်တစ်ယောက် ကျွန်တော်အမှုထမ်းနေသော ဗဟိုအကျဉ်းထောင်ကြီးသို့ အချုပ်သူ တစ်ဦးအနေဖြင့် ရောက်လာသည်။

သူ့အမှုက နယ်နယ်ရရထဲကမဟုတ်။

ပစ္စည်းယူလူသတ်မှုတွင် သူမကကြံရာပါ။

ပုဒ်မက(၃၀၂)။

ရဲအာမခံရနိုင်သော အမှုမျိုးမဟုတ်၊ တရားရုံးကသာအာ မခံပေးနိုင်သည်။

စင်စစ် ထိုစဉ်ကကျွန်တော်သူမကိုမသိပါ။

မမျှော်လင့်ပဲ ကိုနေကျော်တစ်ယောက်ကျွန်တော့်ဆီရောက် လာပါမှ အကြောင်းစုံသိရခြင်းဖြစ်ပါသည်။

ကိုနေကျော်က ပန်းချီဆရာ၊ ကျွန်တော်ကထောင်မှူးဖြစ် နေသလို ထောင်အခြေခံသောဇာတ်လမ်းများကို ရေးသားနေသော စာရေးသမား။ ထို့ကြောင့်အစကတည်းက ဆက်သွယ်ရင်းနှီးမှုရှိ သည်။

ဖော်မွန်စာပေ

ကျွန်တော့်စာအုပ်အချို့၏ မျက်နှာဖုံးကိုသူရေးဆွဲပေးဖူးသည်။ စာရေးဆရာတစ်ယောက်၏ဆန္ဒကို စိတ်ရှည်စွာနားလည်လက်ခံပြီး ဆွေးနွေးတတ်သော ပန်းချီဆရာများထဲတွင်ကိုနေကျော်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ချင်းဆက်ဆံရေးမှာ ရိုးသားပွင့်လင်း၍၊ ခင်မင်မှုမှာအတိုင်းအဆမရှိခဲ့ပါ။

သူလာစဉ်ကတော့ ကျွန်တော့်စာအုပ်မျက်နှာဖုံးကိစ္စအတွက်လာပြောသည်၊ ဆွေးနွေးသည်ဟုထင်ခဲ့သည်။

မဟုတ်ပါ၊ သူ့အကြောင်းနှင့်လာခြင်းဖြစ်ပါသည်။ အကူအညီတောင်းလာခြင်းဖြစ်ပါ၏။

အကျိုးအကြောင်းကိုမေးတော့ သူကအကြောင်းစုံပြောပြသည်။

သူ့ဇာတ်လမ်းဆုံးတော့ ကျွန်တော်စိတ်မကောင်းဖြစ်ရသည်။

မေကြည့်အတွက် သူ့စိုးရိမ်မှုများကိုလည်း ကျွန်တော်နှစ်သိမ့်အားပေးရသည်။

ထောင်ဆိုသည်မှာ အနေအစားဆင်းရဲသည်။ တစ်ကြိမ်တစ်ခါမျှမရောက်သေးသူအဖို့ လောကငရဲဟုသူသိထားသည်။ အထူးသဖြင့် အမျိုးသမီးထောင်ဆိုလျှင်ပြောစရာမရှိ၊ လူပေါင်းစုံ၊ အကျင့်ပေါင်းစုံ၊ အုပ်စုဖွဲ့၍ရန်ထောင်သည်ကမရှား၊ သန်းရှာအတင်းပြောရင်းကအခန့်မသင့်လျှင် ကလော်ကြ၊ ဆဲကြသည်ကလည်းရှိသည်။

ဖော်မွန်စာပေ



ထောင်ဆိုသည်မှာ လူထောင်ပေါင်းများစွာကိုစုစည်းထားသောနေရာဖြစ်၏။ တာဝန်ရှိဝန်ထမ်းကအဆောင်တစ်ဆောင်တွင်ငါးယောက်ပင်မပြည့်၊ သည်တော့သူတို့ကိုနိုင်နင်းစွာ၊ စည်းကမ်းတကျရှိစေရန်အုပ်ချုပ်ရသူအဖို့မလွယ်။

ထို့ကြောင့်ဖြစ်သလို အရေးပေါ်စည်းကမ်းချက်ပြဋ္ဌာန်းပြီး အုပ်ချုပ်ရသည်ကလည်းရှိသည်။ ထို့ကြောင့်အခြေအနေအရအံဝင်ခွင်မကျဖြစ်မှုမျိုး တစ်ခါတစ်ရံပေါ်ပေါက်တတ်သည်။

မတတ်နိုင်၊ ငြိမ်ဝပ်ပိပြားမှုပေါ်တွင် အလေးပေးရတော့၏။

ထိုအကြောင်းများကြောင့် ကိုနေကျော်ကသူ့ရဲ့ မေကြည်အတွက်စိုးရိမ်သည်။

'ကျွန်တော်ကစည်းကမ်းဘောင်အတွင်းမှ မည်သည့်အကူအညီမျိုးမဆိုပေးရန်အသင့်ရှိကြောင်း၊ အဆောင်ကိုအုပ်ချုပ်ရသောအမျိုးသမီးထောင်မှူးထံတွင်လည်း မေကြည့်ကိုအပ်ပေးမည်ဟုကတိပေးရသည်။

သူနှင့်ကျွန်တော် ပထမအကြိမ်တွေ့ကြစဉ်က၊ သူပြောသမျှကိုသာသိရခြင်းဖြစ်သည်။ အမှုမှာစွဲချက်မတင်ရသေးသဖြင့် အခြေအနေကိုမသိနိုင်၊ ထင်မြင်ချက်လေးမျှပင်မေးမရ။

သူ့အသွင်ပြီးငယ်နွမ်းမောနေသဖြင့်၊ ကျွန်တော်မမေးရက်၊

သူ့ဘဝတွင် တစ်ရက်မျှသာကြုံဆုံခဲ့ရသော အမျိုးသမီးအပေါ် သူ၏တွယ်တာအစိုးရိမ်ကြီးမှုကို ကျွန်တော်နားမလည်နိုင်ဖြစ်ရသည်။

ဖော်မွန်စာပေ

"မိန်းမသားတစ်ယောက်အနေနဲ့ သူ့ရဲ့အတွေ့အကြုံဟာ ခါးသီးလှတယ်ဗျာ၊ ဘဝနဲ့မမျှအောင်ဆိုးဝါးလိမ့်မယ်လို့ ကျွန်တော် ထင်တယ်. . ."

သူ့ထံမှကြားရသောစကားဖြစ်ပါ၏။

"အင်း. . ခင်ဗျားသနားတယ်ဆိုရင်တော့၊ ကျွန်တော်သဘောပေါက်သွားပြီကိုနေကျော်. . ."

ကျွန်တော့်ကျီစယ်မှုအတွက်၊ သူ့ထံမှအပြုံးယဲ့ယဲ့ကိုသာ တွေ့ရသည်။

သူပြန်သွားသောအခါ၊ အမျိုးသမီးအချုပ်ထောင်သို့ ကျွန်တော်သွားခဲ့ရသည်။ အဆောင်မှူးဖြစ်သော အမျိုးသမီးထောင်မှူးနှင့်တွေ့ပြီး၊ အကျိုးအကြောင်းကိုပြောပြကာ သူနှင့်အတူမေကြည်ကို ရုံးခန်းထဲသို့ခေါ် တွေ့သည်။

ကိုနေကျော်နှင့်ကျွန်တော်မှာ ရင်းနှီးသောမိတ်ဆွေများ ဖြစ်သည့်အကြောင်း၊ အားငယ်စရာမရှိ စည်းကမ်းဘောင်အတွင်းမှ မည်သည့်အကူအညီမဆို ပွင့်လင်းစွာတောင်းဆိုရန်မေကြည်ကို တိုက်တွန်းရသည်။

အမျိုးသမီးထောင်မှူးကလည်း အားပေးနှစ်သိမ့်ပါ၏။ ကျွန်တော့်ရှေ့မှာပင်အဆောင်၏အခန်းလူကြီးဖြစ်သော အမျိုးသမီးကြီးကိုအပ်လိုက်ပါသည်။

ကျွန်တော်တို့၏အကူအညီကို မေကြည်ကျေနပ်လက်ခံသည်။ သို့သော်သူမမျက်နှာမရွှင်လန်း၊ ညှိုးငယ်လှ၏။ သူ့ရင်ထဲမှ အပူကိုဘယ်သူ့ကိုမှုမပေးလိုသည့်အသွင်မျိုးဖြင့် အေးဆေးတိတ်





ဆိတ်စွာခံယူသည်။

"မိန်းမချောတစ်ယောက်ပဲ. . ."

မေကြည်ကိုသူ့အခန်းပြန်ပို့သောအခါ အမျိုးသမီးထောင်မှူးကအထက်ပါအတိုင်း မှတ်ချက်ချပါသည်။

"ဟုတ်တယ်. . အထူးသဖြင့်ပန်းချီဆရာတွေ မြတ်နိုးတဲ့ အလှမျိုးကိုမှ ဒီအမျိုးသမီးကပိုင်ဆိုင်ထားတာကိုးဗျ. . ."

ကျွန်တော်ကပါ သူမစကားကိုဖြည့်စွက်လိုက်မိပါသည်။

× × × × × ×

# အပိုင်း(၁)

## “ကျွန်မပြောချင်တဲ့ ကျွန်မအကြောင်း”

×××

# ဘသက်ဂွေ

## မျှော်လင့်ခြင်းမနက်ဖြန်

မေဇင်လတ်၏ဘဝအမောဝတ္ထု



## အခန်း(၁)။

ကိုယ့်အဖြစ်ကို ပြန်တွေးမိရင်မေကြည် အံ့ဩရသည်။

စင်စစ် အံ့ဩမိသည်ဟု ဆိုခြင်းထက်အံ့အားသင့်ရသည်ဟု ဆိုချေကပို၍မှန်လိမ့်မည်သာ။

အဖြစ်ကိုကြည့်ပါဦး။

မနေ့က ဒီအချိန်၊

အကောင်းဆုံးသော အစားအစာဆီဦးထောပတ်ကို စားနေရသည်။ ညွန့်ပေ့ဆိုသောပျော့ပြောင်းနူးညံ့သည့် အသွေးစုံ၊ အရောင်စုံအဝတ်အထည်ကို တစ်စုံပြီးတစ်စုံလဲခဲ့သည်။ တစ်ယောက်အိပ်ကျွန်းသားခုတင်ကြီးပေါ်မှ အိစက်ညက်ညောနေသော ဖဲမွေ့ယာပေါ်တွင် ခဏပင်ဆိုသော်လည်း နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်ခဲ့သည်။





သည်တုန်းက ကန်တော်ကြီးစောင်းမှ ခပ်မြင့်မြင့်တစ်ထပ်တိုက်ကလေးထဲတွင်ဖြစ်သည်။

ယခုတော့. . . . .

မေကြည်ရောက်နေသည်က ထောင်၊ အကျဉ်းထောင်၏ အမျိုးသမီးအချုပ်ဆောင်၊

မြင်ရသမျှ၊ ကြားရသမျှ၊ တွေ့ရသမျှ၊ အနိဋ္ဌာရုံချည်းစုဝေးနေသည့်နေရာ၊

သံဝေဂရစရာသာမဟုတ်၊ တရားကျစရာလည်းကောင်းသည်။ မိမိကိုယ်သာမဟုတ်၊ အရာရာကိုလက်လွှတ်ဆုံးရှုံးရပြီး အခွင့်အရေးကလည်း နတ္ထိ။

အဝတ်တစ်ထည်၊ တိုယ်တစ်ခုဆိုသောဝေါဟာရကို ယခုမှ မေကြည်သဘောပေါက်သည်။

မနေ့ညဆယ်နာရီလောက်မှာ မေကြည်ထောင်ထဲရောက်လာသည်။ ရဲစခန်းမှလိုအပ်သည်များကို အနည်းအကျဉ်းမေးပြီး နောက်ထောင်ထဲသို့ပို့ရန် ဆုံးဖြတ်ကြသည်။

မငြင်းသာ၊ မကွယ်သာ၊ စောဒကမတက်သာသော မေကြည်အဖို့ ထိုအချိန်ကတည်းက အခွင့်အရေးစတင်ဆုံးရှုံးသည်။ ခါးဝတ်ခါးစားဖြင့် ထောင်ထဲဝင်ရန်အခြေအနေကဖြစ်လာသည်။ သည်အဝတ်အစားပင်လျှင် ကယ်တင်ရှင်ကြီးကစောင်မကြည့်ရှုလိုက်သောဝတ်စုံ၊ နို့မိုဆိုလျှင်အခက်သား၊

ထောင်သို့ပို့မည်ဆိုကတည်းက မေကြည်ရင်ခုန်တော့သည်။ ခန္ဓာကိုယ်အတွင်းရှိ အရိုး၊ အကြောအချဉ်အားလုံးကိုသာ

မက စိတ်ဝိညာဉ်ကိုပါအနှုတ်ခံရသူလို နှုံးချိချိဖြင့်ပျော့ခွေသွားရသည်။

ကယ်တင်ရှင်က အားပေးသည်။

စခန်းမှူးက နှစ်သိမ့်သည်။

အဖော်လိုက်မည့်အစောင့်ရဲမေက ခပ်ပြတ်ပြတ်၊

အားငယ်ရသူက မေကြည်၊

လိုအပ်သည့်စာရွက်စာတမ်းများ ပြင်ဆင်ပြီးသောအခါ စခန်းမှူးက မြို့နယ်မှူးထံသတင်းပို့သည်။

စခန်းမှူးရုံးခန်းသည် တိတ်ဆိတ်နေ၏။

ကယ်တင်ရှင်က မေကြည်ကိုကြည့်သည်၊ သူ့အကြည့်က သိမ်မွေ့သော်လည်း ကြေကွဲနေသည်။ ယူကြုံးမရ မချင့်မရဲဖြစ်နေသည်။ စကားတွေသိပ်ပြောချင်ပုံရသည်။

မေကြည်အဖို့လည်း ထိုနည်းတူပင်၊

အားကိုးသောအကြည့်ဖြင့် ကြည့်မိသည်။

ခက်သည့်ကမိမိတို့အဖြစ်မှာ စကားတွေလှိုင်လှိုင်ပြောနိုင်ကြသူများမဟုတ်၊ မနေ့ကမှ တွေ့ခဲ့ကြသူတွေ၊ အချိန်အားဖြင့် နှစ်ဆယ့်လေးနာရီပင်မပြည့်တတ်သေး။

သူ့အကြောင်းကိုယ့်အကြောင်း၊ ဂဃနဏသိကြသူများမဟုတ်၊ ရင်ဖွင့်ပြီးပြောဖို့နေနေသာသာ၊ စကားသာသာပင်မှာကြားဘို့ခက်နေသည်။

သို့သော်-

တစ်ဦးအကြည့်ကို တစ်ဦးကနားလည်သည်။

ဖော်မွန်စာပေ



တစ်ယောက်ရင်ခုန်သံ တစ်ယောက်ကြားနေရသလိုရှိသည်။ နှစ်ဆယ့်လေးနာရီပင် မပြည့်တတ်ခဲ့သော ရင်းနှီးမှု၏သံယောဇဉ်အတွယ်အတာသည်ပင်လျှင် မသိမသာနှောင်တွယ်မိချေပြီ။

သို့သော် အခြေအနေကမပေးတော့ချေ။

သူ့ထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့ထွက်လာသည်။ ထို့ကြောင့် အစောင့်ရဲမေက သူ့အားအကဲခတ်သောအကြည့်ဖြင့် လှမ်းကြည့်သည်။ မေကြည်ကလည်း ထို့အတူသူ့ကိုကြည့်မိသည်။

သူ့အကြည့်ကမူ အခန်းနံရံသို့ရောက်နေသည်။ ကြံရာမရဖြစ်နေရှာသော သူ့ရင်ထဲမှဝေဒနာကို မေကြည်ကောင်းကောင်းသိလိုက်သည်။

သူလည်းငါ့လိုပါပဲလား. . ဟူ၍. . ။

မြို့နယ်မှူးရုံးခန်းထဲမှ စခန်းမှူးထွက်လာသည်။ သူ့လက်ထဲတွင် လက်မှတ်ထိုးပြီးသား စာရွက်စာတမ်းများပါလာသည်။ အစောင့်ရဲမေအားခေါင်းငြိမ့်ပြပြီး အားလုံးကိုပေးလိုက်သည်။

"ကဲ-အမိ၊ ထ-သွားကြစို့. ."

ရဲမေ၏စကားအဆုံး မေကြည်သာမက၊ သူကလည်းထရပ်သည်။

မေကြည်နှင့်သူမျက်လုံးချင်း ဆုံသွားသည်။

သည်တစ်ကြိမ်တွင်တော့ ရင်မခုန်နိုင်ကြ၊ ကွေကင်းရခြင်းအတွက် ကြေကွဲခြင်းဖြစ်ကြရသည်။

စခန်းမှူးကသူ့ကို အားပေးနှစ်သိမ့်သည်။

ဖော်မွန်စာပေ

"စခန်းအနေနဲ့ အာမခံမပေးနိုင်လို့ပါဗျာ၊ ဒါပေမယ့်တရားဒုံးမှာအာမခံရဘို့ ကျွန်တော်ကြိုးစားပေးပါ့မယ်"

သူကစခန်းမှူးကိုပြုံးပြသည်။ သို့သော်သူ့အပြုံးမှာတက်ကြွမှုမရှိ လျော့ရဲရဲနိုင်လှ၏။

"မမေကြည်လဲမစိုးရိမ်ပါနဲ့ဗျာ-၊ အခြေအနေကမျှော်လင့်သလောက်ဖြစ်လာမယ်မထင်ပါဘူး။ အခုဟာကတော့ကျွန်တော်တို့ရဲ့တာဝန်ဝတ္တရားအရမို့ပါ. . . "

စခန်းမှူး၏ စကားအဆုံး၊ မေကြည်ခေါင်းငြိမ့်ရုံသာရှိခဲ့သည်၊

ဂျစ်ကားလေးပေါ်တက်ကြတော့၊ သူ့မှာစခန်းအပြင်တွင်ရပ်ကြည့်ကျန်ခဲ့သည်၊

ရုတ်တရက် ခွဲခွာရမည်မို့ နှုတ်ဆက်စကားမဆိုဖြစ်ကြ၊ ကားထွက်ခါနီးမှ သူ့အမှာစကားကိုကြားရသည်။

"နက်ဖြန် မေကြည်ကိုကိုယ်လာတွေ့မယ်၊ ဘာမှအားမငယ်နဲ့နော်-မေကြည်. . . "

ကားထဲရောက်နေသောမေကြည်က ခေါင်းငြိမ့်ပြသော်လည်း၊ သူကတွေ့မည်မဟုတ်. . . "

ရဲကား၊ စခန်းရှေ့မှမောင်းထွက်ခဲ့သည်၊

ညဆယ်နာရီကျော်သော်လည်း ရန်ကုန်ညသည်လုံးဝမငြိတ်ဆိတ်သေး။ ကြက်ပျံမကျစည်ကားပြီး ဆူညံနေမှုမျိုးတော့မရှိ၊ လူအသွားအလာကျဲသွားရုံမျှသာရှိသည်။

ယခင်ကတော့ ဤလိုညမျိုးမှာပင် မေကြည်ကျက်စားဖူးသည်။ နေ့မှညတာကိုမေကြည် သတိမပြုခဲ့သည်မှာကြာပြီ။

ဖော်မွန်စာပေ



သည်တုန်းကမေကြည်သတိပြုနေမိသည်က "အမဲ" စင်စစ်"အချဉ်"သာဖြစ်ပါ၏။

ဤသို့ဆိုလိုက်၍ မေကြည်ကိုလမ်းပေါ်က မိန်းမဟုမထင်လိုက်ပါနှင့်၊

ဒုစရိုက်ကိစ္စနှင့် မရှောင်လွှဲသာခဲ့သော်လည်း မေကြည်ဘယ်တော့မှအပေါစားမဆန်၊ ပြောရင်ယုံချင်မှယုံမည်၊ ဒီနေ့အထိမေကြည့်အဖို့၊ အထီးဆိုလျှင် ယင်ဖိုမသန်းခဲ့သေးသောဘဝ၊

သို့သော်အထင်သေးပြီး လာကြောဖို့တော့မကြံနှင့် မောရုံသာရှိသွားမည်။

ဂျစ်ကားလေးပြည်လမ်းမပေါ်သို့ ရောက်သောအခါ မေကြည့်အတွေးများပြယ်သွားသည်။

သူတို့ကားလေးသည် ထောင်ဆီသို့ဦးတည်နေပြီဖြစ်ကြောင်းသတိရလာသည်။ တစ်မိနစ်ထက်တစ်မိနစ် ထောင်နှင့်နီးလာပြီဟုသော အသိကမေကြည်ရင်ကိုဖိုသွားစေသည်၊

အလိုလိုနေရင်းအားငယ်လာရသည်။

မျက်နှာစိမ်းချည်းသာ ဖြစ်ကြသောလူသစ်နေရာသစ်၊ ပတ်ဝန်းကျင်အသစ်တွင် မိမိဘယ်သို့နေရမည်ကိုတွေးရင်း ငိုင်လေးနေမိတော့သည်၊

× × × × × ×

ဖော်မွန်စာပေ

## အခန်း(၂)။

အင်းစိန်လမ်းမကြီးကိုလွှန်၍ ဈေးကိုကျော်လိုက်သည်ဆို လျှင်ပင်၊ ထောင်ဗူးဝဆီသို့ကားခေါင်းကဦးတည်နေတော့သည်။

အားကောင်းသော မီးဆလိုက်အောက်တွင်၊ နီညိုညိုထောင် အုတ်နံရံကြီးကို ထင်ထင်ရှားရှားလှမ်းမြင်နေရသည်။ ဗဟိုဗူးဝစင် မြင့်အထက်၊ ကင်းဂိတ်စင်တွင်အနီ၊ အပြာချယ်ထားသော ဆိုင်း ဘုတ်ကြီးကလည်းအထင်အရှား။

"ဗဟိုအကျဉ်းထောင်အင်းစိန်။

ဤဆိုင်းဘုတ်ကိုဖတ်ရသောအခါ မေကြည့်ခန္ဓာကိုယ်တစ် ခုလုံးထဲမှ အရိုးတွေမရှိတော့သလိုပျော့ခွေသွားရသည်။ ရင်တစ်ခု လုံးမှာနှုံးချိနေပေပြီ။

ဂျစ်ကားလေးကို ဗဟိုတံခါးရှေ့ဆင်ဝင်အောက်အထိ မောင်းဝင်ပြီးမှရပ်လိုက်သည်။

ဖော်မွန်စာပေ



ကားမောင်းသူရဲတပ်သားက ကားပေါ်မှဆင်းပြီးနှေးခြေ နှစ်လမ်းမျှမကွာသော သံတိုင်တံခါးရှေ့ရောက်သောအခါ၊ အတွင်း မှတံခါးသော့ကိုင်ထားဖွာသာ ဝါဒါတစ်ဦးကလည်း သံတိုင်တံခါးဆီသို့ လျှောက်လာသည်။

သူတို့နှစ်ဦးမှာခါးတစ်ဖက်တစ်ချက်ဆီမှတွေ့နေကြ သည်။ သံတိုင်တံခါးကြီးကသာ သူတို့နှစ်ဦးအားခြားနားထားသည်။ သို့သော်သူတို့မှာ ရင်းနှီးသိကျွမ်းကြသည်။

"ဟော့လူ. . ဦးမာကျော်၊ အချိန်မတော်. . ဘာလာလုပ်"

အတွင်းမှဝါဒါကို တရင်းတနှီးစူးစမ်းသည်။

"လာချင်လွန်းဖြို့မထင်နဲ့ ရဲချစ်ကျော်ရေ၊ တာဝန်အရမို့ ဗျ. . . "

ကားမောင်းသမား ရဲတပ်သားကပြန်ပြောနေသည်၊

"ဘယ်သူလဲ. . ဘာအတွက်လဲဗျာ. . . "

ရဲတပ်သားက ဘာမျှမပြော လက်ထဲမှစာရွက်စာတမ်း များကိုလှမ်းပေးလိုက်သည်။

ဝါဒါရဲချစ်ကျော်စာရွက်များကိုဖတ်ကြည့်သည်။ စာမျက်နှာ ရွက်မှအမည်နှင့် ပုဒ်မကိုတွေ့သွားသောအခါ နှုတ်ခမ်းမွေးငမှာ ထောင်ထသွားမိတော့သည်။

သူ့မျက်လုံးများဂျစ်ကားဆီသို့ ရောက်သွားသည်။

သို့သော်အမှောင်လွှမ်းနေသော ဂျစ်ကားအတွင်းပိုင်းမှ မေကြည်တို့၏ အသွင်သဏ္ဍာန်ကိုမမြင်ရသောအခါ သူ့အကြည့်ကို ရုပ်သိမ်းသွားသည်။

ဖော်မွန်စာပေ

ထိုအခိုက် အတွင်းဘက်မှ အနီရောင်သုထည်ကြီးမားလှသည့် သစ်သားတံခါးကြီးဆီမှတံခါးခေါက်သံကို ကြားလိုက်ရသည်။

ဝါဒါရဲချစ်ကျော်အပြေးလေး တံခါးသွားဖွင့်သည်၊

ဝင်လာသူက ဝါဒါတစ်ဦးပင်ဖြစ်သည်၊

"ဟေး. . ဆရာချိုတူး. . . "

အပြင်မှရဲတပ်သားလေးက လှမ်း၍နှုတ်ဆက်သံဖြစ်သည်။

ချိုတူးဆိုသောဝါဒါက အပြင်သို့စူးစမ်းကြည့်ပြီးမှ ရဲတပ်သားသာကျော်မှန်းသိသွားသည်။

"ဟာ. . . ပေါ်တော်မူကြီး. . .

"ပေါ်တော်မူကြီး လုပ်မနေနဲ့၊ ကားတစ်စီးနဲ့အချိန်မတော်ကျွန်တော်တို့ဒုက္ခကို ကြည့်နေဦးမှာလား. . . "

"ဘာလဲ. . . တရားခံလာပို့တာလား. . . "

"ဒါပေါ့ဗျ. . . "

"အချိန်မတော်ကြီးဗျာ. . . "

"တာဝန်အရကိုးဗျ. . . "

ထိုအချိန်၌ ရဲချစ်ကျော်က ချိုတူးအားဝရမ်းစာရွက်များကိုလှမ်းပေးသည်။ စာရွက်များကိုဖတ်ကြည့်ပြီး ချိုတူးမှာလည်း အံ့အားသင့်ဖြစ်သွားရှာသည်။

အမှောင်ရိပ်ကျသော ဂျစ်ကားလေးထဲမှမေကြည်က သူတို့၏လှုပ်ရှားမှုမှန်သမျှကို မြင်နေရသည်။ ဘာရယ်မဟုတ်သော်လည်း ခြေဖျားလက်ဖျားအေးစပြုလာသည်၊

" ကိုသာကျော်ရေ-စောင့်လက်စနဲ့ဆောတော့စောင့်အုံး

ဖော်မွန်စာပေ



ဗျာ၊ တာဝန်မှူးကအဆောင်တွေလိုက်စစ်နေတယ်၊ သူ့ခွင့်ပြုချက်တောင်းပြီးမှ တံခါးဖွင့်ပေးရမှာ၊ ခဏလေးနော်. . . "

"ရပါတယ်ဗျာ. . . လုပ်ပါ. . "

ပထမတော့ သူတို့ပြောနေသောစကားများအရ၊ တရားခံကို ထောင်ကလက်မခံချင်သည့်သဘောပါနေ၍ မေကြည်ရင်ထဲမှ ပင်လက်မခံပါစေနှင့်ဟုကြိတ်၍ဆုတောင်းမိသေး၏။

ယခုတော့သေချာပြီ၊ မေကြည်ထောင်ထဲဝင်ရတော့မည်။ ဆုတောင်းသော်လည်းမပြည့်ချေပြီတကား။

ဝါဒါချိုတူးက၊ အတွင်းဆီသို့ဖုတ်းဆက်နေသည်။ တာဝန်မှူးကိုသတင်းပို့နေခြင်းဖြစ်သည်။

"မကြာပါဘူးဗျ၊ တာဝန်မှူးလာတော့မှာပါ၊ ကျွန်တော်သတင်းပို့ပြီးပါပြီ. . . "

တယ်လီဖုန်းကိုချလိုက်ပြီး ဝါဒါချိုတူးက လှမ်းပြောသည်။

ထို့နောက် သူတို့စကားလက်ဆုံကျနေကြပြန်သည်။

တပ်သားသာကျော်က စီးကရက်ဗူးကို လှမ်းပေးသောအခါ ချိုတူးကနှစ်လိပ်ယူထားလိုက်သည်။ တစ်လိပ်မှာ ရဲချစ်ကျော်အတွက်ဖြစ်သည်။

သာကျော်သည် သူ့အတွက်တစ်လိပ်နှိုက်ယူပြီးမှ ဂျစ်ကားတွင်းသို့ လှမ်းပေးသည်။

သောက်ချင်စိတ်ကုန်နေသော မေကြည်ကခေါင်းခါပြလိုက်ရသည်။သို့သော်အစောင့်ရဲမေက တစ်လိပ်လှမ်းယူလိုက်၏။

"ညွန့်လှိုင်တော့ တစ်နေ့ကပဲထွက်သွားတယ်. . "

ဖော်မွန်စာပေ

အားလုံးစီးကရက်မီးညှိပြီးသောအခါ၊ ချိုတူးကအထူးအဆန်း သတင်းတစ်ပုဒ်အလားလှမ်းပြောသည်။

"ဘယ်ညွှန့်လှိုင်လဲ. . ."

"ဟိုလေဗျာ. . . ခါးညွှန့်လှိုင်ဟာလေ. . ."

"အော်. . . အောက်လိုင်းညွှန့်လှိုင်. . ."

"ဘယ်သူရှိဦးမလဲဗျာ. . ."

"ဒီကောင်ကတော့ ပြန်လာမယ့်ကောင်ပါဗျာ၊ ကြာလှသုံးလပေါ့. . ."

"အမယ်. . . ဒီတစ်ခါတော့ သံဝေဂရသွားပုံမျိုးပဲဗျ၊ဂတိတွေအတန်တန်ပေးသွားတယ်. . ."

"ဘာလဲ. . . အပြင်မှာသုံးလထက်ပိုပြီး မနေပါဘူးဆိုတဲ့ဂတိလား. . ."

ရဲတပ်သားသာကျော်၏ စကားအဆုံးတွင်နှစ်ယောက်စလုံးရယ်ကြသည်။

"လျှာမှာအရိုးမရှိ ခါးမှာပိုးထိဆိုတဲ့စကားလိုပေါ့၊ ဒီကောင်တွေသံဝေဂရတယ်ဆိုတာ တစ်မနက်ဖောင်ခံတာမဟုတ်ပါဘူးဗျာ. . . ."

ရဲတပ်သားသာကျော်၏ မှတ်ချက်ဖြစ်သည်။

ပိုးထိသောအပင်သည် ညှိုးနွမ်းတတ်၏။ ရှင်သန်ရန်မလွယ်။ ထိုနည်းတူခါးဟုခေါ်ကြသောခါးပိုက်နှိုက်သည်လည်း သူ့အကျင့်စရိုက်များရိုးတွင်းချဉ်ဆီအထိ ရောက်သွားပြီဆိုပါက ပြုပြင်ပြောင်းလဲလို့မရ၊ ခွေးမြီးကောက်ခြေထောက်စွပ်သလိုသာ ဖြစ်မည်

ဖော်မှန်စာပေ



ဟုဆိုလိုကြဟန်တူသည်။

ဒုစရိုက်လောကနှင့်ဆက်နွှယ်ခဲ့ဖူးသော မေကြည်ကိုယ်တိုင် ထိုစကားများကိုသဘောပေါက်နားလည်လိုက်သည်။

ခဏမျှသာ စောင့်လိုက်ရသည်၊ တာဝန်မှူးရောက်လာသည်။

ကာကီရောင်ဝတ်စုံပြည့်ဝတ်ထားပြီး၊ ပုခုံးနှစ်ဖက်ပေါ်တွင် ငွေရောင်ကြယ်တစ်ပွင့်စီတပ်ထားသည်။ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းအရပ်နှင့် ကြည့်ကောင်းလိုက်ဖက်သည်ဟုဆိုနိုင်သည်။

သို့သော်ထောင်ထဲသို့ဝင်ရမည့် မေကြည့်အဖို့တာဝန်မှူးဆိုသူကိုကြည့်ရင်း ရင်တုန်နေသည်၊အတွေ့အကြုံသစ်အတွက်ကြို၍လန့်နေမိသည်။

တာဝန်မှူးက ဝါဒါများပေးသော စာရွက်စာတမ်းများကိုယူကြည့်သည်။

"ဟာ. . အချုပ်ပါလား. . ."

"ဟုတ်ပါတယ်ဆရာ. . ခေန်းကညတွင်းချင်းပို့လိုက်တာပါ. . ."

ဝါဒါချိုတူးကရှင်းပြနေသည်၊

တာဝန်မှူးက သံတိုင်တံခါးနားအထိလျှောက်လာသည်။

"ထောင်လဲပိတ်ပြီးနေပြီ၊ ဒီသတ္တထောင်အချုပ်မှာထားရင်လဲဖြစ်တာပဲမဟုတ်လား၊ နောက်နေ့တွေမှလာပို့လဲဖြစ်တာပဲ. ."

ဤစကားများက မေကြည့်ရင်ကိုဝမ်းသာသွားစေသည်။

ဖော်မှန်စာပေ

သို့သော်-

"အချုပ်ခန်းထဲထားမဖြစ်လို့ မြို့နယ်မှူးအိမ်နဲ့ပို့တာပါ. . ."

တပ်သားသာကျော်ပြောလိုက်သောစကားက မေကြည်ရှင်ကိုနွမ်းဟိုက်သွားစေသည်။

"နေဦးလေ-ထောင်ပိုင်ကြီးဆီအကြောင်းကြားကြည့်အုံးမယ်. . ."

ထို့နောက်တာဝန်မှူးက ဖုန်းကောက်ကိုင်ပြီးသတင်းပို့နေသည်။

"အဲဒါ-ထောင်မှူးဦးကျော်မိုးဆိုတာပေါ့. . ."

တပ်သားသာကျော်က မေကြည့်ကိုကြားရုံမျှလေသံဖြင့်ပြောပြသည်၊ထို့ကြောင့်တာဝန်မှူးဆိုသည်မှာ ထောင်မှူးအဆင့်ရှိသူဖြစ်ကြောင်း မေကြည်နားလည်လိုက်သည်။

"ကဲ. . ခေါ်လိုက်တော့. . ."

တယ်လီဖုန်းပြန်ချအပြီး၊ တာဝန်မှူး၏အမိန့်ထွက်လာသည်။

"ကဲ. . . အမိ၊ ကားပေါ်ကဆင်း. . ."

ရဲမေ၏ အသံကလည်း မရှေးမနှောင်းထွက်လာသည်။

မေကြည်ကားပေါ်မှဆင်းရသည်။

ရင်တုန်လိုက်သည်မှာ ပြောစရာမရှိ၊ အားငယ်လိုက်သည်မှာလည်းခုံးပွဲချငိုချင်လောက်အောင်ပင်၊ မြေပေါ်သို့ခြေချရသော်လည်း၊ မြေနှင့်ခြေထိမှုထိပါရဲ့လားဟု သံသယဖြစ်ရသေး၏။





သံတံခါးကြီး၏မလွယ်ပေါက် သံတိုင်တံခါးသော့ဖွင့်သံကြားရသည်။

"ဝင်. . ဝင်လေ. . ."

ကြောင်ကြည့်နေသောမေကြည့်ကို၊ အားမရဟန်ဖြင့်နောက်ဖက်မှရဲမေ၏အသံမာမာကိုကြားရသည်။

ထို့ကြောင့် စိတ်ကိုဒုံးဒုံးချပြီး မလွယ်ပေါက်သံတံခါးကိုခေါင်းငုံ့ဝင်လိုက်သည်။

... ဂျိုင်းကနဲတံခါးပိတ်သံနှင့် မင်းတုံးထိုးသံကိုကြားရသည်။ ရင်ထဲတွင်မိုးကြိုးပစ်သံလား အောက်မေ့ရသည်။

ထိုအသံက ထောင်ထဲဝင်ရပြီဟု မေကြည်နားလည်လိုက်သည်။

အဝင်လွယ်သလောက်၊ အထွက်ခက်သောထောင်၏ အင်အားစာရင်းတွင် မေကြည့်အားအပေါင်းလက္ခဏာပြလိုက်ချေပြီလေ။

× × × × × ×

## အခန်း(၃)။

တာဝန်မှူးအပါအဝင် ယောက်ျားသားသုံးဦး၏ မျက်လုံးများက မေကြည့်ဆီသို့ရောက်နေကြသည်၊

သူတို့မျက်လုံးများသည် အံ့သြခြင်း၊ မယုံနိုင်ခြင်းတို့ဖြင့် သံသယရှိနေကြသည်။ မိန်းမသားတစ်ယောက်ဖြင့်၍ သည်း စိတ်ဝင်စားခြင်းလည်းဖြစ်နိုင်သည်။

သူတို့ကိုမေကြည်ကြာကြာမကြည့်ဘဲ ရှက်နှင့်စိတ်ဖြင့်ခေါင်းငုံ့ထားလိုက်ရသည်။ ပေးလာမည့်အမိန့်ကိုသာနားစွင့်ထားသည်။

"ဟောဟို. . တန်းလျားမှာထိုင်နေပါ. . ."

တာဝန်မှူး၏အမိန့်ဖြစ်သည်။

"ဟုတ်ကဲ့. . ."

မေကြည့်အသံက သိသိသာသာကြီးတုန်ယင်နေသည်။

ဖော်မွန်စာပေ



အတွင်းဘက်သစ်သားတံခါးအနီကြီးနားရှိ တန်းလျားထိုင်ခုံဆီသို့ ခေါင်းငုံ့လျှောက်ပြီးသွားထိုင်ရသည်။

"ချိုတူးရေ. . အမျိုးသမီးဆောင်က ညအမှုထမ်းတစ်ဦးသွားခေါ်ကွာ၊ သော့ယူသွား. . ."

တာဝန်မှူးကအမိန့်ပေးနေသည်။

"ဟုတ်ကဲ့ဆရာ. ."

ထို့နောက်သော့ကိုင်ထားသော ဝါဒါရဲချစ်ကျော်က အတွင်းသစ်သားတံခါးအနီကြီး၏ မလွယ်ပေါက်ကိုဖွင့်ပေးသည်။ ဝါဒါချိုတူးထွက်သွားသောတံခါးကို ချက်ချင်းပြန်ပိတ်သည်။

"ရဲချစ်. . မင်းမောနင်းရပ်ပို့ထဲထည့်ရေးကွာ၊ မ-ဆောင်အပေါင်းတစ်ပေ့၊ အော်ဆရာမကြီးဘယ်အချိန်အဆောင်လာစစ်သလဲ. . ."

တာဝန်မှူးက၊ မေးနေခြင်းဖြစ်သည်။

"ဆယ့်နှစ်နာရီမှလာမယ်ဆရာ. . ."

"အေးကွာ. . ဒီအမျိုးသမီးကို အမှုထမ်းလာရင်သွင်းလိုက်တော့၊ ဆရာမကြီးလာတော့မှ ငါရှင်းပြတော့မယ်. . ."

"ဟုတ်ကဲ့ဆရာ. . ."

ထို့နောက် ဝါဒါရဲချစ်ကျော်က စာအုပ်ထူထူကြီးထဲတွင် တစ်စုံတစ်ခုကိုရေးမှတ်နေသည်။

တဖက်တွင်တာဝန်မှူးက သီးသန့်စာပွဲနှင့်ကုလားထိုင်တွင်ထိုင်ရင်း စာအုပ်ထူကြီးများကိုတစ်အုပ်ပြီးတစ်အုပ်ဖွင့်ပြီး ရေးမှတ်နေသည်။

ဖော်မွန်စာပေ

မေကြည့်ကိုပင် မေ့နေပုံရသည်။

သို့သော်ကြောက်အားငယ်နှင့်ထိတ်လန့်နေသော မေကြည်ကမူ အရာရာကိုသတိထားနေရသည်။ တစ်မိနစ်ပြီးတစ်မိနစ် သူ့ဘင်၏အပြောင်းအလဲကိုစိတ်စောနေသည်။

ရုတ်တရက်အတွင်းဘက်သစ်သားတံခါးဆီမှ ခေါက်သံကြားလိုက်ရသည်။ထို့ကြောင့်မေကြည်ခေါင်းကြီးသွားရသည်။

ထိုအသံကြောင့် ဝါဒါရဲချစ်ကျော်အပြေးလေးတံခါးသွားဖွင့်သည်။

မလွယ်ပေါက်ထဲမှ ဝါဒါချုပ်တူးခေါင်းငုံ့ဝင်လာသည်။ သူ့နောက်မှထမီအနီ၊ အင်္ကျီကာကီလက်ရှည်ဝတ်ထားသော အမျိုးသမီးအမှုထမ်းတစ်ဦးလည်း ခေါင်းငုံ့ဝင်လာသည်။

လက်ဝဲဘက်ရင်ပတ်ပေါ်တွင်- "အကျဉ်းဦးစီး" စာတန်းလေးကိုတွေ့ရသည်။ လက်မောင်းပေါ်တွင်အဖြူအရစ်တစ်ရစ်တပ်ထားသည်။

ထိုအမျိုးသမီး၏အမှတ်မထင် ကြည့်လာသောအကြည့်ကြောင့် မေကြည်ရင်တုန်ရပြန်သည်။

မတုန်လို့မဖြစ်၊ အမျိုးသမီးအသွင်ကမျက်နှာတည်တည်၊ အသားညိုသည်။ အရပ်အမောင်းကောင်းပြီး၊ မန္တာကိုယ်ပြည့်ဖြိုးသည်၊ အသက်လေးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ထို့ပြင်မိမိကိုခေါ်သွားမည့်သူဟု မေကြည်ကြိုသိထားသည်။

"ဒေါ်ပိုက်-အဲဒါချုပ်သစ်ပဲ ခေါ်သွား၊ ရုံးခန်းထဲမှာပဲထားဦး တော်ကြာဆရာမကြီး၊ ခင်ဗျားတို့အဆောင်စစ်ဖို့လာတော့





မှလိုအပ်တာကိုပြောလိုက်မယ်. . . "

တာဝန်မှူးကပြောပြနေသည်။

"ဟုတ်ကဲ့ဆရာ-သူကအထူးလား. . . "

ဒေါ်ပိုက်က ပြန်မေးနေသည်။

"ပုဒ်မက-(၃၀၂) အင်တာဗျူးမရှိဘူးဆိုတော့ သီးသန့်ထားရလိမ့်မယ်ထင်တယ်၊ နေပါအုံးလေ-ကျွန်တော်ပြောတဲ့အတိုင်းလုပ်ပါ၊ ဆရာမကြီးနဲ့စီစဉ်ကြည့်မယ်. . . "

"ဒါဖြင့်-ကျွန်မခေါ်သွားမယ်ဆရာ. . . "

"ကောင်းပြီ- ခေါ်သွားတော့. . . "

ဒေါ်ပိုက်က တာဝန်မှူးအားအလေးပြုပြီးမှ မေကြည့်ဆီသို့လျှောက်လာသည်။

"ကဲ-သွားကြစို့၊ နာမည်ဘယ်သူ. . . "

ဒေါ်ပိုက်စကားမဆုံးမီ၊ မေကြည်ထိုင်ရာမှထရပ်ပြီးဖြစ်နေသည်။

"မမေကြည်ပါရှင့်. . . "

"ဘာတွေပါသေးလဲ. . . "

"ရှင်-ဘာကိုလဲ. . "

မေကြည်နားမလည်သဖြင့် မေးယူရသည်။

"အဝတ်အစား အထုပ်အပိုးပေါ့. . "

"ဟင့်အင်း-ဘာမှမပါဘူး. . . "

"ဘာမှမပါဘူး-ဟုတ်လား. . . "

ဒေါ်ပိုက်တအံ့တဩဖြင့် မေးနေခြင်းဖြစ်သည်။

"ဒါဖြင့်- မင်းဘယ်လိုနေမလဲ၊ အင်တာဗျူးလဲမရှိဘူးဆို သေးရဲ့. . ."

"အိုဗျာ-သူကအရေးပေါ်ပဲဒေါ်ပိုက်ရ၊ အင်ထာဗျူးမရှိပေမယ့် နက်ဖြန်ပါဆယ်လာချင်လာမှာပေါ့၊ ဒီတစ်ညတော့ခင်ဗျားတို့ကြည့်တာဝန်ယူလိုက်ပါ. . ."

တာဝန်မှူးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

တံခါးဖွင့်မင်းတုံးသံကိုကြားလိုက်ရသည်။

"ကဲ-လိုက်ခဲ့. . ."

ဒေါ်ပိုက်က ဤမျှသာပြောပြီး တံခါးထဲသို့မကြည့်ကို အရင်ဝင်စေသည်။ ခေါင်းငုံ့၍ဝင်ရပြန်ချေပြီ၊တံခါးတစ်ခု။

ခေါင်းအမော့လိုက်တွင် ကွက်လပ်ကျယ်ကြီး၏ မျက်နှာချင်းဆိုင်တွင် မြေနီလမ်းမကြီးကိုလှမ်းတွေ့ရသည်။ အတော်လှမ်းလှမ်းတွင် နန်းမျှော်စင်လိုလုံးပြောင့်ပြောင့်ရှည်ရှည် အဆောက်အဦးကိုတွေ့ရသည်။ ၎င်းအပေါ်တွင်တင်ပလင်ခွေဘုရား ရုပ်ထုတော်တစ်ဆူကိုမီးလုံးပူဇော်ထားသည်။

"ဘယ်ဘက်ကိုသွားမယ်. . ."

အနောက်ဖက်မှ ဒေါ်ပိုက်၏စကားကြောင့် မကြည်ဘယ်ဘက်သို့ကြည့်မိသည်။

အိမ်မိုးသွပ်ပြားများ ကာရံထားသောဝန်းကျယ်အဆောက်အဦးတစ်ခုကိုတွေ့ရသည်။

သည်တစ်ကြိမ်တွင်တော့ ဒေါ်ပိုက်ကပင်ဦးဆောင်သည်။

တံခါးကြီးနှင့် ယင်းအဆောက်အဦးမှာ သိပ်ဝေးလှသည်

ဖော်မွန်စာပေ



မဟုတ်၊ အလွန်ဆုံးရှိမှ ခြေလှမ်းငါးဆယ်မျှသာ။

သည်မှာလည်း သော့ခပ်ပိတ်ထားသောတံခါးကို တွေ့ရပြန်သည်၊ သွပ်ပြားဖြင့်ပြုလုပ်ထားသည်မို့ အထဲသို့လှမ်းမတွေ့ရ၊ အမျိုးသမီးဆောင်မို့အလုံကာရံထားခြင်းလည်းဖြစ်မည်။

တံခါးသော့ကို နောက်မှလိုက်လာသော ဝါဒါချုပ်တူးကဖွင့်ပေးသည်။ မကြည်နှင့်ဒေါ်ပိုက်မိအထဲဝင်ပြီးသောအခါ၊ ချုပ်တူးက အပြင်မှတံခါးကိုပိတ်ပြီးသော့ခပ်ထွက်သွားသည်။

သည်တစ်ကြိမ်မကြည် ရင်ဆိုင်လိုက်ရသူမှာ သွပ်မိုးဆင်ဝင်အဆောက်အဦးအောက်မှ ပြေးထွက်လာသောယူနီဖောင်းဝတ်အမျိုးသမီးဝါဒါတစ်ဦးဖြစ်သည်။ အသက်နှစ်ဆယ်ကျော်မျှရှိပြီး ပိန်ပိန်ပါးပါး၊ အသားလတ်လတ်၊ ဆံပင်အုံကြီးကြီးထုံးထားသည်။ သူ့လက်ထဲတွင်သော့ရှိသည်။

"ဘာတဲ့လဲ-ဒေါ်ပိုက် သူက. . ."

ဝါဒါမလေးက စူးစမ်းသည်။ သူမမျက်လုံးများမကြည့်ဆီရောက်နေသည်။ ချောသော၊ လှသော၊ မကြည့်အသွင်ကြောင့် အံ့သြနေလေသည်။

"ချုပ်သစ်လေ-နာမည်က မကြည်တဲ့. . ."

"ဘာမှုတဲ့လဲ. . ."

"(၃၀၂)-တဲ့လေ. . . ."

"ဟင်. . ."

ဝါဒါမလေးပို၍ အံ့သြသွားရှာသည်။

"ဘယ်မှာထားမှာလဲ-အထဲထည့်လိုက်ရမှာလား. . ."

ဖော်မွန်စာပေ

"နေအုံးဟ အထွေးရ၊ လောလောဆယ်ရုံးခန်းထဲမှာထား ဘို့ တာဝန်မှူးကမှာလိုက်တယ်၊ ဆရာမကြီးဂျူတီဝင်မှ စီစဉ်လိမ့် မယ်တဲ့. . ."

ထွေးဆိုသောဝါဒါမလေး၏ မျက်လုံးများမေကြည့်ထံမှ ရုပ်သိမ်းသွားသည်။ ထို့နောက်သူ့လက်ထဲမှ သော့ဖြင့်နှစ်လက်မ ကွပ်သံတံခါးကိုဖွင့်သည်။ မေကြည်နှင့်ဒေါ်ပိုက်ကိုသာမက သူမ ကိုယ်တိုင်အထဲဝင်သည်။ ပြီးမှအတွင်းမင်းတုံးတံခါးကို ထိုးပိတ်လိုက် သည်။ သော့ကိုသူမခတ်။

ဘာလုပ်၍ဘယ်သွားရမှန်းမသိသော မေကြည်၏မျက်လုံး များက ပတ်ဝန်းကျင်ကိုစူးစမ်းသည်။

ဂိုဒေါင်ကြီးပမာ ကြီးမားလှသောအဆောင်ကြီးထဲတွင် အမျိုးသမီးများ အတန်းလိုက်တုံးလုံးပက်လက်အိပ်နေကြသည်။ ခေါင်းချင်းဆိုင်နှစ်တန်း ခြေချင်းဆိုင်နှစ်တန်း၊ အားလုံးလေးတန်း အဆောင်မှာရှည်လှသဖြင့် အရေအတွက်များပုံရသည်။ တစ်ဦးနှင့် ဘစ်ဦးကလည်းထိကပ်နေသည်။

အိပ်မောကျနေကြ၍လားမသိ အိပ်နေကြသည်မှာလွတ် လပ်လှသည်။ ဒူးပေါ်ပေါင်ပေါ်၊အိပ်နေ သည်။

မေကြည်တို့ဝင်သွားသဖြင့် သော့ဖွင့်သံ၊ တံခါးဖွင့်သံ၊ မင်းတုံးထိုးသံတို့ကြောင့် အချို့အမျိုးသမီးများ ခေါင်းထောင်ကြည့် ကြသေးသည်။ သူတို့ကားအအိပ်ဆတ်သူများဖြစ်ကြပေမည်။

သို့သော် အမှုထမ်းအမျိုးသမီးများကိုတွေ့လိုက်ရ၍ ထူးမ ခြားနားသောမြင်ကွင်းကြောင့် လျှော့ရဲရှုနသောအဝတ်အစားများ

ဖော်မွှန်စာပေ



ကိုပြုပြင်ပြီး ပြန်အိပ်သွားကြသည်။

"ဒီအခန်းထဲကိုဝင်. . "

ဒေါ်ပိုက်၏အသံကြောင့် အဆောင်ကြီး၏အဝင်ဝ၊ နှစ် လက်မကွပ်သံဇကာများဖြင့် ပတ်လည်ကာရံထားသော အခန်းလေး ထဲဝင်ရပြန်သည်။ ဆယ်ပေပတ်လည်အခန်းဖြစ်သည်။ ထိုအခန်း သည်ရုံးခန်းဖြစ်ဟန်တူသည်။ စားပွဲကုလားထိုင်၊ ဘီဒိုကြည့်မှန် ရှည်ကြီးတစ်ချပ်၊ မှတ်ပုံတင်စာအုပ်များ၊ နံရံတွင်ပြက္ခဒိန်တစ်ခုနှင့် သုံးလွန်းထင်ကြိမ်တုတ်တစ်ချောင်းကိုပါတွေ့ရသည်။

သူတို့ကစားပွဲတစ်ဖက်ရှိကုလားထိုင်တွင်ဝင်ထိုင်သည်။ ဘာလုပ်ရမှန်းမသိသောမေကြည်က အကြောင်သားဖြင့်ရပ်နေ သည်။

"ထိုင်လေ-အဲဒီမှာ. . ."

ဒေါ်ပိုက်စကားကြောင့် စားပွဲနှင့်မျက်နှာချင်းဆိုင် ကျောမှီ မပါသောတန်းလျားလေးပေါ်တွင် မေကြည်ထိုင်ဖြစ်သည်။

ထိုအခိုက်လှုပ်ရှားသံတစ်ခုကြောင့် အားလုံးဝိုင်းကြည့်မိကြ သည်။

အပြေးကလေးဝင်လာသော အရပ်ငတ်နှင့်အမျိုးသမီးတစ် ဦးဖြစ်သည်။သူ့လက်ထဲတွင် ပလပ်စတစ်အိတ်ဖြင့်ဆွဲလာသော အ ထုပ်တစ်ခုပါလာသည်။ ထိုးဖောက်မြင်ရသဖြင့် အထဲတွင်စားစရာ တွေမှန်းသိသည်။

"အော်-မမပိုက်တို့၊ မမထွေးတို့ပါလား-ကျွန်မကဆရာမ ကြီးများပါလာသလားလို့. . ."

ဖော်မွှန်စာပေ

ဖြူဖွေးတောင့်တင်းသော ထိုအမျိုးသမီး၏မျက်နှာတွင် အံ့ဩတွေဝေသောအပြုံးများဖုံးလွှမ်းနေသည်။

“အမယ်-ညည်းက၊ ဆရာမကြီးမို့အစားအသောက်နဲ့ဧည့်ခံမလို့ပေါ့လေ. . .”

ဒေါ်ပိုက်က စကားနာထိုးလိုက်ခြင်းဖြစ်သည်။

“မဟုတ်ရပါဘူးမမပိုက်ရယ်- ကျွန်မကအားလုံးအတွက် ရည်ရွယ်တာပါ။ နေ့လည်ကထောင်ဝင်စာလာတယ်လေ. . .”

“အမယ်-ကောင်မက အမူသဲနေပြန်ပြီ၊ တော်ကြာညည်း ဆရာမကြီးလာပါတော့မယ်-တော်. . .”

“ဒါဖြင့်- ကျွန်မပြင်ထားလိုက်မယ်. . .”

“ညည်းသဘော. . .”

“မမထွေးပန်းကန်ယူရအောင်. . .”

ဝါဒါမလေးထွေးက သူ့လက်ထဲမှသော့ကိုလှမ်းပေးလိုက်သည်။ အမျိုးသမီးကသော့တစ်ချောင်းဖြင့် ဘီဒိုကိုဖွင့်သည်။ တံခါးဖွင့်လိုက်သောအခါ အကန့်လေးကန့်အနက် အောက်နှစ်ကန့်တွင် ပန်းကန်ခွက်ယောက်အတော်များများကိုတွေ့ရသည်။ အပေါ်နှစ်ကန့်တွင်မူ စာအုပ်များ၊ အသုံးအဆောင်အထည်များကိုတွေ့ရသည်

“ဟဲ့-မိမြသန်း၊ တန်းစီးဒေါ်စိန်ရင်ကော. . .”

“အိမ်သာတက်နေတယ် မမပိုက်. . .”

“မိန်းမကြီးငှက်ပျောသီးတွေအစားမှားပြီး ဝမ်းပျက်ပြီထင်တယ်. . .”

“အို-မမပိုက်ကလဲ၊ ပြောတော့မယ်. . .”





ဝါဒါမလေးထွေးက ပြုံးနေသည်။

“အမယ်-နေ့လည်က သူ့ထောင်ဝင်စာမှာ ငှက်ပျောသီးတွေပါလာတာငါတွေ့လိုက်တယ်ဟဲ့. . .”

“ဒါဖြင့်လဲ ဟုတ်မှာပေါ့၊ အမေစိန်လာမှမေးကြည့်. . .”

ဒေါ်ပိုက်ကပြုံးနေသည်။

“အော်-မေကြည်၊ ညည်းလဲဒီမှာနေနေသရွေ့ မိမြသန်းကို တော့သိထားရမယ်၊ သူကအခန်းလူကြီး. . .”

ဒေါ်ပိုက်ကလှမ်းပြောသည်။

“ဟုတ်ကဲ့ရှင့်. . .”

မေကြည်ပြောသံကြောင့် မမြသန်းကမေကြည့်ကိုလှမ်းကြည့်သည်။

“သူ့ကဘာလဲ-မမပိုက်. . .”

“အချုပ်လေ-(၃၀၂)၊ အချုပ်၊ သီးသန့်အထူး. . .”

“ရှင်. . .”

မမြသန်းကအံ့ဩနေပြန်သည်။

မေကြည်ကိုယ်တိုင်လည်း အံ့ဩနေပါသည်။ ထောင်ထဲဝင်လာကတည်းက သူ့အကြောင်းသူ့ပုဒ်မကြားရသူတိုင်းက အံ့ဩနေကြသည်။

“ရုပ်ကလေးက သနားကမားနဲ့-ရှင်. .”

“ဟဲ့-ရုပ်ချောတာ၊ လှတာ၊ အသက်ကြီးတာ၊ ငယ်တာ၊ ဆင်းရဲတာ၊ ချမ်းသာတာတွေနဲ့ ဘာမှမဆိုင်ဘူး၊ အားလုံးဟာစိတ်ကိုမထိန်းနိုင်လို့ဖြစ်တာချည်းပဲ၊ သူများအကြောင်းမပြောနဲ့၊ ညည်း(၃၇၉)

ဖြစ်တာကကော၊ လိုချင်တပ်မက်စိတ်ကြောင့်ပဲမဟုတ်လား၊ သူခိုးမရဲ့ ပြောစမ်းပါအုံး. . . ”

“ဒါတော့-မမပိုက်ရယ်. . . ”

“လုပ်မနေနဲ့ကောင်မ၊ ကိုယ့်အကြောင်းကိုယ်သိကြပါတယ်အေ၊ တို့ကဒါမျိုးကြုံဖူးလွန်းလို့ရိုးနေပြီ. . . ”

မမြသန်းဘာမျှမပြောနိုင်တော့၊ ငြိမ်သွားသည်။

ထိုအခိုက်အဒေါ်ကြီးတစ်ဦးအပြေးဝင်လာသည်။

“ဒေါ်စိန်ရင် အစားမှားလို့ဝမ်းပျက်ပြီဆို. . . ”

ဒေါ်ပိုက်မေးလိုက်သဖြင့် အဒေါ်ကြီးအံ့အားသင့်သွားသည်။

“မဟုတ်တာ ဒေါ်ပိုက်ရယ်-ရိုးရိုးပါ. . . ”

အဒေါ်ကြီးစကားအဆုံးဒေါ်ပိုက်နှင့်ထွေးတို့၏ ရယ်သံကြားမှ သူ့ကိုနောက်ပြောင်နေကြောင်းသိသွားပုံရသည်၊ ပြုံးလာနိုင်သည်။

“ဒေါ်ပိုက်နဲ့ထွေးတို့ပဲလား- ဆရာမကြီးကော. . . ”

ဒေါ်စိန်ရင်က မေးနေသည်။

“လာပြန်ပြီတစ်ယောက်၊ ဘာလဲဆရာမကြီးကို ငှက်ပျောသီးကျွေးချင်ပြန်လို့လား. . . ”

အမှုထမ်းတို့၏ရယ်သံနှင့်အတူ မမြသန်း၏အပြုံးကိုပါတွေ့ရသည်။

ဘာပဲဖြစ်ဖြစ်၊ အရာရာကိုတွေးလန့်နေသော မေကြည်အဖို့ အရယ်အပြုံးသံများကြောင့် စိတ်သက်သာရမိသည်ကတော့အမှန်။





သူတို့အပြောများနေကြသော ဆရာမကြီးဆိုသူကိုလည်း တွေ့ချင်သည့်စိတ်ကစောလာသည်။ ဘယ်အသွင်ဘယ်သဘောပါလိမ့်ဆိုသည်ကိုလည်း သိချင်စိတ်ပြင်းပြလာသည်။

သို့သော်မကြာပါချေ။

တွေ့ချင်သောဆရာမကြီးကိုတွေ့ရပါပြီ။

အခန်းထဲရှိအမှုထမ်းများသာမက၊ မမြသန်း၊ ဒေါ်စိန်ရင်တို့ပါ၊ ရုတ်တရက်စကားရပ်ပြီး ထိုင်ရာမှထရပ်လိုက်ကြသဖြင့် မေကြည်ကိုယ်တိုင်ပင်ယောင်တိယောင်တောင်ဖြင့် ထရပ်မိသည်။

ဆရာမကြီးဆိုသည်မှာ ထောင်မှူးအဆင့်ရှိသူဖြစ်ကြောင်း မေကြည်ယခုမှသိရသည်။

အသက်မှာသုံးဆယ်ပင်ရှိပုံမရ၊ မေကြည်ထက်တော့ ဆယ်နှစ်မျှကြီးလိမ့်မည်ထင်သည်။ အရွယ်တင်သည်၊ ဖြူဖွေးပြီး၊ တောင့်တင်းပြည့်ဖြိုးသည်။ မြင်ရုံဖြင့်မိန်းမချောမှန်းသိနိုင်သည်။

သို့သော် မျက်လုံးအကြည့်ကအေးစက်သည်၊ ဒါကလည်း တာဝန်အရဆက်ဆံရသည်မို့ တမင်ဟန်လုပ်ထားခြင်းဖြစ်နိုင်သည်။

မေကြည်သည် ဆရာမကြီးကိုကြည့်ရင်း နစ်မြောနေသည်။ ထောင်မှူးလုပ်မယ့်အစားရုပ်ရှင်မင်းသမီးပဲ လုပ်ပါတော့ဟုစိတ်ကစားပြီး အတွေးပွားလိုက်မိသေးသည်။

ဆရာမကြီးကဒေါ်ပိုက် ထိုင်သွားသောသစ်တန်းပါထိုင်ခုံတွင်ဝင်ထိုင်သည်။

“ထိုင်ကြလေ. . . ”

ဆရာမကြီးအသံက ပြတ်သားသည်။

ထိုစကားကြောင့် ဒေါ်ပိုက်နှင့်ထွေးတို့က စားပွဲတဖက်မှ ကုလားထိုင်တွင်ဝင်ထိုင်သည်။

သို့သော်ဒေါ်စိန်ရင်ရောမပြုသန်းပါ မထိုင်ကြသဖြင့် မေကြည်လည်းအများနည်းတူရပ်နေလိုက်သည်။

"ချုပ်သစ် မေကြည်ဆိုတာသူလား. . ."

ဆရာမကြီး၏ အမေးဖြစ်သည်။

"ဟုတ်ပါတယ်. . ."

ဒေါ်ပိုက်၏အဖြေဖြစ်သည်။

"ဘာတွေလုပ်ပြီးပြီလဲ. . ."

"တာဝန်မှူးက ဆရာမကြီးလာမှစီစဉ်မယ်ဆိုလို့ ရုံးခန်းထဲခေါ်ထားရတာပါ. . ."

ဆရာမကြီးအကြည့်က မေကြည့်ဆီရောက်လာသည်။ အကြည့်မှာစူးရဲလှသဖြင့် မေကြည့်ရင်တုန်ပန်းတုန်ဖြစ်ရပြန်သည်။ မိန်းမချင်းပဲဆိုအသံကြောင့်သာ မေကြည့်ဒူးများပျော့ခွေကျမသွားခြင်းဖြစ်သည်။

"လက်ပိုက်ထားရတယ်. . ."

ဒေါ်စိန်ရင်၏သတိပေးသံကြောင့် မေကြည်လက်ပိုက်ထားလိုက်ရသည်။

"အရင်က ဒီကိုဝင်ဖူးသလား. . ."

ဆရာမကြီး၏မေကြည့်အတွက် ပထမဆုံးမေးခွန်းဖြစ်သည်။

ခေါင်းခါရုံမျှမဟုတ် ပါးစပ်ကလည်းဖြေလိုက်ရသည်။





"ဒေါ်စိန်ရင်- ဒီနေ့ချုပ်သစ် ဘယ်လောက်ဝင်သလဲ. ."

"ငါးယောက်ပါဆရာမကြီး သူနဲ့ဆိုရင်တော့ခြောက်ယောက်၊ သူကအထူးဆိုတော့. . ."

"ဟုတ်တယ်-တိုက်ထဲမှာဘယ်နှစ်ယောက်ရှိသလဲ. . ."

"မနက်က ရန်ဖြစ်ကြတဲ့ထွေးခင်နဲ့အေးမြတို့ကို တစ်ခန်းစီခွဲထည့်ထားပါတယ်၊ တစ်ခန်းတော့လွတ်ပါတယ်. . ."

ဒေါ်စိန်ကရှင်းပြနေသည်။

"လောလောဆယ်တော့-အဲဒီအခန်းထဲမှာပဲထားလိုက်ပါ။ သူကအထူးဆိုပေမယ့် စခန်းကစစ်ချက်မယူရသေးဘူး၊ သီးသန့်ထား၊ ဒေါ်စိန်ရင်. . . ."

"ဟုတ်ကဲ့ဆရာမကြီး-သူ့မှာဘာမှပါမလာဘူး. . ."

"ဘယ်ပါမလဲ-သူကအရေးပေါ်ပဲ၊ ရှင်ပဲဖြစ်သမျှနဲ့ကြည့်စီစဉ်ပေးလိုက်ပါ. . ."

"ဟုတ်ကဲ့. . ."

ဒေါ်စိန်ရင်ပြန်အဖြေပေးရင်း ခေါင်းကုတ်နေသည်။

"ဒီမယ်-မေကြည်. . ."

ဆရာမကြီး၏ခေါ်သံဖြစ်သည်။

"ဟုတ်ကဲ့ရှင့်. . ."

"အထူးသတိပေးစရာရှိလို့ပြောထားမယ်နော်၊ ကိုယ်ကသီးသန့်ဆိုတော့ အများနဲ့မရောပါနဲ့၊ စကားမပြောပါနဲ့၊ အပြင်မှာလောကစည်းကမ်းရှိသလို ထောင်ထဲမှာလဲထောင်စည်းကမ်းရှိပါတယ်၊ တို့ကတော့အုပ်ချုပ်ရတဲ့သူဆိုတော့ သိမ်းကျုံးပြီး စည်းကမ်း

ကိုင်ရတာတွေရှိတယ်၊ လိုက်နာရင်လိုက်နာသလို၊ မလိုက်နာရင်မလိုက်နာသလို အပြစ်ပေးရမယ်၊ ဒီမှာဘော့စည်းကမ်းဆိုတာပုံစံပဲ. . . "

"ဟုတ်ကဲ့ပါ. . . "

"နောက်ပြီး ဒီအဆောင်မှာတာန်းစီးဟာ ဒေါ်စိန်ရင်ပဲ၊ တန်းစီးဆိုတာဒို့အမှုထမ်းတွေကလွဲရင် အကျဉ်းသူတွေကိုသူပဲ အုပ်ချုပ်တယ်၊ လုပ်ကိုင်ဆောင်ရွက်ဘို့တာဝန်ယူတယ်၊ သူ့အောက်မှာ ဟော့ဒီမမြသန်းတို့လိုအခန်းလူကြီးတွေရှိတယ်၊ အခန်းလူကြီးက အကျဉ်းသူတွေကို တိုက်ရိုက်အုပ်ချုပ်တယ်၊ သူတို့စကားကိုနားထောင်ပါ. . . "

"ကောင်းပါပြီရှင်. . . "

"ဒေါ်စိန်ရင်သူ့ကိုခေါ်သွားတော့၊ ကျွန်မပြောတဲ့အတိုင်းထားပေးပါ။ ကဲ-ဒေါ်ပိုက်နဲ့ထွေးတို့လဲလိုက်ခဲ့၊ အဆောင်စစ်ကြရအောင်. . . "

ပြောပြောဆိုဆို ဆရာမကြီးထိုင်ရာမှထပြီး အမှုထမ်းများနှင့်အတူ ထွက်သွားသည်။ အပြင်ရောက်သည်တွင် တံခါးသော့ပိတ်သံကိုကြားရသည်။

"ကဲ-လာ၊လိုက်ခဲ့. . . "

မကြည်တစ်ယောက်၊ ဒေါ်စိန်ရင်ခေါ်ရာနောက်သို့လိုက်ခဲ့သည်။

မမြသန်းတစ်ယောက်အဆောင်ကြီးထဲတွင်ကျန်ခဲ့သည်။ အဆောင်ကြီးကိုကျော်ဖြတ်ပြီး၊ အင်္ဂတေဖြင့်လုပ်ထား





သောရေကန်ကိုကျော်ရသေးသည်။ ဘွပ်ပြားငါးခါးမှထွက်ပြီး၊ အနောက်ဘက်သီးသန့်အဆောင်သို့ဝင်ရသည်။

ထိုအဆောင်တွင် တိုက်ရှိသည်။

ထောင့်အပြင်တန်းမရှိပါဘူးဟု မကြည်ကြားဖူးသည်။ ယခုတော့ထောင့်အပြင်တိုက်ရှိနေချေပြီတကား၊ ။

× × × × × ×

## အခန်း(၄)။

တိုက်ခန်းထဲရောက်မှ စောစောကဒေါ်စိန်ရင်ခေါင်းကုတ်နေသည်ကို မေကြည်သဘောပေါက်ရသည်။

တိုက်ဟုခေါ်သော ဆယ်ပေပတ်လည်မျှပင်မရှိတတ်သော အခန်းလေးထဲတွင် ပစ္စည်းဆို၍နတ္ထိဟုဆိုရမလောက်ပင်

အခြားပစ္စည်းဟူ၍ ဘာဆိုဘာမျှမရှိ၊

သို့သော် တန်းစီး၊ ဒေါ်စိန်ရင်ကပြောသွားသေးသည်။

"ညည်းကံကောင်းပါတယ်၊ မေကြည် . . . "တဲ့။

"ရှင် . . . "

မေကြည်အံ့ဩရသည်။





ကံကောင်းစရာတစ်ခုခုရှိမည်အထင်ဖြင့် အခန်းပတ်လည်ကို မျက်စိကစားပြီးရှာကြည့်မိသည်။

တွေ့နေရသည်က ဗလာနတ္ထိ။

"ထောင်ထဲမှာက အားလုံးရှားပါးတယ်ကွဲ့၊ ညည်းအမြင်ပဲ ဒါတွေထက်စာရင် ညည်း ကံကောင်းတာပေါ့. . . "

"အော်. . "

မေကြည်၊ "အော်" ဟုသာရေရွတ်လိုက်ရသည်၊ ဘဝင်မကျ။

"နောက်ပြီး-ညည်းကထောင်ထဲကို အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ရောက်လာရတာ၊ ဒါမျိုးကသိပ်ဆိုးတယ်ကွဲ့. . . "

"ကျွန်မက-အတွေ့အကြုံမရှိပါဘူး၊ အခုဟာကလဲ အမှတ်မထင်အဖြစ်မျိုးပါ၊ ထောင်ထဲဝင်လာရမယ်တောင်မထင်ပါဘူးရှင်. . . "

မေကြည်ကရှင်းပြသည်။

"အေးပေါ့-ညည်းကံကောင်းတယ်ဆိုတာလဲ- အဲဒီအကြောင်းကလဲတစ်ခုပေါ့. . . "

"ဘာဖြစ်လို့ပါလဲ- ရှင်. . . "

"ဟ-ဒီမှာက၊ မတစ်ထောင်သမီးတွေ၊ အများအားဖြင့်အကျင့်ကတန်ပါဘိသနဲ့၊ လူသစ်များဝင်ရင်ဝိုင်းနှံလိုက်မယ့်ဖြစ်ခြင်း. . . "

"ဝိုင်းရိုက်ကြတာလား. . . "

"ဒီလိုတော့မဟုတ်ဘူး- လူသစ်မှာပါတဲ့အဝတ်အစားတွေ

ကို၊ ညာယူကြ၊ လိမ်စားကြနဲ့၊ နောက်တော့ပိုင်ရှင်ဆီမှာဘာမှလဲ မကျန်ရော ခွာသွားကြတာပဲ၊ အဲ-ပိုင်ရှင်ကမကျေနပ်လို့ပြန်ပြော လိုက်ပြီဆိုရင်တော့ တစ်ယောက်တစ်ခွန်းကနေ တစ်ယောက်တစ် ချက်ဖြစ်ရောပဲ၊ တစ်ယောက်နဲ့အများဆိုတော့ခံရတာပေါ့. . "

"ကြောက်စရာကြီးပါလား-အမေစိန်. . . "

"အမလေး-ဒီထက်ဆိုးတာတွေရှိသေးတယ်. . . "

"ရှင်. . . "

ကြားရသည့်စကားအတွက်၊ မေကြည်သွေးလန့်ရပါပြီ။

"တချို့များ အဝတ်လျှော်ပေးမလိုလိုနဲ့ယူသွား၊ အပျောက် ပျောက်၊ အပိုင်စီး၊ အများနဲ့တစ်ယောက်ဆိုတော့ ဘယ်သူ့ကိုမှလဲ မပြောရဲ၊ နောက်တော့ရေချိုးပြီး ရေစိုအဝတ်ကိုလှမ်းရင်း ဗလာကြီး ထိုင်စောင့်ရတဲ့အဖြစ်တွေတောင်ရှိခဲ့သေးတယ်. . . "

"ဟင်. . "

မေကြည်အံ့သြမိသည်။ ကြားရသည့်စကားကရှက်စရာ ကောင်းလှသဖြင့် နားထင်နားရင်းများပင်ပူထူသွားရသည်။

"မဟင်နဲ့အေ့- ထောင်ထဲမှာဆိုးတဲ့တာတွေကပြောမကုန် ဘူး၊ ကိုယ်တွေ့ကျမှပိုသိမယ်၊ ဒါတွေပပျောက်အောင်၊ နဲ့သထက်နဲ သွားအောင်၊ တို့မှာမျက်စိဒေါက်ထောက်ကြည့်နေရတာပေါ့၊ ဒီကြားထဲကလစ်ရင်လစ်သလိုဆိုးကြခိုးကြနဲ့ ပြဿနာကနေ့တိုင်းရှိ နေတာ. . . "

"ကျွန်မတော့ ကြားရတာနဲ့လန့်နေပြီ. . "

"ဒါတောင်ကိုယ်တွေ့မဟုတ်သေးဘူးနော်၊ မေကြည်လို





များထောင်ထဲကို ဘာမှမပါပဲနဲ့ဝင်လာမယ်ဆိုရင်တော့ ထိုင်ငိုဘို့ ညာပြင်တော့. . . "

"ဟုတ်လား- အမေစိန်. . . . "

"သိပ်ဟုတ်တာပေါ့အေ၊ အရေးမလုပ်၊ အဖက်မလုပ်ရုံတင် မဟုတ်ဖူး ဟိုဟာခိုင်း၊ ဒီဟာခိုင်းနဲ့ဝိုင်းညှင်းလိုက်ကြတာများ သေ ချင်စော်နံသွားကြတာ. . . "

"အဲလိုလူတွေကို အမေစိန်တို့ကအရေးမယူဘူးလား. . "

"ဘယ်နေလိမ့်မလဲအေ ဒါပေမယ့်တို့မှာကမျက်စိနှစ်လုံး ထဲ၊ သူတို့ကလဲပရိယာယ်အများသား၊ ထောင်ထဲအကြိမ်ကြိမ်ရောက် ခဲ့ဖူးတဲ့ လက်ကောက်တွေကြောင်မကြောက်တဲ့ကြွက်တွေ ပေါ့. . "

"ထောင်ဟာဒီလောက်ကြောက်စရာကောင်းပါရဲ့နဲ့ ထပ် ပြီးဝင်လာကြသေးလား-အမေစိန်. . . "

"ရှိတာပေါ့အေ-တချို့ကောင်မတွေဆို အသက်ကသုံးဆယ် မပြည့်သေးဘူး၊ ထောင်ထဲဆယ့်ငါးကြိမ်ရောက်ပြီးပြီ၊ အများအားဖြင့် တော့လမ်းပေါ်ကကောင်မတွေပေါ့၊ ခြေချုပ်တို့၊ ခြေချုပ်ဖောက် ဖျက်မှုတို့၊ တချို့ကပြောပြလို့တောင်မကောင်းပါဘူးကွယ်-အဲဒါမျိုး ကခပ်များများရယ်. . . "

"ကျွန်မ-သူတို့နဲ့တော့မနေရပါဘူးနော်. . . "

စိုးရိမ်စိတ်အပြည့်ဖြင့် မေကြည်စူးစမ်းသည်။

"မပြောနိုင်သေးဘူးကွဲ့၊ ညည်းအမှုပေါ် မူတည်တာပဲ၊ လောလောဆယ်တော့ သီးသန့်နေရတာကိုက ညည်းကံကောင်း တယ်၊ နောက်ပြီးပုဒ်မ(၃၀၂) ဆိုတော့၊ ဘာပဲဖြစ်ဖြစ်လန့်ချင်စရာ

ပေါ့၊ ထောင်ထဲမှာကညည်းလိုအမှုမျိုးက အနဲဆုံးပဲ. . . "

မေကြည်သက်ပြင်းရှိုက်မိသည်။

"ကဲ-ညည်းဒီအခန်းထဲမှာ ဘယ်လိုအိပ်မလဲ. . . "

ဒေါ်စိန်ရင်က မေးနေသည်။

"ဟုတ်တယ်-ကျွန်မဘယ်လိုအိပ်ရမလဲမသိဘူး၊ဒီအတိုင်းထိုင်နေရမှာပဲထင်တယ်. . . "

ဒေါ်စိန်ရင်ထံမှ ရှားရှားပါးပါးအပြုံးကို မေကြည်တွေ့ရသည်။

"အဲဒါ-ပနာမပဲပေါ့၊ ထီးနဲ့မိနပ်မပါရင်နွေအခါမှသိမယ်ဆိုသလိုပဲ၊ အဝတ်နဲ့စားစရာမပါရင်ထောင်ထဲရောက်မှသိကြရတာပဲ၊ အခုညည်းမှာကအချုပ်ဆိုတော့ ထောင်ကအဝတ်အစားတွေထုတ်မပေးဘူး. . . "

"ကျွန်မအတွက်တော့ နက်ဖြန်တစ်ယောက်ယောက်လာပို့မယ်ထင်တာပဲ. . . "

"ထင်တာပဲဆိုတော့ မသေချာဘူးပေါ့. . . . "

"ဟုတ်တယ်-ကျွန်မအဖြစ်ကလည်း မသေချာလောက်အောင်ကိုဆိုးပါတယ်၊ အမေစိန်ရယ်. . . "

ပြောနေရင်းမှာပင် မေကြည်ငိုချင်စိတ်ပေါက်လာသည်။

"အမလေး- လေး- ငါ့ရှေ့မှာတော့ ငိုမပြလိုက်ပါနဲ့ကွယ်၊ အဲဒီအလုပ်ဟာ ထောင်ထဲမှာအလွယ်ဆုံးအလုပ်မို့ပါ. . . "

" ကျွန်မဝမ်းနည်းလွန်းလို့ပါ. . . "

"ကဲပါကွယ်-ခုမှတော့ဝမ်းနည်းမနေပါနဲ့တော့. . . "





မေကြည့်စကားနှင့်အသံကြောင့် ဒေါ်စိန်ရင်ဂရုဏာသက်သွားဟန်တူပါသည်။

ငါအတတ်နိုင်ဆုံးကူညီပါ့မယ်-ရှိတာလေးတော့ရမှာပေါ့၊ တစ်ခုတော့ရှိတယ်နော်၊ ဆရာမကြီးဒေါ်ခင်မြဝေပြောတဲ့စကားအဘိုင်းနားထောင် သီးသန့်လဲနေ-ဟုတ်သား. . . "

"စိတ်ချပါအမေစိန်- ကျွန်မဘယ်သူနဲ့မှလဲမတွေ့ချင်သလို စကားလဲမပြောချင်ပါဘူး၊ အခုလိုနေရတာကိုပဲ ကျေနပ်လှပါပြီ. . . "

" ဒါကြောင့်ပြောတာပေါ့-ညည်းကကောင်းတယ်လို့၊ နောက်လာတော့လဲညကြီးမင်းကြီး၊ ဘယ်အရှုပ်မနဲ့မှမတွေ့လိုက်ရဘူး၊ နေရတော့လဲသီးသန့်ခန်း၊ ဘယ်သူနဲ့မှမရောရဘူး၊ ပုဒ်မကလဲ (၁၁၂)ဆိုတော့ကြားရသူတိုင်း ဖျားချင်နေ့င် ဖဲ-ဖဲ-ကဲထိုင်စောင့်ပြန်လာခဲ့မယ်. . "

" ဟုတ်ကဲ့. . "

ပြောပြောဆိုဆို ဒေါ်စိန်ရင်ထွက်သွားသည်။ သို့သော်တံခါးပိတ်အပြီး၊ အပြင်မှ မင်းတုံးထိုးသွားသေးသည်။

မေကြည်တစ်ယောက်ထဲကျန်ရင်ခဲ့သည်။

အခန်းကိုဂရုတစိုက်ကြည့်မိပြန်သည်။ စောစောကအတိုင်း ဘာမျှမထူး၊ သို့သော်ခေါင်းအုံးဟုဆိုရမည့်နံရံတွင် ပြူတင်းပေါက်တစ်ခုကိုတွေ့ရသည်။ တံခါးဖွင့်ထားသော်လည်းနှစ်လက်မကွတ်သံဘိုင်တို့က အပြည့်ကာထားသည်။

မြင်ရသမျှအရာရာသည် စိတ်ဓာတ်ကျစရာချည်းဖြစ်နေသည်။ ငိုချင်စိတ်ကိုမနဲကြိုးထိန်းထားရသည်။

ဒီပုံစံနှင့်ဒီအခန်းထဲမှာ အဘယ်မျှနေရအုံးမည်နည်း။

ပုဒ်မ(၃၁၂) ဆိုတော့ လူသတ်မှု။

လူသတ်မှုဆိုသည် အနည်းဆုံးဆယ်နှစ် တစ်သက်တစ်ကျွန်းအထိလည်း ဖြစ်နိုင်သည်ဟုမေကြည်စာအုပ်ထဲမှာဖတ်ဖူးသည်။

တစ်သက်လုံးများ ဒီအတိုင်းနေရမည်ဆိုပါလျှင်။

မေကြည်ဆက်မတွေးမိသေးမီပင် တံခါးမင်းတုံးဖွင့်သံကြားရသည်။

မေကြည်လှမ်းကြည့်တော့ ဒေါ်စိန်ရင်ကိုမြင်ရသည်။ သူ့လက်ထဲတွင်အထုပ်တစ်ထုပ်။

"ရော့-ခဲကြည်၊ ဟောဒါကစောင်၊ ဒီဟာကအခင်း၊

"ဟုတ်ကဲ့-အမေစိန်-ကျေးဇူးပါပဲရှင်. . . "

"ကဲ-ငါသွားမယ်အေ၊ ရော့ဟောဒီမှာ၊ နက်ဖြန်မနက်ထမင်းပုံစံက ဆယ့်ဘစ်နာရီမှလာမှာ ဒီအတောအတွင်းဆာနေရင်စားထားရအောင်၊ ယူထား-ပဲလှော်နဲ့ထန်းလျက်ပါကွယ်. . . "

"ကျေးဇူးကြီးလှပါပြီ အမေစိန်ရယ်. . . "

"ဒီလိုခဲပါကွယ်-ငါသွားမယ်၊ စည်းကမ်းကိုတော့ ဂရုစိုက်





နော်. . . "

"ဟုတ်ကဲ့-အမေစိန်၊ စိတ်ချပါ. . . "

သည်တစ်ကြိမ်တွင်တော့ ဒေါ်စိန်ရင်က အပြင်မှနေပြီးမင်းတုံးထိုးရုံမျှမက သော့ပါခတ်သွားသည်။

အခန်းထဲမှာ မေကြည်တစ်ယောက်ထဲ၊

တိတ်ဆိတ်မှုလည်း မင်းမူနေ၏။

မဖြစ်လောက်သော အဝတ်များဖြင့် လဲ့အိပ်ရမည်ကို မေကြည်ဝန်လေးနေသည်။ အိပ်ချင်စိတ်လည်းမရှိ ဘာလုပ်ရမှန်းလည်းမသိ၊ လုပ်လို့ကောရမှာတဲ့လား။

ဒီအဖြစ်မျိုးက ယခုမှမဟုတ်။

မေကြည်အပျိုဘော်ဝင်စဘဝကတည်းက ဆင်တိုင်းမဖြစ်၊ လုပ်တိုင်းမဟန်၊ မစွန့်စားလို့မဖြစ်တော့သဖြင့်၊ ငွေနဲ့စားကြည့်ပြန်တော့။

× × × × × ×

## အခန်း(၅)။

အဖေသေတုန်းက မေဇင်လတ်ဆိုသော မေကြည့်အသက်မှာဆယ်နှစ်ပင်မပြည့်တတ်သေး၊ သို့သော်အရာရာကိုမြင်သမျှသိနေခဲ့သည်။ ရင်ကွဲမတတ်ငိုခဲ့ရသည်ကိုလည်း သတိရသည်။ မိမိလိုပင်ငိုရင်းတက်သွားပြီးမေ့သွားသော အမေအဖြစ်ကိုလည်းသိခဲ့သည်။

"သမီးရေ-အမေတို့တော့ ရွှေတောင်ကြီးပြိုပါပြီ. . ."

အဖေသေခြင်းကို ရွှေတောင်ကြီးပြိုပြီဟု အမေရှိုက်ရှိုက်ငင်ငင်ပြောနေသည်။ တကယ်တော့အဖေသည်ဘယ်တုန်းကမှ ရွှေတောင်ကြီးမဟုတ်ခဲ့၊ အပေးပြေးကားမောင်းသမားသာဖြစ်ခဲ့သည်။ မေကြည်လူမှန်းသိစမှ ယခုဆယ်နှစ်ပင်ကျော်ခဲ့ပြီ။ အဖေသည်ရွှေတောင်ကြီးဖြစ်ဖို့နေနေသာ၊ ရွှေလက်စွပ်တစ်ကွင်းလောက်ပင်မိမိကိုမဆင်ခဲ့ပါ။





သို့သော်အဖေသေပြီး တစ်ပတ်ကျော်အကြာတွင်တော့ အမေပြောသော ရွှေတောင်ကြီးပြိုသည်ဆိုသော စကား၏အဓိပ္ပါယ်ကို မေကြည်ရေးတေးတေးသဘောပေါက်သလိုရှိလာသည်။

အဖေတို့အမေတို့က မြေလတ်မြို့တွင်ရှိသော အပေးပြေးကားများဆောင်ထားသူ ဦးသော်တာ၏ကားမောင်းသမားဖြစ်သည်။ ကုန်ကားကြီးလေးငါးစီးပိုင်သောဦးသော်တာ၏ ငယ်မွေးခြံပေါက်ဒိုင်ဘာကိုဇင်မောင်ကို အလွန်စိတ်ချသည်။ အတွင်းလူဖြစ်သဖြင့်အားကိုးသည်။ မမျှော်လင့်ဘဲကိုဇင်မောင်တစ်ယောက် ခင်မေလတ်နှင့်အိမ်ထောင်ကျသောအခါ၊ ကိုဇင်မောင်၏ဆန္ဒအတိုင်း အိမ်ငှားပေးထားသည်။ အိမ်ထောင်ကျလာပြီဖြစ်သဖြင့်လည်း၊ ယခင်ကထက်ပိုမိုခံစားခွင့်ပေးသည်။

ဤသို့ဖြင့် တစ်နှစ်မျှမကြာမီ၊ ခင်မေလတ်သားဦးလေးမွေးသည်၊ ကံဆိုးသည်မှာမီးတွင်းထဲတွင်ပင် သေဆုံးခြင်းပင်ဖြစ်သည်။ သည့်နောက်နှစ်နှစ်ခန့်အကြာတွင်မှ မေဇင်လတ်ကိုမွေးဖွားသည်။ သည်တစ်ခါတော့အစစအရာရာ သတိထားခဲ့သဖြင့် မေဇင်လတ်တျန်းမာသန်စွမ်းသော မိန်းကလေးဖြစ်ခဲ့ရသည်။

မေဇင်လတ်ဟုအမည်ပေးရခြင်းမှာ နောက်ထပ်ကလေးတစ်ယောက်တော့မွေးလိုက်ဦးမည်ဟုသော မျှော်လင့်ချက်ကြောင့်ဖြင့်သည်၊ သို့သော်မေဇင်လတ်သာ ဆယ်နှစ်နီးပါးရှိခဲ့ပြီး နောက်ထပ်ကလေးမရခဲ့၊ ဤသို့ဖြင့် မေဇင်လတ်မှာမိဘတို့၏ အရှုးအမူးအချစ်ကိုခံခဲ့သလို မေဇင်လတ်အဖို့လည်းမိဘများသည် နှလုံးသားမြို့တော်ဖြစ်ခဲ့ရသည်။

ယခုတော့ မေဇင်လတ်ဆယ်နှစ်ကျော်ခဲ့ပြီ၊ လေးတန်းစာမေးပွဲလည်းဖြေခဲ့ပြီးပြီ။ ထိုအချိန်ကျမှ အဖေမှာမိုးကုတ်သို့တောင်တက်ခရီးအသွား ကားမှောက်၍ချောက်ထဲထိုးကျခဲ့သည်။ ကားရော၊ အခြားခရီးသည်သုံးဦးပါ အလောင်းပြန်သယ်၍မရအောင်အဖြစ်ဆိုးခဲ့သည်။

သည်နောက်တော့၊ မေဇင်လတ်တို့သားအမိ ဘဝကံဆိုးမိုးမှောင်ကျပါတော့သည်။

သောက်သောက်စားစားရှိတတ်သော ကိုဇင်မောင်ကြောင့် ရသမျှမစုမိ၊ ခေတ်နှင့်အမှီဝတ်စားနိုင်ရုံသာရှိသည်။ ခင်မေလတ်ကရန်ကုန်သူ နေစရာရှိပြီဆိုလျှင်လူအမြင်တင့်တယ်စေရန် အစားအစာကိုဂရုစိုက်သည်။ ခေတ်အမြင်၊ ခေတ်အတွေးရှိသည်ကြောင့်လည်း ဒရိုင်ဘာဇနီးပေမယ့် လူအမြင်လူအထင်သေးမခံ၊ မိမိဘဝမမျှော်လင့်ပဲ ကိုဇင်မောင်နှင့်အိမ်ထောင်ကျခဲ့ရပြီးနောက်၊ အတိတ်တံခါးကိုပိတ်ပစ်လိုက်သည်။

မိန်းမတစ်ယောက်အဖို့ လင်ကောင်းရပြီဆိုလျှင်ဘဝအာမခံချက်ရရှိလိုက်ခြင်းသာဖြစ်သည်။ ဒရိုင်ဘာကိုဇင်မောင်ကို ကားပိုင်ရှင်ဖြစ်ရန်သာတိုက်တွန်းတော့သည်။ ကိုဇင်မောင်ကလူအေးရန်ကုန်သူခင်မေလတ်ကိုရလိုက်ခြင်းအတွက် ကုသိုလ်ကောင်းလှပြီဟုအထင်ရောက်နေသူ၊ သူ့အလုပ်ကိုတာဝန်ကျေသူ၊ ရသမျှအရက်ဖိုးချန်ပြီးမိန်းမလက်ထဲအပ်သူ။ အလုပ်လုပ်နေသရွေ့ငွေရနေမည်။ အလုပ်လုပ်နိုင်အောင် ကျန်းမာရေးကောင်းရမည်။ ကျန်းမာရေးကောင်းစေရန် သင့်တင့်သောယမကာလောက်တော့မှီဝဲ





သင့်သည်ဟုယုံကြည်သူ။

ကိုဇင်မောင်ကအနာဂါတ်ကိုမျှော်လင့်ချက်ထားသည်။ သူလူကောင်းတစ်ယောက်၊ ထို့ကြောင့်သူ့ကိုသိသော၊ နားလည်သော၊ ယုံကြည်သောသူပေါ်လာလိမ့်မည်။ ထိုသူမျိုးကသူ့ကို-"ခွင်" တစ်ခုလုံးထိုးအပ်လိမ့်မည်။ ဤသို့ဖြင့် အသက်လေးဆယ်မတိုင်မီ ကားပိုင်ရှင်မဖြစ်လျှင်တောင်၊ လုပ်ငန်းခွင်ကိုဦးစီးရသူ ဖြစ်လိမ့်မည်ဟုယုံကြည်ထားသူ။

ယခုတော့ ကိုဇင်မောင်အသက်သုံးဆယ်ကျော်ခဲ့ပြီ၊ ကားပိုင်ရှင်လည်းမဖြစ်လိုက်၊ လုပ်ငန်းခွင်ကိုလည်းဦးမစီးလိုက်ရဘဲ၊ ယမမင်းဖိတ်စာကိုလက်ခံလိုက်ရချေပြီ။

ဘဝပျက်သည်က ခင်မေလတ်တို့သားအမိ။

ကားများပိုင်ရှင်ဦးသော်တာမှာ ကားတစ်စီးလုံးဆုံးရှုံးလိုက်ရသဖြင့် နစ်နာခဲ့သလို၊ လုပ်သားကောင်းဒရိုင်ဘာကိုဇင်မောင်သေဆုံးရခြင်းအတွက်လည်း ယူကြုံးမရဖြစ်ခဲ့သည်။ ဦးနှောက်အခြောက်ရဆုံးမှာ ကျန်ရစ်သူခင်မေလတ်တို့သားအမိကို ဘယ်လိုထားပေးရမည်လဲဆိုသည့်ကိစ္စ။

ခင်မေလတ်မှာ ယခုမှအသက်သုံးဆယ်ရှိဦးမည်။ အရွယ်ကောင်း၊ အကြည့်ခံ၊ သမီးတစ်ယောက်အမေဟုပင်အထင်မခံရသူ ဒီအတိုင်းလွှတ်ထားလို့ကတော့ ပိုးစိုးပက်စက်ဖြစ်သွားနိုင်သည်။ ထို့ပြင်မိမိမှာလည်းတာဝန်ရှိသေးသည်။

သည်တော့နောင်ခါလာနောင်ခါချေ၊ လောလောဆယ် တစ်မီးငြိမ်းအောင် အိမ်ဇနီးသည်နှင့်တိုင်ပင်သဘောတူညီမှု

ရယူပြီး၊ မိမိအိမ်သို့ခေါ်ထားလိုက်သည်။

ဝိုင်းလုပ်ဝိုင်းစားသဘောမျိုး။

တကယ်တော့လည်းဟုတ်သည်။

ယခုကားကြီးလေးစီးပိုင်ရှင် ဦးသော်တာမှာကြည့်ရှုစောင့်ရှောက်ထားရသည့် တပည့်လက်သားများစွာရှိသည်။ အချို့ကိုအိမ်ခွဲပေးထားသော်လည်း ကားမထွက်ဖြစ်သည့်နေ့များတွင် ကားပြင်ရင်း၊ မွမ်းမံဆေးကြောရင်းအိမ်မှာပင် စားကြသောက်ကြသည်။

သည်တော့ချက်ပြုတ်ရေးတာဝန်ကြီးမားလှသည်။ အိမ်ထောင်ကြီး၊ လုပ်ငန်းကြီးဖြစ်သဖြင့် မီးဖိုချောင်၌နေ့မီးညမီးဆက်နေသည်၊ အိမ်ဖော်အကူအလောင်ဟူ၍ သတ်သတ်မှတ်မှတ်မထား၊ လင်သားခရီးထွက်နေခိုက်၊ အားငယ်နေသည့်ဇနီး၊ သမီးတို့က လာရောက်ကူညီလုပ်ကိုင်ပေးရင်း စားသောက်ခွင့်ရကြသည်။

ဤသည်မှာ အစဉ်အလာလိုဖြစ်နေသည်။

ယခုတော့ခင်မေလတ်တို့သားအမိ တရားဝင်ရောက်လာချေပြီ၊ အိမ်အလုပ်ကိုဒိုင်ခံလုပ်ရသူဖြစ်သွားသည်။ ဝိုင်းလုပ်ဝိုင်းစားဆိုသော်လည်း၊ စားဝတ်နေရေးမပူရသည်မှအပ၊ အပိုသုံးပိုက်ဆံကိုတော့သက်ပြန့်ခဲ့ရသည်။

ဤတွင်ခင်မေလတ် စိတ်ဓာတ်ချွတ်ခြုံကျတော့သည်။

မိုးလင်းကမိုးချုပ် တကုပ်ကုပ်လုပ်နေရပြီး အနာဂတ်အတွက်ဘာမျှအာမခံမရှိ၊ မိသားစုဆက်ဆံရေးကောင်းနေခြင်းနှင့် ဘဝလုံခြုံမှုရှိနေခြင်းအတွက်တော့ စိတ်အေးရပါ၏။

ဘာဆိုသည်မှာ ဒီမျှနှင့်ပြီးစတမ်းလား။





အနာဂတ်မရှိရတော့ဘူးလား။

ခင်မေလတ်သည်၊ ရန်ကုန်သူဖြစ်သည်။

ခေတ်အမြင်ခေတ်အတွေးရှိသူလည်းဖြစ်သည်။

ယခုတော့ဘာတတ်နိုင်ပါတော့မည်နည်း။ သူတစ်ပါးထံတွင် အိမ်ကြီးကျွန်ဖြစ်နေရချေပြီ။ မိမိထက်ဘဝနာသူမှာသမီးမေဇင်လတ်ဖြစ်သည်။ သူကလေးဘဝမှာကျွန်ဝယ်ရာအစစ်ပါသည့်ဘဝမျိုး။

ရှစ်တန်းစာမေးပွဲအောင်သောအခါ၊ မေဇင်လတ်အောင်သည်။ သို့သော်အိမ်ကြီးရှင်တို့ အလိုအရကျောင်းဆက်တက်ခွင့်မရတော့၊ ကြံတိုင်းမဟန်၊ ထင်တိုင်းမပေါက်ရှာသော ခင်မေလတ်မှာ အသက်သုံးဆယ်ကျော်မျှသာရှိသေးသည်။ စိတ်ကျရောဂါကိုစိတ်မူမမှန်ဖြစ်လာသည်၊ အလုပ်အပေါ်တွင်လည်းအမှားမယွင်း အငေါ်မတည့်မှုတွေရှိလာသည်။ အိပ်ချင်မှအိပ်၊ စားချင်မှစားတတ်ပြီး ငပိရည်ထဲဆားခပ်ထပ်ခပ်မိခြင်း၊ ငန်ပြာရည်ထဲသကြားခပ်ခြင်းမျိုး၊ ကြက်သားဟင်းထဲသံပုရာရည်ညစ်ထည့်မိခြင်းမျိုးအထိဖြစ်လာသည်။

အမြဲတန်းတော့မဟုတ်။

တစ်ခါတစ်ခါတော့ စိတ်လိုလက်ရရှိတတ်သည်။

သူ့ဘဝနောက်ကြောင်းကို တမျှော်တခေါ်ကြီးပြောပြတတ်သည်။

သူ့ဖခင်နောက်အိမ်ထောင်ပြုပုံ၊ အရွယ်ရောက်နေသော ခင်မေလတ်နှင့် မိထွေးတို့မသင့်မြတ်ကြပုံ၊ ရုတ်တရက်ဖခင်ကွယ်

လွန်သွားသောအခါ၊ ကွယ်ရာမဲ့ခင်မေလတမှာ အဒေါ်တစ်ယောက် ရှိနေသေးသည်ဟူသော သတင်းသဲ့သဲ့ဖြင့်၊ မန္တလေးသို့တိတ်တဆိတ် ထွက်သွားခဲ့သည်။

ဤမှာပင် ကံဆိုးမသွားရာမိုးလိုက်အရွာခံရသည်။

အဝေးပြေးခရီးသည်ကားပျက်သွားသည်။အခြားခရီးသည် များက ကြုံသလိုအခြားကားငှား၍ ခရီးဆက်ကြသည်။

ခက်သည်က၊ ခင်မေလတ်ပိုက်ဆံအိတ်ပျောက်သွားသည်။

ဘာလုပ်ရမှန်းမသိတော့။

အချိန်က ညကြီးမိုးချုပ်။

တစ်စတစ်စဖြင့် ခရီးသည်များပျောက်သွားသည်။ ကားသမားတွေကငွေပြန်မအမ်း။ သူတို့ကားပြင်ပြီးသည်အထိစောင့်လျှင် မန္တလေးအရောက်ပို့ပေးမည်။ မစောင့်နိုင်လျှင်တော့ ကိုယ့်သဘော ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သွားကြပေရော့တဲ့။

ခရီးသည်ဟူ၍မိမိတစ်ယောက်တည်းသာ ကျန်တော့သည် ကားသမားသုံးယောက်နှင့်အပျိုစင်မိမိ၊ ဤပုံမျိုးနှင့်မိုးကြီးချုပ်လျှင် ဘဝမီးမှောင်ကျရချီရဲ့။

ဤတွင်စိတ်မြန်သော ခင်မေလတ်ကတွေ့ရာအဆန်ကား များကိုသက်တားခဲ့သည်။ သုံးလေးစီးကျော်သွားပြီးမှကားတစ်စီး ရပ်သည်။ ထိုကားမှာကုန်ကားကြီး၊ အဖြည့်အသိပ်ကုန်များကို တာလပတ်ဖြင့်အကျအနချီပြီးထုပ်ပြီးသား၊ ကားဦးခန်းတွင်ဒရိုင်ဘာနှင့် ယာဉ်နောက်လိုက်တစ်ဦးရှိနေသည်။

အခြေအနေကသိပ်မကောင်း။





သို့သော်မတတ်နိုင်၊ အကျိုးအကြောင်းပြောပြီး တောင်းတောင်းပန်ပန်တက်စီးခဲ့ရသည်။ ရင်ထဲမှာတော့တထိတ်ထိတ်၊ ဒရိုင်ဘာကနည်းနည်းမူးနေသည်။ အရက်နံ့ကသင်းသင်း။ သည်တော့ ခင်မေလတ်ကအစွန်မှာထိုင်သည်။ သူနှင့်ဒရိုင်ဘာကြားမှာတော့ ယာဉ်နောက်လိုက်ကထိုင်သည်။ သူကဆယ်လေးငါးနှစ်သား၊ ဘာကို သဘောကျနေသည်မသိ တပြုံးပြုံးနှင့်။

သူတို့ကားက၊ မန္တလေးသို့မရောက်၊ မကွေးအထိသာ ရောက်မည်။ ထိုကမှတဆင့် ခင်မေလတ်ခရီးဆက်ရဦးမည်။

နဖူးစာရွာလည်ပုံက ခင်မေလတ်မကွေးမှာပင် ခရီးဆုံး ရသည်။

ဖြစ်ပုံက-

လမ်းတွင်မြို့ကြီးသို့ရောက်တိုင်း မိုးလင်းစားသောက်ဆိုင် တွင်ဝင်စားကြသည်။ ခင်မေလတ်အခြေအနေသိသဖြင့် သူတို့ကပဲ ဝယ်ကျွေးသည်။ ပထမဆိုင်တွင်ဝင်စားသည်က၊ ညလည်ဆယ့်နှစ် နာရီ၊ နောက်တစ်ကြိမ်ကျတော့နံနက်နှစ်နာရီကျော်ပြီ။

ထိုဆိုင်မှအထွက်တွင် ပြဿနာတက်တော့သည်။

အခြားကားမှကားသမားသုံးယောက်က ခင်မေလတ်ကိုသူ တို့နှင့်ထည့်လိုက်ရန်ပြောတော့သည်။ ဒီလူတွေကအတော်လေးမူး နေကြသည်။

မိမိကားဒရိုင်ဘာနာမည်ကကိုဇင်မောင်။

သူကတူးတူးခါးခါးငြင်းရုံမျှမက၊ မိန်းမခိုးလာခြင်းဖြစ် သည်ဟုပြောပစ်လိုက်သည်။ အခြားကားသမားတွေကလည်းလူ

ပါးတွေ။ မိန်းမခိုးလာသည်သာပြောသည်။ သူနာမည်ကိုယ်မသိ၊ ကိုယ့်နာမည်သူမသိ။

သည်တော့ထိုင်နေဲများ အတင့်ရဲလာသည်။

နောက်ဆုံးတော့ရန်ဖြစ်ကြသည်။

ရိုက်မောင်း၊ ပုတ်မောင်းမှသတ်ပွဲမျိုးအထိဖြစ်လာသည်။ ဤနေရာ၌ဘာကြောင့်ရယ်မသိ၊ မူးနေသောကိုဇင်မောင်က သတ္တိကောင်းပြလိုက်သည်။ လေးယောက်နှင့်နှစ်ယောက်မို့အရဲစွန့်လိုက်ပုံလည်းရသည်။ နောက်ဆုံးတော့ဟိုဘက်က ဘာဖြစ်ကုန်သည်မသိ၊ မိမိတို့လည်းအထိနာနာဖြင့်ထွက်ခဲ့ရသည်။

သို့သော်ခဏမျှသာ-

မကွေးမြို့မဝင်နိုင်မီမှာပင် ကိုဇင်မောင်လဲတော့သည်။ ရင်ဘတ်အတွင်းကျေပြီး ပါးစပ်ထဲမှသွေးတွေအံထွက်လာသည်။ ခင်မေလတ်မနေနိုင်တော့။ မိမိကြောင့်ဖြစ်ရသည်ကလည်းတစ်ကြောင်း၊ လူလူချင်းစာနာမှုရှိဖို့ကလည်းလိုသည်ကတစ်ကြောင်း တို့ကြောင့်၊ ကိုဇင်မောင်ကိုကူညီပြုစုရသည်။

ကားကြီးကိုဆယ်ကျော်သက်ယာဉ်နောက်လိုက်လေးကမောင်းသည်။ ကိုဇင်မောင်ကခင်မေလတ်ရင်ခွင်တွင် မေ့လျော့လျော့ဖြစ်နေသည်။ ပြောတစ်ချက်၊ ငြိမ်တစ်ချက်ဖြင့်အချင်းချင်းရင်ဖွင့်နေသည်။ ဤတွင်စာနာထောက်ထားစရာတွေဖြစ်လာသည်။

မကွေးရောက်တော့ခင်မေလတ်ခရီးမဆက်ဖြစ်။

ကိုဇင်မောင်နေကောင်းသည်အထိ၊ မကွေးတွင်နေဖြစ်ခဲ့သည်။ ကားပိုင်ရှင်ဦးသော်တာကလည်း သို့လော၊ သို့လောအထင်





ဖြင့် ခင်မေလတ်ကိုလက်ခံထားခဲ့သည်။

ခင်မေလတ်စဉ်းစားၪပြီ။

ဘဝဆိုသည်မှာ ဒါပဲလား။

လိုအပ်လာလျှင် တင်းမှုပြန်စရမည်။

မိမိဘဝကလည်းသိပ်ကြီး ရေရာလှသည်မဟုတ်၊ မန္တလေးရောက်ပြီး အဒေါ်ဆိုသူနှင့်မတွေ့ခဲ့လျှင်၊ တွေ့ပါလျက်အဆင်မပြေခဲ့လျှင်၊ စသည်စသည်ဖြင့်" မပြင်နေတွေး" တွေကိုသာတွေးဖြစ်သည်။

ကိုဇင်မောင်ကလည်း၊ သူရိုးလူကောင်း၊ သောက်တတ်တာလေးမှတစ်ပါးသိပ်ပြောစရာမရှိ၊ ရည်မှန်းချက်မထား၊ ကားမောင်းနေလျှင်သဘောတွေ့နေတတ်သူ၊ သည်လိုလူမျိုးကို သံယောဇဉ်ဖြင့်တွန်းအားပေးလျှင် ပြင်းထန်သောဆန္ဒရှိလာတတ်သည်။

ဤသို့ဖြင့်ခင်မေလတ် ခေါင်းညိတ်ဖြစ်ခဲ့သည်။

ကိုဇင်မောင်နှင့်လက်ဆပ်ဖြစ်ခဲ့သည်။

တစ်အိုးတစ်အိမ်ထူထောင်ဖြစ်ခဲ့သည်။ သားဦးလေးမွေးသည်။ မီးတွင်းထဲတွင်သေဆုံးခဲ့သည်။ သမီးမေဇင်လတ်ကိုမွေးသည်။ ဘဝသည်ဘာမျှထူးမလာခဲ့၊ အကောင်းမြင်ဝါဒသမားပီပီကူညီမည့်သူပေါ်လာလိမ့်မည်ဟုသာမျှော်ခဲ့သည်။ အလုပ်ကောင်းလျှင်ကံကောင်းတတ်မှာပါဟု သုံးကြည်ထားသည်။

ဤသို့ဖြင့်သမီးမေဇင်လတ် ဆယ်နှစ်ထဲအရောက်လေးတန်းစာမေးပွဲ အပြီးတွင် ကိုဇင်မောင်ကားမောင်းရင်းချောက်ထဲကျ၍သေခဲ့ရသည်။

ခင်မေလတ်မျှော်လင့်ချက်ပျက်ပြုံးရပြီ။

ရွှေတောင်ကြီးပြိုသလိုပင်။ ဒရိုင်ဘာကတော်ဘဝမှ အိမ်ဖော်ဖြစ်သွားရသည်။ သူ့ဘဝတွင်မျှော်လင့်စရာဆို၍ သမီးမေဇင်လတ်သာရှိတော့သည်။

အနာဂတ်ကို မျှော်ကြည့်ပြန်တော့ဘာမှမရေရာ။

အရွယ်လေးရှိခဲ့သဖြင့် သူ့ကိုစိတ်ဝင်စားကြသူများရှိခဲ့သည်၊ သို့သော်သည်ပုတ်ထဲကသည်ပဲမျိုး၊ ကားလောကထဲကလူတွေသာဖြစ်သည်။ အသောက်သမားတွေကများသည်။ အဝေးပြေးကားသမားအများစုမှာ တစ်ရွာတစ်ကျိဆောက်တတ်သူများဟုလည်း ခင်မေလတ်နားလည်ထားသည်။ ကိုဇင်မောင်ထက်ပိုကဲကြသူများသာ၊

မိမိဘဝတွင် ခင်ပွန်းသည်ကိုဇင်မောင်ဆုံးပါးခဲ့ရသဖြင့် သမီးအပေါ် အချစ်ပုံခဲ့ရသည်။ သမီးမေဇင်လတ်ကလည်း ပင်ကိုယ်အလှရှိသူလေး၊ ငယ်ငယ်ကတည်းက ဂရုတစိုက်ရှိခဲ့သဖြင့် ကျန်းမာသန်စွမ်းသည်။ တက်ကြွဖြတ်လက်သည်၊ အရွယ်ရောက်လျှင်တော့ မိမိထင်သည်ထက် အလှသွေးကြွယ်နိုင်သူ။

ထိုသမီးအတွက်၊ ပထွေးလိုအပ်မည်တဲ့လား။

ယခုမိမိနေရသည်က၊ လက်ထဲလုံးလုံးခဲခဲ ငွေမရှိ၊ ပေးစရာငွေမရှိသည်မို့လဲ၊ အိမ်ကြီးရှင်တို့က စိတ်အချကြီးချခဲ့သည်။ ပြောကြစဘမ်းဆိုလျှင် ဘာမျှလိုလေသေးမရှိ။

ဤသို့ဖြင့်နှစ်တွေကုန်ခဲ့သည်။

အရွယ်တွေ ရင့်ကုန်သည်။

အိမ်ထဲကအိမ်ပြင်ထွက်စရာမရှိ၍လည်း ပြင်ပြင်ဆင်ဆင်





မရှိ၊ အနာဂတ်သည် ပိန်းပိတ်လို့မှောင်နေသည်၊ ဘာမှစီစဉ်စရာမရှိ။ သမီးလေးကိုကျောင်းထားပေးသဖြင့် မျှော်လင့်ချက်ရေးရေးတော့ရှိသည်။ သိပ်ကြီးကြီးကျယ်ကျယ်တော့မဟုတ်၊ ပညာတတ်ဖြစ်လာမည့်သမီးလေးကို ကျောင်းဆရာမတို့လိုအလုပ်ကလေးရလျှင်ဖြင့် မိမိတို့သားအမိတစ်သက်တာ စိတ်အေးရပြီဟုလောက်သာရည်ရွယ်ခဲ့သည်။

ထို့ကြောင့် သမီးပညာရေးကိုအားပေးသည်။ အိမ်အလုပ်ကိုမဝင်စေရ၊ မိမိကဒိုင်ခံလုပ်သည်။ သမီးကိုတော့စာကိုသာ ဖတ်စေသည်။ ကျက်စေသည်။ မိန်းကလေးမို့အချက်အပြုတ်ကို သင်ပေးသည်မှလွဲ၍အချိန်ရှိသမျှ စာဖြင့်အချိန်ကုန်စေခဲ့သည်။ ကျောင်းစာလုပ်စရာမရှိလျှင် အပြင်စာဖတ်စေသည်။

ကားပိုင်ရှင်ဦးသော်တာမှာ သူ့အလုပ်နှင့်သူအမြဲရှုပ်နေတတ်သူ၊ ဦးသော်တာကတော်ဒေါ်စိန်ဥကလည်း သူ့ယောက်ျားကိစ္စတွင်တစ်နွယ်ငင်တစ်စင်ပါရသူ။ အိမ်တွင်းအလုပ်ခင်မေလတ်ရှိနေပြီးကတည်းက ပြန်လှည့်မကြည့်။

သူတို့တွင်သားသမီးမရှိ၊ ဤသည်သာခင်မေလတ်တို့သားအမိအတွက် ကံကောင်းသည်ဟုဆိုရမည်။ တပည့်လက်သားတို့၏သားသမီးတို့သာ အိမ်တွင်အဝင်အထွက်ရှိခဲ့သည်၊ အိမ်တွင်းရေးမှာသိပ်မရှုပ်ထွေးလှ၊ အသက်ရှူချောင်ခဲ့သည်။

ခင်မေလတ်အမြင်ကျယ်ပါသည်။

သမီးမေဇင်လတ်ကို ကျောင်းစာကိုသာမက၊ အပြင်စာကိုပါဖတ်စေခဲ့သည်။ သို့မှအပြင်လောကကို စိတ်ဝင်စားမှုနည်းမည်။

ဖတ်စေသည့်စာအုပ်များက ကြီးကြီးကျယ်ကျယ်မဟုတ်။ မဂ္ဂဇင်းစာအုပ်များသာဖြစ်သည်။

မဂ္ဂဇင်းတွေက အကြောင်းအရာစုံသည်။ ရှည်ရှည်လျားလျား ဖတ်စရာမရှိ တိုရှင်းလိုရှင်းရှိလှသည်။ လောကဆုံးမစာများပါသလို၊ အားကစား၊ ရုပ်ရှင်၊ သဘင်၊ အလှပြင်၊ ဖက်ရှင်နှင့် တိုတိုထွာထွာဗဟုသုတများပါတတ်သည်။ အချိန်မကုန်၊ တစ်ထိုင်တည်းနှင့်အကြောင်းအရာတစ်ခုကိုဘီးမိ၊ ခေါက်မိနိုင်သည်။ ဝတ္ထုတိုတွေကလည်း လူ့ဘဝအမျိုးမျိုးထိုးခဲ့ဖောက်အသိပေးသည်။

ထို့ကြောင့်မဂ္ဂဇင်းကို အဆက်မပြတ်ငှားဖတ်စေသည်။

မေဇင်လတ်ကလည်း လိမ္မာပါသည်။ အမေတစ်ခုသမီးတစ်ခုဘဝတွင် အမေသည်သာအားကိုးရာ၊ အမေ့စကားနှလုံးသားဖြစ်ခဲ့သည်။

ထိုမျှမဟုတ်သေး စာသဲမှရခဲ့သောသုတအရှိ ခံစားမှုအသိတို့ကြောင့်၊ မိမိကိုယ်ကိုထိန်းသိမ်းရမှန်းသိသည်။ တွေးခေါ်မြော်မြင်တတ်သည်။ ကျန်းမာအောင်နေတဘ်ရုံမျှမက၊ ဘဝင်ကျအောင်လည်းပြောတတ်သည်။

မျှော်ကြည့်လျှင်၊ အနာဂတ်သည်သာတောင့်သာယာဖြစ်စရာပင်။

သို့သော်တကယ်တန်းတွင်၊ ဆိုသို့မဟုတ်။

မေဇင်လတ်ရှစ်တန်းအောင်သောနှစ်တွင် အမေခင်မေလတ်၏စိတ်ကစင့်ကရဲဖြစ်မှုမှာ သိသာပေါ်လွင်လာသည်။ အိမ်တွင်းရေးကိစ္စတွင် အလွဲအချော်တွေ ဖြစ်ကုန်သည်။ လွတ်ထား၍





မရနိုင်လောက်အောင်စောင့်ကြည့်ရတော့သည်။

ခမဇင်လတ် ကျောင်းဆက်တက်၍မဖြစ်တော့၊

ဘဝတစ်ဆစ်ချိုးတွင် ပညာရေးခါးကျိုးခဲ့ပြီ၊

အမေခင်မေလတ် မျှော်လင့်ခဲ့သည့်ကျောင်းဆရာမဖြစ်ရေးသည် ဝေးသထက်ဝေးကုန်ပြီ၊ အမေခင်မေလတ်ကိုပြုစုရသည်ကတင်ခက်၊ အချက်အပြုတ်နှင့်ဂျင်ခြေလည်ရသည်ကဘဲဖက် ဖြင့်ကြာသော့မေဇင်လတ်သည်ပင်ရှုးချင်ချင်ဖြစ်လာသည်၊

တစ်နှစ်လောက်ကြာတော့ အပေါင်းအဖော်များနှင့်သာလာဘဲသည့်ဒုက္ခက မိမိတို့ထံဝင်လာသည်။

ဦးသော်တာ လေဖြတ်ခြင်းပင်။

တစ်ကိုယ်လုံးသေသွားပြီး အသက်ရှင်လျက်မလှုပ်နိုင်၊ မရှုးနိုင်ဘဲ၊ စကားမပြောနိုင်ဘဲ၊ မျက်လုံးဖြင့်သာစကားပြောနိုင်တော့သည်၊ သူ့ဇနီးဒေါ်စိန်ဥမှာရသမျှငွေကိုသာသိမ်းဆည်းတတ်ပြီးလုပ်ငန်းကိုဦးမစီးနိုင်၊ လင်ကိုအချိန်ပြည့်ပြုစုနေရသဖြင့် လုပ်ငန်းကိုစိတ်မဝင်စားနိုင်၊ ရှိသမျှငွေဖြင့်ဆရာဝန်၊ တိုင်းရင်းသမားတော်ဘိုတင်ယောက်ပြီးတစ်ယောက်ပြောင်းကုခဲ့သည်။

ဘာမျှမထူးခြားခဲ့။။

× × × × × ×

## အခန်း(၆)။

ထူးတာဆို၍တစ်ခုပဲရှိသည်။

သူတို့လုပ်ငန်းကိုဦးဆောင်ဖို့ဒေါ်စိန်ဥ၏တူ၊ နိုင်ဦးဆိုသူရောက်လာခြင်းပင်။

နိုင်ဦးသည်၊ မိမိဘဝကိုမွှေနှောက်မည့်သူမှန်း ထိုစဉ်က မေဇင်လတ်မခန့်မှန်းမိခဲ့။

လူပုံကန့်နွဲ့နွဲ့၊ လူပုံချော၊ အသားဖြူသည်။ မျက်နှာရွှင်သည်။ အပြောချိုသည်။ အသက်ကသုံးဆယ်နီးပါး၊ မေဇင်လတ်ထက်ဆယ်နှစ်လောက်ကြီးမည်။ တက္ကသိုလ်တွင်တစ်နှစ်မျှတက်ပြီး ဘာကြောင့်ထွက်ခဲ့သည်တော့မသိ။

အံ့ဩစရာကောင်းသည်မှာ၊ ဒေါ်စိန်ဥအရေးပေးခြင်းကို အထူးခံစားရခြင်းပင်၊ ဒေါ်စိန်ဥ၌လင့်ဘက်မှတူ၊ တူမများစွာရှိသည်။ အဝင်အထွက်ရှိခဲ့သူများလည်းမနည်းလှ။ အပေးအကမ်း





နှင့်လည်းမကင်းခဲ့၊ ယင်းတို့ကိုဒေါ်စိန်ဥသဘောမတွေ့၊ ယခုခင်ပွန်းသည်အိပ်ယာထဲလဲပြီဆိုတော့ဘယ်လိုမှ အဆက်အစပ်မရှိသောမိမိဘက်မှတူတော်သူကိုနိုင်ဦးကိုခေါ် ယူလိုက်သည်။ လုပ်နေကိုင်နေကြသူ၊ ကားသမားများနှင့်တွေ့ဆုံပေးသည်။ မိမိသိထားသမျှအလုပ်အခြေအနေကို ပြောပြသည်။

နေ့ချင်းညချင်းပင် နိုင်ဦးအိမ်ထောင်ဦးစီးဖြစ်လာသည်။

ဤတွင်၊ မေဇင်လတ်နှင့်ထိပ်တိုက်တိုးတော့သည်။

အစဉ်အလာမရှိသော နိုင်ဦးအကြိုက်ချက်ရသည်။ ပြုတ်ရသည်။ လျှော်ရသည်။ အကောင်းကလည်းကြိုက်သေး၊ ဈေးကလည်းများသေးဆိုသော အမျိုးအစားထဲကဖြစ်သည်။

ပထမတော့ မေဇင်လတ်သဘောမပေါက်။

သူဈေးများခြင်းသည် အကြောင်းရှာခြင်းပင်ဖြစ်သည်။ ဘယ်လိုချက်ရ၊ ပြုတ်ရ၊ ဘယ်အရာကိုဘယ်လိုကောင်းကြောင်းစသည်ဖြင့်ဆရာကြီးလုပ်သလိုလို၊ အကြံပေးသလိုလိုနှင့် စင်စစ်မိမိနှင့်နီးစပ်မှုရယူခြင်းသာဖြစ်သည်။

သည်တော့မှအရွယ်၏အသိ၊ စာထဲကသုတဖြင့် ကိုနိုင်ဦးဘာရည်ရွယ်သည်၊ မေဇင်လတ်ရိပ်စားမိလာသည်။ ရွှေဇင်ညိုဘာကိုလိုလို့ဝဲသည်ကိုလည်း သဘောပေါက်လာသည်။

တကယ်တော့ ဤကိစ္စမှာသပိတ်ဝင်၊ အိပ်ဝင်လွယ်လွယ်လေးပင်။

လုပ်ငန်းရှင်သူဌေးကိုနိုင်ဦးနှင့် မွေးစားသမီးဟုနာမည်ထွက်နေသောမေဇင်လတ်တို့ ပေါင်းဖက်လိုက်လျှင် ကိုယ့်အိတ်ထဲ

ဖိတ်သည့်ဇာတ်လမ်းကောင်း တစ်ခုဖြစ်သည်ပင်။

သို့သော်ဘာကြောင့်ရယ်မသိ၊

မေဇင်လတ်၊ နိုင်ဦးကိုမြင်မြင်ချင်းသဘောမတွေ့။

မိမိသိထားသောသုတပေတံနှင့်တိုင်းလျှင်၊ နိုင်ဦးလိုလူမျိုးမှာ နောက်မှရောက်လာသည့်ရွှေကြာပင်မျိုးဖြစ်သည်။ အသင့်ခင်းထားသောဖျာပေါ် အကျအန ဝင်ထိုင်သူပင်၊ ရန်ကုန်သားဆိုသည့်မှတစ်ပါး၊ ဘာကိုမျှမသိခဲ့ရ ဘာတွေတတ်၍ဘာတွေလုပ်နေသည်။ သည်အရွယ်ရောက်မှအမြီးပေါက်သင့်ပြီ။ နောက်ကြောင်းမှရှင်းရဲ့လား၊ ဘာလား၊ ညာလားဖြင့် လားပေါင်းများစွာမေဇင်လတ်မေးခွန်းထုတ်ကြည့်ဖြစ်ခဲ့သည်။

မိမိမေးခွန်းကို မိမိလည်းမဖြေနိုင်။

မိမိစိတ်အသစ်ရဆုံးမှာ နိုင်ဦး၏ချဉ်းကပ်ပုံချဉ်းကပ်နည်းပင်၊ အိမ်တွင်းပုန်းမိမိကို အထင်သေးချင်ပုံရသည်။ ပါးစပ်ကမပြောပဲထိကပါး၊ ယိကပါးလုပ်ချင်သည်။ ပြီးတော့ဘာမှမဖြစ်သလိုမသိချင်ဟန်လည်းဆောင်တတ်ပြန်သည်။

တစ်ခါတစ်ခါ စိတ်ကောင်းဝင်လာသော အမေခင်မေလတ်က စိတ်လိုလက်ရပြောဖူးသည်။

သမီးမေဇင်၊ အမေတို့လိုမိန်းမသားတွေအတွက်ကြေငြာနေတဲ့ ဓနံဆိုတဲ့စကားရှိထားတယ်။ ရုပ်ရည်လှပချောမောခြင်းဟာ စီးပွားဥစ္စာဖြစ်သတဲ့၊ ရုပ်ရှင်တွေ၊ ပြဇာတ်တွေထဲမှာကြည့်ပါလား ရုပ်ချောတဲ့သူမှမင်းသမီးဖြစ်ရတာ ရုပ်ချောမှအရွေးခံရတာ။ ဒါဟာအဓိကပဲ၊ အမူအရာဘို၊ သရုပ်ဆောင်မှုဆိုတာတွေကတော့ မိန်း





ရဲ့ကြိုးစားမှုပေါ့။

"အပြင်လောကမှာလဲ ဒီအတိုင်းပဲပေါ့၊ ရုပ်ချောမောတဲ့မိန်းကလေးမျိုးကိုမှ လူတွေကစိတ်ဝင်စားတယ်၊ မေတ္တာရှိတယ်၊ လက်ထပ်ချင်ကြတယ်၊ အဲဒီအခါမှာကာယကံရှင်မိန်းမသားကပါးနပ်ဖို့လိုတာပေါ့၊ လင်ယူတာချင်းအတူတူ၊ အိမ်ထောင်ပြုရတာချင်းအတူတူ၊ ဘဝအာမခံချက်ပေးနိုင်တဲ့လူကိုသာ လက်ခံသင့်တာပေါ့။ အဲ့ဒီမှာ အဲဒီလူကလဲကိုယ့်ကိုချစ်မယ်၊ မေတ္တာရှိမယ်၊ ကိုယ့်ကလဲချစ်နိုင်သူဆိုရင်တော့ အကောင်းဆုံးပေါ့၊ ဒါပေမယ့်အဲဒါမျိုးကတော့ရှိတော့ရှိတယ်ရှားတယ်ပေါ့. . . ."

"မိန်းမဖြစ်ရတာအားကြီးနစ်နာတာပဲ၊ ခေါင်းလေးတစ်ချက်ငြိမ့်၊ "အင်း"၊ "ဟုတ်ကဲ့" လို့တစ်ခါပြောလိုက်မိတာနဲ့ပဲ ဘဝဟာဟာ"အို"သွားရတာမျိုး၊ ပြောင်းသွားရတာမျိုး၊ဒီတော့ဘဝတစ်ခုလုံးနဲ့ ပတ်သက်လာရင်ကိုယ့်ကိုယ်ကို ထိန်းရမယ်၊ စောင့်ရှောက်ရမယ်၊ အရှက်ရှိရမယ်၊ ဘာမဟုတ်တာလေးနဲ့ အစွန်းအထင်းမခံနဲ့၊ အသက်သာအသေခံ၊ သေရင်လည်းဂုဏ်ရှိတယ်၊ ဂုဏ်ရှိရှိနဲ့သေရတာဟာမြတ်တယ်၊ လူအများကလေးစားတယ်၊ အမေတို့သမီးတို့ဘဝဟာအဲဒါလေးတစ်ခုပဲရှိတော့တာ၊ ဒါလေးတစ်ခုကိုမှမထိန်းနိုင်ရင်တော့ အသက်ရှင်နေရတာဟာဘာအဓိပ္ပာယ်ရှိတော့မှာလဲ. . ."

"သမီးဟာလေ တစ်နေ့တစ်ခြားလှလာတယ်၊ အဖေလိုအသားဖြူတော့ချောလာတယ်၊ အရုပ်အမောင်းကလဲမြင့်မားတယ်၊ ကိုယ်လုံးကိုယ်ထည်ကလဲပြည့်ဖြိုးတယ်၊ အချိုးအစားကျနတယ်၊ အ

မေတို့ခေတ်ကလို ရေကူးဝတ်စုံနဲ့သာ အလှမယ်ပြိုင်ပွဲဝင်ရမယ်ဆိုရင်၊ သမီးကိုယှဉ်နိုင်တဲ့သူခပ်ရှားရှား၊ ဒီဘဝကုသိုလ်ကဒီအခွင့်အရေးကိုပေးပါရဲ့နဲ့၊ ဒါတွေကိုဘာဖြစ်လို့တန်ဖိုးမဲ့စေမလဲ၊ အမေ့ဘဝမှာ စွန့်လွှတ်လိုက်ရတဲ့အခွင့်အရေးတွေကို ငါ့သမီးကျရင်အားလုံးပြန်ယူရမယ်. . . . "

"ဟောဒီမှာလက်စွပ်ယူဝတ်ထား။ အမေပေးနိုင်တာဆိုလို့ ဒါတစ်ခုပဲရှိတယ်၊ ခုခေတ်ဈေးနဲ့ဆိုရင်ထောင်ကျော်တော့တန်တယ်၊ ဘယ်လိုမှနေမဖြစ်တော့ဘူးဆိုရင်၊ ဒါကိုထုခွဲရောင်းချပြီး၊ ရန်ကုန်ပြန်။ အမေလိပ်စာပေးထားမယ်၊ ဥက္ကလာပ မှာသမီး နဲ့အဖေတူအမေကွဲအဒေါ်တွေရှိလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ်အကူအညီတစ်ခုခုတော့ရနိုင်မှာပါ။ အမေရဲ့အဖေထားခဲ့တဲ့အိမ်နဲ့အတွင်းပစ္စည်းတွေဟာအမေနဲ့မထိုက်လို့မခံစားရပေမယ့်၊ သမီးနဲ့ကတော့ထိုက်တန်ပါလိမ့်မယ်၊ သမီးကံကောင်းမှာပါကွယ်. . . . "

တကယ်တော့ မေဇင်လတ်ကံမကောင်းခဲ့ပါ။

တစ်နှစ်မျှပင်မကြာ၊ အိပ်ယာထဲအသေကြီးလိုလဲနေသည့် ဦးသော်တာမသေပဲ၊ စိတ်လိုလက်ရလွှတ်လပ်စွာနေရသည့်၊ အမေခင်မေလတ်ကသေသွားရသည်။

အဖေသေတုန်းက အမေကပြောခိုခဲ့သည်။ ရွှေတောင်ကြီးပြိုပါပြီဟု၊ ယခုတော့မိမိက အော်ငိုလိုက်ချင်သည်၊ "တောင်မြင့်မိုရ်ပြိုပါရောလားအမေရဲ့" ဟု။

တကယ်တော့အမေသေခြင်းသည် မိမိဘဝပြိုခြင်းပင်။ ကြည့်ပါ-





အမေသေပြီးတစ်လတောင်မပြည့်၊ ဒေါ်စိန်ဥကမေးလာသည်။ "ညည်း-ဒီအတိုင်းနေသွားတော့မှာလား. . . " တဲ့။

ဒေါ်စိန်ဥစကားအဓိပ္ပါယ်ကို မေဇင်လတ်နားလည်သည်။ အသက်ပဲဆယ့်ရှစ်နှစ်ကျော်ခဲ့ပြီ။ သို့သော်ဘာမှပြန်မပြောဖြစ်၊ မသိသလိုနေလိုက်သည်။

"ညည်းကချောလှလှ၊ ကျန်းကျန်းမာမာ၊ သန်သန်စွမ်းစွမ်းမို့လူတွေကမျက်စိကျတယ်၊ တော်ကြာမဖြစ်သင့်တာဖြစ်ကုန်မှာစိုးလို့အေ့၊ ကိုယ်ကမိမရှိ ပမရှိဆိုတော့အထင်သေးကြတယ်၊ တန်ဖိုးထားကြမှာမဟုတ်ဘူး၊ အရွယ်လေးရှိတုန်းစဉ်းစားထား၊ ငါ့သဘောကတော့မောင်နိုင်ဦးနဲ့လက်ဆက်ပေးချင်တယ်၊ သူဆိုတော့တစ်ယောက်နဲ့တစ်ယောက်အတွင်းသိ၊ အစင်းသိတွေ၊ ဖိတ်ချင်းဖိတ်ကိုယ့်အိတ်ထဲဖိတ်မဲ့ဟာပဲ၊ ညည်းအစဉ်းစားမလွန်နဲ့၊ တခြားဟာတွေကိုလဲသဘောမလွယ်လေနဲ့. . . "

ဒေါ်စိန်ဥ စကားကလှပပေသည်။

အဓိပ္ပါယ်ကတော့ ကျွန်သက်ရှည်ရေးပင်ဖြစ်သည်။ ဦးသော်တာကျန်းမာရေးကိစ္စနှင့်မအားလပ်နေသည့် ဒေါ်စိန်ဥမှာ ချက်ရေးပြုပ်ရေးကို လှည့်မကြည့်အား၊ မေဇင်လတ်နှင့်ပစ်ထားလိုက်သည်။ ပစ်ထားလိုက်ရအောင်လည်း မေဇင်လတ်ကစိတ်ချရသည်၊ ရှစ်တန်းအောင်ပြီးကတည်းက ကျောင်းမတက်ရဘဲအမေဖြစ်သူခင်မေလတ်ကိုကူညီရင်း မေဇင်လတ်ကျင့်သားရခဲ့ပြီ။

ပြီးတော့အတွင်းလူဖြစ်နေ၍လည်း စိတ်ချရပြီ။

မေဇင်လတ်မှာက ဆွေမရှိ၊ မျိုးမရှိ၊ မြေမရှိ၊ ငွေမရှိ၊ နယ်

ကျဉ်းလှသည်။ ဒီလိုမိန်းကလေးမျိုးရဖို့ကမလွယ်၊ သည်တော့သည် အိမ်ထဲကထွက်မသွားနိုင်အောင်၊ ဒီနည်းနှင့်ပဲချီရတော့မည်။

မေဇင်လတ်ဘက်ကတော့ သည်သို့မဟုတ်။

ကိုနိုင်ဦးကိုကြည့်မရခဲ့၊ မိမိကိုလည်းအထင်သေးသည်။ တန်ဖိုးမထား၊ ထိကပါးရိကပါးလုပ်လားလုပ်ရဲ့၊ ပြောလားပြောရဲ့၊ ပြီးတော့သူဘာမှမလုပ်ခဲ့သလို မသိကျိုးကျွံနေလိုက်သေးသည်။

နောက်ပြီးရှိသေးသည်။

သုံးလေးနှစ်အတွင်း၊ နိုင်ဦးမှုပြောင်းလာသည်။

သောက်သောက်စားစား၊ သုံးသုံးစွဲစွဲ၊ ဘာမှမလုပ်တတ်သော အဒေါ်ဖြစ်သူဒေါ်စိန်ဥအပေါ် အခွင့်အရေးယူလာသည်။ သိပ်မရိုးသားချင်၊

ဤအိမ်မှာက ကားသမားမိသားစုအဝင်အထွက်ရှိသည်။

အများအားဖြင့် မိန်းမသားတွေ။

မိန်းမတွေဆိုသည်က စကားအပြောအဆုံးသတ္တဝါ၊ ရွာထိပ်အိမ်ဆီမှကြောင်တစ်ကောင်ပျောက်သွားပုံအစ၊ ရွာဦးကျောင်းဘုန်းတော်ကြီးဒေသစာရိကြွမည့်ကိစ္စအဆုံး သိကြသည်။ သိသမျှကိုလည်း ဘစ်စီပ်ကိုတစ်အိတ်လုပ်ချင်ကြသည်။

ပြီးတော့ မေဇင်လတ်ကမိန်းမသား။

မီးဖိုချောင်ကိုဦးစီးရသူ၊ လာသမျှမိန်းမသားတို့ကမီးဖိုဝင်လာပြီး ဟိုဟာလေးစစ၊ ဒီဟာလေးစုံစုံ၊ အဝအနင့်မဟုတ်သော်လည်း၊ မြည်းစမ်းချင်ကြသည်။ သည့်အခါမေဇင်လတ်မျက်နှာကိုကြည့်နေရသည်။ မိမိတို့အပေါ်“ ကျ” ပါမည့်အရေး မျက်နှာချို





သွေးကြသည်။

အကောင်းဆုံးကတော့ အတင်းအဖျင်းသတင်းပေးခြင်းပင်။

သည်တော့အိမ်တွင်းပုန်းမေဇင်လတ်မှာလည်း အများနည်းတူ၊ ပြင်ပ၏နောက်ဆုံးသတင်းရနေတတ်သည်။

ဤတွင်နိုင်ဦး အကြောင်းလည်းပါလာသည်။

ခရီးထွက်လျှင်မိန်းကလေးတစ်ယောက်ယောက် ခေါ်သွားတတ်တာမျိုး၊ ဒရိုင်ဘာကိုစိန်သောင်းဇနီးကို အခွင့်အရေးပေးလွန်းခြင်းမျိုး၊ ဖဲရှုံးပစ်တာမျိုးစသည့် မကောင်းမှုအနံ့အသက်ကလေးပါလာတတ်သည်။

အစကတည်းက မေဇင်လတ်၊ နိုင်ဦးအပေါ် စိတ်မတွေ့ခဲ့

ယခုလိုဘဝတစ်ခုလုံးအတွက် ပုံအပ်ရမည့်စီမံကိန်းအတွက်တော့ ကန်တော့ဆွမ်းဟုသာဆိုလိုက်ချင်တော့သည်။

ဤသို့ဆုံးဖြတ်သည်ဆိုပါတော့၊ ဘာဖြစ်လာနိုင်မည်နည်း။

အိမ်ကြီးကျွန်အဖြစ်၊ ဤအိမ်တွင်ဆက်နေ၍ကော မိမိဘဝလုံခြုံပါမည်တဲ့လား၊ အရာရာသည်ပြောင်းလဲနေသလို၊ မိမိဘဝသည်လည်း အပြောင်းအလဲရှိလာရမည်သာ။

ဤကွင်အမေခင်မေလတ်ပြောဖူးသောစကားကို မေဇင်လတ်ပြန်လည်ကြားယောင်လာသည်။

“မိန်းမဖြစ်ရတာအားကြီးနစ်နာတယ်၊ ခေါင်းလေးတစ်ခါညိတ်၊ “အင်း”၊ “ဟုတ်ကဲ့” လို့တစ်ခါပြောလိုက်မိတာနဲ့ပဲ ဘဝဟာ “အို” သွားရတာမျိုး၊ ပြောင်းသွားရတာမျိုး၊ ဒီတော့ဘဝနဲ့ပတ်သက်

လာရင်ကိုယ့်ကိုယ်ကိုထိန်းရမယ်။ စောင့်ရှောက်ရမယ်၊ အရှက်ရှိရမယ်၊ ဘာမဟုတ်တာလေးနဲ့ အစွန်းအထင်းမခံနဲ့၊ အသက်သာအသေခံ၊ သေရင်လည်းဂုဏ်ရှိတယ်၊ ဂုဏ်ရှိရှိနဲ့သေရတာမြတ်တယ်၊ အမေတို့လိုမိန်းမသားတွေအတွက်ဣတ္ထိရုပ်၊ ခန္ဓာဆိုတဲ့စကားရှိထားတယ်၊ ရုပ်ရည်ချောမောလှပခြင်းဟာ စီးပွားဥစ္စာဖြစ်သတဲ့. . . ."

သည့်တော့ မိမိဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ၊ စဉ်းစားရတော့မည်၊ ဆုံးဖြတ်ပြီးလျှင်တော့ အကောင်အထည်ဖော်ရမည်။

ခက်တာကမိမိတွင်မိတ်ဆွေကောင်းမရှိ၊ အမိန့်ပေးခိုင်းစေမည့်သူသာရှိသည်။ မိမိဘဝသည်သူများခိုင်းစေဖို့မွေးလာခြင်းမဟုတ်၊ မိမိဖတ်ဖူးသမျှကိုယ်ရေးအတ္ထုပ္ပတ္တိ အကြောင်းအရာများထဲတွင်အောင်မြင်ကျော်ကြား၊ ကြီးကျယ်သွားသူများ၏ဘဝသည် ပန်းခင်းလမ်းတွင် လျှောက်ခဲ့ရသူများမဟုတ်၊ ဆူးခင်းလမ်းကိုဖြတ်ကျော်ခဲ့သူများသာဖြစ်သည်။

ထိုသူများတွင် အခြေခံအရည်အချင်းကောင်းလေးများ ရှိကြသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ မကျသောစိတ်ဓါတ်ပြင်းထန်သောဆန္ဒ၊ တိကျသောရည်မှန်းချက် အခြေအနေကိုအသုံးချတတ်မှုတို့ဖြစ်သည်။

ထိုသူအများစုသည်၊ တက္ကသိုလ်၊ ကောလိပ်များမှဘွဲ့၊ ပညာရခဲ့သူများမဟုတ်၊ ဆိုးဆိုးဝါးဝါးအခြေအနေမှ ကြိုးကြိုးစားစားလုပ်ဆောင်ခဲ့ကြသဖြင့်၊ တက္ကသိုလ်မှပါမောက္ခကြီးများကပင်၊ ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်ခံရသူများဖြစ်လာကြရသေးသည်။





ဒါတွေကိုတွေးမိတော့ ဘဝကိုအရှုံးမပေးရန်၊ မေဇင်လတ်ဆုံးဖြတ်လိုက်သည်။

မိမိလုပ်နေရသမျှကိစ္စကို အကောင်းဆုံးဖြစ်စေသည်။

ကြုံရသမျှကို အကောင်းဆုံးဆင်ခြင်သည်။

ရသမျှအချိန်လေးတွင်စာဖတ်သည်။

သည်တော့-

× × × × × ×

## အခန်း(၇)။

နှစ်ဝက်မျှမကြာမီ မေဇင်လတ်၏အိမ်ကြီးမှခွန့်ခွာဖို့ဖြစ်လာသည်။

မိမိကဖန်တီးခြင်းမဟုတ်ပဲ၊ **အခြေအနေကဖန်တီးနေလိုက်**ခြင်းဖြစ်သည်။ ဘဝတစ်ခုလုံးဆုံးပါး**နစ်နာရတော့မည့်ကိစ္စမျိုး**တွင် ခေါင်းမငြိမ့်မိဖို့၊ အင်း၊ ဟုတ်ကဲ့မပြောမိဖို့**အရေးကြီးသည်။**

ဖြစ်လာပုံက တမင်ဖန်တီးသည့်ခွင်မျိုး။

တစ်ညသန်းခေါင်ကျော် အိပ်ကောင်းချိန်တွင်၊ မေဇင်လတ်အခန်းထဲ ကိုနိုင်ဦးတိတ်တဆိတ်ဝင်ရောက်လာသည်။ အိပ်မောကျနေသောမိမိခန္ဓာကိုယ်ပေါ် သို့ဖိကျလာသောအထိ၊ ပွတ်သပ်ဆုပ်နယ်နေသောအတွေ့တို့ကြောင့် ကြောက်လန့်ရမည်ထက်၊ မိန်းမောသွားရခဲ့သည်မှာအမှန်။





အိပ်မက်လိုလိုအဖြစ်မှ ကြမ်းတမ်းသောအကိုင်အတွယ်တို့ကြောင့်မိန်းမောရာမှ လန့်နိုးလာသောအခါ၊ မိမိပါးစပ်ကိုလက်ပါးနှင့်ပတ်ကာထားပြီး၊ အရက်နံ့သင်းနေသောသူ့ပါးစပ်မှ မေဇင်လတ်ကိုချစ်တဲ့အကြောင်းတဖွဖွပြောနေသည်။

ကျောချမ့်ခါးပြမှန်းသိလိုက်ရသော မေဇင်လတ်။

တစ်သက်တွင်မရှိဘူးသောအင်အား၊ မဖြစ်ဖူးသောဒေါသတို့ဖြင့် ကျုံးရုန်းထဖြစ်ပြီး၊ အမှောင်တွင်းမှာပင်အဆမတန် တုံ့ပြန်ဖြစ်သည်။

အခန်းထဲတွင်ရှိသမျှပစ္စည်းတို့ဖြင့် နိုင်ဦးရှိမည်ထင်သည့်**နေရာများဆီမှန်းသန်းပစ်ထည့်လိုက်သည်။** လွဲချော်တာလည်းရှိ၊ **ထိမိခိုက်မိတာလည်းရှိ၊** ပထမတော့နိုင်ဦးအသံမပေးသေး၊ ကြိတ်မှိတ်၍ရှောင်ရင်းတိမ်းရင်းငြိမ်ခံသည်။ သို့သော်တစ်ကြိမ်မကနှစ်ကြိမ်ရှိလာသောအခါ၊ သူ့တွင်ခံနိုင်ရည်မရှိတော့။

"ဟော့-မမဇင်ငါပါဟ၊ တော်ပြီလေ-မပစ်နဲ့. . ."

"ဘယ်ငါလဲ-ကျုပ်မသိဘူး၊ ဘယ်သူလဲပြော. . ."

မေဇင်လတ်ဒေါသဖြစ်ဖြစ်ဖြင့် ကြုံးအော်သည်။

"ငါလေ-ငါ၊ နိုင်ဦးပါဟ. . ."

"ရှင်-ဒီအချိန်ကြီးကျွန်မအခန်းထဲ ဘာဝင်လုပ်တာလဲ. "

"မေဇင်ကလည်းဟာ-ငါပါဆိုနေမှ. . ."

တကယ်တော့နိုင်ဦးအပြောရခက်နေသည်၊ တကယ်အကြပ်အတည်းဖြစ်နေသည်။

ဤတွင်အပြင်ဘက်မှ ဒေါ်စိန်ဥအသံကိုကြားလိုက်ရသည်။

"ဟဲ့-မေဇင်တို့၊ နင်တို့ဘာတွေဖြစ်နေကြတာလဲ၊ သူများတွေကြားကုန်ကြပါမယ်ဟယ်၊ ကဲ-တံခါးဖွင့်စမ်း"

ထိန်းထိန်းသိမ်းသိမ်းပြောနေသောဒေါ်စိန်ဥ စကားကြားလိုက်ရသည်နှင့်မေဇင်လတ်သဘောပေါက်လိုက်ချေပြီ၊ နိုင်ဦးအတင့်ရဲခြင်းတွင် ဒေါ်စိန်ဥလည်းအလိုတူအလိုပါ ဖြစ်လိမ့်မည်ဟု။

မေဇင်လတ်အတွင်းခန်းမီးဖွင့်လိုက်သည်။

တံခါးချက်ကို ဖွင့်ပေးသည်။

ဒေါ်စိန်ဥရှုတည်တည်ဖြင့်ဝင်လာပြီး စူးစမ်းသလိုဖြင့်ဟိုဟိုသည်သည်ကြည့်သည်။ နောက်ဆုံးတော့သူ့အကြည့်ကနိုင်ဦးဆီရောက်သွားသည်။

နိုင်ဦးမျက်နှာပျက်နေသည်။ သိသိသာသာကြီးတော့မဟုတ်၊ ရဲဆေးတင်သောက်လာသောအရက်လည်းပြယ်လေပြီ၊ သူ့အကြံအစည်လည်းမအောင်မြင်၊ မီးဝင်းဝင်းတောက်နေသော မေဇင်လတ်၏အကြည့်ကိုလည်းမခံဝံ့၊ သည်တော့အားကိုးတကြီးဖြင့်သာသူ့အဒေါ် ဒေါ်စိန်ဥကိုကြည့်နေရှာတော့သည်။

"နင်တို့ကလဲဟယ်- ကျော်မကောင်းကြားမကောင်း ဖြစ်ကုန်ပါ့မယ်၊ " ဒေါ်စိန်ဥကဖျန်ဖြေစကားဆိုသည်။ "ကဲ-မောင်ဦးအပြင်ထွက်စမ်း. . . "

နိုင်ဦးအခုမှ ထွက်ပေါက်ရသွားသည်၊ မတုန့်မဆိုင်းပဲ အခန်းထဲမှထွက်သွားသည်။

"ဒီကိစ္စဟာစောစောကတည်းကပြီးရမယ့်ကိစ္စကိုကွယ်၊ ညည်းကမထုံတက်တေးလုပ်နေတာကိုး. . . "





ဒေါ်စိန်ဥအမြစ်တင်စကားဆိုပြန်သည်။

"သမီးက ဘာလုပ်နေလို့လဲအဒေါ်. . . "

"ဘာလုပ်ရမှာလဲ- ငါညည်းကိုပြောထားသားပဲ၊ ညည်းကိုသူနဲ့နေရာချထားပေးမယ့်ဥစ္စာ၊ သူ့ခမြာလည်းညည်းကို မေတ္တာရှိနေတာအသိသားနဲ့၊ ညည်းကဘာတွေစိတ်ကူးယဉ်နေတာလဲ၊ အခုဟာရေကာန်အသင့်ကြာအသင့် သူလည်းဒီမှာပဲလုပ်ငန်းဆက်ဦးစီးနိုင်မယ်၊ ညည်းလည်းအခုလိုမဲ တစ်သက်နေသွားရမယ့်ဥစ္စာများဟယ်. . . "

"အို-ဒါတွေသမီးဘာမှမသိဘူး. . . "

"ဘာလို့မသိရမှာလဲ-ဘာလဲ၊ ညည်းကငါ့အစီအစဉ်ကိုဖျက်ချင်လို့လား. . . "

မေဇင်လတ်ပစ်ပစ်ခါခါပြောလိုက်မည်ကြံပြီးမှ အသိတစ်ခုခေါင်းထဲဝင်လာသည်။ သူ့ဘက်သားဖြစ်နေသော ဒေါ်စိန်ဥမှာလောလောဆယ်အားဖြင့်ဤအိမ်၏အာဏာပိုင်။ သို့သော်ငွေကြေးကိစ္စများတွင်နိုင်ဦးရှာပေးသမျှသာရနေသူ။ တကယ်တန်းတွင် ဒေါ်စိန်ဥသည် တူဖြစ်သူနိုင်ဦးကိုလက်မလွှတ်နိုင်သူ၊ သည်တော့မိမိတက်မှုငြိမ်နေလိုက်ခြင်းသာ အကောင်းဆုံး။

"ဒီမှာ-ညည်းငါ့စကားကိုနားထောင်၊ တွေလာကေလာတွေစိတ်မကူးနေနှင့်၊ ငါ့ဖာသာနေ့ကောင်းရက်သားရွေးလိုက်မယ်. . "

ပြောပြောဆိုဆို ဒေါ်စိန်ဥအခန်းထဲမှထွက်သွားသည်။

မေဇင်လတ်လည်း ဒေါသဖြစ်ဖြစ်ဖြင့်တံခါးကို ဆောင့်ပိတ်လိုက်သည်၊ လိုအပ်သည်ထက်အသံမြည်သွားသည်။ "မေဇင်လတ်

နေ့ဉ်-ညည်း"ဟုသာဒေါ်စိန်ဥ၏အော်သံကိုလည်းကြားလိုက်ရသည်။

ဒေါသဖြင့်မေဇင်လတ်အသားများ တဆပ်ဆပ်တုန်လာသည်။ ကြံရာမရသူလို အာသက်ရှူသံများပြင်းထန်လာသည်။

ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။

ထိုညကတော်တော်နှင့်အိပ်မပျော်ခဲ့။ မိမိဘဝအတွက်လမ်းဆုံလမ်းခွကိုရောက်နေပြီဆိုတာတော့သိသည်။ သို့သော်ပြေးစရာမြေမရှိ၊ သုံးစရာငွေမရှိ၊ ဆွေမျိုးဆိုသည်မှာနတ္ထိ၊ ကူညီမည့်သူဝေလာဝေး၊ အဆိုးဝါးဆုံးအခြေအနေ။

နေမလား၊ သေမလား။

နေလျှင်တော့ဘဝသည် သေသွားရုံသာရှိသည်၊ မိမိအတွက်အနာဂတ်မဲ့ပြီ။ သူတို့လက်ခုပ်ထဲကရေလို၊ ကြာလျှင်သွန်လိုသွန်မှောက်လိုမှောက်ဖြင့်ဆုံးရှုံးမှုသည်သာရှိတော့မည်။ ထားရာနေ၊ စေရာသွား၊ ထန်းလျက်ခဲခွေးလျက်သလိုလုံးပါးပါးရန်သာရှိတော့သည်။

မည်မျှပင်သတ္တိတွေမွေးထားခဲ့ပါသည်ဆိုသော်လည်း၊ အဖော်မဲ့သောမိမိအဖြစ်ကိုသိလာရသောအခါ မျက်ရည်တို့သာတဖြိုင်ဖြိုင်ကျလာသည်။

မိမိအတွက်ဘာတစ်ခုမျှစီစဉ်ပေးမသွားခဲ့ကြသော အဖေအမေတို့ကိုသတိရမိသေး၏။

သူတို့လည်း၊ မိမိလိုပင်ထွက်ပေါက်ရသွားကြသူများမဟုတ်သို့သော်သေဆုံးကုန်ကြပြီး၊ မိမိကတော့အသက်ရှင်ကျန်နေသေးသည်။ အမေခင်မေလတ်တစ်ခါကပြောဖူးသည်၊ သူသည်အသက်





ရှင်နေ့အမျှမျှော်လင့်ချက်မဆုံးရှုံးစေရာတဲ့။

မျှော်လင့်ချက်

ဘာမျှော်လင့်ချက်လဲ၊ မိမိတွင်ဘာမျှော်လင့်ချက်ရှိနေပါလိမ့်။

ပြောမယ့်သာပြောရသည်၊ မိမိတွင်မျှော်လင့်ချက်ဟု၍ကြီးကြီးမားမားမရှိသေး၊ ဤအိမ်ဤပတ်ဝန်းကျင်နှင့်ကင်းကွာချင်တာဘဲရှိသည်။ နောက်ပြီးတစ်နေ့ကုန်တစ်နေ့ခမ်း ချက်ပြုတ်လျှော်ဖွတ်လှည်းကျင်းရသည်နှင့်အချိန်ကုန်နေရခြင်းကိုလည်း စိတ်ကုန်လာသည်။

အမေကပြောဖူးသေးသည်။

မျှော်လင့်ချက်မရှိလျှင်၊ ရည်မှန်းချက်တော့ထားသင့်သည်တဲ့။

မိမိရည်မှန်းချက်တော့ရှိသည်။ အမေပြောသလိုမိမိသည်ကျန်းမာသည်။ သန်စွမ်းသည်၊ ပြီးတော့ချောမောသည်။ လှပသည်။ နောက်ပြီးအိမ်တွင်းရေးကိုနိုင်နင်းသည်၊ ဒါတွေသည်မိမိအရည်အချင်းများပင်ဖြစ်သည်။

ငွေကိုရှာလျှင်ရနိုင်သည်တဲ့။ အခြေအနေပေးလျှင်ပညာရှာ၍လည်းရနိုင်သည်၊ ချောမောလှပဖို့ဆိုသည်မှာတော့ ဘဝပေးကုသိုလ်ပင်။ ပင်ကိုယ်အရည်အချင်းတစ်ရပ်လည်းဖြစ်သည်။

ရည်မှန်းချက်ထား သူတို့၌အရည်အချင်းကိုအခြေခံရသည်။

ယခုတော့မိမိအရည်အချင်းကိုသိရပြီ။

ထိုအရည်အချင်းကို အခြေခံ၍မိမိဘာလုပ်နိုင်မည်လဲ။

လှပချောမောခြင်းကို အခြေခံ၍ဤလောက၌မိန်းမတစ်ယောက်အဖို့ လုပ်နိုင်စရာများစွာရှိသည်။ စာအုပ်ထဲတွင်တစ်ခါကဖတ်ခဲ့ဖူးသည်။ အီဂျစ်ကမင်းသမီးကလီယိုပတ္တရာသည် မိမိ၏ငယ်ရွယ်ပျိုမျစ်ချောမောလှပခြင်းကို ရောမဧကရာဇ်ကိုပေးဆပ်ပြီး အီဂျစ်ပြည်အင်ပိုင်ယာကိုတည်မြဲစေခဲ့သည်။ ထို့ကြောင့်သမိုင်းပညာရှင်တို့က ကောက်ချက်ချခဲ့ကြသည်။ ကလီယိုပတ္တရာ၏နှာခေါင်းသည်သာ ယခုထက်ပိုရှည်မည်ဆိုလျှင်၊ ကမ္ဘာ့သမိုင်းသည် တစ်မျိုးတစ်မည် ပြောင်းသွားနိုင်သည်တဲ့။

ဒါတွေတွေးမိတော့ ကိုယ့်ကိုအားမငယ်ချင်တော့။

မိမိသည်သောင်ပြင်လွတ်ခံရသော ခွေးတစ်ကောင်မဟုတ် မိမိ၌ရန်ကုန်မြို့တော်ကြီး၏ဥက္ကလာပတွင် ဆွေနီးမျိုးစပ်များရှိနေသေးသည်။ ဘာပဲဖြစ်ဖြစ်အရေးကြီးရင်သွေးနီးတတ်ကြသည်ပဲ။ သူတို့ဆီသာရောက်လျှင်မိမိဘဝသည်လည်း တစ်မျိုးတစ်မည်ပြောင်းနိုင်သည်။ အရေးကြီးသည်မှာ သူတို့ဆီရောက်ဖို့သာဖြစ်သည်။

ယခုမှသတိရသည်။ အမေကလက်စွပ်တစ်ကွင်းပေးခဲ့သည်ပဲ၊ ကာလပေါက်ဈေးတစ်ထောင်အထက်တော့တန်မည်တဲ့။

ဒါဆိုလျှင်-

ခေါ် စိန်ဥက ပြောသွားသည်။

"ငါ့ဖာသာနေ့ကောင်းရက်သားရွေးမည်" တဲ့၊ ဘယ်ရမလဲ သူ့အတွက်သာမဟုတ်၊ ကိုယ့်အတွက်လည်းနေ့ကောင်းရက်သား

ဖော်မွန်စာပေ



ဖြစ်ရမည်နှပါ့။

ဤသို့ဖြင့်မေ့ဇင်လတ်ဆုံးဖြတ်လိုက်သည်။
အခြေအနေပေးလျှင် ဤအိမ်မှထွက်တော့မည်ဟု။
လောကကြီးရေ၊ ရှင်နဲ့ကျွန်မတွေ့ကြပြီပေါ့။ ။

× × × × × ×

## အခန်း(၈)။

တကယ့်လောကကြီးထဲမေဇင်လတ်ရောက်ရန် သိပ်ကြာကြာကြီး မစောင့်လိုက်ရပါ။ ဆယ့်ကိုးရက်မျှသာဖြစ်သည်။

ထိုရက်မတိုင်မီ၊ နှစ်ရက်ကဒေါ်စိန်ဥက ပြောလာသည်။ သန်ဖက်ခါညနေကျရင်၊ ရပ်ကွက်လူကြီးတွေလာကြလိမ့်မယ်။ ခြေရင်းခေါင်းရင်းအိမ်ကလဲပါလိမ့်မယ်၊ တကယ်တော့ တို့ဖာသာကြိတ်လုပ်လဲဖြစ်တာပါပဲ၊ ဒါပေမယ့်ညည်းဂုဏ်ရှိဖို့ ညည်းဂုဏ်ပေးဖို့အတွက်လုပ်ရတာ။

"ဘာအတွက်လဲ-အဒေါ်. . ."

မေဇင်လတ် မသိဟန်ဆောင်ကာမေးခဲ့သည်။

"ဟဲ့-ညည်းနဲ့မောင်နိုင်ဦးတို့လက်ထပ်ဖို့လေဟယ်. . ."

"ရှင်-" မေဇင်လတ်အံ့ဩသွားသည်။ "သမီးကိုလဲကြို မပြောပဲနဲ့. . ."





"ဟဲ့-ဘာကြိုပြောဖို့လိုလို့လဲ၊ အခုဟာကတို့အိမ်တွင်းရေးကိစ္စပဲ၊ ညည်းကိုကြိုပြောလို့လဲဘာထူးမှာမို့လဲ၊ ငါကိုယ်တိုင်စီစဉ်တဲ့ဥစ္စာပဲ. . ."

မေဇင်လတ်လဲ ခံပြင်းသွားသည်။ လူတစ်ယောက်လုံးကို သက်မဲ့လိုသဘောထားနိုင်သည့် ဒေါ်စိန်ဥကိုလည်း စက်ဆုပ်သွားသည်။ သို့သော်စီစဉ်ပြီးပြီဆိုတော့ ဘာတတ်နိုင်မည်နည်း။

"သန်ဖက်ခါညနေဆိုတော့၊ မနက်ပိုင်းလဲမဟုတ်ဘူး. ."

"ဟဲ့-အဲ့ဒါကစေ့စပ်တာလေ၊ နောက်တစ်လမျိုး၊ နှစ်လမျိုး ကြာမှရက်ကောင်းရွေးပြီး လက်ထပ်ပွဲလုပ်မှာ. . ."

မေဇင်လတ်အကြံအိုက်သွားသည်။

"ဒါဆို-သမီးကဘာလုပ်ရမှာလဲ. . ."

"အေး-အဲ့ဒါကိုအဲပြောချင်လို့၊ ငါငွေငါးရာပေးလိုက်မယ် အိမ်ကိုလာလာနေတဲ့ကိုအေးမောင်ရဲ့သမီးဥမ္မာအေးနဲ့ ဈေးထဲလိုက်သွား၊ ညည်းကြိုက်တဲ့ဇတ်စုံကောင်းကောင်းတစ်စုံဝယ်၊ ဒီပြင်လိုတာတွေလဲဝယ်ပေါ့၊ ငွေငါးရာကုန်မှာမှတ်ပါဘူး။

ဒေါ်စိန်ဥကပြောနေသော်လည်း မေဇင်လတ်အတွေးတွေကပြေးနေသည်။ ဤအိမ်ကြီးမှလွတ်မြောက်ရေးအတွက် အကြံထုတ်နေခဲ့သည်။ အချိန်ကလည်းသိပ်မရ။

ဤသို့ဖြင့် ဈေးထဲရောက်သောအခါပဲဟိုမေး၊ ဒီကြည့်လုပ်နေစဉ်မှာပင်၊ ဥမ္မာအေးကတိုးတိုးလေးပြောလာသည်။ သူ့အဆက်မောင်ညွန့်ဆွေနှင့် ခေါက်ဆွဲဆိုင်တွင်တွေ့ဖို့လိုက်ခဲ့ပါဟု၍၊ ဤတွင် အကြံရှိထားသောမေဇင်လတ်က၊ "ညည်းတို့လွတ်လွတ်လပ်လပ်

တွေ့ကြပါဟယ်၊ ငါဈေးထဲလျှောက်ကြည့်ဦးမယ်၊ နာရီဝက်လောက်ကြာရင်လိုက်ခဲ့မယ်၊ နောက်မှတို့တိုင်ပင်ပြီးလိုတာဝယ်ကြတာပေါ့" ဟုပြောလိုက်သည်။

ဥမ္မာအေးဝမ်းသာစွာ နောက်ကြောင်းလှည့်မကြည့်ပဲထွက်သွားသောအခါ၊ မေဇင်လတ်လည်း၊ ရွှေဆိုင်တန်းသို့ဦးတည်ခဲ့သည်။ ဝတ်ထားသောလက်စွပ်ကိုလည်းချွတ်လိုက်သည်။

တကယ်တန်းလက်စွပ်ရောင်းလိုက်သောအခါ ငွေမှာစ်ထောင်ပင်မပြည့် ကိုးရာကျော်ကျော်မျှသာရသည်။ ပြီးမုန့်ဟင်းခါးဆိုင်ဝင်စားရင်း ရထားအချိန်ကိုစုံစမ်းသည်။ ဦးကျောက်ထဲတွင်ဇယ်ဆက်သလို အစီအစဉ်ချနေမိသည်။

သူနှင့်ဥမ္မာအေးတို့အိမ်ပြန်ရောက်တော့ ဝတ်စုံအပြင်၊ အလှုပစ္စည်းအချို့ကိုဝယ်နိုင်ခဲ့သည်။ ဒေါ်စိန်ဥပြောသလိုပင်ငွေတစ်ရာကျော်ကြီးများပင်ပိုသေးသည်။ "ညည်းယူထား၊ ခြေစောင့်လက်စောင့်ပေါ့အေ" ဟုဒေါ်စိန်ဥသဘောကောင်းနေသဖြင့်၊ မေဇင်လတ်ကြိတ်ဝမ်းသာနေသည်။ ယခုဆိုလျှင်မိမိလက်ထဲငွေတစ်ထောင်ကျော်စုမိနေပြီ၊ ခရီးစရိတ်အတွက်နှုတ်လျှင်ငွေရှစ်ရာမျှကျန်သေးသည်။ ဒါဆိုလျှင်ရန်ကုန်လိုမြို့ကြီးတွင် တစ်လနီးပါးမျှနေနိုင်စားနိုင်သည်။

မေဇင်လတ် ရင်ထဲအားရှိသွားသည်။

မိမိကဘာမျှအတွန့်မတက်သဖြင့် ဒေါ်စိန်ဥလည်းခါတိုင်းလိုပင် ဖာသိဖာသာ၊ နိုင်ဦးဆိုတာဂါတော့ဖိုးကျိုင်းတုတ်၊ အထူးသဘောကောင်းပြနေသည်။ မိမိကလည်းလိုက်လိုက်လျောလျောဆို

ဖော်မွန်စာပေ



တော့သူကောင့်သားက သူ့အကြံအောင်ပြီဟုယုံကြည်နေရှာသည်။

နောက်တစ်နေ့နေ့လယ်ညတွင်တော့ ထမီအသစ်ကိုချုပ်တော့မည်ဟုအပ်ချုပ်စက်တွင်ထိုင်တော့မှ မေဇင်လတ်တအံ့တသြရေရွတ်လိုက်သည်။

"ဟင်-လုံချည်ကတိုလိုက်တာ နဲတာမှတ်ဘူး၊ ၊ ဒုက္ခပါပဲ၊ ဘယ်လိုမှဝတ်လို့ရတော့မှာမဟုတ်ဘူး. . ."

"ဟဲ့-ဘယ်လိုဖြစ်တာလဲ၊ ညည်းတိုင်းပြီးဝယ်လာတာမဟုတ်ဘူးလား. ."

"ဟုတ်တယ်အဒေါ် ရဲ့ ဝမ်းဆက်ဆိုပြီးဝယ်လာတာ၊ အင်္ကျီအတွက်ဖြတ်ပြီး စက်ဆိုင်ပေးခဲ့တယ်၊ အခုလုံချည်ချုပ်မှတိုနေမှန်းသိတော့တယ်-ဒုက္ခပဲ. . ."

"ညည်းနဲ့ဟယ်၊ အခုဘယ်နှယ့်လုပ်မလဲ၊ ဆိုင်သွားပြောလို့လဲရတော့မှာမှတ်ဘူး. . ."

ဟုတ်တယ်-သမီးဘာလုပ်ရမလဲ အဒေါ်. . ."

မေဇင်လတ်အကြံဉာဏ်တောင်းလိုက်သည်။

"တကယ်တော့ ဤကိစ္စကိုမေဇင်လတ်က ဤသို့ဖြစ်လာရန်မနေ့ကတည်းက စီစဉ်ခဲ့ခြင်းဖြစ်သည်။သို့မှဈေးတစ်ခေါက်သွားခွင့်ရပြီး၊ မိမိအစီအစဉ်ချိန်သားကိုက်ပြီးကြည့်နိုင်မည်။

"ကဲ-အခုမှတော့မထူးတော့ဘူး၊ ဒီပါတိတ်အဆင်အသွေးမျိုးရအောင်ရှာဝယ်တော့၊ မရရင်လည်းခပ်ဆင်ဆင်တူတာဝယ်၊ တစ်ခါထဲစောင့်ချုပ်ခဲ့၊ အော်-ငွေနှစ်ရာ ထပ်ယူသွားဦး၊ ဒီတစ်ခါတော့သေချာပါစေအေ-ဒီပြင်လိုတာရှိရင်လဲတစ်ခါထဲဝယ်ခဲ့၊ မမေ့နဲ့

ဖော်မွန်စာပေ

ဦး-ကဲ-သွား-သွား၊ မြန်မြန်သွား......

မေဇင်လတ်ကျေနပ်သွားသည်။

သို့သော်ဘဝအတွက်စွန့်စားခန်းစရပြီမို့ ရင်ထဲတော့အံ့ဩတုန်သည်။ မိမိမရောက်ဖူးသောဒေသ၊ မိမိမသွားဘူးသောခရီးမို့ စွန့်စားရတော့မည်ကိုသိလိုက်ရပြီ။

ဈေးထဲရောက်တော့ မေဇင်လတ်ကအထည်ဆိုင်သွားမည့်အစား၊ သားရေအိတ်ဆိုင်သို့ဝင်သည်။ တီဒီအာရှ်အိတ်တစ်လုံးဝယ်သည်။ သွားတိုက်ဆေး၊ သွားပွတ်တံမှအစ၊ ခရီးသွားလျှင်အသုံးကျတတ်သော၊ အသေးအမွှား၊ မိန်းမသုံးပစ္စည်းလေးများကိုဝယ်ထည့်အည်။

နောက်တော့ခေါက်ဆွဲဆိုင်ဝင်ပြီးစားရင်း၊ စာတိုတစ်စောင်ရေးသည်။ မိမိအပြီးအပိုင်ထွက်သွားပြီဆိုသည့်အကြောင်း၊ လိုက်မရှာကြရန်နှင့်ဘာပစ္စည်းမှမယူဘဲအဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့်ထွက်သွားခြင်းသာဖြစ်ကြောင်းကိုပါ စာထဲထည့်ရေးသည်။ ပြီးနေခဲ့ကဲ့အသင့်ဆောင်ထားသော လေယာဉ်ဖျံစာအိတ်တွင်ထည့်သည်။ တံဆိပ်ခေါင်းမတပ်တော့၊ ဒါမှစာတိုက်ကဒဏ်ကြေးမှတ်ပုံတင်ပြီး ဒေါ်စိန်ဥတို့အားရွေးယူစေမည်။ ဤသို့မှသာအကြောင်းတစ်ခုခုရှိလျှင် ခြေရာလက်ရာကျန်ခဲ့မည်။ စာမရပါဟုငြင်း၍မရ။

ဘူတာရုံရောက်တော့ မွန်းလွဲ၃-နာရီ-၅မိနစ်၊ ထို့ကြောင့်လက်မှတ်ဝယ်ချိန်ရခဲ့သည်။ မြေလတ်ဘူတာဖြစ်၍လူစီးနည်းသည်။ ထိုင်ခုံလက်မှတ်ပါရခဲ့သည်။

နောက်၃-မိနစ်တွင်အစုန်ရထားဘူတာသို့ဆိုက်ငတသည်။

ဖော်မွှန်စာပေ



မေဇင်လတ်မကာတီအေးဆေးစွာပင် ရထားပေါ်တက်ခဲ့သည်။ ရင်ထဲအမလုံလဲသောစိတ်ကို ဣန္ဒြေရှင်တည်းတုသောအသိဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။ မျက်မှန်အနက်တပ်လိုက်သောအခါ တွေ့သမျှအရာတွေအရောင်ပြောင်းကုန်သည်။

ရထားထွက်ပြီဆိုသောအသိက မိမိဘဝသစ်ချေပြီဟု လုံးလုံးလျားလျားမှတ်ယူလိုက်သည်။

ဤသို့ဖြင့်မေဇင်လတ်သည် တစ်ချိန်ကမိခင်ဖြစ်သူခင်မေလတ်ဆန်တက်ခဲ့သောရန်ကုန်မှအလာခရီးကို ယခုမိမိကရန်ကုန်သို့အစုန်ခရီးဖြင့်ရာဇဝင်ကြွေးဆပ်ရန်ထွက်ခဲ့ပြီ။

သို့သော်-

ရန်ကုန်ဆိုသော ရန်ကုန်တမေဇင်လတ်ဆိုကြိုဆိုလိုက်ပုံကတော့-။

# အပိုင်း(၂)

"ကျွန်တော်ပြောချင်တဲ့ကျွန်တော့်အကြောင်း"



ဘသက်ဆွေ

# မျှော်လင့်ခြင်းမနက်ဖြန်

မမှုင်လသာ၏ ဘဝအမေမဟာဝတ္ထု

## အခန်း(၁)။

"ဒီလိုနဲ့ပဲ ခင်ဗျားလဲပန်းချီဆရာဖြစ်လာတယ်ဆိုပါတော့ ဟုတ်လားကိုနေကျော်. . . ."

တစ်ချိန်လုံးသူ့အကြောင်းကို မနားတမ်းပြောလာသော ကိုနေကျော်၏စကားအဆုံး၌ ကိုတင်အောင်မိုးကမေးခွန်းထုတ်လိုက်သည်။

ကိုနေကျော်ဘာမျှမပြော၊ ပြုံးနေသည်။ သူ့အပြုံးမှာနှစ်လိုအားရသော အပြုံးမျိုးဖြစ်သည်။

ထို့နောက် သူတို့စကားပြတ်သွားကြသည်။ စင်စစ်နှစ်ဦးသားကိုယ့်အတွေးနှင့်ကိုယ်နှစ်မျောနေကြခြင်းဖြစ်၏။

သူတို့ပတ်ဝန်းကျင်ကား သူတို့နှင့်ဖီလာဖြစ်နေ၏။





ယခုသူတို့ယမကာသောက်နေကြသော ပျော်ပွဲစားရုံမှာရန်ကုန်မြို့လည်တွင် အစည်ကားဆုံးစားသောက်ဆိုင်ဖြစ်သည်။ အစားချည်းမဟုတ်၊ ယမကာပါရနိုင်သောကြောင့် ပို၍လူစည်ကားချင်စရာဖြစ်နေသည်။

အစည်ကားဆုံးပျော်ပွဲစားရုံတို့၏ ထုံးစံအတိုင်းစားသောက်သူများမှာစားပွဲပြည့်မျှရှိနေကြပြီး၊ အသံဗလံတို့ကလည်းဆူညံလှသည်။ အချိန်မှာည(၈)နာရီဖြစ်သဖြင့် ဤလိုဆိုင်မျိုးအဖို့လူတိုးမပေါက်သောအချိန်လည်းဖြစ်၏။

သို့သော်သူတို့အဖို့တော်သေးသည်မှာ၊ သီးသန့်ခန်းတွင်ရောက်နေကြခြင်းပင်ဖြစ်သည်။ မှန်တစ်ဝက်တံခါးမှအပြင်ကိုမြင်နိုင်သော်လည်း၊ အပြင်မှအသံကိုမူ သဲ့သဲ့မျှသာကြားရသောအအေးခန်းဖြစ်သည်။

ကိုနေကျော်မှာပန်းချီဆရာဖြစ်၏။ သူ၏အသက်မှာသုံးဆယ်ခန့်ရှိပြီး၊ အသားလတ်လတ်၊ အရပ်ပြတ်ပြတ်၊ ပညာသည်တို့၏ဥပတိရုပ်မျိုးတွင်ရှိတတ်သည့် စူးရှတောက်ပြောင်သောမျက်လုံးအစုံကိုပိုင်ဆိုင်သူဖြစ်၏။

အနုပညာသည်တစ်ဦးဖြစ်သည့်အတိုင်း သူ့အဝတ်အစားအသွေးအရောင်မှာဖျော့သည်။ သို့သော်သေသပ်ကောင်းမွန်လှသည်။ သားမင်ရောင်ဂျာကင်မှာ အလတ်ကြီးရှိသေးသည်။ သူ့အားပန်းချီဆရာအဖြစ်ပို့ဆောင်ပေးခဲ့သောအချက်မှာ အခြားအချက်များအပြင် အေးဆေးတည်ငြိမ်ခြင်းနှင့်စွဲမြဲစွာဆောင်ရွက်လုပ်ကိုင်တတ်ခြင်းတို့ကြောင့်ပင်ဖြစ်သည်။

သူသည်ဆင်းရဲသောမိသားစုထဲမှ အထွေးဆုံး သားဖြစ်သည်။ ထို့ကြောင့်မိဘများ၏ အလိုလိုက်မှုအများဆုံးခံရသူလည်း ဖြစ်သည်။ ဆယ်တန်းစာမေးပွဲကိုအကြိမ်ကြိမ်ကျခဲ့သော်လည်း၊ မိဘများ၏အပြုအဆူကိုမခံခဲ့ရ။

ဒါကလည်းအကြောင်းရှိသည်။ သူ့အဖို့ရသမျှအချိန်လေးသည် ပန်းချီဆွဲခြင်းဖြင့်ကုန်နေတတ်သောကြောင့်ဖြစ်၏။ အိမ်တွင်စွဲမြဲတတ်သော သူ့ကိုမိဘများကကျေနပ်ကြသည်။

သို့သော်သူကံကောင်းသည်မှာ ထိုနှစ်ကနောက်ဆက်တွဲစာရင်းဖြင့်သူဆယ်တန်းအောင်ခဲ့ခြင်းဖြစ်သည်။

**ထိုသောအခါ** အလုပ်လုပ်ရင်းပညာသင်မည်ဟုသော ရည်ရွယ်ချက်ဖြင့်၊ ရန်ကုန်သို့သူရောက်လာသည်။ တစ်နှစ်ကျော်သော်လည်းသူအလုပ်မရခဲ့၊ သို့သော်မိဘချေးနဲ့စာဖြင့် ရန်ကုန်တွင်ကြွေမပျက်နေနိုင်ခဲ့သည်။

သူသည်အလုပ်မရခဲ့သော်လည်း၊ အပေါင်းအသင်းအများအပြားကိုကားရခဲ့သည်။ လူစုံပေါင်း၍ဘဝမျိုးစုံကို အဝင်ဆန့်ခံသူဖြစ်လာသည်။ နောက်ဆုံးသူသည်ထိုအပေါင်းအသင်းများထဲက တစ်ယောက်ကြောင့်ပင် သူစွဲမြဲစွာလိုက်စားခဲ့သောဝါသနာပါသည့်ကိစ္စနှင့်ပတ်သက်၍အောင်မြင်မှုရခဲ့သည်။

ထိုသူငယ်ချင်းက သူ့အားသံရုံးတစ်ရုံး၏ ဧည့်ခံပွဲသို့ခေါ်သွားသည်။ ဝိုင်းဖွဲ့စားသောက်နေဆဲ သံရုံးအဖွဲ့ဝင်ယဉ်ကျေးမှုတာဝန်ခံဇနီး၏လူပုံတူကို ရှစ်မိနစ်အတွင်းအပြီးသတ်ပြီးလက်ဆောင်ပေးလိုက်သည်။ သူ့အနုပညာသည် ထိုသံရုံးအသိုင်းအဝိုင်းက အံ့ဘ





နန်းချီးကျူးအသိအမှတ်ပြုခြင်းခံလိုက်ရသည်။

မကြာလှသောအချိန်မှာပင် သူ့အမည်သည်သံတမန်လောကတွင်ထင်ရှားလာသည်။ အထူးသဖြင့်အနုပညာကိုဇိမ်ခံတတ်သော ငွေတန်ဖိုးကြီးကြီးပေးတတ်သော အနောက်နိုင်ငံသံရုံးများသည် သူ့ကျက်စားရာလောကဖြစ်လာသည်။

သူသည်တစ်ယောက်ချင်းပုံတူကိုသာမက မိသားစုပုံတူများကိုပင်ရေးဆွဲပေးတတ်သည်။ ထို့အတွက် သူရရှိလိုက်သောအဖိုးအခမှာ တနင့်တပိုးရှိလှသည်။ သူ့အဖို့အခွင့်ထူးသည်မှာ ယင်းတို့ဆီမှစုတ်တံကောင်းများ၊ အကောင်းဆုံးပန်းချီဆေးနှင့်ပစ္စည်းများအပြင် အရက်များကိုလက်ဆောင်အဖြစ်ရတတ်ခြင်းပင်ဖြစ်သည်။

ကံအကြောင်းသည်အကောင်းသို့ချည်းလှည့်ခဲ့သည်။

သူ့ဘဝဇာတ်ကြောင်းနှင့်ပတ်သက်၍၊ ကိုတင်အောင်မိုးကိုဤအတိုင်းသူပြောပြခဲ့သည်။ သူပြောပြသမျှမှာအမှန်အတိုင်းချည်းသာဖြစ်သည်။ သူ၌ကိုတင်အောင်မိုးအပေါ် ထိန်ချန်ထားရန်အကြောင်းမရှိ၊ အဘယ့်ကြောင့်ဆိုသော် ကိုတင်အောင်မိုးနှင့်သူသည်၊ ငယ်သူငယ်ချင်းကျောင်းနေဘက်များဖြစ်ခဲ့သောကြောင့်ဖြစ်၏။

**ကိုတင်အောင်မိုးမှာလည်း** နယ်နယ်ရရမဟုတ်၊ အနောက်နိုင်ငံတွင်ပညာတော်သင်သွားနေသူဖြစ်သည်။ မမျှော်လင့်သော အရေးတကြီးကိစ္စတစ်ခုကြောင့် ခေတ္တပြန်ရောက်နေခြင်းဖြစ်သည်။ အသက်ငါးနှစ်မျှကြီးသော-ကိုနေကျော်ကတင်အောင်မိုးအား သူငယ်ချင်းပေါင်းပေါင်း၏။ ယခုငယ်သူငယ်ချင်းများတွေ့ကြပြီဆို

ထော့ပြောမဆုံးပေါင်၊ တောသုံးထောင်ဖြစ်ကြရသည်။

ယခုကိုနေကျော်က သူ့အကြောင်းပြောပြပြီးချေပြီ။

"ကဲ-ငါ့အကြောင်းတော့ပြောပြီးပြီ၊ မင်းအကြောင်းပဲကျန်တော့တယ်၊ ပြောအုံးလေကွာ-တင်အောင်မိုး---"

ကိုနေကျော်က စတင်မေးလိုက်သည်။

အတွေးတွင်မြောနေသော ကိုတင်အောင်မိုးလှုပ်လှုပ်ရှားရှားဖြစ်သွားရှာသည်။ ကိုနေကျော်ကိုလည်းသူ၏ ရီဝေသောမျက်လုံးများဖြင့်လှမ်းကြည့်သည်။

"ပြောဖို့လိုသေးလို့လားကိုနေကျော်ရာ-ခင်ဗျားနဲ့ကျွန်တော်ဟာကျောင်းနေဖက်ငယ်သူငယ်ချင်းတွေပဲ. . ."

"ဒါတော့ဒါပေါ့ကွာ-ငါသိချင်နေတာက၊ မင်းရဲ့နိုင်ငံခြားအတွေ့အကြုံ၊ မျက်စိအစာ၊ နားအစာလေးတွေကြားရမလားလို့ပါ. . ."

တင်အောင်မိုးမပြုံးချင်ပြုံးချင်ဖြင့်ပြုံးပြသည်။ ပြောပြန်တော့လည်းမပြောချင်ပြောချင်။

"အင်း-ဒါမျိုးလေးတွေလဲရှိသင့်သလောက်ရှိတာပေါ့ ကိုနေကျော်ရာ၊ ဒါပေမယ့်အခုလိုအချိန်မျိုးမှာ ဒါတွေကိုကျွန်တော်မပြောပါရစေနဲ့လား. . ."

တင်အောင်မိုး၏တောင်းပန်စကားကြောင့် ကိုနေကျော်စိတ်မကောင်းဖြစ်သွားသည်။

"ဆောရီးကွာ-ငါကသောက်တုန်းစားတုန်းမို့ ပျော်စေပျက်စေသဘောနဲ့တောင်းဆိုမိတာပါ၊ စိတ်မရှိနဲ့ကွာ. . ."





တင်အောင်မိုးဘာမျှမပြောတော့၊ ယမကာခွက်ကိုကိုင်ပြီးလက်ကျန်ကိုအပြီးမော့လိုက်သည်။

ဤတွင်သူ့ကိုကြည့်နေသော နေကျော်အဖို့တစ်စုံတစ်ခုကိုသတိရလာစရာဖြစ်လာသည်။

"ဒါထက်-မင်းအစ်ကို၊ ကိုတင်မောင်မျိုးကိစ္စကဘယ်လိုနိဂုံးချုပ်လိုက်သတဲ့လဲ. . ."

ထိုစကားသည်လည်း ကိုတင်အောင်မိုးကိုလှုပ်ရှားသွားစေပြန်သည်။

"ကျွန်တော်အတွက်အရေးပါနေတာက အဲဒီကိစ္စပဲပေါ့၊ နိုင်ငံခြားကိုပြန်မသွားခင် ဒီကိစ္စအပြီးသတ်ချင်တယ်ဗျာ၊ ခွင့်ကနှစ်ပတ်ပဲရတာ. . ."

"ငါလဲ-သတင်းစာကိုဖတ်ပြီးမှသိရတာကွ၊ လုပ်ပုံကိုင်ပုံကတော့အတော်လေးပိရိပုံပဲ. . ."

"ဟုတ်တယ်-သူနဲ့အတူပါသွားတဲ့စိန်တွေဟာ ဘယ်မှမဖြန့်သေးပဲတစ်စုတစ်ခဲထဲ၊ လူတစ်ယောက်ထဲရဲ့လက်ထဲမှာရှိနေတုန်းပဲ. . ." လို့ယူဆရသတဲ့ဗျ. . . ."

"ဟုတ်လား-ဘာဖြစ်လို့လဲ. . ."

"ဒီစိန်တွေဟာ ထုခွဲခဲ့ရင်တစ်လုံးစ၊ နှစ်လုံးစကိုသက်ဆိုင်ရာကရမိရုံနဲ့ အနံ့ခံလို့ရနိုင်တယ်တဲ့. . ."

"အေးဟုတ်တာပေါ့-ဒါလဲဖြစ်နိုင်တာပဲ. . ."

"ဒီကရဲအမှုထမ်းတွေလဲမဆိုးဘူးဗျ၊ သူတို့သတင်းရယူပုံတချို့တစ်ဝက်နဲ့သုံးသပ်မိပုံတွေဟာ တရားခံတွေဘက်ကနဲနဲလေးအ

နေမှားတာနဲ့ကွိကနဲဖမ်းပစ်နိုင်မယ့်ပုံပဲ. . ."

"ဟာ-ဒီလိုဆိုရင်၊ မင်းတို့ကိစ္စသိပ်မကြာခင်အဖြေထွက်မှာပဲကွ၊ ဘယ်သူဖြစ်ဖြစ်ဒီအတိုင်းအကြာကြီးငြိမ်မနေတတ်ကြပါဘူးကွာ. . . ."

"ကျွန်တော်လဲ-ဒီအတိုင်းမျှော်လင့်ထားတာပဲ၊ ပြောရရင်တော့ဗျာ မျှော်လင့်ထားတယ်ဆိုတာထက်၊ ဖြစ်စေချင်တယ်လို့ပြောရမှာပဲ. . ."

"ဖြစ်မှာပါကွာ. . . အကူအညီလိုချင်လဲပြော၊ ငါဘာလုပ်တတ်တယ်ဆိုတာတော့ မင်းသိသားပဲ. . ."

ကိုနေကျော်ကပြုံးပြသည်၊ စကားအရသာပြောလိုက်ရသည်။ ပန်းချီဆရာတစ်ဦး၏အကူအညီဆိုသည်မှာ သိပ်ထိရောက်နိုင်မည်မဟုတ်ဟု သူထင်မြင်နေသည်။

"အေးဗျ-မှုခင်းတစ်ခုဖော်ထုတ်တဲ့နေရာမှာ ပန်းချီဆရာတွေရဲ့အကူအညီကလဲအတော်ထိရောက်တတ်တယ်၊ အင်္ဂလိပ်နိုင်ငံတွေမှာတော့ ဒီနည်းကိုအတော်အသုံးများကြတယ်. . ."

"ငါလဲစာအုပ်တွေထဲမှာတော့ဖတ်ဖူးပါတယ်၊ မင်းအတွက်အသုံးကျမယ်ဆိုရင် ငါအသင့်ဖြစ်နေပါမယ်ကွာ. . ."

"ကျေးဇူးပါပဲဗျာ. . ."

"ကျေးဇူးစကားပြောရမယ့်သူတွေမှမဟုတ်ပဲကွာ-ဒါထက်၊ မင်းအခုဘယ်မှာတည်းခိုသလဲ. . ."

ကိုနေကျော်က အကြောင်းအရာသစ်ကိုစလိုက်သည်။

"နိုင်ငံခြားပြန်ဆိုတော့ နေစရာ၊ တည်းခိုစရာတွေပေါတာ





ပေါ့ဗျာ၊ အတည်တကျတော့မဟုတ်ဘူး၊ ဖိတ်ခေါ်တဲ့သူတိုင်းကျေနပ်အောင်ဆိုပြီးတစ်ညမျိုး၊ နှစ်ညမျိုးလိုက်အိပ်ရတယ်လေ၊ ကျွန်တော်ကတစ်ကိုယ်တော်သမားမဟုတ်လား. . ."

"မင်းကကြွားလုံးထုတ်နေပြန်ပြီ၊ ဒီစကားမျိုးကမိန်းမပျိုလေးတွေရှေ့မှာပြောရမယ့်စကားကွ၊ ငါလဲတစ်ကိုယ်တော်သမားပါပဲဖြစ်နိုင်ရင်ငါ့ဆီလာနေဖို့နဲ့၊ လုပ်စရာရှိရင်အတူပူးတွဲဆောင်ရွက်ရအောင်လို့ဖိတ်ခေါ်ချင်တာပါ. . ."

"ဟုတ်တယ်-အဲဒီအကြံမဆိုးဘူး၊ နေအုံး-ခုလောလောဆယ်တော့မဖြစ်သေးဘူး၊ လာမယ့်အပတ်မှာမြို့ကိုပြန်ရဦးမယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျားလိပ်စာကိုတော့ယူထားဦးမှ. . ."

"သဘောတော်မြတ်အတိုင်းပါပဲကွာ-ဒါပေမယ့်ငါ့ဆီလာမယ်ဆိုရင် မနက်ပိုင်းကတော့သေချာတယ်၊ နေ့လည်ပိုင်းကတော့မသေချာဘူး၊ တစ်ခါတလေသူတို့ဆီသွားပြီး ပုံတူဆွဲရတာမျိုးရှိတယ်မလာသင့်ဆုံးအချိန်ကတော့-ဟောဒီလိုညနေပိုင်းအပုတ်ချိန်ပဲ၊ ဦးကျောက်ဆေးတဲ့အချိန်ဆိုပါတော့ကွာ. . ."

"ဒီလိုကြိုသိထားရတာကောင်းတယ်ဗျ. . ."

ပြောပြောဆိုဆိုကိုတင်အောင်မိုးက သူ့အိတ်ဆောင်စာအုပ်ကိုထုတ်ပေးသည်။

ကိုနေကျော်က၊ သူနေသောကန်တော်ကြီးရပ်ကွက်၊ အရှေ့ဘက်ကန်ပတ်လမ်းလိပ်စာကိုရေးပေးနေသည်။

"ဟေး-ဒါနဲ့မေးရအုံးမယ်၊ ခင်ဗျားကဒီပျော်ပွဲစားရုံမှာဒီအချိန်အမြဲရှိတတ်သလား. . ."

"ကြံကြီးစည်ရာကွာ-ဒီလောက်ဆူညံနေတဲ့နေရာမှာလာပြီး အပန်းဖြေရင်၊ ပန်းချီဆွဲတတ်တဲ့ငါဦးကျောက်ပျက်ရောပေါ့ကွာ. . "

"ဒါဖြင့်-အခုဟာက. . . "

"အကြံအဖန်လေး တစ်ခုကြောင့်ဆိုပါတော့. . . "

"ဘာတွေလဲဗျ-အကြံအဖန်ဆိုတာ၊ ချိုနေတာလား-ရှိနေတာလား. . . "

"ချိုစရာလဲမဟုတ်၊ ရှိစရာလဲမရှိပါဘူးကွာ၊ အခုဟာက ပန်းချီသမားတွေမှနားလည်နိုင်မယ့်ကိစ္စမို့ပါ. . . "

ကျွန်တော်လဲအနုပညာနဲ့နားမဝေးပါဘူးဗျာ. . . "

"မင်းကိုတော့ မပြောပြနိုင်စရာမရှိပါဘူးကွာ. . . "

"ဒါနဲ့များ-ဗျာ. . . "

ဤတွင်ကိုနေကျော်က သူ့ကိစ္စကိုခြုံ၍ရှင်းပြတော့သည်။

"ငါစီးပွားဖြစ်နေတာက ပန်းချီရေးနေလို့ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့်ပုံတူတွေကြောင့်ချည်းတော့ မဟုတ်ဖူးကွ သူတို့က ဒီမြန်မာအမျိုးသမီးတွေရဲ့ပုံတူကားတွေကို သိပ်သဘောကျတယ်၊ ငွေအများကြီးချီးမြှင့်တယ်၊ အခုလဲသံရုံးကိုရောက်နေတဲ့နိုင်ငံခြားသားကို လက်ဆောင်ပေးဘို့ဆိုပြီး ငါ့ဆီကသုံးလေးပုံလောက်လိုချင်နေတယ်၊ ငွေတော့အနင့်သားရမှာကွ. . . "

"အဲဒီကိစ္စနဲ့- ခင်ဗျားဒီမှာလာသောက်နေတာနဲ့ဘာဆိုင်လို့လဲဗျ. . . "

"ဆိုင်လို့ပေါ့ကွာ-ငါကသဘာဝပုံရေးတဲ့အခါစိတ်ကူးယဉ်တို့၊ ဓါတ်ပုံတို့ကိုကြည့်ရေးတတ်တာမျိုးမှတ်ဖူး၊ တကယ့်သက်ရှိရုပ်





ပုံတူကို ရေးရတာ. . . "

"ဒီလိုဆို-ခင်ဗျားရဲ့ကိုယ်ဟန်ပြမယ်က ဒီဆိုင်ကိုလာမယ်ဆိုပါတော့. . . "

"ဒီလိုလဲမဟုတ်သေးဘူးကွ. . . "

"ဒါဖြင့်ဘယ်လိုလဲ-ရှင်းစမ်းပါဦးကိုနေကျော်ရာ. . . "

"အဲဒီကိုယ်ဟန်ပြမယ်တွေရဖို့အတွက်၊ ကြားလူတစ်ယောက်နဲ့ဆက်သွယ်ရသေးတယ်ကွ၊ ငါအဲဒီလူကိုစောင့်နေတာ. . "

"ခင်ဗျားဟန်ပြမယ်တွေက သန့်ရဲ့လားဗျ. . . "

"မပြောတတ်ဘူး-ငါ့အလုပ်လဲမဟုတ်ဘူး၊ ငါလိုချင်တာသူတို့ရုပ်ရည်မျက်နှာဟာမြန်မာပီသဘို့၊ ကိုယ်လုံးကိုယ်ထည်အချိုးအဆစ်ပြေပြစ်ဖို့ပဲကွ. . . "

"ခင်ဗျားနဲ့နှစ်ယောက်ချင်း ပန်းချီအဆွဲခံတယ်ဆိုတော့ ခင်ဗျားတို့ကင်းပါ့မလားဗျ-နဲနဲလေးမှစိတ်မကူးဘူးလား. . . "

ကိုတင်အောင်မိုးကရယ်ရယ်မောမောနှင့် စောဒကတက်နေပြန်သည်။

"အိုး. . ကင်းသမှသိပ်ကင်းပေါ့ကွာ၊ မင်းပြောသလိုသူတို့ဆီကအထိအတွေ့ကိုသာ စိတ်ဝင်စားနေမယ်ဆိုရင်ငါ့ရဲ့ပန်းချီပညာရေထဲမျောကုန်တာကြာပြီပေါ့ကွာ. . . "

"ဘယ်လိုဗျ. . . "

"အနုပညာရှင်တွေရဲ့တာဝန်က သဘာဝအစစ်အမှန်ကိုဖော်ထုတ်ဖို့ကွ၊ ဥပမာ- ပန်းချီဆရာဟာအနုပညာဗျာန်ဝင်စားနေတဲ့အတွက်၊ ဒီမိန်းမသားရဲကသဘာဝအလှ

ကိုသာ ပန်းချီရေးဆွဲမှာပဲ၊ စိတ်ဖောက်ပြန်စရာအကြောင်းမရှိပါဘူးကွာ. . ."

"အင်း-ခင်ဗျားစကားက အတော်လေးစားစရာပဲ. . ."

ကိုတင်အောင်မိုး၏စကားက၊ ကိုနေကျော်ကိုမယုံချင်သလိုဖြစ်နေသည်။

"မင်း-မယုံဘူးမှတ်လားတင်အောင်မိုး၊ ဒါကြောင့်အစထဲကပြောတာပေါ့၊ ဒါမျိုးဆိုတာပန်းချီသမားတွေမှနားလည်နိုင်တာမျိုးလို့. . ."

ဤတွင်ကိုတင်အောင်မိုးစောဒက မတတ်နိုင်ရှာတော့၊ ကိုနေကျော်ကိုသာပြုံးပြုံးကြီးကြည့်နေသည်။

သူတို့သည် ခေတ္တမျှစကားပြတ်သွားကြ၏။ ဖန်ခွက်ထဲတွင်ထပ်ဖြည့်ထားသောအရက်ကို တစ်ကျိုက်ချင်းသောက်ရင်းအတွေးကိုယ်စီဝယ်လွင့်မြောနေကြပြန်သည်။

ကိုတင်အောင်မိုးမှာ အသက်အစိတ်ကျော်မျှရှိသေးသည်။ သို့သော်အသက်နှင့်ဗလိုက်အောင် သန်မာထွားကြိုင်းသည်။ အသားလတ်လတ်၊ နှာတန်ပေါ်ပေါ်၊ မျက်လုံးမျက်ဖန်ကောင်းသည်။ မတိုမရှည်ဆံပင်ထားပုံမှအစခြုံ၍ကြည့်လျှင် ရုပ်ရှင်မင်းသားတစ်ယောက်လိုချောမောသေသပ်လှသည်။

သူသည်မိုးကုတ်မြို့ဇာတိဖြစ်ပြီး၊ ကျောက်တွင်းပိုင်ရှင်တစ်ဦး၏သားဖြစ်သည်။ ညီအစ်ကိုနှစ်ယောက်သာရှိပြီး၊ အကြီးဖြစ်သူတင်မောင်မျိုးမှာဖခင်အလုပ်တွင် အရှယ်ရောက်ကတည်းကဝင်ရောက်လုပ်ကိုင်သည်။ ထိုစဉ်ကသူတို့ကျောက်တွင်းမပိုင်သေး၊ ဆင်း





ရဲကြသေး၏။ ထို့ကြောင့်နောင်တွင် ကျောက်တွင်းပိုင်ရှင်၏သားများဖြစ်လာသော်လည်း တင်မောင်မျိုးမှာဆယ်တန်းပင်မအောင်တော့ချေ၊ သူသည်အလုပ်သဘောကိုနားလည်ကျွမ်းကျင်ချေပြီ၊ လူမှုပေါင်းသင်းရေးသာမက၊ စီးပွားရေးကိစ္စတွင်လည်း လာဒ်မြင်လှသည်။ ပညာရေးသည်သူ့အတွက်အဓိကမကျတော့ချေ။ နောင်တွင်စီးပွားရေးသမားပီပီ အသောက်အစား၊ အပျော်အပါးလေးဖက်လာသည်။

တင်မောင်မျိုးရန်ကုန်ရောက်ပြီဆိုလျှင် အလုပ်ကိစ္စကိုအရက်ဝိုင်းတွင်သာ အပေးအယူလုပ်မှအလုပ်ဖြစ်ကြသည်။ တိုးတိုးတိတ်တိတ်ကျင်းပသောဖဲဝိုင်းကြီးများ၊ လောင်းကစားဝိုင်းမျိုးတွင်သာသူက ငွေကြေးကိစ္စအကြောင်းပြောတတ်သည်။ သူ့ပတ်လည်တွင်မိန်းမချောမိန်းမလှလေးများဝိုင်းဝိုင်းလည်နေတတ်သည်။ ထို့ကြောင့်လည်း အသက်သုံးဆယ်ရှိလာသည့်တိုင်အောင် အိမ်ထောင်မပြုသေး၊ အပျော်သမုဒ္ဒရာတွင်လွင့်၍ကောင်းနေတုန်းဖြစ်ခဲ့၏။

ယခုတော့ လှော်ကောင်းတုန်းတက်ကျိုးချေပြီ။ ဒုစရိုက်မှုဆိုးရွေ့တွင်အပျော်သားကောင်လေးသည် ဦးညွှတ်ရတော့သည်။ သူနှင့်အတူအဖိုးတန်စိန်တစ်ထုပ်မျှသည်လည်း ဆုံးစမြုပ်စပျောက်တော့သည်။

တစ်ပတ်ခန့်အကြာ ဦးတင်မောင်မျိုးဟုယူဆနိုင်သော အလောင်းကိုအင်းယားကန်စောင်းတွင်တွေ့ရသည်။ သို့သော်စိန်များကိုကားမတွေ့ရတော့။ သက်ဆိုင်ရာကစိန်ယူပြီးလူသတ်ခြင်း၊ သို့မဟုတ်လူသတ်ပြီးစိန်များယူသွားခြင်းဟုမှတ်ချက်ချသည်။

မည်သို့ပင်ဖြစ်စေ၊ တင်မောင်မျိုးကားသေချေပြီ။

ယင်းကိစ္စကြောင့် အနောက်နိုင်ငံတွင်ပညာသင်သွားနေသော တင်အောင်မိုးမှာပြန်လာသင့်သည့်အချိန်မဟုတ်ပဲ၊ ခွင့်ယူ၍ ပြန်လာခဲ့ရသည်။

တင်အောင်မိုးကား သူ့အစ်ကိုကိုတင်မောင်မျိုးလိုလူမျိုး မဟုတ်။

သူသည်ပညာရေးတွင်ထူးချွန်၏။ အသက်ဆယ်ခြောက်နှစ်နှင့်ပင်ဆယ်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ဘီအက်စ်စီဘွဲ့ရပြီးသောအခါ သူ့ဖခင်အစီအမံဖြင့်ပြင်သစ်ပြည်သို့သွား၍ပညာဆက်သင်ရသည်။

ယခုသူရန်ကုန်ပြန်ရောက်သည်မှာ တစ်ပတ်ပင်မရှိသေးသို့သော်သူအနားမနေနိုင်။

"နေစမ်းပါဦးကွ-မင်းကပြင်သစ်ပြည်မှာ ဘာပညာတွေယူနေတာလဲ. . ."

ကိုယ့်အတွေးနှင့်ကိုယ်မြောနေသော သူတို့အဖြစ်ကိုနေကျော်၏စကားကသက်ဝင်လှုပ်ရှားလိုက်သည်။

တင်အောင်မိုးက မျက်လုံးလှန်၍ကြည့်သည်။

"ဓာတုဗေဒ၊ ဘူမိဗေဒစတဲ့ သိပ္ပံပညာရပ်တွေပေါ့ဗျာ၊ အဓိကထားပြီးသင်ယူတာက တွင်းထွက်သတ္တုဆိုင်ရာပညာပေါ့. ."

"ဟာ-ဘယ်ဆိုးလို့လဲကွ၊ ဒီအတိုင်းသာဆိုရင် မင်းအဖိုးကြီးရဲ့လုပ်ငန်းကို ဆထက်ပိုးတိုးချဲ့သွားနိုင်ပြီပေါ့. . ."

"ဒီလိုလဲမဟုတ်သေးဘူးဗျ၊ ကျွန်တော်လောလောဆယ်

ဖော်မွန်စာပေ



သင်နေတာကတော့ တွင်းထွက်ရတနာတွေနဲ့သိပ်မဆိုင်ဘူး. . ."

"ဟာ-ဘယ်လို. . ."

ပန်းချီဆရာကိုနေကျော် နားမရှင်းသလိုဖြစ်နေသည်။

"အမှန်ကတော့ဗျာ-အဖိုးကြီးကအထက်တန်းပညာသင်ယူနိုင်အောင်ဆိုပြီးကျွန်တော့်ကို လွှတ်လိုက်တာပဲဗျ၊ သူ့ရည်ရွယ်ချက်ထဲမှာ မြန်မာကျောက်မျက်ရတနာဆိုင်တစ်ဆိုင်ပြင်သစ်ပြည်မှာဖွင့်ဖို့ကအဓိကဗျ. . ."

"မင်းအဖိုးကြီးက အမြင်ကျယ်တယ်ကွာ-ဒါကြောင့်လဲဒီလောက်ကြီးပွားနေတာ. . ."

"ကျွန်တော်ကတော့ ဒီလိုမှတ်ဖူး၊ သူ့ရည်ရွယ်ချက်ကိုနောက်ထားပြီး ကျွန်တော်လိုချင်တဲ့ပညာရပ်ကို အဓိကထားပြီးသင်ယူနေတာဗျ. . ."

"ဟာ-မင်းတို့သားအဖတွေက ဘယ်လိုလဲကွ. . ."

"အငေးပေါ့လေ-အဖိုးကြီးသာသိရင်တော့ အကြီးအကျယ်စိတ်ဓာတ်ကျသွားမှာပဲ၊ ခင်ဗျားစဉ်းစားကြည့်ကိုနေကျော်၊ ကျွန်တော်တို့တိုင်းပြည်ဟာဒီအတိုင်းနေသွားမှာမှုတ်ဖူး၊ ပြန်လည်ထူထောင်ရေးကိစ္စကို အဖက်ဖက်မှာလုပ်နေတယ်၊

"ဟာ-မင်းတို့မှာဆယ်သက်စားမကုန်နိုင်တဲ့ အထုပ်အထည်ကြီးရှိပြီးသားပါကွာ. ."

"ဒါကခင်ဗျားအထင်ကိုးဗျ-ချမ်းသာပြီးအလုပ်မလုပ်တာ

ဖော်မွန်စာပေ

ဟာရောဂါတစ်ခုကိုဝယ်ယူသလိုပဲဗျမှတ်ထား. . ."

"မင်းအတွေးအခေါ်တွေတော့ အတော်တိုးတက်လာတယ်ကွ. . ."

ကိုနေကျော်ချီးကျူးနေသည်။

"ဒါကတော့-အရင်ကတင်အောင်မိုးမှမဟုတ်ပဲဗျာ. . ."

"ပြောပါဦးကွာ-မင်းအခုသင်နေတဲ့ပညာရပ်အကြောင်း"

"ကျွန်တော်အခုသင်နေတာက ဘူမိဗေဒအဓိကဆိုပါတော့ဗျာ-အနာဂတ်မှာကျွန်တော်တို့နိုင်ငံကိုအများကြီး အကျိုးပြုနိုင်တဲ့ပညာရပ်ပေါ့. . ."

"ငါတော့ အတော်စိတ်ဝင်စားနေပြီကွာ. . ."

"အသိသာကြီးပါဗျာ-လက်ဝတ်ရတနာဆိုတာက ငွေကြေးချမ်းသာပြီးပိုလျှံနေတဲ့သူတွေအတွက်၊ ငွေအစားလဲလှယ်စုဆောင်းတဲ့သဘောပါ။ တကယ်တန်းလူတွေအတွက်လိုအပ်တာက၊ ကျောက်မီးသွေး၊ ရေနံ၊ သံ၊ ကြေးနီ၊ ခဲမဖြူတွေမှတ်လား-တစ်ချိန်မှာစက်မှုနိုင်ငံတည်ထောင်မယ့်ကျွန်တော်တို့တိုင်းပြည်မှာ မြေကြီးထဲက သတ္တုတွေကို မြေပေါ်ရောက်အောင်လုပ်နိုင်တဲ့အတတ်ပညာမှာ သိပ်အားနဲနေသေးတယ်ဗျ. . ."

"အဲဒီပညာတွေကို မင်းဟိုမှာဘယ်လောက်ထပ်ပြီးသင်ရဦးမှာလဲကွ. . ."

"အခုနှစ်နှစ်သင်ပြီးပြီလေ၊ နောက်နှစ်နှစ်ကျန်သေးတယ် ဒါတွေပြီးရင်အင်္ဂလန်နိုင်ငံက စက်ရုံတစ်ရုံမှာတစ်နှစ်ကျော်လောက်လက်တွေ့ဝင်လုပ်ရအုံးမယ်. . ."





"ကောင်းတယ်ကွ-အားရစရာကြီးပဲ၊ ကြိုးစားပေါ့၊ မင်းဒီမှာကောကြာဦးမှာလား. . ."

ကျောင်းကဆောင်းရာသီတစ်ခုလုံးပိတ်ထားမှာ ကျွန်တော်ပြန်လာမယ့်ဆဲဆဲမှာ ဒီကအမြန်လာဘို့စာရတယ်၊ နန်နဲ့အပြန်စောသွားတာပေါ့၊ အဘိုးကြီးရန်ကုန်ဆင်းလာမယ်ဆိုလို့သာစောင့်နေရတာ၊ ကျွန်တော်တော့မိုးကုတ်ကိုပြန်ချင်လှပြီ. . ."

"အေး-ငါလဲမြန်မာပြည်ထဲမှာသာနေတယ်၊ ကိုယ်ဒေသကိုယ့်ရပ်ရွာကိုပြန်မရောက်တာကြာပြီ၊ တစ်ခါတစ်ခါတော့အလွမ်းသားကွ. . ."

"ဒီလိုပေါ့ ကိုယ့်အကြောင်းနဲ့ကိုယ်ကိုး. . ."

တင်အောင်မိုးက ထိုသို့မှတ်ချက်ချပြီးမှတစ်စုံတစ်ခုကို သတိရမိပြီးမေးလာသည်။

"ခင်ဗျားမိတ်ဆွေက ဘယ်အချိန်လာမှာတဲ့လဲ. . ."

ကိုနေကျော်မဖြေနိုင်သေး၊ သူ့ဖန်ခွက်ထဲမှလက်ကျန်ကိုတစ်ကြိမ်တည်းနှင့်အပြတ်မော့နေသည်။

"အတိအကျတော့မဟုတ်ဖူး-ငါတော့ကိုးနာရီခွဲအထိစောင့်မယ်လို့ရည်ရွယ်ထားတယ်၊ ဒီထက်နောက်ကျပြီးဒီလူမလာတတ်ဖူးကွ. . ."

"ဟာ-ဒီအတိုင်းဆိုရင်တစ်နာရီကြီးများတောင်စောင့်ရဦးမှာပါလား၊ ကျွန်တော်လည်းထိုင်စောင့်ပေးရဦးမှာလား. . ."

"မလိုပါဘူးကွာ-ဒါငါလုပ်နေကျအလုပ်ပါ၊ မင်းသွားချင်သွားပါ။ အော်-မင်းငါ့အိမ်မှာလာနေဖြစ်မယ်ဆိုရင် ပြောထားတဲ့

အချိန်သာလာခဲ့နော်. . ."

"ကောင်းပြီလေ. . ."

တင်အောင်မိုးက အာလေးလျာလေးဖြင့်ပြောရင်းထိုင်ရာမှ ထလိုက်သည်။

"ဟော့-ဒီလက်ကျန်လေးတွေရှင်းသွားပါဦးလား. . ."

ကိုနေကျော်၏စကားက စားပွဲပေါ်တွင်ကျန်နေသေးသော ဝီစကီပုလင်းကိုရည်ညွှန်းခြင်းဖြစ်၏။

"အို-တော်လောက်ပါပြီ၊ ခင်ဗျားတို့မြန်မာပြည်ရောက် ဝီစကီကသိပ်ကောင်းလွန်းတယ်ဗျ. . ."

"ဒါ-အရှေ့တောင်အာရှမှာတော့ နာမည်အကြီးဆုံးတဲ့လေ. . ."

"အင်း-နာမည်ကြီးလောက်ပါပေတယ်၊ ငါးပတ်ထဲနဲ့အပြတ်လဲတော့မယ့်ပုံပဲ. . ."

ကိုနေကျော်ရယ်နေသည်။

ကိုတင်အောင်မိုးက၊ ကုလားထိုင်နောက်မှီတွင်ချိတ်ထားသောသူ့ကုတ်အင်္ကျီကိုယူပြီးဝတ်သည်။ ပြီးမှစားပွဲပေါ် ရှိစီးကရက်ဘူးထဲမှတစ်လိပ်ယူသောက်သည်။

"ဒီ-ဒူးယားစီးကရက်လဲမဆိုးဘူးဗျ. . ."

"ဒါလဲနိုင်ငံခြားကိုပို့နေရလို့ တို့တောင်ချိုချန်ချွေတာရေးလုပ်နေကြတယ် နိုင်ငံခြားဝင်ငွေတိုးအောင်လေ. . ."

"အင်း-မဆိုးဘူး၊ ကျွန်တော်တို့မြန်မာပြည်ကြီးသိပ်တိုးတက်နေပါလား၊ ကျွန်တော်မပြန်ခင်ခင်ဗျားဆီလာပြီး လေ့လာရ

ဖော်မွန်စာပေ



ဦးမယ်. . ."

"မင်းတို့လိုပညာတတ်တွေပြန်လာရင် ဗိုလ်ပြည်ကြီးရဲ့တိုးတက်မှုဟာ အံ့မခန်းဖြစ်လိမ့်အုံးမယ်. . ."

"ဖြစ်ရမှာပေါ့ဗျာ-အော်-လောလောဆယ်တော့အစ်ကို့ကိစ္စနဲ့ပတ်သက်ပြီး၊ ကိုနေကျော်တတ်နိုင်သလောက်မျက်စိကိုဖွင့်နားကိုစွင့်ထားပေးစမ်းပါ၊ ခင်ဗျားကအပေါင်းအသင်းစုံလွန်းလို့ပါ. . ."

"စိတ်ချတင်အောင်မိုး-မင်းတို့ကိစ္စဟာ၊ ငါ့ကိစ္စပါပဲကွာ-ငါပြောနိုင်တာတစ်ခုတော့ရှိတယ်ကွ. . ."

ကိုနေကျော်၏စကားက တင်အောင်မိုးအားအမှုးပြေမတတ်လှုပ်ရှားသွားသည်။

"ဗျာ-ဘာ-ဘာများလဲကိုနေကျော်. . ."

"မင်းရဲ့မျက်နှာ၊ ကိုယ်ဟန်အဆစ်အပေါက်က မင်းရဲ့အခက်အခဲအတွက် အကူအညီရနိုင်တယ်ကွ. . ."

"ဟာဗျာ-ခင်ဗျားကလဲ၊ ဘာများလဲလို့. . ."

"အဟုတ်ပြောတာကွ-မင်းကအနောက်နိုင်ငံမှာအနေကြာလို့လားမပြောတတ်ဘူး၊ မင်းအကိုလိုအသားဖြူပြီးစိုပြေတယ်၊ အရုပ်အမောင်းကလဲကောင်းလာတယ်၊ သူ့အတိုင်းပဲ. . ."

"တော်ပါတော့ဗျာ-ကျွန်တော့်အစ်ကိုလိုကံဆိုးမိုးမှောင်မကျချင်ပါဘူး. . ."

"ငါတကယ်ပြောနေတာကို၊ မင်းမှမယုံပဲကိုး. . ."

"အဲသလိုဆိုရင်လဲခင်ဗျားရဲ့အကူအညီကမှပိုပြီး အဓိကကျ

ဖော်မွန်စာပေ

နိုင်မယ်လို့ကျွန်တော်ထင်တယ်၊ ဒီလိုလေ-ကျွန်တော်နဲ့အကို့မှာ ကွဲလွဲချက်၊ ခြားနားချက်လေးတွေရှိနေတယ်၊ ဒါကိုငယ်သူငယ်ချင်းဖြစ်တဲ့ခင်ဗျားကသိမှာပါ။ ဥပမာဗျာ-ဘယ်ဘက်နှုတ်ခမ်းပေါ်မှာမှဲ့တစ်လုံးရှိတာတို့၊ ညာဘက်မျက်ခုံးကွဲနေတာတို့၊ နောက်ပြီးလမ်းလျှောက်ရင်း. . . "

"ကဲ-တော်ပါတော့ကွာ၊ ဒါတွေငါသိပြီးသားပါ၊ မင်းတကယ်တန်းလိုအပ်ပြီဆိုရင် ငါကူညီပါ့မယ်၊ တင်အောင်မိုးကကိုတင်အောင်မျိုးဖြစ်လာအောင် ငါဖန်တီးပေးပါ့မယ်ကွာ-စိတ်ချ. . . "

"ကျေးဇူးပဲကိုနေကျော်၊ ကဲ-ကျွန်တော်သွားမယ်၊ ကျွန်တော်ခင်ဗျားဆီလာမယ့်နေ့ကိုတော့ မျှော်မနေနဲ့တော့. . . "

"ကောင်းလှပါပြီကွာ. . . "

သူတို့အကြည့်ချင်းဆုံသွားသည်။ နှုတ်ဆက်ကြည့်ဟုဆိုနိုင်သည်။

တင်အောင်မိုးလှည့်ထွက်သွားသောအခါ သူ၏လှုပ်ရှားဟန်ကိုကြည့်ရင်းကိုနေကျော်သဘောကျနေသည်။ သွားလေသူကိုတင်မောင်မျိုးကိုလည်း သတိရစရာဖြစ်နေသည်။ သူနှင့်ကိုတင်မောင်မျိုးမှာသက်တူရွယ်တူများဖြစ်ကြ၏။

ကိုနေကျော် ရင်ထဲမှမှတ်ချက်ချနေမိသည်။

"အင်း-လူဆိုတာကိုယ်ဝါသနာပါရာကို အပတ်တကုတ်လေ့လာလိုက်စားကြိုးစားရင်းက ထူးချွန်ကျွမ်းကျင်လာတတ်တာမျိုးပါလား. . . "ဟု၍။

ခဏအတွင်းမှာပင်ကိုနေကျော်အသိသည် ဆူညံနေသော

ဖော်မွန်စာပေ



သူ့ပတ်ဝန်းကျင်ကိုမေ့လျော့သွားတော့သည်။ ထိုနောက်သူ့အတွေးတို့မှာလွန်လေပြီးသောအကြောင်းအရာများဆီသို့ ရောက်သွားလေတော့သည်။ ။

× × × × × ×

## အခန်း(၂)

ဆယ်နှစ်သားပင်မရှိတတ်သေးသော ဒုတိယတန်းကျောင်းသားမောင်နေကျော်တွင်အများထက်ထူးချွန်သော အရည်အချင်းတစ်ခုရှိသည်။ အရုပ်များရေးဆွဲနေတတ်ခြင်းဖြစ်သည်။

သူသည်' ရုပ်ရှင်ကားများကိုကြည့်ပြီး၊ ရုပ်ရှင်မင်းသားဒိုင်ဗင်ထိုးပုံမျိုး၊ ဇာတ်လိုက်နှင့်လူဆိုးလက်သီးထိုးကြပုံ၊ မင်းသမီးလမ်းလျှောက်ပုံစသည်များကို သူလေ့ကျင့်ခန်းဗလာစာအုပ်တွင် အမြဲတွေ့ရတတ်သည်။

အစတွင် ဤအကျင့်ကြောင့်မိဘများ၏ အဆူအပူကိုခံရသော်လည်း၊ သူ့ကျောင်းနေဖက်သူငယ်ချင်းများကြားတွင် မျက်နှာပွင့်သည်။ ထူးချွန်သူဖြစ်နေသည်။ သူပို၍နှစ်ချိုက်မိသည်က၊ ဆင်းရဲသောမိဘများကမုန့်ဖိုးမှန်မှန်မပေးနိုင်ခြင်းကို၊ သူငယ်ချင်းများကိုအရုပ်ဆွဲပေးပြီး၊ မုန့်မှန်မှန်စားနေနိုင်ခြင်းပင်ဖြစ်သည်။





ကြာသော်ထိုအလေ့အထသည် သူ့အကျင့်ဖြစ်လာသည်။ နောင်အခါတွင်ထိုအကျင့်သည်ပင် သူ၏ဗီဇဝါသနာဖြစ်လာသည်။

ပန်းချီဝါသနာပါသူအဖြစ် သူ့အတန်းထဲတွင်ထင်ပေါ်လာသောအခါ၊ သူ့အမြဲတစေလုပ်ပေးရသော အလုပ်တို့မှာမြေပုံများရေးဆွဲပေးရခြင်း၊ သိပ္ပံပစ္စည်းပုံများရေးဆွဲပေးရခြင်း၊ ဆုပေးပွဲအခမ်းအနားများအတွက် ဆိုင်းဘုတ်များ၊ ခေါင်းစည်းစာလုံးများရေးဆွဲရခြင်းတို့မှာ သူ၏ကိုယ်ပိုင်အလုပ်ဖြစ်လာသည်။

မူလတန်းအောင်၍အလယ်တန်းကို စတက်သောအခါ၊ ကျောင်းတက်ချိန်အပဖြစ်သောအချိန်များတွင် ပန်းချီနည်းပြဆရာထံတွင်သူ့အပတ်တကုတ်လေ့ကျင့်သင်ကြားခဲ့သည်။ မိဘများက ပန်းချီအလုပ်ဆိုသည်မှာ ထမင်းငတ်သောအလုပ်အဖြစ်သိကြသည်။ သို့သော်အထွေးဆုံး၊ အအေးဆုံးသားလေးမောင်နေကျော်ကို အစစအရာရာတွင်အလိုလိုက်ခဲ့သည့်နည်းတူ ယခုကိစ္စတွင်လည်း မကန့်ကွက်ခဲ့ကြချေ။

ဤသည်ကစ၍ ကိုနေကျော်ကံကောင်းခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလယ်တန်းအောင်မြင်သောအခါ သူ့ပန်းချီပညာမှာအံ့ဩလောက်အောင်တိုးတက်ခဲ့သည်။ အထူးသဖြင့်ပုံတူရေးဆွဲရာတွင် သူ့ဆရာကပင်ချီးကျူးရသည်အထိထူးချွန်သည်။

ဆင်းရဲသောမောင်နေကျော်နှင့် တစ်ချိန်တွင်ကျောက်တွင်းသူဌေးသားများဖြစ်လာကြမည့်၊ တင်မောင်မျိုးနှင့်တင်အောင်မိုးတို့မှာကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသည်။ အရုပ်ရေးပေးလျှင်မုန့်ဖိုးရနေတတ်သော မောင်နေကျော်သည်၊ သူ့မုန့်ကိုတင်

မောင်မျိုးတို့ညီအစ်ကိုနှင့်ခွဲဝေစားတတ်ကြသည်။ ဤသည်ပင်လျှင် သူတို့သည်ညီအစ်ကိုရင်းတမျှ ခင်မင်ခြင်း၏အစဟုဆိုရမည်။

အကိုကြီးတင်မောင်မျိုးမှာ လူကဆင်းရဲရသည့်အထဲ စာက ညံ့သေးသည်။ မူလတန်းစာမေးပွဲပြီးသည်နှင့်ကျောင်းကထွက်ရသည်။ အဖေ့အလုပ်ဖြစ်သော ကျောက်တူးပြုံးဖော်အလုပ်တွင် တောက်တိုမယ်ရဝင်ကူသည်။ ကလေးအလုပ်သင်ဖြစ်သွားသည်။

ထိုအခါတင်မောင်မျိုး၏ညီကင်အောင်မိုးသည် မောင်နေကျော်၏တွဲဘက်ဖြစ်လာသည်။ တစ်ဦးအိမ်တစ်ဦးဝင်ထွက်ရင်း အကြီးကောင်တင်မောင်မျိုးနှင့်လည်း အဆက်အသွယ်မပြတ်ရှိနေသည်။

သူတို့ညီအစ်ကိုတွင်ထူးခြားမှုရှိသည်။ အသက်လေးငါးနှစ်မျှကွာသော်လည်း၊ ရုပ်ချင်းမှာအမွှာပူးမျှဆင်ကြသည်။ အငယ်တင်အောင်မိုးကထွားကြိုင်းသူမို့ သူ့အစ်ကိုနှင့်အရပ်အမောင်းညီချင်သည်။ တခြားတင်နေရာဆီတွင် တစ်ဦးချင်းခွဲနေပါကသူတို့နှစ်ယောက်ရှိသည်ဟုမထင်ရ၊ တစ်ယောက်တည်းဟုထင်ရသည်။ နှစ်ယောက်သားယှဉ်လာမှ ကွဲပြားမှုကိုသိနိုင်သည်။ အထူးသိသူမှာ မောင်နေကျော်ပင်ဖြစ်၏။ သူကညီအစ်ကိုနှစ်ယောက်လုံးကို ပုံတူရေးပေးတတ်သောကြောင့်ဖြစ်၏။

မောင်နေကျော်နှင့်တင်အောင်မိုးတို့ အလယ်တန်းစာမေးပွဲအောင်သောအခါ တင်မောင်မျိုးတို့သားအဖလည်း သိန်းကျောက်တစ်လုံးအောင်သည်။ နေ့ချင်းညချင်းကြီးပွားသွားသည်။ မကြာမီကျောက်တွင်းပိုင်များဖြစ်လာကြသည်။ ကံတရား၏အလှည့်ပေးမှုကိုသူတို့သားအဖ အံ့မခန်းခံစားကြရပြီ။





တို့ကြောင့်တင်အောင်မိုးသည်လည်း၊ အထက်တန်းကျောင်းသားလောကတွင်မျက်နှာပွင့်လာသည်။ ထူးချွန်သောသူ့ပညာရေးဝါသနာကို၊ ငွေကြေးတည်းဟူသောအထောက်အပံ့ကလည်း တွန်းတင်ပေးနေ၏။ စိတ်အေးချမ်းသာစွာစာသင်ရသော စာသင်သားအဖို့အခွင့်ကောင်းတို့က အစဉ်ကြိုဆိုနေသည်။ သို့ဖြင့်ဆယ့်ခြောက်နှစ်နှင့်တင်အောင်မိုးဆယ်တန်းအောင်ခဲ့သည်။

တင်အောင်မိုးတစ်ယောက် ရန်ကုန်တက္ကသိုလ်တွင်တစ်နှစ်ပြီးတစ်နှစ်၊ တစ်တန်းပြီးတစ်တန်းတက်နေချိန်တွင်၊ ပန်းချီဆရာကိုနေကျော်မှာဆယ်တန်းစာမေးပွဲကို ဇွဲကောင်းကောင်းနှင့်သာဘုံးဘုံးကျနေ၏။ ပန်းချီကားကြီးများကို အငန်းမရတစ်ကားပြီးတစ်ကားရေးဆွဲနေ၏။ တစ်ဖက်မှဆုံးရှုံးမှုအတွက်တစ်ဖက်မှအောင်မြင်မှုကိုရယူနေမိ၏။

သို့ဖြင့်ကြိုးစားမှုမှန်သမျှအချည်းအနှီးမဖြစ်တတ်သောသဘာဝအတိုင်း နောက်ဆုံးတော့ကိုနေကျော်တစ်ယောက် နောက်ဆက်တွဲအောင်စာရင်းဖြင့် ဆယ်တန်းစာမေးပွဲအောင်မြင်ခဲ့သည်။

သူသည်အလုပ်လုပ်ရင်း ပညာဆက်သင်မည်ဟုသောရည်ရွယ်ချက်ဖြင့်၊ မိုးကုတ်မှရန်ကုန်သို့ဆင်းလာသောအခါ၊ တင်အောင်မိုးမှာသူ့ဖခင်အလိုကျ ပြင်သစ်ပြည်သို့ကျောက်သွေးပညာကိုသင်ယူရန်ထွက်သွားချေပြီ။

ထိုစဉ်က မြို့တော်ရန်ကုန်၏ကြိုဆိုမှုမှာ ကိုနေကျော်အတွက်နွေးထွေးမှုမရှိ၊ အေးစက်စက်နိုင်လှသည်။

ဆယ်တန်းမျှသာအောင်ပြီး၊ ပန်းချီပညာလောက်သာ

တတ်သော-ကိုနေကျော်၏ဘဝမှာ မြို့တော်နှင့်စာလျှင်များစွာသိမ်ငယ်၏။ အစစအရာရာချွတ်ခြုံကျစရာများချည်းထဲတွင် ကိုနေကျော်၏တစ်ခုတည်းသောအလျှော့မပေးတတ်သည့် စိတ်ဓာတ်ကတင်းခံနေ၏။

လုပ်သလိုမဖြစ်လျှင် ဖြစ်သလိုလုပ်မည့်စိတ်မျိုးသူ့တွင်မရှိ သူ့ဝါသနာကိုသူယုံကြည်သည်။ သူ့အလုပ်ကိုနားလည်သည်။ သူ့အနာဂတ်ကိုသူမြင်နေသည်။ ထို့ကြောင့်သူကြိုးစားသည်။

မိဘ၊ ညီအစ်ကိုမောင်နှမများထံမှသာမဟုတ်သေး၊ ကိုတင်မောင်မျိုးတို့လို ငယ်ပေါင်းများထံမှအထောက်အပံ့ကို မလွှဲမရှောင်သာရယူခဲ့သော်လည်း သူ့၌သိမ်ငယ်စိတ်မဝင်၊ တစ်နေ့တွင်ထိုက်တန်စွာတုန့်ပြန်နိုင်မည်ဟုယုံကြည်ခဲ့သည်။

ယခုတော့ သူမှတ်ချက်ချခဲ့သလို လူဆိုသည်မှာကိုယ်ဝါသနာပါရာကို အပတ်တကုတ်လိုက်စားကြိုးစာရင်းက ထူးချွန်ကျွမ်းကျင်လာတတ်တာမျိုးဖြစ်လာချေပြီတကား။

× × × × × ×



အခန်း(၃)။

အတွေးဝယ်လွင့်မျောနေသောကိုနေကျော်မှာ သူ့သီးသန့်စားသောက်ခန်းထဲ တစ်စုံတစ်ယောက်ဝင်လာမှ အတွေးပြတ်သွားသည်။

သူမျှော်လင့်နေသူဖြစ်သည်။ ထို့ကြောင့်အားရဝမ်းသာသွား၏။

"ဟာ-ကိုမြင့်ဇော်-ကျွန်တော်စောင့်နေတာကြာပြီဗျာ. . "

ကိုမြင့်ဇော်က ဘာမျှပြန်မပြော၊ ပိုင်နိုင်သောအပြုံးကိုပြုံးရင်း၊ စားပွဲတစ်ဘက်ရှိမျက်နှာချင်းဆိုင်ကာလားထိုင်တွင် ဝင်ထိုင်သည်။

"ခင်ဗျားက ကျုပ်ကိုမျှော်ပြီးမောနေသလို ကျွန်တော့်မှာလဲ အကြံအဖန်တွေနဲ့မောနေရတာဗျ. . . "

ကိုမြင့်ဇော်၏ တုန့်ပြန်မှုမှာ ဤမျှသာဖြစ်၏။

အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သော်လည်း အသားကဖြူသောကိုမြင့်ဇော်မှာမီးခိုးရောင်ဘောင်းဘီရှည်၊ ကုတ်အကျႌတို့ကြောင့်ကြည့်ကောင်းနေ၏။

ပြူးကျယ်သောမျက်လုံးမှာ ဂနာမငြိမ်သူဟုခန့်မှန်းနိုင်သော်လည်း၊ ကော်ကိုင်းတစ်ဝက်ပါသောအလှကြည့်မျက်မှန်က အထက်ပါချို့ယွင်းချက်ကိုဖုံးကွယ်ထားသည်။ နှာတံပေါ်၍နှာခေါင်းချွန်သဖြင့် မိန်းမများကျလောက်သည့် ရုပ်မျိုးကိုပိုင်ဆိုင်သူဖြစ်၏။

ထိုအနေအထားအယောင်၊ အသွင်အပြင်တို့ကပင် ဤလောကတွင်သူမည်မျှရပ်တည်နိုင်ကြောင်း၊ အကြောင်းသိသူများကနားလည်သည်။

" ကဲ-ခင်ဗျားပဲ၊ ဒီဝီစကီတွေကိုပဲဆက်ချမှာလား၊ တခြားဟာမှာပေးရမလား. . . "

ကိုနေကျော်က လောကွတ်လုပ်ရသည်။

သည်တော့မှ ကိုမြင့်ဇော်အံ့ဩသွားသည်။စားပွဲပေါ်တွင် ဝီစကီပုလင်းအလွတ်တစ်လုံးနှင့်တစ်ပုလင်းကမဖောက်ရသေး။

"အလို့ ပုလင်းတွေများလှချည်လား၊ ဖန်ခွက်ကနှစ်လုံး၊ ကျွန်တော်မလာခင် ဧည့်သည်တစ်ယောက်ဝင်ထိုင်သွားသေးတယ်ထင်ပါ့. . . "

" ခင်ဗျားမဆိုးဘူးဗျ၊ ဟုတ်တယ်စောစောကပဲ ကျွန်တော့်မိတ်ဆွေထပြန်သွားတယ်၊ ဆိုပါဦး-ခင်ဗျားဘက်ကအခြေအနေ"

" ကျွန်တော်နဲ့ဆက်သွယ်တဲ့ကိစ္စတွေမှာ တစ်ခုတစ်လေများချို့ယွင်းဖူးလားဗျာ. . . "





ထိုစကားကြောင့် ကိုနေကျော်အားတက်သွားသည်။

" ဒါတွေကြောင့်ခင်ဗျားကို အားကိုးတာပေါ့ကိုမြင့်ဇော်"

" ဒီတစ်ခါတော့-ခင်ဗျားအားကိုးရကျိုးအထူးနပ်စေရမယ်ဗျာ. . . "

" ဝမ်းသာစရာပဲ. . . "

"သိပ်တော့ဝမ်းသာမနေနဲ့ဦး၊ အပေးအယူကိစ္စတော့နဲနဲပြောရအုံးမယ်၊ ခါတိုင်းလိုမဟုတ်လို့ပါ. . . "

ကိုမြင့်ဇော်ကသွေးတိုးစမ်းသလိုဖြင့် အကဲခတ်နေသည်။

"ဈေးမဆစ်တတ်တဲ့ကျွန်တော့်ခေလေ့ကို အပိုင်ကိုင်တာမျိုးမဖြစ်ရင်ပြီးတာပါပဲဗျာ. . . . "

"အို-ဒါတော့စိတ်ချ၊ သူကလေးကိုသာတွေ့ရရင်၊ ခင်ဗျားကိုယ်တိုင်ငွေပုံအောချင်လာမှာပါဗျ. . . "

"ကဲ-သောက်ဦးဗျာ. . . "

"ကျွန်တော်ဒါမသောက်ချင်ဘူး၊ သံပူးဝီစကီဖြစ်ဖြစ်မှာဗျာ. . . "

ထိုစကားကြောင့် ကိုနေကျော်ရင်ထဲထိတ်ကနဲခံစားလိုက်ရသည်။ သို့သော်အခြေအနေအရ သူကလိုက်လျှောရမည့်သူဖြစ်နေသည်။

ထို့ကြောင့်စားပွဲထိုးကို စုတ်ထိုး၍ခေါ်ပြီး၊ ကိုမြင့်ဇော်လိုချင်သောအရက်ကိုမှာယူလိုက်သည်။

"ခင်ဗျားရဲ့အခြေအနေထူးပုံလေးကိုလဲပြောစမ်းပါဦး- ကိုမြင့်ဇော်. . . . "

ကိုမြင့်ဇော်ဘာမျှမပြော၊ ကိုနေကျော်ကိုသာအကဲခတ်သောမျက်လုံးတို့ဖြင့်ကြည့်နေသည်။ သူ့ရင်ထဲလှုပ်ရှားနေပုံမှာထင်ရှားသည်။

ထို့ကြောင့်သိချင်လွန်းနေသော ကိုနေကျော်မှာမျိုသိပ်လိုက်ရသည်။

မကြာမီစားပွဲထိုးရောက်လာပြီး မှာကြားထားသမျှပါလာသည့်အပြင် အကြော်တစ်ပွဲလည်းပါလာသည်။

စားပွဲထိုးထွက်သွားသောအခါ ကိုမြင့်ဇော်သည်ဆော်ဒါကိုဝီစကီဖန်ခွက်ထဲ အပြည့်လောင်းထည့်သည်။ ပြီးလျှင်နှစ်ကြိုက်မျှကြိုက်ချလိုက်သည်။ ထို့နောက်-သူ့နှုတ်ခမ်းတပိုက်ကိုလျှာဖြင့်သိမ်းနေသည်။

ကိုနေကျော်မှာထူးခြားသော ကိုမြင့်ဇော်၏အပြုအမူကိုအစမှအဆုံးကြည့်နေသည်။

"ခင်ဗျားအတွက် ကံကောင်းချင်လို့လား၊ ဆိုးချင်လို့လားတော့မပြောတတ်ဘူးပေါ့ဗျာ..."

ကိုမြင့်ဇော်၏ ပထမဆုံးစကားများသည် ကိုနေကျော်ကိုနားရှုပ်သွားစေသည်။

"ကျွန်တော် ဘယ်လိုနားလည်ရမလဲကိုမြင့်ဇော်..."

"ဒီလိုဗျာ အခုကိစ္စကတော့သိပ်မလွယ်လှဘူးလေ၊ ဒါကလဲခင်ဗျားကလူရွေးလွန်းလို့ပါ..."

"ဒါကတော့- ကျွန်တော်ကပန်းချီဆရာကိုးဗျ၊ အလုပ်သဘောကိုလေးစားရမှာပေါ့၊ ဖြစ်ကတတ်ဆန်းဟာတွေနဲ့လုပ်လို့မဖြစ်





ဘူးလေ..."

"လောလောဆယ်ဆိုရင်လည်းရပါတယ်၊ ဒါပေမယ့်-ခင်ဗျားကြိုက်မှာမှုတ်ဖူး၊ အားလုံးလျော့ရဲရဲ ပျော့တွဲတွဲချည်းပဲ..."

"အာ-ဒါမျိုးတော့ ကန်တော့ဆွမ်းပါပဲ..."

"အဲဒါကြောင့်ခက်တာပေါ့၊ ပန်းချီအကြောင်းကျွန်တော်နားမလည်ပေမယ့် ခင်ဗျားအလုပ်ကိုတော့သဘောပေါက်ပါတယ်..."

- "ဟုတ်တယ်ကျွန်တော့်အလုပ်က အချိုးအဆစ်ပြေပြစ်ပြီးပြည့်ဖြိုးတဲ့မိန်းမသားတွေပေါ်မှာ အဓိကထားရတဲ့ကိစ္စ၊ ကျွန်တော်ဂတိပေးပါတယ်ဗျာ၊ ကျွန်တော်ပြောသလိုသာထိုင်ပေးမယ်ဆိုရင် လက်ဖျားနဲ့တောင်မတို့ပါဘူး-စိတ်ချ..."

"ခင်ဗျားဘက်ကတော့ ဟုတ်တာပေါ့၊ ဒါပေမယ့်-သူတို့ဘက်ကလည်းကြည့်အုံးလေ-တစ်နေကုန်တစ်နေခမ်းထိုင်ပြနေရမှာကိုတော့ ငွေတ[illegible]သတ္တိနဲ့မဖြစ်ဖူး..."

"အော်-ကိုမြင့်ဇော်ကလဲဗျာ၊ အဆန်းလုပ်ပြီးပြောနေပြန်ပြီ၊ ခင်ဗျားနဲ့ကျွန်တော်ဟာ အခုမှဆက်ဆံနေကြတဲ့သူတွေမဟုတ်ပါဘူးဗျ..."

"အဲဒါတွေကြောင့်လဲ ကျွန်တော်ဒီလောက်အပင်ပန်းခံနေတာပေါ့..."

"ကျေးဇူးပဲဗျာ ကိုမြင့်ဇော်၊ အမြန်ဆုံးဖြစ်အောင်တော့စီစဉ်ပေးပါဗျာ..."

ကိုမြင့်ဇော်ဘာမျှပြန်မပြော၊ ဝီစကီကိုကျိတ်နေသည်။

အခြေအနေကိုစိတ်ကုန်စပြုနေသော ကိုနေကျော်မှာလည်း မသောက်တော့ဟုဆုံးဖြတ်ထားရာမှ ဝီစကီပုလင်းအသစ်ကို ဖောက်မိသွားသည်။ မထူးတော့သည့်အဆုံးဖန်ခွက်ထဲလောင်းထည့်ပြီးတစ်ကျိုက်ခြင်းမျိုချနေသည်။

ထို့ကြောင့်အခိုက်အတန့်အားဖြင့် သူတို့ဝိုင်းလေးသည်စကားပြတ်နေသည်။

ထိုအချိန်၌ကိုမြင့်ဇော်မှာ စီးကရက်ကိုအားပါးတရ ဖွာရှိုက်နေချေပြီ။

"ကံကောင်းမယ်ဆိုတာက ဘာကိုဆိုလိုတာလဲဗျကိုမြင့်ဇော်. . . ."

ကိုနေကျော်က စတင်မေးသည်။

"အဲဒါကတော့-ခါတိုင်းလိုအပျက်အစီးတွေထဲက မဟုတ်တဲ့အမျိုးသမီးသန့်သန့်တစ်ယောက်ကို တွေ့ထားလို့ပါ. . ."

"ကမ်းလှမ်းထားပြီးလို့လား. . ."

"အလုပ်တော့ဖြစ်မယ်၊ ဒါပေမယ့်အတော်သိမ်းသွင်းယူရမယ့်ပုံပဲ. . ."

"ပုံကောလာလို့လား. . ."

ကိုနေကျော်က စောဒကတက်နေပြန်သည်။

"ဟာ-ဘယ်လိုမေးလိုက်တာလဲဗျာ၊ ဒီမှာခင်ဗျားလိုတာထက်ပိုတယ်ဗျို့၊ ရှင်းရောမှုတ်လား. . ."

"ဆိုလှချည်လားဗျ၊ ဒါကြောင့်ခင်ဗျားက ဈေးကိုင်နေတာပေါ့လေ. . ."





"ဒီလိုတော့မဟုတ်ပါဘူး၊ ရှင်းရှင်းပြောရရင် ကျွန်တော်နဲ့ကိုယ်ပိုင်အဖြစ်ရည်ရွယ်ထားတာလေးမို့ပါ. . ."

ထိုစကားကို ကိုနေကျော်ကောင်းစွာသဘောပေါက်သည်။

"စိတ်ချကိုမြင့်ဇော်- ကျွန်တော်ဘက်ကအဖြစ်နိုင်ဆုံးလိုက်ရောပ့်မယ်၊ လက်ဖျားနဲ့တောင်မတို့ပါဘူးလို့ထပ်ပြီး ဂတိပေးတယ်ဗျာ. . ."

ကိုနေကျော် စိတ်လှုပ်ရှားနေသည်။

"ကိစ္စကတော့ဖြစ်မှာပါ-ဒါပေမယ့်နဲနဲတော့အချိန်ယူရမယ်. . ."

"ဘယ်နှစ်ရက်လောက်စောင့်ရအုံးမှာလဲဗျာ. . ."

ကိုနေကျော်စိတ်ပျက်ချင်ချင်ဖြစ်လာသည်။

"အနဲဆုံးတစ်ပတ်ပေါ့ဗျာ. . ."

"ကျွန်တော်ကတော့ နက်ဖြန်တောင်လိုချင်တယ်. . ."

"လောလှချည်လား ဆရာကြီးရဲ့. . ."

"လောဆို-ကျွန်တော့်မှာလဲအချိန်လုရအုံးမှာကိုးဗျ၊ နေရောင်နဲ့အတူ အလုပ်လုပ်ရတဲ့သူဗျ. . ."

"ကျွန်တော်အတတ်နိုင်ဆုံးကြိုးစားမယ်ဆိုရင်၊ ခင်ဗျားကျေနပ်ပါတော့ကိုနေကျော်. . ."

ကိုနေကျော် ဘာမျှမပြောနိုင်တော့ချေ၊ ရင်ထဲကမကျေနပ်သော်လည်း ယခုကိစ္စမျိုးမှာကိုမြင့်ဇော်လိုလူမျိုးကသာ သူ့အားအကူအညီပေးနိုင်သောကြောင့်ဖြစ်၏။

စားသောက်ဆိုင်ထဲတွင် စောစောကလောက်အသံဗလံ

များမဆူညံတော့ပေ၊ ညနက်လာသဖြင့်လူကျဲသွားခြင်းဖြစ်သည်။

"အခုကထဲက နဲနဲညှိထားချင်သေးတယ်ဗျာ. . . "

"နှုန်းကိုပြောတာလား. . . "

" ဒါပေါ့ဗျ. . . "

"ပြောဗျာ-တစ်နေ့ဘယ်လောက်လဲ. . . "

"တစ်နေ့-တစ်ရာ. . . "

"ဘာဗျ-တစ်နေ့တစ်ရာဟုတ်လား. . . "

ကိုနေကျော်လန့်ဖြန့်သွားသည်။ အောက်တန်းစာရေးတစ်ဦး၏တစ်လစာမှာ(၁၂၇)ကျပ်သာရရှိချိန်မျိုးတွင် ကိုမြင့်ဇော်တောင်းဆိုမှုမှာ ခေါင်းနပမ်းကြီးစရာပင်။

"ဘာလဲ-များလို့လား။ ဒီလိုပန်းချီကားမျိုးအတွက်၊ ခင်ဗျားထောင်နဲ့သောင်းနဲ့ချီပြီးရဦးမှာပဲမဟုတ်လား. . . "

ကိုမြင့်ဇော်က အပိုင်ကိုင်၍၊ အနိုင်ဖြင့်ပြောနေသည်။

ကိုနေကျော် မငြင်းသာတော့၊ သို့သော်စောဒကတက်ကြည့်သည်။

"ထောင်ချီပြီးရတယ်ဆိုပေမယ့်၊ ပန်းချီကားဆိုတာတစ်နေ့ထဲနဲ့ ရေးပြီးတာမှတ်ဖူး၊ အမြန်ဆုံးတစ်ပတ်၊ အကြာဆုံးတစ်လလောက်တော့အချိန်ပေးကြရတယ်. . . "

"ဒါကတော့ ခင်ဗျားဟာပညာသည်ပဲ၊ ပညာသည်ဆိုတာငွေဖြစ်လာဖို့ လွယ်တတ်ပါတယ်ဗျာ. . . "

"ခင်ဗျားအယူအဆတွေလွဲနေပြီဗျို့ ကိုမြင့်ဇော်၊ ခင်ဗျားဟာပန်းချီအကြောင်းနားမလည်ရုံတင်မဟုတ်သေးဘူး၊ ငွေအ





ကြောင်းလဲသိပုံမရသေးဘူး၊ စိတ်တော့မဆိုးနဲ့. . . "

ထိုစကားစုတို့က ကိုမြင့်ဇော်ရင်ကိုအောင့်သွားစေသည့်သူသည်ငွေသမားဖြစ်၏။ ငွေရမည်သာဆိုလျှင် ဘနဖူးသိုက်တူးရန်လည်းဝန်လေးသူမဟုတ်၊ ယခုကိစ္စတွင်မူသူပေးလိုက်သော မက်လုံးအပေါ်၊ ကိုနေကျော်စိတ်ပျက်သွားမည်ကို စိုးရိမ်၍သာသည်းခံနေရခြင်းဖြစ်၏။

"ကျွန်တော်ဟာ ဒီလိုပန်းချီကားမျိုးတွေရေးနေလို့ ကိုယ့်အနုပညာပေါ်မှာ သစ္စာဖောက်တယ်လို့ထင်ရင်ထင်မယ်၊ တစ်ကားထက်တစ်ကားပိုပီပြင်အောင်ရေးဆွဲနေတာဟာ လေ့ကျင့်ခန်းဝင်နေတာပဲဗျ၊ အဲအကြောင်းအရာပေါ်မူတည်ပြီး သဘောတရားအရတော့ သစ္စာဖောက်တယ်လို့ စွပ်စွဲချင်စွပ်စွဲပေါ့ဗျာ. . . "

" အမလေးဗျာ-ပန်းချီဆရာကြီးကလည်း၊ သူ့အနုပညာထိတော့မချိုလိုက်တဲ့ဖြစ်ခြင်း၊ ကျွန်တော်ဒါတွေကိုနားမလည်ပါဘူးဗျာ၊ ကျွန်တော်လိုချင်တာကငွေပါဗျာ. . . "

ကိုမြင့်ဇော်အသံကတောင်းပန်နေသံ၊ သူ့မျက်နှာပေးကမချိုသွားဖြစ်ရယ်တဲ့ကျဲ။

"တစ်ကားရေးပြီးရင်ငါးရာပေးမယ်ဗျာ၊ အရင်ကထက်နှစ်ရာပိုတယ်၊ ဘယ့်နှဲ့လဲ. . . "

ကိုနေကျော်အသံက လေးနက်မှုဖြင့်ပြည့်နေသည်။

"ရက်အကန့်အသက်လေးလဲထည့်ပြောပါလားဗျာ-ကိုနေကျော်. . . "

ကိုမြင့်ဇော်က စောဒကတက်နေပြန်သည်။

"အများဆုံးတစ်ပတ်၊ အမြန်ဆုံးလေးရက်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်လျှော့ပေးမှာမှတ်ဖူးစိတ်ချ. . ."

ကိုမြင့်ဇော်ကျေနပ်သွားသည်။ သူ့မျက်နှာမှာဝင်းထိန်နေသည်။

"ကဲ-ကောင်းပါပြီတဲ့ဗျာ၊ ပဏ္ဏာမအနေနဲ့သဘောတူကြပြီပေါ့၊ လာမယ့်တနင်္ဂနွေနေ့ညဒီနေရာမှာတွေ့ကြရအောင်ဗျာ၊ ဟုတ်ပြီလား. . ."

ကိုမြင့်ဇော်ထိုင်ရာမှထသည်။ သူ့ဟန်ပန်မှာဝီစကီနှစ်ပတ်ထဲနှင့်လဲတော့မည့်ပုံမျိုး၊ မျက်လုံးတို့ရီဝေနေသည်။ ဒီကိုမလာမီကလည်း အနည်းအကျဉ်းသောက်ထားခဲ့ဟန်တူသည်။

ကိုနေကျော်ကထိုင်ရာမှမထသေး၊ ကိုမြင့်ဇော်ကိုအကဲမရသောအကြည့်ဖြင့်ကြည့်နေသည်။

"လောလောဆယ်ခင်ဗျားမှာငွေပါရင် မ-စခဲ့ပါဦးလားဗျာ စရံလို့သဘောထားပါ. . ."

"ကျွန်တော်က ငွေမိုငွေလျှံအိတ်ထဲသိပ်ထားတတ်တာမှတ်ဖူးကိုမြင့်ဇော် အနဲအပါးတော့ရှမယ်၊ ဘယ်လောက်လိုလို့လဲ. . ."

"မများပါဘူး-တစ်ရာလောက်ပါ. . ."

ကိုနေကျော် ဘာမျှမပြောတော့၊ သူ့ဂျာဂင်အင်္ကျီအတွင်းအိတ်ထဲမှ ငွေစက္ကူအချို့ကိုဆွဲထုတ်လိုက်ပြီး ဆယ်တန်ဆယ်ရွက်ကိုထုတ်ပေးလိုက်သည်။

ကိုမြင့်ဇော်အမြန်လှမ်းယူပြီး သူ့ကုတ်အင်္ကျီအိတ်ထဲထည့်သည်။





စင်းနေသောသူ့မျက်နှာက အပြုံးအပြည့်။

"ကဲ-ကျွန်တော်သွားတော့မယ်၊ ချိန်းထားတဲ့အတိုင်းနော်"

ကိုမြင့်ဇော်ကနှုတ်ဆက်စကားဆိုသည်။ ကိုနေကျော်ခေါင်းညိတ်ရုံမျှညိတ်ပြသည်။

ကိုမြင့်ဇော်ထွက်သွားသောအခါ ကိုနေကျော်ရင်ထဲဘဝင်မကျမှုများကျန်နေခဲ့သည်။ မပြတ်သားသော အပေးအယူကိစ္စကြောင့်ဖြစ်သည်။

သူသည်ကျသင့်ငွေကိုကောင်တာတွင် သွားရှင်းသောအခါ၊ နံရံပေါ် မှနာရီသည်ဆယ်နာရီခွဲကိုပြနေသည်။

အပြင်တွင်မူ သာယာသောရန်ကုန်ညသည် စည်ကားမှုဆိတ်သုန်းတော့မည်ဖြစ်သည်။ ။

× × × × × ×

ဗျား

## အခန်း(၄)

ဆောင်းရာသီ၏ညသည် ပကတိတိတ်ဆိတ်နေ၏။ လမိုက်ညဖြစ်၍လည်း အမှောင်သည်မင်းမူချင်တိုင်းမူနေ၏။ နှင်းမှုန်တို့ကြောင့်ကောင်းကင်မှ ကြယ်ပွင့်လေးများကိုပင်မမြင်ရ။

ကိုနေကျော်ငှား၍စီးလာသော သုံးဘီးကားလေးသည် အထက်ပန်းဆိုးတန်းအတိုင်း ကန်တော်ကြီးဆီသို့ဦးတည်မောင်းနေသည်။ စက်အားမကောင်းသောသုံးဘီးကား၏စက်သံသည်၊ ကုန်းမြင့်ကိုတက်စပြုသည်နှင့်ကိုနေကျော်စိတ်ကို အနှောက်အယှက်ပြုတော့သည်။

မြို့ထဲမှငှားစီးလာသည်မှာ နာရီဝက်မျှပင်မရှိသေးဆီပိတ်သဖြင့်လမ်းဘေးတွင်ထိုးရပ်ခဲ့သည်မှာ သုံးကြိမ်ရှိသွားချေပြီ။ ညနက်နေပြီဖြစ်၍ကားပြောင်းစီးဘို့ကလည်းမလွယ်၊ ကားသမားကိုလည်း အားနာနေသဖြင့်ကြိတ်မှိတ်၍စီးခဲ့ရသည်။ သူ့ရင်ထဲတွင်ကားကျေ





နပ်လှသည်မဟုတ်။

မကြာပါချေ၊ သုံးဘီးကားလေးသည် သူ့ဇာတိကိုအစွမ်းကုန်ပြတော့သည်။

ကန်တော်ကြီးဘုတ်ကလပ်ရှေ့ကုန်းမြင့်သို့တက်သောအခါ၊ ကားလေးသည်ရှေ့ဆက်မတက်နိုင်တော့ချေ၊ ကားမောင်းသူဒရိုင်ဘာခမြာအတန်ကြာမျှကြိုးစားပါသေး၏။ သို့သော်အချီးအနှီးသာ။

စိတ်ပျက်ပျက်ဖြင့်ထိုင်နေမိသော ကိုနေကျော်ပင်အငြိမ်မနေနိုင်တော့၊ ကားပေါ်မှဆင်းပြီးမေးယူရတော့သည်။

"ဘယ်လိုဖြစ်နေလို့လဲဆရာသမား-ကျွန်တော်ဘာလုပ်ပေးရအုံးမလဲ၊ စက်အကြောင်းနားမလည်ပေမယ့်တွန်းအားပေးဖို့ကတော့ရတယ်ဗျ. . ."

ကားဆရာမျက်နှာပျက်နေ၏။ ကိုနေကျော်ကိုအားနာနေဟန်တူသည်။

"တွန်းပေးလို့လဲထူးမှာမဟုတ်ပါဘူးနောင်ကြီးရာ-ကားကတစ်လမ်းလုံးပျက်လာတာ ခင်ဗျားအမြင်ပဲ. . ."

မှန်သောစကားကိုဆိုသဖြင့်၊ ကိုနေကျော်ဘာမျှဝင်မပြောပဲနေလိုက်သည်။

"အကောင်းဆုံးက၊ နောင်ကြီးကားပြောင်းစီးပါလား. . ."

ဒရိုင်ဘာ၏အကြံပေးစကားဖြစ်သည်။

"ဒီအချိန်၊ ဒီလိုနေရာမျိုးမှာ ဘယ်ကကားရမှာလဲဗျာ. . ."

ကိုနေကျော်ညည်းညူလိုက်သည်။

"ဒီကနေပြီးဘူတာကြီးကိုပြန်လျှောက်ရင်၊ အဲဟိုမှာအငှားကားတွေရနိုင်မှာပါ. . ."

"ဟာဗျာ-ပြန်လျှောက်တာထက်စာရင် ရှေ့ဆက်လျှောက်ရတာကမှကောင်းဦးမယ်. . ."

"လျှောက်ရဲပါ့မလား-လကလဲမိုက်ပါတီဗျာ၊ ခင်ဗျားအိမ်ကဘယ်နားမှာမို့လဲ. . ."

"အရှေ့ဘက် ကန်ပတ်လင်းမှာပါ. . ."

ကိုနေကျော်ဤမျှသာဖြေနိုင်သည်။ သူ့မျက်လုံးများကလည်း ပတ်ဝန်းကျင်ကိုအကဲခတ်နေပြီး၊ သူလျှောက်ရမည့်လမ်းကိုလည်းမျှော်ကြည့်မိသည်။

တိတ်ဆိတ်ခြင်းလွှမ်းမိုးနေသော ပတ်ဝန်းကျင်သည် မှောင်နှင့်မဲမဲဖြစ်နေ၏။ သို့သော်သူလျှောက်ရမည့် ပလက်ဖောင်းလမ်းတလျှောက်တွင် နီယွန်းမီးလုံးအချို့ရှိနေကြသည်။ အချို့ပျက်နေသော်လည်းအဝေးမှကြည့်လျှင်အလင်းရောင်သည် လုံလောက်ပုံရနေသည်။

"ကျွန်တော်လျှောက်ရဲပါတယ်-ဒီလမ်းဟာညနေတိုင်းကျွန်တော်လျှောက်နေကျလမ်းပဲ၊ မီးတွေလဲလင်းနေတယ်. . ."

ကားဆရာဘာမျှမပြောတော့၊ စက်ဖုံးဖွင့်ပြီးဟိုကိုင်ဒီစမ်းဖြင့်အလုပ်ရှုပ်နေတော့သည်။ ကိုနေကျော်ပင်သူ့အဖြစ်ကိုကြည့်ရင်းစိတ်ရှုပ်လာသည်။ ထို့ကြောင့်တိုက်ပုံအင်္ကျီအိတ်ထဲမှ အလွယ်တကူနှိုက်ယူ၍ပါလာသော ငါးကျပ်တန်တစ်ရွက်ကိုကားဆရာအားလှမ်းပေးလိုက်သည်။





"ရော့ဗျာ-ယောဒါယူပါ၊ ကျွန်တော်တော့ဆက်လျှောက်တော့မယ်. . ."

သို့သော် ကားဆရာကမယူ။

"မယူတော့ပါဘူးနောင်ကြီးရာ-ခင်ဗျားကိုဒီအထိအနှောင့်အယှက်ပေးနေတဲ့ကားအတွက် ကျွန်တော်ကတောင်တောင်းပန်ရဦးမှာပါ. . ."

"ဘာပဲဖြစ်ဖြစ်လေ-ခင်ဗျားကားကြောင့်ကျွန်တော်ဒီနားအထိ ရောက်ခဲ့ပြီပဲ၊ ကဲ-ရော့ဗျာ. . ."

ကိုနေကျော်က ကားဆရာဘာမျှမပြောနိုင်မီငါးကျပ်တန်ကိုပေါင်ထဲသို့ထည့်ခဲ့ပြီး လမ်းလျှောက်ထွက်ခဲ့သည်။

ကိုနေကျော်လျှောက်နေသောလမ်းသည် ဖြောင့်ဖြူးလှ၏။ နီယွန်းမီးလုံးများထံမှ ကျိုးကျဲစွာလင်းနေသည်။ တစ်ဘက်တွင် ကန္တြေကြီးလှသော ကန်တော်ကြီး၏ရေအပြင်သည် မော်ပန်းနွမ်းနယ်စွာဖြင့်အိပ်မောကျလျက်ရှိ၏။

ဆောင်းညသည်အေးလှ၏။ ထို့ထက်ရေပြင်ပေါ်မှဖြတ်သန်းတိုက်ခတ်လာသောလေပြေလေညင်းကပို၍အေးမြလှသည်။ တိတ်ဆိတ်ခြင်းနှင့်အဝေးဆီမှ မှောင်နှင့်မည်းမည်းကသူ့အား ခြိမ်းခြောက်နေ၏။ ထို့ကြောင့်သူ့နားအစုံသည် ပတ်ဝန်းကျင်တစ်ခုလုံးအားစွင့်ထားရသည်။ လောလောဆယ်တွင်မူသူ့နားထဲသို့ဝင်လာသောအသံများမှာ သူ့ဖိနပ်သံများသာဖြစ်၏။

ကိုနေကျော်သည် ရှေ့ဘက်ဖြတ်လမ်းသို့ရောက်ရန်တစ်ဖာလုံခန့်အလိုတွင်ဝုန်းကနဲအသံတစ်ခုကို မမျှော်လင့်ဘဲသူကြားလိုက်

ရသည်။ နားစွင့်နေသည့်ကြားမှသူထိတ်လန့်သွားသည်။

တိတ်ဆိတ်သောပတ်ဝန်းကျင်ဖြစ်၍ အသံမှာထင်သည် ထက်ပိုကျယ်လောင်ခြင်းဖြစ်မည်။ ရုတ်တရက်သော်စိုးရိမ်စိတ်ဖြင့် အံ့အားသင့်နေမိသေးသည်။ သို့သော်သတိရှိနေသူပီပီအရာရာကို စူးစမ်းလိုစိတ်ကလွှမ်းသွားသည်။

ရေပြင်သည်လှုပ်ရှားနေ၏။ မြုပ်ချီပေါ် ချီဖြစ်နေပုံရသည်။ သက်ရှိသတ္တဝါဖြစ်မှန်းသူသိသည်။ သို့သော်တိရိစ္ဆာန်လည်းဖြစ် နိုင်သဖြင့် အပြေးအလွှားကမ်းစပ်သို့သွားကြည့်ရသည်။

ဖိနပ်ဖြူလေးတစ်ရံကြောင့် ရေထဲခုန်ဆင်းသွားသူမှာလူ ဖြစ်မှန်းသူအတတ်သိလိုက်သည်။ ထိုသူသည်လမ်းလျှောက်လာ သောကိုနေကျော်ကိုမြင်၍လည်း အလျင်စလိုခုန်ကျခြင်းဖြစ်နိုင် သည်။

သူ့ပရောဂမကင်းဟု သူအထင်ရောက်လာသည်။ ထို့ ကြောင့်ကြာကြာသူစဉ်းစားမနေတော့၊ ဂျာကင်အင်္ကျီနှင့်ဖိနပ်ကို ချွတ်ထားခဲ့ကာ ရေထဲသို့အပြေးဆင်းပြီး၊ ထိုသတ္တဝါရှိရာသို့ အပြင်း ကူးသည်၊ သူရောက်သွားသောအခါထိုသတ္တဝါမှာ ရှာမတွေ့တော့၊ သူလှည့်ပတ်ကူးကြည့်ရင်းရှာသည်။

မတတ်သာသည့်အဆုံး ရေငုတ်၍ဖမ်းသည်။ သူ့ခြေ ထောက်ကိုတစ်စုံတစ်ခုက ပွတ်သပ်သွား၏။ သူသည်သက်ရှိသူဖြစ် ပြီးအသက်အောင့်ငုတ်ပြီး ထိုအရာကိုဆွဲလိုက်၏။ ပါလာသည်က လက်တစ်ဖက်၊ ထိုသူသည်သတိလက်လွတ်ပုံမရသေး၊ အခြားတစ် ဖက်ကသူ့အား ဖက်တွယ်လာသည်ကိုသိလိုက်သည်။

ဖော်မွန်စာပေ



အခြေအနေမှာနောက်ဆုံးအဆင့်တွင်ရှိနေ၏။ ရေအောက် မှအပေါ်သို့ရုန်းကန်အတက်တွင် ထိုသူ၏ချုပ်ကိုင်မှုမှာပို၍တင်း ကြပ်လာ၏။ ထို့ကြောင့်သတိရှိနေသောကိုနေကျော်က၊ ရေပြင်ပေါ် အရောက်တွင် ထိုသူ၏လှုပ်ရှားမှုမှာနှစ်ယောက်စလုံးအတွက် အန္တ ရာယ်မှန်းသိလိုက်သည်။ ထို့ကြောင့်လျှပ်တပျက်အသိဖြင့် ထိုသူ၏ ပါးချိပ်ဆီသို့သာသာလေးရိုက်ပစ်လိုက်သည်။

ထင်သည့်အတိုင်းပင်၊ ထိုသူငြိမ်ကျသွား၏။ သို့သော်ပြန် မမြုပ်သွားစေရန် ဂျိုင်းကြားဆီသိုလက်ရှိုပြီး နောက်ပြန်အနေအ ထားဖြင့် ကမ်းစပ်သို့ကူးရသည်။

ကမ်းစပ်သို့ရောက်တော့ ကိုနေကျော်မောဟိုက်နေချေပြီ။ ဆယ်လာသောသူကိုရေနှင့်လွတ်ရာ ကုန်းပေါ်အထိဆွဲတင်ဖြစ် သည်။

ဤတွင်သူအံ့အားသင့်ရတော့၏။

သူကယ်တင်ခဲ့သူမှာ လူတော့ဟုတ်ပါ၏။ သို့သော်အမျိုး သားမဟုတ်၊ အမျိုးသမီးတစ်ယောက်ဖြစ်နေသည်။

ဆံပင်များဖုံးလွှမ်းနေသဖြင့် မျက်နှာကိုတိပစွာမမြင်ရ အသားဖြူဝင်းကြောင်းလောက်သာသတိပြုမိ၏။

ထိတ်လန့်တကြားဖြင့် စူးစမ်းကြည့်သည်။ ဤတွင်ထူးခြား မှုတစ်ခုကသူ့ကိုအံ့ဩသွားစေသည်။ အမျိုးသမီးမှာထမီသာတင်း ကြပ်စွာဝတ်ထားသော်လည်း အပေါ် ဝတ်မှာဂျင်းရှပ်ရှည်၊ ဝတ်ထား ပုံက ပိုသီပတ်သီလျော့ရဲရဲဖြစ်နေသည်။

ဤကားကိုနေကျော်၏ တဒင်္ဂဖြစ်သည်။

ဖော်မွန်စာပေ

အမျိုးသမီး၏နှာခေါင်းဝသို့ ကိုနေကျော်လက်ဝါးဖြင့်ကာ၍စမ်းသပ်ကြည့်သည်။ လေရှိန်မျှင်းမျှင်းလေးအတိုးအဆုတ်ကိုသူခံစားရတော့ ဝမ်းသာသွားသည်။

သည်နောက်တော့ သူတတ်ထားသမျှရှေးဦးသူနာပြုအတတ်ကို အသုံးပြုတော့၏။ ကိုယ်အနေအထားကိုပြုပြင်၊ ရေအန်အောင်လုပ်၊ ပါးစပ်ချင်းတေ့ပြီး အသက်ရှူလာအောင်ကြိုးစား၊ နောက်ဆုံးအမျိုးသမီးကို ပုခုံးပေါ်တင်၍ထမ်းသည်။

ဤတွင်အသိတစ်ခုဝင်လာသည်။ အမျိုးသမီးကိုဘယ်သို့ပို့ရမည်နည်း။ ရဲဌာနသို့မပို့ချင်သေး၊ နောက်ကြောင်းကမည်သို့ရှိမှန်းမသိ၊ စိတ်ရှုပ်၍ကမ်းစပ်လာထိုင်ပါမှ သပွတ်အူမျှော်လာသည့်ဆွမ်းခံရင်းငှက်သင့်သည့်ဇာတ်လမ်းတွေကလည်း အများသား၊ မိမိကိုယ်တိုင်က နေရှောင်နှင့်အပြိုင်အလုပ်လုပ်နေရသူပီပီ တံရားရုံးတွင်သက်သေလိုက်ရင်း အချိန်မကုန်ချင်သေး၊ ပြဿနာတစ်ခုသည်၊ သိမ်မွေ့စွာအဆုံးသပ်မှုမျိုးကိုသာ သူအလိုရှိသည်။

ထို့ကြောင့်သူဆုံးဖြတ်လိုက်သည်။ ဤအမျိုးသမီးကို သူ့အိမ်သို့ခေါ်သွားရန်ပင်ဖြစ်သည်။

ထိုအခါအခြားအသိတစ်ခုကဝင်လာပြန်သည်။ တမျှော်တခေါ်တွင်ရှိနေသော သူ့အိမ်ဆီသို့အမျိုးသမီးကိုထမ်းပိုး၍မသွားနိုင်သည်တိုင်အောင်မသင့်တော်၊ လမ်းတွင်မလိုသူများ၊ အထူးသဖြင့်ရဲများနှင့်တွေ့လျှင်ပြဿနာမှာရှင်းမရဖြစ်တတ်သည်။

နောက်ဆုံးတော့ ကားတစ်စီးစီးအလာကိုမျှော်ရန်သူဆုံးဖြတ်လိုက်သည်။ ဒုက္ခရောက်နေသောသူ့ပုံပန်းကိုကြည့်၍ ကူညီတန်





ကောင်းရဲ့ဟုသူယုံကြည်လိုက်သည်။

ထို့ကြောင့်စောစောကသူစီးလာသော သုံးဘီးကားများစက်ပြန်၍ကောင်းပြီး သူ့နောက်သို့လိုက်လာလေမည်လား၊ အထင်ဖြင့်မျှော်ကြည့်သည်။ သို့သော်မှောင်နှင့်မည်းမည်းတွင် မည်သည့်အသံမည်သည့်လှုပ်ရှားမှုကိုမျှမကြား၊ မမြင်ရချေ။

ကိုနေကျော်ကြံရာမရဖြစ်လာသည်။ ပတ်ဝန်းကျင်မှအကူအညီမရကြသောအခါ၊ သူ့ရှေ့တွင်သတိလစ်နေသော အမျိုးသမီးကိုကြည့်မိသည်။ တစ်ကိုယ်လုံးရေရွှဲနစ်နေသော သူမ၏ခန္ဓာကိုယ်ကိုကြည့်ရင်းသူ့ထစ်ကိုယ်လုံးချမ်းစိမ့်လာတော့ဘည်။ ထို့ကြောင့်အနားတွင်ပုံထားသောဂျာကင်အင်္ကျီကိုယူပြီး ဝတ်မည်လုပ်ပြီးမှစိတ်ပြောင်းသွားသည်။ အမျိုးသမီးအားလွှမ်းခြုံပေးလိုက်သည်။

ထိုအချိန်မှာပင်အရှေ့ဘက်ခပ်ဝေးဝေးဆီမှ စက်သံတစ်ခုကိုကြားလိုက်သည်။ သူခေါင်းထောင်ကြည့်သောအခါ မီးအလင်းရောင်နှင့်အတူတစထက်တစနီးလာသော ကားစက်သံကိုကြားရသည်။

သူ့ရင်ထဲကြည်နူးသွားသည်။ ကမ်းစပ်မှပလက်ဖောင်းပေါ်သို့အပြေးလေးတက်ပြီး အရှေ့ဘက်ကမ်းအတိုင်းထွက်ခဲ့သည်။

မီးရောင်မြင်သည်နှင့် အငှားလေးဘီးကားမှန်းသူအတတ်သိလိုက်သည်။ ထိုကားသည်သိမ်ဖြူလမ်းအတိုင်းမောင်းလာပြီး မအူကုန်းသို့ကွေ့မည်အလုပ်တွင်ပြေးထွက်လာသော ကိုနေကျော်ကိုတွေ့လိုက်သဖြင့် စက်ရှိန်လျှော့လိုက်သည်။

ကားရှေ့သို့သူရောက်သွားသောအခါ ပုံပန်းပျက်နေသော

သူ့အသွင်ကိုကြည့်ရင်း အငှားကားဆရာမှာအံ့အားကြီးသင့်တော့၏။

"ကျေးဇူးပြုပြီး ကျွန်တော့်ကိုကူညီပါလားဗျာ-ဟို-ဟို-ကျွန်တော့်အမျိုးသမီး. . ."

"ဘာလဲဗျ-ကျွန်တော်ဘာလုပ်ပေးရမလဲ. . ."

သူ့စကားမဆုံးမီကားဆရာကမေးလာသည်။ ကားဆရာ၏စကားမဆုံးမီသူက ကားပေါ်ရောက်နှင့်နေချေပြီ။

"ဒီ-ကမ်းထိပ်ကလေးဆီသာမောင်းသွားပါဗျာ၊ အမျိုးသမီးရေထဲလိမ့်ကျလို့. . ."

"ဟဖြစ်ပါ့မလားဗျ၊ ခင်ဗျားတို့ဟာကရှုပ်ရှုပ်ရှက်ရှက်၊ တော့ကြာကျွန်တော်ပါပြဿနာတက်နေအုံးမယ်. . ."

"ဖြစ်ပါတယ်ဗျာ-ကျွန်တော်တာဝန်ယူပါတယ်၊ အခုဟာက ကျွန်တော်အမျိုးသမီးပါ. . ."

ကိုနေကျော်ထစ်ထစ်ငေါ့ငေါ့နှင့်ရှင်းပြနေသည်။ ကားဆရာမှာစိတ်မရှည်ချင်၊ ကိုနေကျော်ကလည်းကားပေါ်ရောက်နေသည်။ ခရီးမှာလည်းမဝေးလှ၊ ဘီးအပတ်တစ်ရာ၊ တစ်ရာ့ငါးဆယ်မျှသာဝေးသည်။ မထူးတော့သဖြင့်ကားတို့ကွေ့၍မောင်းပေးသည်။

. . အနားသို့ရောက်သောအခါတွင်၊ ကိုနေကျော်အမြန်ဆုံးကားပေါ်မှပြေးဆင်းပြီးအမျိုးသမီးကိုပွေ့ယူသည်။ ဖွံ့ဖြိုးသောအမျိုးသမီးကိုခက်ခက်ခဲခဲပွေ့ပြီး ကားပေါ်တက်ရသည်။

ကားဆရာမှာတအံ့တဩအထိတ်တလန့်ဖြင့် ကိုနေကျော်၏လှုပ်ရှားမှုမှန်သမျှကိုကြည့်နေသည်။ သူကိုယ်တိုင်ကသူ့ကားခေါင်းထဲမှမထွက်ရဲ။

ဖော်မွန်စာပေ



"မြောက်ဘက်အတိုင်းသာကွေ့မောင်းတော့ ဆရာရေ"

ဖိနပ်ကအစ၊ လက်စလက်နများကိုသိမ်းပြီးသောအခါ ကိုနေကျော်ကလှမ်းပြောသည်။ သူ့ရင်ခွင်ထဲမှပျော့ခွေနေဆဲအမျိုးသမီး၏ခန္ဓာကိုယ်ကိုမူ ဖေးမပွေ့ချီထားသည်။

"ဘယ်လိုဖြစ်ကြတာလဲဗျာ. . ."

ကားဘီးလိမ့်သည်နှင့်ကားဆရာကစူးစမ်းသည်။

ရုတ်တရက်မို့ကိုနေကျော်မဖြေနိုင်၊ ကျေနပ်ပုံမရသောကားဆရာက နောက်ဘက်လှည့်ကြည့်တော့မှ ကြံရာမရထင်ရာပြောချလိုက်သည်။

"သူကကျွန်တော့်အမျိုးသမီး၊ နယ်ဂျ-အဲဒါ-အဲဒါ၊ ကျွန်တော်ကတက္ကသိုလ်ကျောင်းသား၊ အခုသူကကျွန်တော့်နောက်ကိုလိုက်ခဲ့တယ်ဗျာ၊ ကျွန်တော့်မှာကအလုပ်ရှိတာမှုတ်ဖူး၊ ဒီအခက်အခဲကိုပြောပြတော့ တစ်ခါထဲစိတ်ဆိုးမာန်ဆိုးနဲ့ရေထဲခုန်ဆင်းတော့တာပဲဗျာ၊ ကံကြီး . အသက်မသေတာ. . ."

ကိုနေကျော်မှာ လုပ်ကြံပြောနေရသဖြင့်သူ့စကားများမှာ အဆီအငေါ်မတည့်ဖြစ်နေသည်။ သို့သော်သူဘာဆိုလိုသည်ကိုတော့ ကားဆရာသဘောပေါက်သွားပုံရသည်။

"ခင်ဗျားသူ့ကိုယူမှာပဲမှုတ်လား. . ."

"ကျွန်တော့်ကိုယုံလို့လိုက်လာမှတော့ ကျွန်တော်မငြင်းပါဘူး၊ သူဟာ-ကျွန်တော့်ငယ်ချစ်ဦး. . ."

သည်တစ်ကြိမ်တွင်တော့ ကိုနေကျော်အသံမှာရွှင်နေ၏။

"မိန်းမတွေကခက်တယ်ဗျာ-မိန်းမတွေဟာမိုက်စရာရှိရင်

ဖော်မွန်စာပေ

ကျွန်တော်တို့ယောကျ်ားထက်မိုက်တယ်၊ စွန့်စားစရာရှိရင်လည်းပို ပြီးစွန့်စားတယ်၊ အဲ-ယုံပြီဆိုရင်တော့ပုံပြီပေါ့ဗျာ. . . "

"ဟုတ်ကဲ့. . "

ကားဆရာ၏အယူအဆကို၊ ကိုနေကျော်လက်မခံချင် သော်လည်းနာခံရသည်။ လောလောဆယ်အားဖြင့်သူနှင့်အဆင် ပြေနေသည်ကိုပင် ရင်ထဲမှကြိတ်၍ဝမ်းသာနေမိသည်။

"ခင်ဗျားမှတ်ထားဗျ. . . "

"ဟုတ်ကဲ့-ပြောပါခင်ဗျာ. . . "

မကျေနပ်ရင်ထောင်(၇)နှစ်ဆိုတာ လေ. . . "

"ဟာ-ကြားဖူးတာပေါ့ဗျာ. . . "

"အခုလည်းကြည့်လေ-သူစွန့်စားလို့သာခင်ဗျားကျန်ရစ် မဖြစ်တာမို့လား. . . "

"ဟုတ်ပါတယ်ဗျာ. . . "

ကိုနေကျော်ပြောသာပြောရသည်၊ ရင်ထဲမှာမူရယ်ချင်နေ သည်။

ကားဆရာကမူသူ့စကားများကို ထောက်ခံမှုရနေ၍လား မသိ၊ ဆက်၍လေကောင်းနေ၏။

"လူဆိုတာတော့ဗျာ-ဒီလိုပါပဲ၊ မရှိတဲ့ဘဝကစကြရတာပါ ပဲ၊ နောက်တော့လဲသူ့အိုးနဲ့သူ့ဆန်ဖြစ်လာမှာပါ. . . "

"ကျွန်တော်လည်း ဒီအတိုင်းပဲယုံနေတယ်၊ လောလော ဆယ်အခိုက်အတန့်သာ အခက်အခဲဖြစ်မှာပါနော်. . . "

ကိုနေကျော်ကအကြံယူသလိုဖြင့် မေးခွန်းထုတ်လိုက်သည်။





"ဒါဆို-အခုခင်ဗျားတို့လက်ထပ်ဖြစ်ကြတော့မယ်ပေါ့. . "

"ဟုတ်ကဲ့-ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ. . . "

စကားအဖြစ်သာပြန်ပြောရသည်။ သူ့တွင်မည်သည့်ဆုံး ဖြတ်ချက်မျှမရှိသေးချေ၊ ကားဆရာနှင့်စကားအဆင့်ပြေလိုခြင်းသာ သူ့တွင်အဓိကဖြစ်သည်။

"ကြုံကြိုက်တုန်း ပြောလိုက်ချင်တယ်ဗျာ. . . "

ကားဆရာမှာသြဝါဒမိန့်ခွန်းချွေချင်သေးဟန်တူသည်။ ကိုနေကျော်နားစွင့်ရပြန်၏။

"အင်း-ကျွန်တော်ပြောမယ့်စကားတွေသာ ခင်ဗျားအမျိုး သမီးများကြားရင်၊ ကျွန်တော့်ကိုကျိန်ဆဲနေတော့မှာပဲ၊ သတိများရ နေပြီလားမသိဘူးကြည့်လိုက်ပါဦး. . . "

ထိုစကားက ကိုနေကျော်ကိုသတိပေးသလိုဖြစ်သွားသည်။ သို့သော်အမျိုးသမီးမှာသတိမေ့နေဆဲ. . . "

"ခင်ဗျားဗျာ-အိမ်ပြန်မယ့်အစား၊ ဆေးရုံဖြစ်ဖြစ်၊ ဆေး တိုက်ဖြစ်ဖြစ်ခေါ်သွားဖို့ကောင်းတယ်. . . "

ကားဆရာက အကြံပေးနေပြန်သည်။

"မဖြစ်ဘူးထင်တယ်ဗျာ-တော်ကြာမသင်္ကာလို့မေးစမ်းနေ ရင်ခက်မယ်၊ ကျွန်တော်တို့ကလက်ထပ်ရသေးတာမဟုတ်ဖူး၊ ကျွန် တော့်အိမ်မှာပဲပြုစုမယ့်သူတွေရှိပါတယ်ဗျာ၊ အခုဟာကစိုးရိမ်ရေ မှတ်ကျသွားပြီပဲ. . . "

"ခင်ဗျားအိမ်ကဘယ်မှာလဲ နီးပြီလား. . . "

"ဟောဟိုရှေ့နားကလမ်းထိပ်မှာရပ်လိုက်ဗျာ၊ အတွင်း

ဘက်ခြံထဲမှာကျွန်တော့်အိမ်ရှိတယ်. . . . ”

ထို့နောက်သူတို့စကားပြောပြတ်သွားကြသည်။

ကားဆရာမှာ ကိုနေကျော်ပြောသည့်နေရာသို့ရောက်သောအခါ စက်ကိုမရပ်၊ မီးကိုမှုမှိတ်ပစ်လိုက်သည်။

ကိုနေကျော်ကဆယ်တန်တစ်ရွက်ကိုထုတ်ပေးရင်း၊ ကျေးဇူးစကားကိုဆိုလိုက်သည်။

ကားဆရာကဘာမျှမပြော၊ သူ့အသွင်မှာကိစ္စအားလုံး အမြန်ဆုံးပြီးသွားစေချင်နေပုံရသည်။

ကိုနေကျော်ကအမျိုးသမီးကို ပုခုန်းဖြတ်၍ထမ်းသည်။ လက်တစ်ဖက်မှလည်း ဖိနပ်များကိုယူရသေး၏။

သူကားပေါ်မှဆင်းရုံရှိသေးသည်။ ကားကမောင်းထွက်သွားတော့သည်။ ကားဆရာသည်ပြဿနာတက်မှာ စိုးရိမ်နေပုံရသည်။

အငှားကားလေးတစ်ခေါ်လောက်ဝေးသွားမှ ကိုနေကျော်ခြံတံခါးဖွင့်ဝင်ပြီး၊ ခြေတစ်ဖက်ဖြင့်နောက်ပြန်ပိတ်ပစ်သည်။

သူ့ရှေ့တွင်မူ၊ အတွင်းတွင်ကျွန်းသားတံခါးမကြီးခံထားသော ဘီလပ်တံခါးကဆီးကြိုနေသည်။

အခြေအနေအားလုံးသည်စိတ်ချရချေပြီ။ ။



အခန်း(၅)။

ညည့်ခန်းထဲရောက်သော်လည်း အမျိုးသမီးကိုဘယ်နေရာတွင်ချထားရမှန်းမသိဖြစ်နေသေးသည်။

ညည့်ခန်းထဲတွင်တော့မသင့်တော်၊ သူ့အိပ်ခန်းထဲ၌လည်းမဖြစ်။

ရုတ်တရက်အသိတစ်ခုဝင်လာသည်။ အသုံးမပြုသည်မှာကြာလှပြီဖြစ်သော သီးသန့်အိပ်ခန်းတစ်ခုမှာသူ့အိပ်ခန်းနှင့် မျက်နှာချင်းဆိုင်တွင်ရှိနေသည်။ သူပန်းချီဆွဲနေကျအခန်းနှင့် ကျောချင်းကပ်ဖြစ်သည်။ ညအိပ်ဧည့်သည်များအတွက်ဖြစ်သော်လည်း တစ်ခါဖူးမျှလာရောက်မတည်းခိုကြပေ။

မီးချောင်းခလုပ်ကိုဖွင့်ပြီးမှ အခန်းထဲဝင်ခဲ့သည်။

ဆယ့်ငါးပေပတ်လည်ရှိသော အခန်းလေးမှာလိုအပ်သော ပစ္စည်းများဖြင့်ပြည့်စုံသည်။ ကုတင်၊ စာရေးစားပွဲ၊ ကုလားထိုင်၊ ကွန်းကော့ထိုင်ခုံတို့ဖြင့် အဆင်သင့်သက်တောင့်သက်သာအနားယူနိုင်သည်။

ကုတင်ဖုံးကိုဖွင့်လိုက်ရုံဖြင့် အမျိုးသမီးကိုအသင့်တင်ထား၍ဖြစ်နိုင်သည်။ သို့သော်အမျိုးသမီးတစ်ကိုယ်လုံးမှာစိုရွှဲနေသည်။ အဝတ်အစားတို့ကပုံပန်းမကျ၊ ဖို့ယို့ဖားယား၊ ပန်းချီဆရာတစ်ဦး အဖို့အမြင်မဆန်းသော်လည်း တကယ်တန်းသူလုပ်ပေးရမည်ဆိုသောအခါကျော့ချမ်းမိသည်။

ထို့ကြောင့်အမျိုးသမီးကို ကွန်းကော့ပေါ် သို့ချထားလိုက်သည်။ ဘာလုပ်ရမည်ကိုသူနားလည်သည်. အနွေးထည်နှင့်အဝတ်တစ်စုံကိုအပြင်သို့ထွက်ယူသည်။ အော်ဒီကလုံးရေမွှေးပုလင်းကိုလည်းမမေ့၊ အားလုံးပါလာသည်။

ဤတစ်ကြိမ်တွင်တော့ အမျိုးသမီး၏မျက်နှာကိုအသေအချာကြည့်ဖြစ်သည်။ မျက်နှာဖြူဝင်းသော်လည်းသွေးအားဖျော့သည်။ နှုတ်ခမ်းလှသော်လည်းပြာနေ၏။ မျက်တွင်းတစိုက်တွင်အပြာနှမ်းဆုံး၊ ပြဿနာမဖြစ်မီက ကြောက်ရွံ့စိုးထိပ်စရာဖြင့်ကြုံဆုံခဲ့ပုံရသည်။ မျက်ခုန်းနှစ်ဖက်မှာတွန့်နေ၏။

ပုံပန်းမကျသောအဝတ်အစားနှင့်ဖြစ်သော်လည်း၊ ပန်းချီဆရာ၏မျက်လုံးတွင်လှနေသည်။

ခြုံ၍ကြည့်လျှင်အမျိုးသမီးသည်မိန်းမချောမဟုတ်၊ မိန်းမလှလေးဖြစ်၏။ မျက်နှာဝိုင်း၍အသားဖြူသည်။ အရပ်မြင့်၍ကိုယ်





လုံးသွယ်သည်ဟုထင်ရသည်။ သို့သော်ဖွံ့ထွားပြည့်တင်းသည်။

ကိုနေကျော်ခေါင်းထဲအသိတစ်ခုဝင်လာသည်။ ထိုအသိဖြင့်မီးခလုတ်ကိုလှမ်းပိတ်လိုက်သည်။ ပြီးမှအဝတ်အစားများကိုလဲလှယ်ဝတ်ဆင်ပေးရသည်။ သူ့ရင်ထဲတွင်ကတုန်ကယင်ခံစားရမိသော်လည်းသူ့အလုပ်သည် မျှော်လင့်သည်ထက်စော၍စီးစွာပြီးဆုံးသွားသည်။

မီးချောင်းခလုတ်ကိုပြန်ဖွင့်ပြီးမှ အမျိုးသမီးကိုကုတင်ပေါ် သို့တင်နိုင်ခဲ့သည်။ ဤတွင်သူ့ရင်ထဲမှလှုပ်ရှားမှုသည်လည်း အဆုံးသတ်သွားတော့၏။

ထို့နောက်သူဆောင်ရွက်သောကိစ္စမှာ အမျိုးသမီးကိုသတိရလာစေရန်ဖြစ်၏။ အော်ဒီကလုံးရေမွှေးနံ့ပေးပြီး ကြိုးစားကြည့်သည်။ အမျိုးသမီး၏အသက်ရှူသံမှာပြင်းလာသည်။ သို့သော်အနေးအမြန်မမှန်၊ ထို့ကြောင့်သူ့ရှည်ရှည်ဝေးဝေးမစဉ်းစားနေတော့၊ သူ့အခန်းထဲမှဘရမ်ဒီပုလင်းကိုထွက်ယူသည်။ ဖန်ခွက်မေ့ကျန်နေပြန်သဖြင့်မထူးတော့သည်နှင့် သည်အတိုင်းအမျိုးသမီး၏ပါးစပ်တွင်အလိုက်သင့်မော့ပေးလိုက်သည်။

နှစ်ကြိမ်မျှဤသို့လုပ်ခဲ့ပြီးလျှင် အမျိုးသမီးမည်သို့ခံစားရသည်မသိ၊ သူကိုယ်တိုင်မှာမူ၊ မူးနောက်နောက်ဖြစ်လာသည်။ ညဦးပိုင်းတချိန်လုံးအရက်သောက်နေမိခြင်း၊ ရေထဲဆင်းခဲ့ပြီးအမျိုးသမီးကိုထမ်းပိုးလာရခြင်းစသော စိတ်မော၊ လူမောစရာအဖြစ်တို့ကသူ့အားဆန္ဒပြလာချေပြီ။

ယခုအချိန်ထိသူအဝတ်အစားမလဲရသေး၊ သူ့အဖြစ်ကိုသ

တိရယင်းအံ့ဩမိသည်။ ချမ်းစိမ့်စိမ့်ခံစားလာရသည်။ ထို့ကြောင့် လက်ထဲတွင်အသင့်ရှိနေသောဘရမ်ဒီပုလင်းကို သုံးကျိုက်မျှကျိုက်ချလိုက်သည်။ ပြီးမှအဝတ်အစားလဲရန်သူ့အခန်းသို့ထွက်ခဲ့သည်။

ဆယ်မိနစ်မျှပင်မကြာ၊ သူ့အဝတ်အစားအားလုံးလဲလှယ်ပြီးသွားသည်။ လုံချီ၊ ရှပ်ရှည်နှင့်အနွေးထည်တို့မှာ သူနှင့်လိုက်ဖက်ညီသွားသည်။ အရက်ရှိန်ကြောင့်လည်းနွေးနွေးထွေးထွေးရှိလာသည်။

သူသည်အမျိုးသမီးရှိသော အခန်းသို့ဝင်ခဲ့သည်။

ဤတွင်သူ့အဖို့အံ့ဩရတော့၏။

အမျိုးသမီးမှာ ကုတင်ပေါ်တွင်မရှိတော့။

ရုတ်တရက်မို့သူနားမလည်နိုင်အောင်ဖြစ်ရသည်။ အရက်ရှိန်ကြောင့်များလားဟု သံသယဖြစ်လိုက်သေးသည်။

မဟုတ်ပါ။ ဤမျှအရက်နှင့်တော့သူမမူးတတ်ပါ။

သူ့ရင်ခုန်သံသည်မြန်လာ၏။ သူ့မျက်လုံးများလည်းလျှင်မြန်လာ၏။ အခန်းအနှံ့ကိုဝေ့ဝိုက်၍ လျှပ်တပျက်အကဲခတ်လိုက်သည်။ ထူးခြားမှုကိုမတွေ့ရ၊ အမျိုးသမီးနှင့်ပတ်သက်၍စောစောကလဲလှယ်ပေးလိုက်ရသော အဝတ်ရေစိုများသာရှိသည်။

ဤတွင်တစ်ခန်းလုံးအနှံ့သေချာစွာစစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

အခန်းဒေါင့်များ၊ ကုတင်အောက်နှင့်စေ့နေသောပြူတင်းပေါက်တံခါးဂျက်ပြုတ်မပြုတ်ကအစ စူးစမ်းရှာဖွေသည်။ ထူးခြားမှုဟူ၍ဘာမျှမတွေ့ရ။





သူဝင်မလာမီသတိရလာသောအမျိုးသမီးသည် တံခါးဖွင့်ပြီးထွက်ပြေးပြီလော။

ဤတွင်အသိတစ်ခုသူ့ခေါင်းထဲရောက်လာသည်။

ရုတ်တရက်နောက်ဖက်သို့လှည့်လိုက်ပြီး၊ ဖွင့်သောအနေအထားအရ လှန်ထားသောတံခါးရွက်ကြီးကိုဖြေးဖြေးချင်းဆွဲယူလိုက်သည်။

ဤတစ်ကြိမ်တွင် သူ့အယူအဆမှန်သွားသည်။

မီးဝင်းဝင်းတောက်မျှ အရောင်ထွက်နေသောအမျိုးသမီး၏မျက်လုံးများက သူ့ကိုကြိုဆိုနေသည်။

သူမ၏အကြည့်သည် စိုးရိမ်ထိတ်လန့်မှု၊ နာကျည်းရွံမုန်းမှု၊ အထူးအဆန်းအံ့ဩမှုတို့ဖြင့်ပြည့်နေ၏။

ထိုအကြည့်များကြောင့် ကိုနေကျော်ကိုယ်တိုင်ဘာပြောရမှန်းမသိ၊ အံ့အားကြီးသင့်ပြီးကြောက်စိတ်ဖြင့် ပါးစပ်အဟောင်းသားဖြစ်ရသည်။

အမျိုးသမီးသည်၊ ကိုနေကျော်ခြုံပေးခဲ့သောစောင်ပါးကိုသူမ၏မပိယိ၊ မသေသပ်သောကိုယ်အထက်ပိုင်းကိုကာကွယ်ရန်တင်းကြပ်စွာဆုပ်ကိုင်ထားပြီး၊ ဆံပင်တို့မှာဖယိုဖရဲနှင့်စိုထိုင်းနေဆဲဖြစ်၏။ သူမဝတ်ထားသောယောကျ်ားအင်္ကျီလုံချည်မှာ ပြင်ဝတ်ရသေးဟန်မတူ၊ စွန်တောင်ဆွဲအနေအထားရှိနေသေးသည်။

သူမကိုယ်လေးမှာမူ တုန်တုန်ယင်ယင်ဖြစ်နေသည်။ ကြောက်ရွံ့၍လည်းဖြစ်နိုင်သည်။

သူတို့မျက်လုံးချင်းဆုံမိနေသော်လည်း၊ တစ်ဦးနှင့်တစ်ဦး

စောင့်ကြည့်နေပုံမျိုးဖြစ်နေသည်။ တစ်စုံတစ်ဦး၏လှုပ်ရှားမှုသည် တစ်ဦးတစ်ယောက်အတွက်ပြဿနာတက်နိုင်သည့် အနေအထားမျိုးပေ။

အမျိုးသမီးပုံတူပန်းချီကားပေါင်းများစွာ ရေးဆွဲခဲ့ဖူးသောပန်းချီဆရာကိုနေကျော်၏မျက်လုံးများသည်၊ သူ့ရှေ့မှအမျိုးသမီး၏အသွင်သဏ္ဌာန်နှင့်အနေအထားကို အလွတ်နီးပါးမှတ်မိစရာဖြစ်လာသည်။

အထူးသဖြင့်မိန်းမသားတစ်ဦး၏ ရင်တွင်းမှခံစားချက်နှင့် ပတ်သက်၍သူမ၏မျက်လုံးများက စကားပြောနေပြီကို၊ ကိုနေကျော်အတတ်သိလိုက်သည်။ သူ့ရင်ထဲ၌မူလှပသော မိန်းမသားအတွက် ခါးသီးသောကြမ္မာမုန်တိုင်းဝင်မွှေသွားသည်ကိုပင် သူမယုံချင်ချင်ဖြစ်လာသည်။

အခိုက်အတန့်အားဖြင့် အခန်းလေးသည်ပတ်ဝန်းကျင်နှင့် အပြိုင်ပကတိတိတ်ဆိတ်နေ၏။

သို့သော်ထိုတိတ်ဆိတ်မှုကိုစတင်ဖြိုခွင်းသူမှာ အမျိုးသမီးကိုယ်တိုင်ပင်ဖြစ်၏။

"ရှင်-ရှင်-ဘယ်သူလဲ. . ."

ဆွဲလဲသံလေးသည်တုန်ယင်နေ၏။ အကြောက်ပြေသေးပုံမတူ။

"ဟေ"

ကိုနေကျော်အံ့ဩရချေပြီ။

"နေစမ်းပါဦး-အဲဒီမေးခွန်းကမင်းကမေးရမှာလား၊ ငါက





မေးရမှာလား. . ."

အသက်နှစ်ဆယ်မျှပင်မရှိသေးသော မိန်းမလှလေးကို၊ ကိုနေကျော်မေးခွန်းပြန်ထုတ်သည်။

"ရှင်. . ."

သည်တစ်ကြိမ်အံ့ဩသွားရသူက သူမ။

"ဟုတ်တယ်-မင်းဘယ်သူလဲ၊ ဘာဖြစ်လာသလဲ-ဆိုစမ်း"

ကိုနေကျော်မေးခွန်းများ ဆက်တိုက်ထုတ်နေသည်။

သည်တော့မိန်းမလှလေးဆွံ့အသွားပြန်သည်။ ဘာမျှပြန်မပြောနိုင်ရှာတော့။

သူမက ကိုနေကျော်ကိုတအံ့တဩ၊ တစူးတစမ်းဖြင့်ကြည့်ရှုသာမဟုတ်သေး၊ အခန်းပတ်လည်ကိုလည်း မလုံသောစိတ်ဖြင့် မျက်စိကစားလိုက်သေး၏။

နောက်ဆုံးတော့ သူမမျက်လုံးများကုတင်ခြေရင်းရှိတန်းပေါ်တွင်ရေညစ်ပြီးလှမ်းထားသော သူမ၏အဝတ်အစားများကို တွေ့သွားသည်။ ဤတွင်မလုံသောစိတ်သည် သူ့အားတုန်လှုပ်သွားစေသည်။ သူ့မျက်လုံးများသူ့ကိုယ်ပေါ်သို့ရောက်သွားသည်။ အဝတ်ဝတ်ထားပြီး စောင်ခြုံထားသည့်တိုင်အောင် မလုံသလိုခံစားရမိသည်။ ထို့ကြောင့်စောင်လေးကိုတင်းကြပ်သထက်တင်းကြပ်စွာဆုပ်ကိုင်ထားမိတော့သည်။

"ဒါတွေဟာ. ."

သူမထံမှထွက်ပေါ်လာသော ဒုတိယမြောက်မေးခွန်းဖြစ်သည်။

သူမ၏ ကိုယ်ပေါ်မှအနွေးထည် ဖို့ယို့ဖားယားနှင့်

ယောကျ်ားလုံချည်တို့ကသူ့စိတ်ကို မလုံမလဲဖြစ်စေဟန်တူပါသည်။

"အေး-ဟုတ်တယ်၊ မင်း-ရေနစ်နေတာတွေ့လို့ ဆင်းဆယ်ပြီးဒီခေါ်ခဲ့တာပဲ. . ."

ကိုနေကျော်ဆက်မပြောချင်တော့၊ ဆက်ပြောရမည့်စကားမှာစဉ်းစားလျှင်သိနိုင်ပါ၏ဟုသော စကားမျိုးဖြစ်သည်။

သို့သော်သူမကမူ ထိုစကားကိုမေးဖြစ်အောင်မေးနေသေးသည်။

"အဝတ်အစားတွေ ဘယ်သူလဲပေးတာလဲ. . ."

"ဒါကမင်းအတွက်အန္တရာယ်ပဲ၊ ရေစိုနှစ်နေတဲ့မင်းကိုဒီအတိုင်းကြည့်မနေနိုင်ဘူး၊ ဒီတော့-ကိုယ်တိုင်ပဲ. . ."

"ရှင်. ."

သူမထံမှ အံ့ဩလှုပ်ရှားသံထွက်လာသည်။

ဖြူဝင်းသောအသားမှာ ပန်းရောင်သန်းသွားသည်။

ရှက်စိတ်အကြည့်ဖြင့် မျက်လွှာချထားသည်။

ဤတွင်ကိုနေကျော်အသိဝင်လာသည်။ သူမအာရုံပြောင်းပေးရန်ပင်ဖြစ်၏။

"မင်းဘယ်လိုဖြစ်ပြီး ရေထဲကျတာလဲ. . ."

"ရှင်-ကျွန်မ. . ."

"မေးမယ့်သာမေးရတယ်-အမှန်ကရေထဲကျတာဟုတ်ချင်မှဟုတ်မယ်၊ ရေထဲခုန်ချတာဖြစ်နိုင်တယ်၊ မင်းဖိနပ်ကကမ်းစပ်မှာပုံမပျက်ရှိနေတယ်လေ. . ."

ကိုနေကျော်မေးခွန်းက သူမအားလှုပ်ရှားသွားစေသည်။





သို့သော်ဘာမျှတော့ပြန်မပြော။

"ပြောစမ်းပါဦး-မင်းဘာဖြစ်လို့သေကြောင်းကြံရတာလဲ"

ထိုမေးခွန်းကြောင့် သူမ၏ခေါင်းလေးဆတ်ကနဲမော့လာသည်။ ဘာမျှမပြောသေးသော်လည်းအကြည့်စိမ်းက အဓိပ္ပါယ်များစွာထွက်နေ၏။

"ပြောလေ. . ."

ကိုနေကျော်တိုက်တွန်းရပြန်သည်။

ရုတ်တရက်လှုပ်ရှားလိုက်သော အမျိုးသမီး၏အပြုအမူက ကိုနေကျော်အားမျက်လုံးပြူးစေ၏။

သူမသည်ဘာမျှမပြောပဲ၊ ထိုင်ချလိုက်ကာကြေကွဲထိခိုက်စွာငိုချလိုက်သည်။

ကိုနေကျော်ဘာလုပ်ရမှန်းမသိတော့၊ မဆင်ခြင်မေးလိုက်မိသောမိမိ၏စကားများကြောင့်ဟုတွေ့ထင်သည်။ သည်တော့စိတ်မကောင်းဖြစ်ရပြန်သည်။

"ဒီမယ်မိန်းကလေး-ကိုယ့်စကားတွေအတွက်၊ မင်းစိတ်ထိခိုက်သွားသလားဟင်၊ တောင်းပန်ပါတယ်ကွာ-တိတ်ပါတော့. . ."

သို့သော်အမျိုးသမီးကမတိတ်၊ ရှိုက်သံကဆက်နေသည်။

ဤတွင်ကြံရာမရသော ကိုနေကျော်အရဲစွန့်ရတော့သည်။ သူမနားတိုးသွားပြီး၊ သူမ၏ပုခုန်းနှစ်ဖက်ကိုဆွဲကိုင်၍ မတ်တပ်ရပ်စေရန်ထူပေးလိုက်သည်။

"ကဲ-ဒီမှာထိုင်မနေနဲ့၊ လာ-ဒီကုလားထိုင်ပေါ် ပြောင်းထိုင်ပြီးတော့မင်းဆန္ဒကိုပြော၊ ကိုယ်အတတ်နိုင်ဆုံးကူညီမယ်. . ."

ဤသို့ဖြင့်အမျိုးသမီးမှာ ကွန်းကော့ကုလားထိုင်ပေါ်သို့ ရောက်သွားသည်။

"ကဲ-ပြော၊ ကိုယ်ဘာကူညီရမလဲ. . ."

သူကအားတက်သရောမေးသည်။ တုန့်ပြန်ကြားရသည့် စကားကအံ့အားသင့်စရာဖြစ်နေသည်။

"ကျွန်မ-သေချင်တယ်. . "

"ဟေ-ဘာကွ. . ."

"ဟုတ်တယ်-ကျွန်မသေချင်တယ်. . ."

အမျိုးသမီးကထပ်မံအတည်ပြုပြောနေပြန်သည်။

"ဟ-မင်းနဲ့ကိုယ်ဆုံပြီးခုလိုဖြစ်ကထဲက၊ မင်းမှာသေနေ့မစေ့သေးဘူးဆိုတာ သဘောမပေါက်သေးဘူးထင်တယ်၊ ဘယ်လိုလဲ. . ."

"ကျွန်မက ရှင့်ကိုကျေးဇူးတင်ရမှာလား. . ."

"ဒါကတော့-မင်းသဘောပေါ့. . ."

"ကျွန်မရှင့်ကိုကျေးဇူးမတင်ဘူး. . ."

"ရပါတယ်-ကိုယ်လက်ခံပါတယ်၊ အဲတစ်ခုတော့ပြောချင်တယ်၊ တကယ်လို့အဲဒီတုန်းကမင်းကိုကိုယ်မတွေ့ခဲ့ရင်၊ မင်းကကြမ္မာဟာတစ်မျိုးဖြစ်သွားနိုင်တယ်၊ အခုတော့-တိုက်ဆိုင်လွန်းသွားတယ်၊ ကျေးဇူးလဲတင်မနေပါနဲ့တော့. . ."

"အကိုနဲ့ကျွန်မ-မတွေ့ခဲ့ကြရင်အကောင်းသား. . ."

"ဘာဖြစ်လို့လဲ. . ."

"ကျွန်မ-သေဖြစ်သွားတာပေါ့. . ."





"ဟ-မင်းကဘာယ်လိုလဲ၊ တွေ့ကြတာမှတစ်နာရီမပြည့်သေးဘူး သေစကားပြောတာသုံးကြိမ်ရှိပြီ၊ မှတ်ထားစမ်း-လူဆိုတာမွေးဖွားလာတယ်ဆိုကထဲက အသက်ရှင်ဘို့၊ တတ်နိုင်သမျှအသက်ရှည်ရှည်နေနိုင်အောင်ကြိုးစားဘို့ကွ. . ."

"အကိုတို့အဖို့တော့ဟုတ်မှာပေါ့လေ-ကျွန်မအဖို့ဆိုရင်အသက်ရှင်နေရတာထက်သေသွားရတာကမှ ကောင်းဦးမယ်. . "

ကိုနေကျော်ခေါင်းကုတ်မိသည်။ ခေါင်းခါမိသည်။ ဘာဆက်ပြောရမှန်းမသိတော့၊ ဂရုဏာသက်စွာဖြင့်သာကြည့်နေမိတော့၏။

ငြိမ်နေ၍လည်းမဖြစ်သေး။

"မင်း-ဘဝကအတော်လေး ဆိုးဆိုးဝါးဝါးကြုံဆုံခဲ့လို့လားကွာ-ကိုယ့်ကိုဖြစ်နိုင်ရင်ပြောပြပါလား. . ."

အမျိုးသမီးတွေဝေနေသည်။

"ကိုယ်မေးနေတာတွေဟာ-မင်းရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေဖြစ်နေတယ်၊ ဒီတော့-မပြောချင်လဲရပါတယ်. . ."

ကိုနေကျော်က အတည်ငြိမ်ဆုံးအသံဖြင့်ပြောသည်။

အမျိုးသမီး၏စိုစွတ်သောမျက်လုံးများက၊ ကိုနေကျော်ကိုမော့ကြည့်သည်။ ဘဝင်မကျ၊ စိတ်ထိခိုက်နေကြောင်းအကဲခပ်မိသွားပုံရသည်။

"ကျွန်မ-စိတ်မကောင်းပါဘူးအကို၊ တောင်းပန်ပါတယ်"

"ရပါတယ်ကွာ. . ."

"ဖြစ်နိုင်ရင်လေ။ ကျွန်မကိုဒီအခန်းထဲမှာ တစ်ယောက်ထဲ

ထားခဲ့ပါလားအစ်ကိုရယ်၊ ကျွန်မဖောင်းပန်ပါတယ်. . . "

ကိုနေကျော်၏အကြည့်က စူးစိုက်သွားသည်။ သက်ပြင်းမသိမသာချမိသည်။

"ကောင်းပြီလေ-အခုအချိန်မှာမင်းစိတ်တွေငြိမ်နိုင်ဦးမှာမှုတ်ဖူး၊ ဘယ်သူနဲ့မှလဲစကားပြောချင်မှာလဲမှုတ်ဖူး၊ ဒါဟာသဘာဝကျပါတယ်. . . "

အမျိုးသမီးထံမှ သက်ပြင်းရှိုက်သံပေါ်ထွက်လာသည်။

"ကောင်းပြီလေ-ဒါပေမယ့်၊ ထွက်မပြေးပါဘူး၊ သေကြောင်းမကြံစည်တော့ပါဘူးဆိုတဲ့ဂတိတော့ပေးရမယ်. . . "

"ဟုတ်ကဲ့-ကျွန်မဂတိပေးပါတယ်. . . "

"အေး-ဝမ်းသာပါတယ်ကွာ၊ မင်းကမင်းအကြောင်းပြောမပြပေမယ့်ကိုယ်ကတော့ ကိုယ့်အကြောင်းအခြေအနေကိုပြောထားရဦးမယ်. . . "

ထို့နောက်ကိုနေကျော်က သူသည်လူပျိုကိုယ်လွတ်ဖြစ်ပြီးပန်းချီရေးဆွဲခြင်းဖြင့် သက်မွေးဝမ်းကြောင်းပြုနေသူဖြစ်ကြောင်း၊ ဤတိုက်အိမ်မှာသူတစ်ယောက်တည်းငှားနေကြောင်း၊ အေးဆေးတည်ငြိမ်စွာရှိသော သူ့ဂေဟာလေးတွင်မည်သူ့ပရောဂကြောင့်နှင့်မျှအရုပ်ဆိုးအကျည်းမတန်စေချင့်ကြောင်း၊ သူ့ဆန္ဒကိုပါထည့်ပြောလိုက်သည်။

"ဟုတ်ကဲ့- ကျွန်မတပ်ပြီးဂတိပေးပါတယ်. . . "

အမျိုးသမီးက လေးနက်စွာပြောနေခြင်းဖြစ်၏။

"ကဲ-ဒါဖြင့်ကိုယ်သွားမယ်၊ တကယ်လို့ညရေးညတာအကူ





အညီလိုရင်လှမ်းခေါ်နော်၊ ကိုယ်ကမင်းရဲ့မျက်နှာချင်းဆိုင်အခန်းမှာအိပ်တယ်. . . "

စကားပြောပြီးအခန်းထဲမှထွက်မည်အလုပ်တွင်မှ သူ့မျက်လုံးများရေစိုအဝတ်များဆီရောက်သွားသည်။ လှမ်းယူရင်းတစ်စုံတစ်ခုကိုသတိရလိုက်သည်။

"အော်-ပြောဘို့မေ့ကျန်သွားတယ်၊ အဲဒါကအရေးကြီးတာ၊ ကိုယ့်နာမည်လေ-နေကျော်တဲ့၊ ပန်းချီဆရာနေကျော်ပေါ့. . . "

အမျိုးသမီးကခေါင်းငြိမ့်သည်။

"မင်းနာမည်ကကော၊ ဒါလောက်တော့သိခွင့်ရှိနိုင်ပါတယ်နော်. . . "

သူ့စကားကြောင့်အမျိုးသမီးပြုံးသည်။

"ဟုတ်ကဲ့-သိရပါတယ်၊ ကျွန်မနာမည်မေဇင်လတ်၊ ဒီမှာတော့မေကြည်လို့ခေါ်ကြတယ်၊ အဲဒီအတိုင်းလူသိများကြပါတယ်"

နာမည်နှစ်မျိုးနှင့်အမျိုးသမီးကို၊ ကိုနေကျော်နားမလည်နိုင်ဖြစ်ရသည်။

"ကိုယ်က ဘယ်လိုခေါ်ခွင့်ရှိသလဲ. . . "

သူ့မကပြုံးပြန်သည်။

"မေကြည်လို့ပဲခေါ်ပါအကို၊ အဲဒီနာမည်ကကျွန်မရဲ့ဘဝသစ်ပါ. . . "

"ကောင်းပြီလေ-မေကြည်တဲ့ဟုတ်လား. . . "

မေကြည်ကခေါင်းငြိမ့်သည်။ သူမမျက်နှာလေးဝင်းလက်သွားသည်ကိုရုတ်တရက်မမျှော်လင့်ပဲတွေ့လိုက်ရသည်။ သို့ဖြင့်

ကိုနေကျော်ရင်ထဲလေးသွားသည်။

"တစ်ခုတော့ပြောရဦးမယ်မေကြည်၊ ကိုယ်ဟာမေကြည်အတွက်တော့လူစိမ်းပဲ၊ ဒါပေမယ့်စိတ်ချလက်ချအနားယူပါ၊ အိပ်ပျော်အောင်အိပ်ပါ၊ ဖြစ်နိုင်ရင်အိပ်မက်လှလှလေးမက်နိုင်အောင် အိပ်ကြည့်စမ်းပါ. . ."

ကိုနေကျော်၏အရိုးသားဆုံးစကားနှင့် တိုက်တွန်းမှုကမေကြည်အားစိတ်ချယုံကြည်သွားစေသည်။

မေကြည်ဘာမျှမပြောနိုင်မီပင်၊ ကိုနေကျော်အခန်းထဲမှထွက်ရင်းတံခါးကိုဆွဲပိတ်သွားသည်။

ညနက်လှပြီဖြစ်၏။

ငြိမ်သက်တိတ်ဆိတ်မှုကလွှမ်းမိုးနေ၏။

ထိုအတူကန်တော်ကြီးစောင်းမှ သီးသန့်ဝင်းနှင့်တစ်ထပ်တိုက်ပုလေးမှာလည်း၊ ညနှင့်အပြိုင်ပကတိတိတ်ဆိတ်ငြိမ်သက်သွားချေပြီ။ ။

## အခန်း(၆)။

ဆောင်းနှောင်းနွေဦး၏အာရုဏ်ဦးအလှတွင် ကိုနေကျော်သည်ခါတိုင်းကဲ့သို့ပင် နစ်မြောနေမိ၏။

သို့သော်သူ့မျက်လုံးများ၊ ခေါင်းရင်းဘက်ရှိစားပွဲပုလေးပေါ်မှလက်ကိုင်ပုဝါဖြင့်ထုပ်ထားသော အထုပ်ကလေးကိုတွေ့လိုက်သည်နှင့်သူ့စိတ်များလှုပ်ရှားရတော့သည်။

ကိုနေကျော်အိပ်ယာမှထထိုင်လိုက်သည်။ သို့သော်ကုတင်ပေါ်မှထမရပ်ဖြစ်၊ ငူငူလေးထိုင်ပြီးတစ်စုံတစ်ခုကို ရုတ်တရက်တွေးမိပြီးပြုံးလိုက်မိသည်။

ဖော်မွှန်စာပေ

သူမျက်လုံးများကမူစားပွဲပေါ်ရှိ အကြွေထုပ်ကလေးဆီမှ မခွာရှာသေး။ ထိုအထုပ်ကလေးမှာယမန်ညမေကြည်၏ အဝတ်ရေစိုများဖြန့်အလှမ်းတွင် ဂျင်းရှပ်အင်္ကျီအိတ်ထဲမှတွေ့လိုက်ရခြင်းဖြစ်သည်။ မစပ်စု၊ မစူးစမ်းတတ်သူပီပီအထုပ်ကိုဖွင့်မကြည့်ခဲ့၊ စင်စစ်မိန်းမတို့ခလေ့ကို အထိုက်အလျောက်သဘောပေါက်မိသောကြောင့်လည်းဖြစ်သည်။

သူပြုံးမိသည်ကလည်း ထိုအကြောင်းကိုပြန်တွေးမိလိုက်သောကြောင့်ဖြစ်၏။

သူ့မိတ်ဆွေတစ်ဦးကပြောဖူးသည်။

"မိန်းမများသေရင်၊ သူတို့ပါးစပ်ထဲပိုက်ဆံတစ်မတ်ထည့်ရင်လဲဖြစ်တယ်ဗျ၊ သူတို့အကျင့်ကစျေးဘိုးထဲကလစ်ပြီးစု၊ အိမ်သုံးထဲကလဲဝှက်ပြီးချန်၊ ရသမျှကုတ်ကပ်ထား၊ သေရာသွားရင်တောင်အကြွေထုပ်ကလေးတော့ပါသွားတတ်သဗျာ. . . "

ထိုစကားကြားစကလည်း သူပြုံးမိခဲ့သည်။ ယခုလည်းပြုံးမိပြန်သည်။

မှန်ပါသည်။ အတွေ့အကြုံအရလည်းသူသိခဲ့သည်။

သူငယ်စဉ်တောင်ကျေးကလေးဘဝက၊ ဆင်းရဲသူပီပီကျောင်းသွားတိုင်းမုန့်ဘိုးမရခဲ့၊ သို့သော်သူတို့ဆင်းရဲသောမိန်းက





လေးကျောင်းသူများကမူ တစ်ခါတစ်ရံမျှသာရသောတစ်မူး၊ တစ်ပဲကိုမုန့်အငတ်ခံ၍စုဆောင်းထားတတ်၏။ သူကအရုပ်ဆွဲပေး၍မုန့်ဘိုးတောင်းလျှင်ကား လျှောလျှောရှူရှူထုတ်ပေးတတ်ကြ သည်။

ဤကား မိန်းကလေးများ၏အကျင့်။

မိန်းမကြီးများကော ဘာထူးသေးသနည်း။

ယခုလည်းကြည့်၊ မေကြည်သည်ရေထဲခုန်ချသည့်တိုင်သူ့အိပ်ကပ်ထဲတွင် အကြွေထုပ်ကလေးကပါသေးသည်။

ရုတ်တရက်တံခါးဂျက်ဖြုတ်သံကိုကြားလိုက်ရသည်။ ကိုနေကျော်အတွေးများမျက်လွှင့်သွားသည်။ သူ့အာရုံမှာတံခါးဆီသို့ရောက်သွားသည်။

ချက်ချင်းဆိုသလိုပင်၊ တံခါးဆီသို့ခြေသံလုံလုံဖြင့်လျှောက်သွားပြီး၊ ရုတ်တရက်တံခါးကိုဖွင့်လိုက်သည်။

သို့သော် ဘာကိုမျှမတွေ့ရ။

မျက်နှာချင်းဆိုင်ရှိ မေကြည်အခန်းတံခါးကိုလှမ်းကြည့်မိသည်။ ထူးခြားမှုမရှိ၊ တံခါးမှာပိတ်ထားဆဲ။

မထူးတော့သည့်အဆုံး၊ စူးစမ်းလိုစိတ်ဖြင့်မေကြည့်အခန်းတံခါးဆီသို့လျှောက်ခဲ့သည်။ အခန်းလေးကားပကတိငြိမ်သက်လျက်။

သိလိုစိတ်ကနိုးကြားလာသည်။ သို့ဖြင့်တံခါးကိုသုံးချက်ခေါက်လိုက်သည်။

မည်သည့်တုန့်ပြန်မှုကိုမျှမကြားရ။

မချင့်မရဲစိတ်ဖြင့် ထပ်၍ခေါက်ကြည့်ပြီး၊ နားစွင့်ကြည့်

သည်။

"ဝင်ခဲ့ပါအကို- ခုပဲတံခါးကျက်ဖြုတ်ထားတာ. . ."

မေကြည်အသံကြားရမှ၊ သူသက်မချနိုင်ခဲ့သည်။

သူတံခါးကိုတွန်းပြီး အထဲဝင်လိုက်သောအခါ၊ ကုတင်ပေါ်တွင်လဲလျောင်းနေသော မေကြည်ကိုတွေ့ရသည်။

ပွယောင်းနေသောသူမ၏ဆံပင်တို့က ခေါင်းအုံးပေါ်တွင် ဖြန့်ကျဲနေသည်။ ဖြူဝင်းစိုပြေသောအသားနှင့်ကြည်စင်သောမျက်လုံးတို့က၊ ယမန်ညကအနိဋ္ဌာရုံနှင့် ဘာမျှမပတ်သက်ခဲ့သလို ခြားနားလှသည်။ စောင်ကိုရင်ညွန့်အထက်နားအထိလွှမ်းထားပြီး၊ ငြိမ်သက်နေသည့်အနေအထားမှာ ကျောက်ဆစ်ရုပ်ကလေးသဏ္ဍာန်အောက်မေ့ရ၏။

"နေကောင်းရဲ့လား မေကြည်. ."

စူးစမ်းသောအကြည့်ဖြင့်ကြည့်နေရှာသော သူမအကြည့်နှင့်အဆုံတွင်နေကျော်က စတင်မေးလိုက်သည်။

မေကြည်က ဘာမျှမပြောပဲကြည့်နေသည်။

"အိပ်မက်လှလှလေးတော မက်သေးလား. . ."

သည်တစ်ကြိမ်တွင်ကိုနေကျော်အမေးစကားက သူမအားပြုံးလာစေပါသည်။ သို့သော်မချိုပြုံးမျှသာဖြစ်ပါ၏။

သူမက ပက်လက်အနေအထားမှ၊ ကိုနေကျော်ဘက်သို့ ကိုယ်ကိုစောင်းနိုင်ရန် လှုပ်ရှားလိုက်သည်။ ဤတွင်စုပ်သပ်သံတစ်ခု သူမဆီမှကြားရသည်။

"ဟင်-မေကြည်နေမကောင်းဘူးလား၊ မလှုပ်နိုင်ရင်မလှုပ်





နဲ့၊ ဒီအတိုင်းသက်သက်သာသာနေပါမေကြည်. . ."

သို့သော်မေကြည်က၊ ကိုယ်စောင်းအနေအထားသို့ကြိုးစား၍လှုပ်ရှားသည်။

"တစ်ကိုယ်လုံးကိုက်ခဲနေပြီထင်တယ်၊ ညကကောအိပ်လို့ပျော်ရဲ့လား. . ."

ကိုနေကျော်မေးမြန်းသည်။

"ညက-အကိုထွက်သွားတော့မေကြည်အိပ်လို့မရဘူးလေ၊ ကိုယ်တွေလဲချမ်းပြီးကိုက်လာတယ်၊ မထင်မှတ်တာ့အကိုကိုခေါ်ဖို့မလို့ပါပဲ၊ အားနာတာနဲ့မခေါ်တာ. . ."

"ဖြစ်ရလေ မေကြည်ရယ်၊ တစ်ညလုံးမအိပ်ခဲ့ရဘူးပေါ့"

"မဟုတ်ဘူးလေ-နောက်တော့မတတ်နိုင်တဲ့အဆုံး စားပွဲပေါ်မှအကိုတင်ထားခဲ့တဲ့ အရက်နဲ့နဲ့ကိုကြိတ်မှိတ်မော့ရတာပေါ့"

"ဒါဖြင့်-မနက်ကကော ဘယ်အချိန်နိုးနေသလဲ. . ."

ကိုနေကျော်စူးစမ်းသည်။

"အကို့ တံခါးခေါက်သံကြားကထဲကပေါ့. . ."

"ဟာ-ဒါဖြင့်မနက်ငါးနာရီကထဲကပေါ့. . ."

"ဟုတ်မှာပေါ့. . ."

"ကြည့်စမ်းပါဦး၊ နာရီကိုခေါင်းရင်းမှာထားခဲ့တဲ့သူကမနိုးပဲ၊ တဖက်ခန်းကမေကြည်ကနိုးနေတာကို၊ အကိုလဲညကဘယ်လိုဖြစ်သွားမှန်းမသိပါဘူးကွာ. . ."

ကိုနေကျော်ရှက်ရှက်နဲ့ဝန်ခံလိုက်ရသည်။

"အကိုလဲ-ညကပင်ပန်းခဲ့တာပဲလေ၊ မေကြည်တော့ အကို

ကိုဒုက္ခလာပေးသလိုဖြစ်နေပြီ. . ."

သူမမျက်နှာလေးညှိုးသွားသည်။

ကိုနေကျော်ပင် အံနေရခက်သွားသည်။ ဤတွင်မေကြည်အာရုံကိုလွှဲပြောင်းရန်သူကြိုးစားခဲ့သည်။

"မေကြည်-ဒီမှာဘာလဲကြည့်စမ်း. . ."

လက်နောက်ပစ်ပြီးဝှက်ယူလာသော အကြွေထုပ်ကလေးကို ထုတ်ပြလိုက်သည်။

သူမမျက်လုံးများပြူးကျယ်ရွှန်းလက်သွားသည်။ အပြုအမူမှာလည်းလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဟင်-ဒါ-ဒါ. . ."

သူမအံ့ဩမှုများတုန်ယင်နေသည်။

"ဟုတ်တယ်လေ-ရေစိုနေတဲ့မေကြည့်အကျီအိတ်ထဲကတွေ့လို့သိမ်းထားတာ၊ ဒီလောက်ရေထဲမှာရုန်းကန်နေရတာတောင်ကျမကျန်ရစ်တာ မေကြည်ကံကောင်းတာပဲ. . ."

ကိုနေကျော်စကားမဆုံးမီ၊ မေကြည်အိပ်ယာပေါ်မှလူးလဲထထိုင်သည်။ ထို့ကြောင့်လွှမ်းခြုံထားသောစောင်မှာလျှောကျသွားသည်။ ကြယ်သီးပြုတ်နေသောအကျီအောက်မှ သူမ၏ရင်ညွန့်မှာလှစ်ဟသွားသည်။

ဤမြင်ကွင်းက ကိုနေကျော်၏ရင်ကိုဟာသွားစေသည်။ မေကြည်ကိုယ်တိုင်လည်းအချိန်မီသတိပြုမိသည်။ ကိုယ်တစောင်းလှည့်ပြီးကြယ်သီးများကိုပြန်တပ်သည်။

"ဒီအထုပ်ထဲမှာပိုက်ဆံဘယ်လောက်ပါသလဲ-ဟင်. . ."





ကိုနေကျော်က အသံကိုထိန်းထိန်းသိမ်းသိမ်းဖြင့်မေးလိုက်သည်။

"အကိုပဲပြောပါဦး-ဘယ်လောက်ရှိမယ်ထင်သလဲ. . ."

"အကြွေတွေနေမှာပေါ့-ငွေစက္ကူတော့ပါမယ်မထင်ဘူး၊ ဟုတ်ရဲ့လား. . ."

"အကိုဖြေကြည့်ပြီးပြီနဲ့တူတယ်. . ."

မေးသာမေးရသည်၊ သူမမျက်လုံးများက စူးစမ်းမှုအပြည့်။

"ပိုင်ရှင်ရှိနေမှတော့ ဘာလို့ဖြေကြည့်ရမှာလဲ-မေကြည်"

မေကြည်ပြုံးသည်၊ ချုပ်တီးသောအပြုံးဖြစ်၏။

"ဒီလိုဆိုရင်တော့ အကိုမဆိုးပါဘူး၊ အတွေးကောင်းတယ်-ဟုတ်တယ်အထုပ်ထဲမှာငွေစက္ကူမပါဘူး၊ အကြွေအလေးစေ့တွေချည်းအစီထိဖိုးလောက်ပါတယ်. . ."

မေကြည့်အကြည့်က စူးစူးရဲရဲရှိလှ၏။

"အတော်ပဲမေကြည်ရေ. . အကိုမှာလဲဘိုင်ကျနေတယ်လေ. . ."

ကိုနေကျော်က၊ မေကြည်ပျော်လာစေရန်ခပ်ပေါ့ပေါ့ရွှင်ရွှင်ပြောလိုက်သည်။ နောက်-မေကြည့်နားတိုးကပ်သွားရင်း အထုပ်ကိုစပြေသည်။

သို့သော်ဆုံးခမ်းမတိုင်မီ၊ မေကြည်ကအထုပ်ကိုရုတ်တရက်လှမ်းယူလိုက်သည်။

"မဖြေနဲ့လေအကို-ပိုင်ရှင်ရှိနေသေးတယ်လေ-ဘယ်လိုလဲ. . ."

မေကြည်ကရွှန်းလက်ကြည်စင်သော မျက်လုံးရွဲကြီးဖြင့် မျက်တောင်းခိုတ်ရင်းပြောနေသည်။

ကိုနေကျော်က ပြုံးလျက်။

"အကိုဘိုင်ကျတယ်ဆိုရင်တော့ယူပါ၊ ဒါပေမယ့်ပိုင်ရှင်ရှေ့မှာအကြွေတွေကို ဖြေကြည့်ခဲ့ရမှာတော့မလုံဘူး-ရှက်တယ်. . ."

"အလကားနောက်တာပါမေကြည်-လောလောဆယ်ဆယ်မှာတော့အကိုဟာ မင်းထက်အဆထစ်ရာလောက်ချမ်းသာနေပါသေးတယ်. . ."

ဒါနဲ့များ. . ."

"နောက်ပြီး- အိမ်ရှင်ဆိုတာစည့်သည့်ကိုနားလည်ရမယ်လေ၊ ကိုယ်ထက်ဆင်းရဲတဲ့ဧည့်သည်ကို၊ အကိုအနိုင်မကျင့်ပါဘူးကွာ. . . ."

"လက်စသတ်တော့-အကိုကသူဌေးပဲ၊ မေကြည်သိထားသလောက်ပန်းချီဆရာတွေဟာ ဆင်းရဲတာယ်မချမ်းသာကြဘူးတဲ့. . ."

ကိုနေကျော်ပြုံးလိုက်သည်။

"ပန်းချီဆရာတိုင်းမဆင်းရဲသလို၊ သူဌေးတိုင်းလဲမချမ်းသာပါဘူးမေကြည်ရယ်. . ."

"ဟင်-သူဌေးပဲချမ်းသာချမ်းသာရမှာပေါ့အကို. . ."

"ငွေကြေးချမ်းသာတဲ့တိုင်အောင်၊ စိတ်တော့ဆင်းရဲနေကြရတာပါမေကြည်. . ."

"အော်-အဲဒါတော့ဟုတ်တာပေါ့ ပန်းချီဆရာတွေကျတော့ကော. . ."

ဖော်ကွန်စာပေ



"ဗိုနိုင်ငံကပန်းချီဆရာအများစုကား မဆင်းရဲကြဘူးလေ ဘာဖြစ်လို့လဲဆိုတော့၊ သူတို့မှာအစိုးရအလုပ်တစ်ခုခု၊ ဒါမှမဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုခုကိုလုပ်ရင်း ပန်းချီဆွဲကြလို့ပေါ့. . ."

"အကိုတော့-တခြားစီးပွားရေးဘာလုပ်သေးလဲဟင်. . ."

"ဘာမှမလုပ်ဖူး၊ ပန်းချီပဲဆွဲတယ်၊ တစ်ယောက်ထဲသမားဆိုတော့အဆင်ပြေတာပေါ့. . ."

"ဒီလိုဆို အကိုကထူးချွန်လို့ပေါ့နော်. . ."

ကိုနေကျော်ဘာမျှမပြောနိုင်၊ မေကြည့်အမေးကသူလုပ်ရမည့်အလုပ်ကိုသတိပေးလိုက်သလိုဖြစ်နေသည်။

မိန်းမငယ်လေးများ၏ ပုံကိုရေးဆွဲရန် တစိုက်မက်မက်လုံးပန်းနေရတော့သူ့ဘဝတွင်၊ ယခုမိန်းမချောလေးတစ်ယောက် သူ့ရှေ့သို့ရောက်နေချေပြီ။

သူ့အကြည့်သည်၊ မေကြည်ဆီသို့လုံးလုံးရောက်နေသည်။ ဂျင်းရှပ်အင်္ကျီကပိုကရိုနှင့်ဖြစ်နေသောမေကြည်၏ အဆင်မပြေမှုများသည် သူလိုပန်းချီဆရာအတွက်မှု ထူးခြားလှပနေသည်။ ကိုယ်ဟန်အနေအထားကိုလည်းလျှပ်တပျက် အကြည့်နှင့်ပင်အလွတ်ရနေသည်။

မေကြည့်အမေးစကားအတွက်အဖြေပြန်မရသောအခါ၊ ပထမတွင်မေကြည်အံ့ဩသွားသည်။ နောက်တော့ကိုနေကျော်အကြည့်ကိုနားလည်သွားဟန်တူသည်။ မျက်လွှာချပြီးငြိမ်နေလိုက်တော့သည်။

အခိုက်အတန့်အားဖြင့်အခန်းလေးသည် ပကတိတိတ်

ဖော်ကွန်စာပေ

ဆိတ်သွားပြန်သည်။

အမြင်ဘက်မှစာငှက်ကလေးများ၏အော်မြည်ဟစ်ကြွေးသံတကြျတ်ကြျတ်ကို လှမ်း၍ကြားနေရသည်။

ကိုနေကျော်၏သက်ပြင်းရှိုက်သံက အခန်းလေးအားပြန်လည်အသက်ဝင်စေပြန်သည်။

"ဆောရီးပဲမေကြည်- ကိုယ်မေကြည့်ကိုပြောပြဘို့စဉ်းစားနေတာ. . ."

"ပြောဘို့-ဟုတ်လား၊ အကို ပြောဘို့လား၊ မေးဘို့လား-အကို. . ."

ထိုအမေးစကားအတွက်၊ ကိုနေကျော်မလုံ့စိတ်ဖြင့်ပြုံးလိုက်မိသည်။

"အမှန်ကတော့-မေကြည့်ကိုမေးချင်တာပေါ့၊ ဒါပေမယ့်သူများကိုယ်ရေးကိုယ်တာဆိုတာ မမေးကောင်းဘူး၊ မေကြည်ကိုယ်တိုင်ကလဲမပြောချင်ဘူးမှတ်လား. . ."

ဤအမှန်စကားသည် မေကြည့်နှုတ်ကိုဆွဲ့အသွားစေပြန်သည်။

"ဒါကြောင့်-မေကြည့်ကိုပြောပြမလို့၊ ဒါပေမယ့်ဖြစ်နိုင်ရင်မေကြည့်ဆန္ဒကိုသိချင်တယ်. . ."

"ဘာကိုလဲ-အကို. . ."

"မေကြည်-ဘာလုပ်ချင်သလဲ၊ ဘယ်သွားချင်သလဲ၊ ဘာဖြစ်ချင်သလဲ အကိုဘာအကူအညီပေးရမလဲ၊ ဆိုတာတွေကိုပေါ့"

သူကအားတက်သရော ပြောလိုက်သော်လည်း၊ မေကြည်





၏တုန့်ပြန်မှုမှာချိနဲ့လှ၏။

"မေကြည်လဲ-အဲဒီအကြောင်းကိုပဲတမနက်လုံး စဉ်းစားနေတယ်အကို. . ."

"ဆုံးဖြတ်လို့မရသေးဘူးဆိုပါတော့. . ."

"ဟုတ်တယ်-မဆုံးဖြတ်ရသေးဘူး၊ အနာဂတ်ကိုမပြောနဲ့၊ ပြီးခဲ့တဲ့အကြောင်းတွေကို ပြန်တွေးပြီးကြောက်နေတယ်. . ."

မေကြည့်အသံသည်၊ စိုးရိမ်ထိတ်လန့်မှုဖြင့် ကြောက်နေသည်။

"စဉ်းစားရမှာကြောက်နေရင်လဲ မစဉ်းစားပဲနေလိုက်ပေါ့မေကြည်၊ လူတွေမဖြေနိုင်တဲ့ပုစ္ဆာကို အချိန်ကာလက အဖြေပေးတတ်ပါတယ်၊ မေကြည်. . ."

မေကြည်ဘာမျှမပြော၊ ငြိမ်ချက်သားကောင်းနေသည်။ တစ်စုံတစ်ခုကိုအလေးအနက်စဉ်းစားနေဟန်တူသည်။

"ဒီအတောအတွင်းဆန္ဒရှိမယ်ဆိုရင် မေကြည်အကိုဆီမှာအနားယူနိုင်ပါတယ်. . ."

ကိုနေကျော်၏ကမ်းလှမ်းချက်က၊ မေကြည့်ကိုအံ့ဩသွားစေသည်။

"လွတ်လွတ်လပ်လပ်နေတတ်တဲ့အကို့အတွက် အနှောက်အယှက်ဖြစ်နေမှာပေါ့. . ."

"ရှင်. . ."

မေကြည်ထိတ်လန့်သွားသည်။ ကိုနေကျော်၏စကားမှာအဓိပ္ပါယ်အစွန်းထွက်လွန်းနေသည်။ သို့သော်ကိုနေကျော်၏မျက်နှာ

မြင်တွင် အပြုံးအရယ်တို့ငဲ့တွဲနေရပြန်သောအခါ မေကြည်နားလည်ရခက်သွားသည်။

"သိပ်လန့်သွားသလားမေကြည် . . ."

"အင်း-ဟင်း-နဲနဲတော့အထိပ်သား . . ."

မေကြည်ရှက်ပြုံးလေးဖြင့်ပြောသည်။

"ကိုယ်ဟာအနုပညာသမားပါကွာ-ရက်စက်တတ်တဲ့နှလုံးသားမရှိပါဘူး . . ."

ကိုနေကျော် ရယ်ရယ်မောမောပြောတော့၊ မေကြည်ပြုံးနိုင်လာသည်။

"ကျေးဇူးတင်ပါတယ်အကို-အားလဲကိုးပါတယ် . . ."

"တဲ-အားကိုးတာနောက်ထားပြီး၊ အခုလောလောဆယ်အိပ်ယာထလုပ်ငန်းလေးတွေလုပ်လိုက်အုံး၊ နောက်ဖက်ခန်းမှာအားလုံးအဆင်သင့်ရှိတယ်၊ အဲ-နောက်ပြီးအခိုက်အတန့်အားဖြင့်ဒီမှာနားနေဘို့စိတ်ကူးရှိတယ်ဆိုရင်တော့ လိုအပ်တာတွေပြော၊ အားမနာနဲ့၊ အဝတ်အစား၊ အသုံးအဆောင်၊ နောက်ပြီးဘော်လီနဲ့ပါတ်တွေအစပေါ့ . . ."

"အို-မဟုတ်တာအကိုကလဲ . . ."

မေကြည်နားရှက်သွားသည်။

"ကိုယ်ပြောတဲ့အထဲမှာ မဟုတ်တာတစ်ခုမှမပါဘူးဆိုတာမေကြည်သိမှာပါ . . ."

"ကဲပါအကိုရယ် . . . အကိုအခန်းထဲကအရင်ထွက်နှင့်၊ မေကြည်လိုက်ခဲ့မယ်၊ ဒီအဝတ်အစားကြီးနဲ့အိမ်ပြင်ထွက်ရမှာတော်





စိတ်မလုံဘူး . . ."

"ဒါကြောင့်ပြောတာပေါ့-အဝတ်အစားကစပြီးလိုနေပြီလို့လေ၊ မထူးပါဘူးမေကြည်ရယ်၊ လိုအပ်မယ့်အိမ်ဆောင်ပစ္စည်းဘောဂတွေပါတစ်ခါထဲထည့်ဝယ်လိုက်ရင် ကောင်းမှာပါပဲ . . ."

ကိုနေကျော်သူ့စကားကိုသူထောက်ခံသည်။

ထို့နောက် အခန်းအပြင်သို့သူထွက်ခဲ့သည်။

နေကျော်၏အပြုအမူနှင့် အပြောအဆိုများကပွင့်လင်းရိုးစင်းသည်။ အောင်မြင်သောအနုပညာသမားတို့၏နှလုံးသားကိုအတိုင်းသားလှမ်းမြင်ရသလိုမေကြည်ခံစားရသည်။ ဤသို့ဖြင့်မေကြည်၏မတင်မကျစိတ်ကလေးသည်၊ ဆုံးဖြတ်ပြီးသားဖြစ်သွားသည်။

ငင်စစ်ဤတိုက်အိမ်လေးအတွင်း အိမ်ထောင်ပစ္စည်း အဆော်အတန့်ရှိပြီးဖြစ်သည်။ မီးဖိုချောင်ပစ္စည်းလောက်သာလိုနေခြင်းဖြစ်သည်။ ကိုနေကျော်ကအိမ်တွင်ချက်ပြုတ်စားသူမဟုတ်၊ တွေ့ရာဆိုင်တွင်အလျင်းသင့်သလို ဝယ်စားတတ်သူဖြစ်၏။

ထို့ပြင်သူ့အလုပ်နှင့် သူ့အဖြစ်မှာအနီးအနားဆိုင်တွင်ထမင်းလခပေးစား၍ပင်မဖြစ်၊ ပန်းချီရေးဆွဲနေချိန်တွင်သာအိမ်တွင်ရှိပြီး၊ ကျန်အချိန်များတွင်မြို့ထဲနှင့်အလုပ်အပ်သူများထံတွင်အချိန်ကုန်နေတတ်သည်။

ကိုနေကျော်က ဖုံတက်နေသောမီးဖိုချောင်ပစ္စည်းအချို့ကိုရှင်းလင်းရင်း၊ လိုအပ်သည်များကိုရေးမှတ်နေသည်။ ဤနေရာတွင်မေကြည်၏အကူအညီကိုရယူရသည်။

သို့ဖြင့်သူတို့နှစ်ဦး၏ဆက်ဆံရေးသည် စောစောကထက် ပိုမိုရင်းနှီးခဲ့ပွင့်လင်းလာကြသည်။

မေကြည်နောက်ဖေးချောင်တွင် အလုပ်များနေချိန်တွင်၊ ကိုနေကျော်ကမဆွဲစဖူးဂျိုင့်ဆွဲပြီး လမ်းထိပ်ဘက်သို့ထွက်သည်။ နံနက်စာအတွက်အလုံအလောက်စားစရာများ ဝယ်ယူခဲ့သည်။

နံနက်ပိုင်းဝမ်းမီးကားငြိမ်းသွားချေပြီ။

× × × × × ×

## အခန်း(၇)။

နံနက်ဆယ်နာရီခန့်တွင်၊ ကိုနေကျော်တစ်ယောက်ပစ္စည်း ထွက်ဝယ်ရန် အဆင်သင့်ဖြစ်နေချေပြီ။

ရှပ်ရှည်အဖြူ၊ မီးခိုးရောင်အကွက်တိုက်ပုံနှင့်အပြာဖျော့ ရောင်ရှိုင်လုံချည်တို့ကို ဝတ်ဆင်ထားသောကိုနေကျော်၏သပ်ရပ် သောအသွင်ကို မေကြည်အမှတ်မထင်ငေးကြည့်မိနေသည်။

သူမကိုယ်တိုင်တွင်မူ ညကအဝတ်အစားအတိုင်း၊ ကပိုကရို ဖြစ်နေသည်။

သူတို့နှစ်ယောက်အကြည့်ချင်းအဆုံတွင်မူ မလုံမလဲဖြစ်ရ သူကမေကြည်။

"ဘာကြည့်တာလဲအကို. . ."

အရှက်ပြေပြန်မေးမိခြင်းဖြစ်သည်။

ဖော်ပြန့်စာပေ

"အော်-မေကြည်ကို၊ ခုအဝတ်တွေနဲ့ကိုယ်ကြည့်ကောင်းနေလို့ပါ၊ တကယ်ပါပဲမေကြည့်အသွင်ကိုတော့ ကိုယ်အလွတ်ရပြီပေါ့၊ ဒေအး-ကိုယ်ပြန်လာရင်တော့ပုံစံပြောင်းပြီးသားအောက်မေ့မေ့တော့. . ."

"ကောင်းပါပြီအကို-အော်-ဒါနဲ့၊ အကိုသွားရင်အဖြင်ကနေသော့ခတ်ပစ်ခဲ့နော်. . ."

ကိုနေကျော်ရုတ်တရက်နားမလည်သလိုဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ-ကိုယ်မေကြည့်ကိုယုံပါတယ်၊ မေကြည်ထွက်ပြေးမှာမှမဟုတ်ပဲ. . ."

"မှန်ပါတယ်အကို၊ မေကြည်ကို အကိုယုံတယ်ဆိုတာညာကထဲကသိပါတယ်၊ ခုကိစ္စကတော့မေကြည်ပြောသလိုလုပ်ပေးပါ. . ."

မေကြည်က ထပ်မံတောင်းဆိုနေပြန်သည်။

"ဘာဖြစ်လို့လဲမေကြည်. . ."

"ဪ-အကိုကလည်း၊ အကိုမရှိတုန်းဧည့်သည်တစ်ယောက်ယောက်လာရှာရင်၊ မေကြည်ကဒီအဝတ်အစားနဲ့ထွက်ပြီးဧည့်ခံရမှာလား၊ အပြ[illegible]နေသော့ခတ်သွားတော့ အိမ်မှာလူမရှိဘူးလို့ထင်သွားတာပေါ့. . ."

သည်တော့မှ ကိုနေကျော်သဘောပေါက်သွားသည်။

"အင်း-ဟုတ်သားပဲ၊ ကိုယ်ဒီအကြောင်းကိုနည်းနည်းလေးမှမစဉ်းစားမိဘူး၊ ဟူး-ဟူး-တစ်ချီး. . ."

ကိုနေကျော်ဆက်မပြောနိုင်၊ နှာဆတ်တိုက်ချေနေတော့သည်။





သူ့အဖြစ်ကိုကြည့်ရင်း၊ မေကြည်ပြုံးသည်။

"ဟင်း-ဟင်း-အကိုတော့ ညကဒဏ်တွေစုပြီးခံရပြီထင်တယ်၊ မနက်တုန်းကရေကိုအကြာကြီးစိမ်ချိုးလိုက်တာကိုး၊ အအေးမိသွားမှာပေါ့. . ."

"မပြောတတ်ပါဘူးမေကြည်ရာ-ခါတိုင်းလဲ၊ အကိုဒီလိုပဲရေချိုးတတ်တယ်လေ၊ ဟာ-ဟပ်ချီး. . ."

ပြောနေရင်းမှ ချေနေပြန်သည်။

"ကိုယ့်ကိုကူညီပါဦးမေကြည်၊ အကို့အိပ်ခန်းထဲမှာရှူဆေးရည်ပုလင်းရှိတယ်၊ ကျေးဇူးပြုပြီးယူပေးစမ်းပါ. . ."

မေကြည်အတွင်းခန်းထဲဝင်သွားသောအခါ၊ သူမှာဧည့်ခန်းတွင်ထိုင်ကျန်ရစ်ပြီးတစ်ချေတည်းချေနေတော့၏။

မေကြည်ပြန်ထွက်လာသောအခါရှူဆေးရည်ပုလင်းသာမက၊ ပန်းနုရောင်လက်ကိုင်ပုဝါလေးပ[illegible]လာသည်။ ထိုလက်ကိုင်ပဝါလေးမှာ မေကြည်ပိုက်ဆံအကြွေထုပ်ခဲ့သော ပဝါလေးဖြစ်သည်။

"အကို့အခန်းထဲမှာ လက်ကိုင်ပဝါမတွေ့လို့မေကြည်လက်ကိုင်ပဝါပဲယူခဲ့တယ်. . ."

သူမကပြောပြောဆိုဆို၊ လက်ကိုင်ပဝါထဲ ရှူဆေးရည်လောင်းထည့်သည်။

"ကျေးဇူးပါပဲမေကြည်ရာ-ဟပ်ချီး. . ."

ပြောနေရင်းမှ ချေဖြစ်ပြန်သည်။

"အကို့မှာလဲ လက်ကိုင်ပဝါဒါဇင်ဝက်မကရှိခဲ့ပါတယ်၊ ဒါ

ပေမယ့်-ပန်းချီဆွဲရင်းအမှတ်မထင်စုတ်တံနဲ့သုတ်မိလို့ စွန်းထင်းကျန်ပြီး၊ ပစ်လိုက်ရတာမနဲတော့ဘူး. . ."

လက်ကိုင်ပုဝါလဲ-လက်နှီးစုတ်ဖြစ်ရောဆိုပါတော့. . ."

"ဆိုပါတော့မကြြည်-ကဲပေးပေး. ."

သူသည်မကြြည့်ထံမှ လက်ကိုင်ပုဝါလှမ်းယူပြီးနှစ်ကြိမ်သုံးကြိမ်မျှအားပါးတရရှူရှိုက်လိုက်သည်။ ပြီးမှထိုင်ရာမှထဖြစ်သည်။

"အကို-ဆောင်းစရာတခုခုယူသွားရင် ကောင်းမယ်ထင်တယ်. . ."

"ကိုယ်ကရန်ကုန်သားပဲ၊ ထီးတော၊ ဦးထုပ်ကတာမဆောင်းတတ်ဖူး. . ."

သူ့စကားကြောင့်မကြြည်ပြုံးသည်။

"ဘာပဲဖြစ်ဖြစ်ရှေ့နေပူထဲမှာတော့သိပ်မထွက်နဲ့အကို၊ အလိုလိုမှနေမကောင်းချင်ဆုံးဖြစ်ရတဲ့အထဲ၊ ဖျားနေပါအုံးမယ်. ."

မကြြည်စကားကရိုးသားမှုအပြည့်၊ သို့သော်စိုးရိမ်ပူပန်မှုလေးပါနေသည်ကို၊ ကိုနေကျော်သတိပြုမိသည်။

ထို့အတွက်သူ့ရင်ထဲတွင် တစ်ကြိမ်တစ်ခါမျှမခံစားဖူးသောနွေးထွေးအေးဆေးတည်ငြိမ်သော သူမမျက်နှာလေးကိုပင် ဂရုတစိုက်ကြည့်ရင်းအဓိပ္ပါယ်တစ်စုံတစ်ခုကို တွေ့လို့တွေ့ငြားဖြင့်ရှာဖွေမိသေး၏။

နောက်ဆုံးတော့ သက်ပြင်းမသိမသာရှိုက်ခြင်းဖြင့် အဆုံးသတ်လိုက်ရသည်။

ဖော်မွန်စာပေ



ဂရုဏာမကင်းသောမကြြည်၏အကြည့်အောက်မှာပင်သူအပြင်ထွက်ဖြစ်ခဲ့သည်။

ကျွန်းတံခါးကြီးကိုသာမက၊ ဇာလိုက်သံတံခါးကိုဆွဲပိတ်ပြီးအပြင်မှာသော့ခတ်လိုက်သည်။ ။

× × × × × ×

## အခန်း(၈)။

ထိုနေ့သည်ကိုနေကျော်အဖို့ အလုပ်အရှုပ်ဆုံးနေ့ဟုဆိုရမည်၊ သူမကျွမ်းကျင်သောအလုပ်ကိုလုပ်နေရ၍လည်းဖြစ်သည်။

သို့သော်သူကား မောရပန်းရမှန်းမသိ၊ စိတ်ရှုပ်စရာဟုပင်မထင် လက်ထဲတွင်ကိုင်ထားသောစာရွက်ကလေးမှ စာရင်းအတိုင်းပစ္စည်းများရမည့်နေရာများသို့ လွန်းပျံခရီးနှင်နေတော့၏။

သူသည်သုံးဘီးကားတစ်စီးကို ပုတ်ပြတ်ငှားသည်။ ရေနံဆီမီးဖိုဝယ်ရန် ဗိုလ်ချုပ်ဈေးအပေါ်ထပ်သို့တက်ခဲ့သည်။ ထိုမှပန်းကန်ခွက်ယောက်များဝယ်ရန် လေဟာပြင်ဗဟိုဈေးသို့ထွက်ခဲ့ပြန်သည်။ ပြီးမှအဖျော်ယမကာနှင့်စားသောက်ကုန်ဝယ်ရန်တက္ကသိုလ်သမဝါယမအသင်းဆိုင်သို့လှည့်ဝင်သည်။ မီးဖိုချောင်သုံးကုန်စုံကိုမူ သိမ်ကြီးဈေးတွင်သွားဝယ်သည်။ ထိုအခါကျမှ အဝတ်အထည်များကိုဝယ်ရန်သတိရလာပြီး၊ ဗိုလ်ချုပ်ဈေးသို့ပြန်မောင်းခိုင်းရပြန်တော့၏။

ဖော်မွန်စာပေ



ဤသို့ခေါက်တုန့်ခေါက်ပြန်ဖြစ်နေသော သူ့အဖြစ်ကို၊ သူကိုယ်တိုင်ကသတိမထားမိ၊ သုံးဘီးမောင်းသမားမှာသူ့ကိုကြည့်ရင်းဦးကျောက်ခြောက်နေသည်။ ထိုစဉ်သူကကားဆရာအား အချို့ကိစ္စများအတွက် အကြံဉာဏ်လှမ်းတောင်းနေပြန်သောအခါ၊ ကားဆရာမှာ သူ့အားဂရုဏာမသက်ပဲမနေနိုင်တော့ပေ။

“ဆရာလေးက-မိန်းမရခါစနဲ့တူတယ်၊ ဒါမျိုးဆိုတာကျွန်တော်တို့ယောကျ်ားတွေ သိပ်နားလည်တာမဟုတ်ဖူး၊ သူတို့မှသိတာကိုယ်မိန်းမကိုတစ်ခါထဲခေါ်ခဲ့ရောပေါ့ ဆရာလေးရာ. . . ”

“မလိုဘူးလေ၊ ကျွန်တော်သဘောကျတာဆိုရင်၊ သူကကြိုက်ပြီးသားဗျ၊ ကျွန်တော့်သဘောတစ်ခုထဲနဲ့ပြီးပါတယ်. . . ”

သူကခပ်တည်တည်ဖြင့်ဖြီးလိုက်သည်။

ဤတွင်အကြံပေးရှာသော သုံးဘီးကားဆရာစိတ်ရှုည်တော့ဟန်မတူ၊ အပြတ်ကောတော့သည်။

“ဒီလိုဆိုရင်လဲ ဆရာလေးစိတ်ကူးနဲ့ဆရာလေးပဲဝယ်ပါဗျာ၊ ကျွန်တော့်သဘောဆိုရင် ဆရာလေးဇနီးရဲ့စိတ်နဲ့တွေ့ချင်မှတွေ့မှာ”

ကိုနေကျော်ပန်းချီဆရာဖြစ်ကြောင်းကို သူဝယ်ယူခဲ့သောပစ္စည်းများကသက်သေခံနေသည်။ အလှအပတို့ကပစ္စည်းတိုင်းပေါ်တွင်အရောင်ဟပ်နေသည်။ ယုတ်စွအဆုံး ဈေးပေလျှော်အရုပ်ဆိုးသွားနိုင်သောရေနံဆီမီးဖိုဝယ်ရာတွင်ပင် အဝါနုရောင်ကိုရွေးဝယ်သည်။

ဖော်မွန်စာပေ

ဗိုလ်ချုပ်ဈေးတွင် အဝတ်အထည်ဝယ်စဉ်ကလည်း သူ့စိတ်ကြိုက်အရောင်အသွေးနှင့်အဆင်များကို ရွေးနေခဲ့သည်မှာ တစ်နာရီခွဲကြာမျှပြီးစီး၏။ သူဝယ်ခြမ်းပြီး၍ ကားရှိရာသို့ ပြန်လာသောအခါ သုံးဘီးဆရာမှာကားထဲတွင် ငိုက်မြည်းနေလေပြီ။

"ဟင်း-ဟင်း-ကျွန်တော်တော့ဆရာ့အကြောင်းတွေးရင်းရင်မော့မောနဲ့အိပ်ငိုက်သွားမိတယ်ဗျာ. . . "

ကားဆရာက အရှက်ပြေဆီး၍ပြောသည်။

သူအိပ်ငိုက်နေခြင်းကိုကာကွယ်လို၍ ပြောခြင်းလည်းဖြစ်မည်။

"ဘာတွေများရင်မောစရာတွေ့နေလို့လဲ. . . "

ကိုနေကျော်ကမေးလိုက်သည်။ သူ့အကြောင်းဟုဆိုသဖြင့်လည်းစိတ်ဝင်စားသွားသည်။

"အော်-ကျွန်တော်တို့ယောကျ်ားတွေမှာကြိုတင်ပြီး မိုက်မဲတတ်တာလေးတွေရှိနေတယ်ဗျ၊ အခုလိုမိန်းမရခါစအချိန်မျိုးပေါ့"

"ဘာတွေများလဲဗျာ. . . "

"မိန်းမရရခြင်းသူတို့ကို အလိုသိပ်လိုက်တတ်တဲ့အကျင့်ပဲဗျ၊ သိလား-မိန်းမဆိုတာ တထွာအခွင့်အရေးပေးရင်တတောင်လိုချင် တဲ့အမျိုးအစားဗျ၊ သူတို့ကို အခွင့်အရေးဆယ်ခုပေးလိုက်မိတယ်ဆိုပါတော့၊ အဲ--အခြေအနေမကောင်းလို့အခွင့်အရေးတစ်ခုတစ်လေများ လင်ယောကျ်ားလုပ်သူက ပြန်ယူမယ်ကြံနဲ့တစ်ခါတည်း မိုးမီးလောင်ပြီသာမှတ်တော့၊ သူတို့ကပိုသာလိုချင်တာဗျ၊ လျှော့ယူဖို့များတော့ ဘယ်တော့မှစိတ်မကူးဘူး. . . "

ဖော်မွန်စာပေ



ကားဆရာ၏စကားအဲတွက် ကိုနေကျော်သဘောတွေ့သွားသည်။ ပြုံးမိရယ်မိရုံမျှမက ထင်မြင်ချက်လေးများကိုထပ်၍ တောင်းဆိုလိုက်ပြန်သည်။

"အင်-ခင်ဗျားတို့လို အတွေ့အကြုံရှိခဲ့ဖူးတဲ့လူတွေပြောတော့လဲ ကျွန်တော်တို့ပညာရတာပေါ့ဗျာ-ဆိုစမ်းပါအုံး. . "

"ဟုတ်တယ်-ဒါတွေဟာ တကယ့်အတွေ့အကြုံကရခဲ့တာဗျ၊ အိုဗျာ-ပြောရရင်တော့အစုံပါပဲ၊ ကုန်နိုင်စရာတောင်မရှိဘူး လူနှစ်ယောက်ထဲပေါင်းစပ်တဲ့အိမ်ထောင်ရေးဟာ ကြာလေကျယ်ဝန်းပြီး၊ ကာလလည်းအတော်ရှည်သဗျ--ဆရာရ. . "

"ဟုတ်လိမ့်မယ်-ဗြဟ္မာကြီးလေးဦးထဲကနေ မွေးလိုက်တာကမ္ဘာ့လူသန်းပေါင်းများစွာ ဖြစ်သွားတယ်ဆိုတဲ့အဆိုအရ ခင်ဗျားအယူအဆကို ကျွန်တော်သဘောတွေ့သဗျာ. . . "

"ဒါပေါ့ဗျာ-အရေးကြီးတာကမိန်းမတွေကို အလိုမလိုက်ဖို့ပဲဗျ၊ သိလား. . . "

ကားဆရာမှာ အရှိန်ရနေသည်။

"ချစ်တော့လည်း အလိုလိုက်မိကြတာပေါ့ဗျာ. . . "

"ဟား-ချစ်တာနဲ့အလိုလိုက်တာဆိုတာ ဝေါဟာရကိုကမတူဘူးလေ. . . " ဒီတော့ ချစ်လို့အလိုလိုက်ရင်မှားပြီပေါ့၊ ဟား-ဟား-အင်း-ပြောမယ့်သာပြောရတယ်၊ ခုနေများ ဆရာ့မိန်းမသာပါလာရင်-ကျွန်တော့်ကို ဘယ်လောက်ကျိန်ဆဲလိုက်ချင်မလဲမသိဘူး. . . "

ဖော်မွန်စာပေ

သူစကားအဆုံးတွင် နှစ်ယောက်သားရယ်မိကြသည်။ သူတို့ချင်းလည်း စောစောကထက်ပွင့်လင်းရင်းနှီးလာကြ၏။

အချိန်မှာမွန်းလွဲတစ်နာရီကျော်ချေပြီ။

ပစ္စည်းအားလုံးကိုလည်း ဝယ်ပြီးခဲ့ပြီ။ သည်တော့မှကိုနေကျော်ဝမ်းဗိုက်ကဆန္ဒပြလာတော့သည်။ သုံးဘီးဆရာသည်လည်း သူ့လိုဆာလောင်တော့မည်ကို စာနာမိပြန်သည်။

သို့ဖြင့်အပြန်ခရီးကိုအစဉ်းစားတော့ပဲ၊ ရွှေဘုံသာလမ်းထဲသို့ကားကိုမောင်းခိုင်းလိုက်သည်။ ကုလားစားသောက်ဆိုင်တစ်ခုရှေ့တွင်ရပ်စေသည်။

သူကိုယ်တိုင်က စားသောက်ဆိုင်ထဲဝင်ပြီး၊ ခေါက်ဆွဲကျော်ကိုကားဆရာအတွက်ပို့ခိုင်းလိုက်သည်။ သူကမူထမင်းတစ်ပွဲမှာစားရင်းအိမ်အတွက်မှာထားသော စားစရာများကိုစောင့်နေမိသည်။

စားနေရင်းသူတွေးနေသည်။

သူဝယ်ယူခဲ့သည့်ပစ္စည်းများနှင့်ပတ်သက်၍ သူကျေနပ်နေသည်။ မကြည်လည်းနှစ်ချိုက်လိမ့်မည်ဟု သူထင်နေသည်။ အထူးသဖြင့်အဝတ်အထည်များကမူ မကြည်အားအထူးအံ့အားသင့်စေချင်သည်။

ကိုနေကျော်သည်အမျိုးသမီးပေါင်းများစွာကို အလုပ်သဘောအရဆက်ဆံဖူးသည်။ ထို့ကြောင့်ဆောင်ရန်၊ ရှောင်ရန်၊ ချို့ယွင်းချက်ထူးခြားချက်ကို အထိုက်အလျောက်သူနားလည်ထားသည်။

ဖော်မွန်စာပေ



များစွာသောအမျိုးသမီးတို့သည် အစွဲအလန်းကြီးသော အယူအဆအတွေးအခေါ်များက သူတို့၏အလှအပကိုဖျက်စီးနေကြသည်ဟုသူထင်သည်။ လှအောင်ပြင်တတ်ကြသော်လည်း ပြင်တိုင်းမလှသည်ကိုအများအားဖြင့် သဘောမပေါက်ကြ၊ အလှပြင်ပစ္စည်းပေါ်တွင်အားကိုးတတ်ကြသည်။

ထို့ကြောင့်သူ့ရင်ထဲတွင် မကြည်ကိုအလှဆုံးပြင်ဆင်ကြည့်ရန် စိတ်ကူးထုတ်နေမိသည်။ သူ့ပညာကိုအစွမ်းကုန်ထုတ်သုံးလိုက်မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

ထိုစဉ်တစ်စုံတစ်ယောက်က သူ့ပုခုံးကိုလှမ်းပုတ်လိုက်သဖြင့် အတွေးများပျက်သွားသည်။

ရုတ်တရက်မို့မကျေမနပ်၊ ခံပြင်းမိသော်လည်း စူးစမ်းစိတ်ဖြင့်မော့ကြည့်သည်။

သူ့အားပြုံးပြုံးကြီးကြည့်နေသော ကိုမြင့်ဇော်ကိုမမျှော်လင့်ပဲတွေ့လိုက်ရသဖြင့် အံ့ဩသွားသည်။

"ဆိုင်ထဲ-ခင်ဗျားဝင်လာကထဲက ကျွန်တော်ဟိုဘက်ဒေါင့်စားပွဲကကြည့်နေခဲ့တာ၊ ခင်ဗျားများကျွန်တော့်ကိုမြင်မလားလို့အောက်မေ့နေတာ၊ လက်စသတ်တော့-ကိုယ့်လူကထမင်းပွဲကြီးရှေ့ချထားပြီးစိတ်ကူးလွန်နေတာကိုး. . ."

သူ့ပြောတိုင်းမှန်နေသဖြင့် ကိုနေကျော်အာမျှပြန်မပြောနိုင်၊ ပြုံးနေလိုက်ရသည်။

"နေစမ်းပါဦးဗျ-အထုပ်အပိုးတွေ၊ ပစ္စည်းပစ္စယတွေ အစုံအလင်နဲ့၊ ခန်းဝင်ပစ္စည်းတွေလားအောက်မေ့ရတယ်. . ."

ဖော်မွန်စာပေ

ကိုမြင့်ဇော်ကပြောပြောဆိုဆို၊ သူ့ဘေးမှကုလားထိုင်ကို ဆွဲယူပြီးထိုင်လိုက်သည်။

ကိုနေကျော်ကမူ ဘာမျှပြန်မပြောပဲငြိမ်ချက်သားကောင်း နေသည်။ သူ့ရင်ထဲတွင်ကြံရာမရဖြစ်နေသည်။ အမှန်အတိုင်းဖွင့် ပြောချင်စိတ်လည်းမရှိ။

"ဟော့လူ-ဘယ်လိုလဲဗျ. . ."

"အော်-အလကားပါဗျာ၊ ကျွန်တော်သူငယ်ချင်းဟသ်ာတ က၊ အဲဒါ-မင်္ဂလာဆောင်မလို့သူ့အတွက်လေဗျာ၊ သူကိုယ်တိုင်မလာ နိုင်လို့ကျွန်တော်တာဝန်ယူနေရတယ်. . . ."

ကိုနေကျော်ကြံရာမရ၊ စိတ်ကူးတည့်ရာလျှောက်ပြောနေ သဖြင့်၊ သူ့စကားများအဆီအငေါ်မတည့်ဖြစ်နေသည်။

"အေးပေါ့ဗျာ-ကိုယ်တိုင်ကမစွံတော့လဲစွံတဲ့လူတွေကိုပဲ လိုက်ပြီးပါရမီဖြည့်ရတာပေါ့၊ ဟုတ်ဖူးလား. . ."

"ဒါပေါ့-ကိုမြင့်ဇော်၊ ဒီပါရမီဆိုတာမျိုးဟာ ဖြည့်ရခဲတယ် မှတ်လား၊ ကဲ-ခင်ဗျားလဲတစ်ခုခုစားအုံးလေဗျာ. . . ."

ဤသို့ဖြင့်၊ ကိုနေကျော်စိတ်အေးလက်သာစကားပြောနိုင် သွားသည်။

"ကျွန်တော်စောစောကပဲစားပြီးတယ်၊ စိတ်ရှုပ်ရှုပ်နဲ့ဒီမှာ လာပြီးအအေးသောက်နေတာ. . ."

သူ့စကားကြောင့် ကိုနေကျော်အဖို့သတိပြုစရာဖြစ်သွား သည်။ မှန်ပါသည်။ သူထင်သည့်အတိုင်းပင်၊ မူပျက်နေသောကို မြင့်ဇော်ထံမှအရက်နံ့ရနေသည်။





"ဟေး-ကိုမြင့်ဇော်၊ ခင်ဗျားမလဲနေ့လည်ကြီးမှာတောင် ဒေါင်းနေပါပေါ့လား. . ."

"အေးဗျာ-ကျွန်တော့်အစီအစဉ်တစ်ခု ပျက်သွားတယ်လေ အဲဒါ-စိတ်ရှုပ်ရှုပ်နဲ့. . ."

"ခင်ဗျားလိုလူက အစီအစဉ်တစ်ခုပျက်ရုံနှင့် ဖြူသတဲ့လား ဗျာ၊ တစ်ခုပျက်ရင်နှစ်ခုဖြစ်ရမှာပေါ့. . ."

ကိုနေကျော်ကကိုမြင့်ဇော်၏ ပေါင်ကိုလှမ်းပုတ်ရင်းပြော သည်။

"ဒီတစ်ခါတော့-အဲဒီလိုမဟုတ်ဖူးဗျ. . ."

"ဟုတ်လား. . ."

"ဟုတ်တယ်-အကျိုးနဲ့အကြောင်းကိုဆက်ပြီးပြောရရင် အခုအစီအစဉ်ပျက်တဲ့အတွက်၊ ခင်ဗျားကိုပေးထားတဲ့ဂတိကိုတောင် ရက်ရွှေ့ဆိုင်းရမလိုဖြစ်နေတယ်. . ."

သူ့စကားကြောင့် ကိုနေကျော်ခေါင်းထဲ အတွေးတစ်ခုဝင် လာသည်။

"အော်-ကျွန်တော်လဲ၊ ခင်ဗျားကိုပြောစရာရှိနေတယ်ဗျ၊ ဟော့ဒီပစ္စည်းတွေကို ဟသ်ာတအရောက်ကိုယ်တိုင်သွားပို့ပေးရမှာ ဒီတော့-ကျွန်တော်ရန်ကုန်က ဆယ်ရက်လောက်ခွာရလိမ့်ဦးမယ်၊ ပြန်ရောက်တော့မှပဲစီစဉ်ကြသေးတာပေါ့. . . ."

"ဟာ-အဲဒီလိုဆိုအတိုင်းထက်အလွန်ပေါ့ဗျာ၊ အင်း-ပြော မယ့်သာပြောရတယ်၊ အစီအစဉ်ပျက်တာဟာ ကျွန်တော့်အတွက် လဲအခွင့်အရေးတစ်ခုဆုံးရှုံးရတာပါပဲဗျာ. . ."

ကိုနေကျော်က နှစ်သိမ့်လိုက်သည်။

ထိုစဉ်ပင်သူ့နှာခေါင်းမှာမွန်းကြပ်ကြပ်ဖြစ်လာသည်။ နှာခေါင်းဖျားရှုံ့ချိုချိုဖြင့် နှာချေချင်လာသည်။ ထို့ကြောင့်တိုက်ပုံအင်္ကျီအိတ်ထဲမှ မေကြည်ပေးလိုက်သောလက်ကိုင်ပဝါကို ထုတ်ယူလိုက်သည်။ ဤတွင်လက်ကိုင်ပဝါထဲမှ ပန်စည်းစာရင်းစာရွက်ခေါက်ကလေးပါလာပြီး အောက်သို့လွင့်ကျသွားသည်။

လက်ကိုင်ပဝါကိုစားပွဲပေါ်တင်ထားပြီးမှ ကိုနေကျော်စာရွက်ကိုကုန်းကောက်လိုက်စဉ်မှာပင်၊ အားပါးတရနှစ်ကြိမ်မျှဆက်တိုက်ချေဖြစ်သွားသည်။

သူခေါင်းမော့လိုက်သောအခါ ကိုမြင့်ဇော်ကစောစောကလက်ကိုင်ပဝါလေးကို လှမ်းပေးနေသည်။

"ကျေးဇူးပဲဗျာ. . ."

သူကပြောလိုက်သည်။

ကိုမြင့်ဇော်၏နေကျော်ကိုကြည့်သောအကြည့်မှာ စူးစူးရဲရဲရှိလှသည်။ သောက်ထားသောအရက်ရှိန်ကြောင့်ဖြစ်မည်ဟုထင်ရသည်။

"ကဲ- ကျွန်တော်ကိုခွင့်ပြုပါအုံးကိုနေကျော်၊ ခင်ဗျားဟာသာ တကပြန်လာတော့မှပဲ ဆုံကြတာပေါ့. . ."

ကိုမြင့်ဇော်ပြောပြောဆိုဆို ထိုင်ရာမှထပြီးထွက်သွားသည်။

ကိုနေကျော်ဘာမျှမပြောနိုင်၊ ကိုမြင့်ဇော်၏ကျောပြင်ကိုကြည့်ရင်းကျန်ခဲ့သည်။ သူ့ရင်ထဲ၌သူညကအဝတ်အစားဖြင့်ပင် ကိုမြင့်ဇော်ကိုတွေ့နေရသဖြင့် အိမ်ပြန်၍မှအိပ်ပါလေစဟုအထင်





ရောက်နေသည်။

မကြာမီသူကိုယ်တိုင်ပင် မေကြည့်အတွက်မှာကြားထားသောခေါက်ဆွဲထုပ်ကိုယူပြီး စားသောက်ဆိုင်မှထွက်ခဲ့သည်။

သူပြန်တော့မည်ဖြစ်သည်။ ။

× × × × × ×

## အခန်း(၉)။

ကိုနေကျော်ပြန်ရောက်ချိန်မှာ မွန်းလွဲတစ်နာရီခွဲချေပြီ။

တိုက်ရှေ့သို့သုံးဘီးကားအဝင်တွင် ဟွန်းပေးရန်စိတ်ကူးမိပြီးမှမပေးပဲနေလိုက်သည်။ ဟွန်းသံကြား၍မကြည်ထွက်ကြည့်လျှင် အမြင်ကောင်းမည်မဟုတ်ကြောင်းသူတွေးမိသည်။

သို့ဖြင့်ပစ္စည်းများကိုကားပေါ်မှချပြီး ဆင်စင်ရှေ့တွင်စုပုံချထားလိုက်သည်။ ပြီးလျှင်ကားဆရာကိုကျသင့်ငွေထက် ငွေတစ်ဆယ်ပိုပေးလိုက်သည်။

ကားဆရာပျော်သွားသည်။

"ကျေးဇူးပါပဲဆရာ၊ ရာသက်ပန်အတူတူကွချမ်းမြေ့တဲ့အိမ်ထောင်အတွဲဖြစ်ပါစေလို့ ဆုတောင်းပါတယ်. . ."

ကိုနေကျော်သူ့အစိပ္ပါယ်နှင့်သူပြုံးနေဆဲမှာပင် ကားဆရာမောင်းထွက်သွားသည်။





သည်တော့မှ အိမ်ရှေ့ဘီလပ်တံခါးမှသော့ကြီးဖွင့်သည်။ ပြီးလျှင်ကျွန်းသားတံခါးကြီးကို သုံးလေးချက်မျှခေါက်လိုက်သည်။ နားစွင့်ကြည့်သည်။

အထဲမှမည်သည့်လှုပ်ရှားမှုမျှမကြားရ။ ညကပင်ပန်းခဲ့ပြီးနေ့လည်တွင် တစ်ယောက်ထဲနေရသဖြင့် မေကြည်တစ်ယောက်အိပ်ပျော်နေခြင်းလည်းဖြစ်ဖည်ဟု သူတွေးမိသည်။

ထို့ကြောင့်တံခါးကိုသုံးကြိမ်မျှခေါက်ပြီး အချိန်ပေးသည့်အနေဖြင့် စီးကရက်တစ်လိပ်ထုတ်သောက်သည်။

သည်တော့မှသူ့အိတ်ထဲတွင် တံခါးသော့ရှိနေသည်ကိုသတိရမိသည်။ ဤတံခါးသော့မှာ အတွင်းရောအပြင်ပါပိတ်ဖွင့်၍ရသောသော့အမျိုးအစားဖြစ်သည်။

သူမေ့လျော့မှုအတွက်သူပြုံးမိသည်။ ပြီးလျှင်တံခါးသော့ဖွင့်၍ဝင်သည်။ ဧည့်ခန်းထဲသို့ပစ္စည်းများကို သယ်ယူစုပုံသည်။ ထိုအချိန်ထိမေကြည်ထွက်မလာသေး။

နောက်ဆုံးအဝတ်ထုပ်ကို အတွင်းခန်းသို့ပို့မည်အလုပ်တွင် သူ့ခြေလှမ်းများတုန့်သွားရသည်။

အတွင်းခန်းမှထွက်လာသော မေကြည့်ကိုသူမြင်ရသည်။ ထိုမြင်ကွင်းက မေကြည်ဘာကြောင့်အလျင်စလို ထွက်မလာနိုင်သည်ကို သဘောပေါက်သွားသည်။

ထမီရင်ရှားနှင့်ထွက်လာသော မေကြည်၏ရင်ညွန့်အထက်ပိုင်းသည် ရေစက်ကလေးများတင်ကျန်နေသည်။ ညကသူမဝတ်လာသောထမီမှာ ခြောက်သွေ့နေ၏။ တစ်နေ့လုံးလှမ်းလိုက်ဟန်

တူသည်။ သူတိုက်ရှေ့သို့ရောက်စဉ်က မေကြည်ရေချိုးနေလိမ့်မည်ဟုသူသိလိုက်သည်။

မေကြည်သည်၊ အရပ်မြင့်၍ပြေပြစ်၊ ဖွံ့ထွားသူဖြစ်ပြီး၊ ဟန်မလုပ်သော်လည်းကြည့်ကောင်းကြောင်းကို၊ ကိုနေကျော်လျှပ်တပျက်အမြင်ဖြင့် မှတ်ချက်ချလိုက်သည်။

မေကြည်သည်၊ ရှည်လျားသောဆံပင်မှာသူမ၏ခါးအောက်ပိုင်းအထိရောက်နေသည်။ ရင်ရှားထား၍စိုထိုင်းနေသောထမီမှာ သူ့ကိုယ်အောက်ပိုင်းကို ချပ်ယပ်စွာကပ်နေ၏။ ကျော့ရှင်းသောသူမ၏ကိုယ်ဟန်သည် ကိုနေကျော်အားမိန်းမောသွားစေ၏။

ပထမတော့ကိုနေကျော်ကိုတွေ့လိုက်ရ၍ မေကြည်ရှင်လန်းသွားသည်။ သို့သော်ကိုနေကျော်၏ အကြည့်နှင့်ဆုံလိုက်ရသောအခါရင်ဖိုသွားရသည်။ သူမ၏အသွင်မှာ ရှင်ရာမှကြည်၊ ကြည်ရာမှတည်သွားလေတော့သည်။ သူမသည်ကိုနေကျော်ထံမှ ထိုအကြည့်မျိုးကိုလိုလားဟန်မတူ။

ထို့ကြောင့်သူမက၊ အလျင်ဦးအောင်ခေါ်လိုက်သည်။

"အကို. . "

မေကြည့်ခေါ်သံက သူ့ကိုသတိပေးနေသလိုပင်။

"အော်-ဟော်-မေကြည်. . . "

ကိုနေကျော်သူ့အဖြစ်ကိုသတိရသွားသည်။

"ပစ္စည်းတွေကလည်း အများကြီးပါလားဟင်. . . "

"အိမ်အတွက်လိုမယ်ထင်တာတွေကိုဖြည့်ပြီး ဝယ်လိုက်ရတယ်မေကြည်. . . "





ဝမ်းသာအားရ၊ မေကြည်ရှေ့တိုးလာသည်၊ ပြီးမှရင်လျားကြီးနှင့်သူ့အဖြစ်ကိုသတိရသွားပြီး ခြေလှမ်းတုန့်သွားသည်။

ကိုနေကျော်လည်း သဘောပေါက်သွားသည်၊ ချက်ချင်းပင်အထုတ်တစ်ခုထဲမှ မွေးပွတဘက်ကိုထုတ်ယူပြီး မေကြည့်ကိုလှမ်းပေးလိုက်သည်။

မေကြည့်ရင်ထဲလှိုက်ဖိုသွားသည်။ တုန့်ပြန်ပြုံးရသည်။ ရှက်ရိပ်မကင်းသောအားနာပြုံးဖြစ်၏။

"ကဲ-အများကြီးကကိစ္စမဟုတ်ဘူး၊ အရေးကြီးဆုံးကဘာလဲသိလား. . . "

သူ့အမေးကို မေကြည်ကခေါင်းခါပြသည်။

ကိုနေကျော်က၊ အထုပ်နှစ်ထုပ်ကိုယူပြီး မေကြည့်လက်ထဲအပ်လိုက်သည်။

မေကြည်သဘောပေါက်သွားသည်။ အဝတ်လဲရန်ဖြစ်သည်။

အထုပ်များကိုပိုက်ပြီးမေကြည်အတွင်းခန်းသို့လှည့်ဝင်သွားသည်။ ကိုနေကျော်မှာမေကြည့်နောက်ပိုင်းအလှကိုကြည့်ရင်းသက်ပြင်းရှိုက်မိသည်။

ကိုနေကျော်သည်အတွေ့အကြုံများသော ပန်းချီဆရာဖြစ်သည်။ အထူးသဖြင့်ကတ္တိယတို့၏ အလှအပသဘာဝကို အလေးထား၍ပန်းချီဆွဲခဲ့ဖူးသူဖြစ်သည်။

ထို့ကြောင့်လည်း၊ မေကြည်၏အရိပ်သွင်ကိုမြင်ရုံဖြင့်အသေးစိတ်မှတ်မိလိုက်သည်။ ထိုအရိပ်သည်သူ့ရင်ထဲမှ ထွက်မသွား

နိုင်သည့်အလှပုံရိပ်ပင်ဖြစ်လာ၏။

ထို့နောက်၊ ကိုနေကျော်သည်အတွေးကိုကြိုးစားဖြတ်သည်။ ဝယ်ယူခဲ့သောပစ္စည်းများအပေါ် အာရုံလွှဲယူရသည်။ နေရာတကျ ပစ္စည်းများကိုထားသိုလိုက်သည်။

နာရီဝက်မတိုင်မီ၊ သူ့အလုပ်ပြီးစီးသွားသည်။ စိတ်မော လူမောဖြင့်ဧည့်ခန်းတွင်ထိုင်မိတော့မှ မေကြည့်ကိုသတိရသွားသည်။

မေကြည်တစ်ယောက်မည်သို့ဝတ်စားဆင်ယင်ပြီး ထွက်လာမည်ကို ရင်ထဲမှခန့်မှန်းကြည့်သည်။ လှပြီးသောမိန်းမသားအတွက် အဝတ်အထည်အပြင်အဆင်သည် သိပ်လိုအပ်မည်ဟုမထင်၊ သို့သော်တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုသောစကားကိုလည်း သူမေ့ထား၍မဖြစ်။

ရုတ်တရက်ခြေဖွပြီးလျှောက်လာသံကိုကြား၍ အတွင်းခန်းသို့လှမ်း၍ကြည့်လိုက်သည်။

မေကြည်လျှောက်ဝင်လာခြင်းဖြစ်သည်။ ကိုနေကျော်တစ်ယောက်သူမကို စောင့်ကြိုအကဲခပ်နေသည်ကိုသိထားသည်။ ထို့ကြောင့်သူမဝင်လာပုံမှာ မဝံ့မရဲရှိနေသည်။ သူမထင်ခဲ့သည့်အတိုင်းပင် ကိုနေကျော်၏ စူးရှသောအကြည့်ကကြိုနေသည်။

မေကြည်ဝတ်ဆင်လာသောဖက်ရှင်မှာ ခရမ်းလွှမ်းကဲသောဖက်ရှင်ဖြစ်သည်။ ခရမ်းရင့်ခံထား၍ အပွင့်ဖြူများပေါ်ထားသောချည်ဘာရိကိတ်နှင့် အသင့်ဝတ်နိုင်သော ခရမ်းနုရောင်၊ ဆွယ်တာဆန်ဆန်ဘလောက်လက်စကကို ဝတ်ထားသည်။ အသားမှာဝင်းလက်ပြီး၊ ပြည့်ဝင်းသူဖြစ်၍ကြည့်ကောင်းလှသည်။ မျက်နှာကို





မှုမိတ်ကပ်ပါးပါးတင်ထားသည်။ ဆံပင်ကိုမူ ခေါင်းလျှော်ထားဟန်တူသည်။ ဖားလျားချထားသည်။

သူမဆက်တီတွင်ဝင်ထိုင်သည်အထိ ကိုနေကျော်ဘာမျှမပြောသေး၊ ထို့ကြောင့်ပန်းကန်နှစ်ချပ်ထဲသို့အသင့်လုပ်ထားသော ခေါက်ဆွဲထုပ်ကိုမေကြည်ဖြေပြီးထည့်သည်။

ကိုနေကျော်က၊ မေကြည်ပြုသမျှကိုအသေးစိတ်စောင့်ကြည့်နေသည်။ မေကြည်ကိုယ်တိုင်ပင်ငြိမ်ချက်သားကောင်းနေသောကိုနေကျော်ကို မဝံ့သောစိတ်ဖြင့်မျက်စိကစားလိုက်မိသည်။ ဤတွင်ကိုနေကျော်၏အပြုံးနှင့်ဆုံလိုက်ရသည်။

"ဘာပြုံးတာလဲ-အကို. . . "

"အော်-ခရမ်းရောင်ဆိုတာကြားရောင်လို့ဆိုတယ်၊ စပ်ထားတဲ့အရောင်ပေါ့၊ ပန်းချီမျက်စိနဲ့ပြောရရင်အလှကိုပျက်စေတဲ့အရောင်ပေါ့၊ ဒါပေမယ့်မေကြည်ကျတော့လဲ အလှမပျက်ပဲခန့်ထယ်နေပါလား. . . "

"အင်း-အကိုတို့ကလဲ၊ မိန်းကလေးတစ်ယောက်ကိုအဝတ်အစားကအစ စိတ်ဝင်စားတတ်တယ်နော်. . . "

"ဒါကတော့-အကိုကပန်းချီဆရာကိုး. . . "

မေကြည်ကဘာမျှမပြောတော့၊ ခေါက်ဆွဲပန်းကန်တစ်ချပ်ကို ကိုနေကျော်ရှေ့သို့ချပေးသည်။

"နောက်ပြီး မိန်းမသားတွေကိုယ်တိုင်ကအလှအပကို ဂရုစိုက်သင့်ကြတာပဲ၊ မိန်းမဆိုတာတသက်လုံးမင်းသမီးလေးဖြစ်နေဖို့လိုတယ်လေ. . . "

"ဒါကတော့ အကိုတို့ယောကျ်ားတွေဘက်ကရပ်ပြတဲ့ စကားပဲဖြစ်မှာပဲ. . ."

"ဟုတ်တော့ဟုတ်နိုင်တယ်၊ ဒါပေမယ့်၊ တကယ်ပဲလိုအပ်တဲ့အယူအဆပဲမေကြည်ရဲ့. . ."

"ကဲ-တော်ပါတော့အကိုရယ်၊ ခေါက်ဆွဲလဲစားပါဦး၊ အကိုကပန်းချီဆရာမို့လားမပြောတတ်ဖူး၊ အလှအပအကြောင်းသိပ်ပြောတယ်. . ."

ဤတွင်သူတို့စကားဝိုင်းလေးရပ်သွားပြီး၊ အစားဝိုင်းလေးဖြစ်သွားသည်။

မွန်းလွဲပိုင်းတစ်ချိန်လုံးကိုနေကျော်ရော၊ မေကြည်ပါကိုယ့်အလုပ်နှင့်ကိုရှုပ်နေကြသည်။

ကိုနေကျော်ဝယ်ခဲ့သောပစ္စည်းများမှာ မီးဖိုချောင်သုံးပစ္စည်းများနှင့်မေကြည့်အတွက်အဝတ်အထည်တွေကသာ အများစုဖြစ်သည်။

ထိုကြောင့်ကိုနေကျော်တစ်ယောက် မီးဖိုခန်းတွင်အလုပ်များနေစဉ် မေကြည်သည်လည်းသူ့အိပ်ခန်းလေးထဲတွင်အလုပ်ရှုပ်နေရှာသည်။

မေကြည်သည် အဝတ်အထည်များကိုတစ်ခုပြီးတစ်ခု သူ့ကိုယ်ပေါ်ကပ်ကြည့်သည်။ အားမရသည့်အခါဝတ်ကြည့်သည်။ စိုပြေဝင်းလက်သောသူမ၏အသားက၊ အရောင်မရွေးကြောင်းသိသည်။ ထို့ကြောင့်ဝတ်လိုက်တိုင်းလှသွေးကြွယ်နေသဖြင့် မှန်ထဲမှအရိပ်ကိုကြည့်ရင်း ကလေးငယ်တစ်ယောက်လို စိတ်ရွှင်လန်း

ဖော်မွန်စာပေ



တက်ကြွလာရသည်။

မျက်နှာလေးကိုအလှဆုံးချယ်၊ နှံ့သာရောင်ဝတ်စုံကိုပြောင်းဝတ်ပြီးမှန်ထဲကြည့်မိသောအခါ၊ အလှဆုံးသူ့အသွင်ကိုကြည့်ရင်း၊ သူ့မျက်လုံးများ အကြည်လင်ဆုံးဖြစ်ရသည်။

အလှဆုံးသည်အကောင်းဆုံးဖြစ်သည်ဟုသော အဆိုကို၊ သူ့ဘဝခရီးနှင့်ယှဉ်လိုက်သောအခါ၊ အလှဆုံးသည်အဆိုးဆုံးဖြစ်ခဲ့ရသည်ကို သတိရလာသည်။

သူမ၏မျက်လုံးများသည်၊ မှန်ထဲရှိသူ့အရိပ်ဆီသို့တွေတွေလေးကြည့်နေသည်။ သို့သော်သူမ၏စိတ်အလျင်မှာမူ အဝေးသို့ပျံလွင့်နေလေတော့သည်။

နေသည်ကျသွားပြီဖြစ်၏။

ထို့ကြောင့်အလင်းရောင်ပင် လျော့ပါးစပြုလာသည်။

မေကြည်ကမူ ငြိမ်ချက်သားကောင်းနေဆဲ။

မည်မျှအထိ ငြိမ်ချက်သားကောင်းနေသနည်းဟူမူ၊ ကိုနေကျော်အခန်းထဲဝင်လာသည်ကိုပင်မသိ။

ကိုနေကျော်သည်၊ ပထမတွင်မေကြည်၏အလှဆုံးသောအသွင်ကိုမြင်လိုက်ရသဖြင့် အံ့ဩဝမ်းသာသွား၏။ သို့သော်မလှုပ်မယှက်၊ ကျောက်ဆစ်ရုပ်အသွင်၊ နောက်ပိုင်းမှမြင်နေရသည်တွင် စိတ်ပြောင်းသွားသည်။ အနှောင့်အယှက်ဖြစ်သွားမည်ကို စိုးရိမ်သွားသည်။ နောက်တော့ခြေသံလုံလုံဖြင့် အပြင်ပြန်ထွက်ခဲ့သည်။

သူ၏ပထမအစီအစဉ်မှာ မေကြည့်ကိုခေါ်ပြီး၊ ဘိုလိမ်းလမ်းကျယ်အထိ လမ်းလျှောက်ထွက်ရင်းတစ်ခုခုစားကြရန်ဖြစ်

ဖော်မွန်စာပေ

သည်။

ခုတော့သူ့အစီအစဉ်ပြောင်းလိုက်သည်။ သူ့ဖာသာတစ်ယောက်ထဲသွားပြီး အစီအစဉ်လုပ်မည်၊ အပြန်တွင်အသင့်စားနိုင်စရာများဝယ်ခဲ့မည်။

ထို့ကြောင့်မေကြည့်ကို အသိမပေးတော့ပဲ၊ အပြင်သို့ထွက်ခဲ့သည်။ ။

× × × × × ×

## အခန်း(၁၀)

ဤသို့ဖြင့် ကိုနေကျော်တစ်ယောက် တစ်နာရီခန့်အပြင်တွင် အချိန်ကုန်သွားသည်။

ဆန်မှအစ၊ မီးဖိုချောင်သုံးပစ္စည်းများကို သူနှင့်ရင်းနှီးသော ကုလားကုန်စုံဆိုင်တွင်ဝင်မှာရင်း ငွေကိုပါချေခဲ့သည်။ နက်ဖြန်နံနက်ပိုင်းအမှီပို့ရန်လည်းမှာခဲ့သည်။ ပြီးမှညစာအတွက် ဒါန်ပေါက်နှစ်ထုပ်ဝယ်ခဲ့သည်။

အိမ်ပြန်ရောက်တော့ မှောင်ချေပြီ။

ဧည့်ခန်းတွင်မီးဖွင့်မထား၊ မှောင်ထဲတွင်မေကြည်ထိုင်နေသည်။ သူ့ကိုတွေ့တော့မေကြည်က ဆီး၍အပြစ်တင်တော့သည်။

"အကိုတို့များ အပြင်ထွက်သွားတာတောင်မေကြည့်ကိုအသိပေးမသွားဘူး၊ မေကြည်ဖြင့်တစ်ယောက်ထဲကြောက်လိုက်တာ"

"ကိုယ်ပြောမလို့အခန်းထဲဝင်လာသေးတယ်၊ မေကြည်မှန်တင်ခုံရှေ့မှာထိုင်နေတာတွေ့လို့ အနှောင့်အယှက်မပေးချင်တာနဲ့ အသိပေးမသွားတာ. . ."

"ဘာပဲဖြစ်ဖြစ်ပေါ့အကိုရယ်-မေကြည်ကစည့်သည်ပဲ၊ အကိုပြောဘို့ကောင်းတာပေါ့. . ."

"ကဲပါ-မေကြည်၊ နောက်မှအပြစ်တင်ပါတော့၊ မီးတော့ဖွင့်လိုက်ပါရစေအုံး၊ ခြောက်နာရီခွဲတော့မယ်. . ."

သူကဒါန်ပေါက်ထုပ်ကို စားပွဲပေါ် တင်ပြီးမီးဖွင့်လိုက်သည်။

သူ့မျက်လုံးများ မေကြည့်ဆီရောက်သွားသည်။

မီးရောင်အောက်တွင် ကြည်ပြာရောင်ဖက်ရှင်ဖြင့် မေကြည်လှနေသည်။ ဝင်းလက်သောအသားကြောင့် သူမအလှမှာပေါ် လွင်လွန်းလှသည်။

သူတို့အကြည့်ချင်းဆုံသွားသည်။ တဒင်္ဂမျှတော့ စည့်ခန်းလေးသည်တိတ်ဆိတ်သွားသည်။

"မေကြည့်မှာပြောစရာရှိလို့လား. . . ."

တိတ်ဆိတ်ခြင်းကို၊ ကိုနေကျော်က စတင်ဖြိုခွင်းလိုက်သည်။

"မရှိပါဘူး. . ."

သူမအသံကခြောက်သွေ့သည်။

သတိထားမိသော ကိုနေကျော်က ဂရုတစိုက်ထပ်မေးသည်

"ဒါဖြင့်-စောစောကကိစ္စကိုမကျေနပ်လို့လားဟင်. . ."

"မဟုတ်ပါဘူး-အကို. . ."

ဖော်မွန်စာပေ



ကိုနေကျော်ဘဝင်မကျသေး၊ သို့သော်ဆက်မမေးတော့။

"ကဲ-ဒီလိုဆိုရင်၊ ကိုယ်တို့ညစာစားကြစို့လား၊ ဟောဒီမှာ ဒါန်ပေါက်ဝယ်ခဲ့တယ်. . ."

"မေကြည်မစားချင်တော့ဘူး-အကို. . ."

"ဘာဖြစ်လို့လဲ-အကို့ကိုစိတ်ကောက်နေတာလား. . . ."

"မဟုတ်ပါဘူး အကို. . ."

"ဒီလိုဆိုရင်တော့စားရမှာပဲ၊ မေကြည်ကဆက်ပြီးငြင်းနေသည်ဆိုရင်တော့ အတင်းပါးစပ်ထဲခွံ့မှာနော်. . ."

ကိုနေကျော်က မေကြည်တစ်ယောက်စိတ်ပြောင်းသွားစေရန်နှင့်ရင်းနှီးမှုရှိလာစေရန် အရွှန်းဖောက်၍ပြောသည်။

သို့သော်မေကြည်ကလန့်နေသည်။ သူမ၏အထွာင်တွင်ကိုနေကျော်၏အသွင်မှာ ပြောသလိုလုပ်မည့်လူမျိုးဟုယုံနေသည်။

နောက်ဆုံးတော့ မေကြည်အလျှော့ပေးရသည်။

စားသောက်ကြသောအခါ မေကြည်၏အပြုအမူမှာအသက်မပါ၊ လှုပ်ရှားမှုနှေးကွေးလှ၏။

မြင်နေရသောကိုနေကျော်၊ ဘဝင်မတွေ့နိုင်တော့။

"မေကြည် ဘာဖြစ်နေလဲဟင်-နေမကောင်းဘူးလား. ."

"မေကြည်-ဘာမှမဖြစ်ပါဘူးအကို. . ."

"ကြည့်ရတာတစ်မျိုးကြီးပဲ မေကြည်ရယ်၊ မရှင်မလန်းနဲ့"

မိမိကို ဂရုတစိုက်မေးသည့်အတွက်၊ ကျေနပ်မိသော်လည်းတစ်မျိုးကြီးပဲဟူသောဝေါဟာရကို သဘောမတွေ့ဖြစ်ရပြန်သည်။

"မေကြည်ဘာဖြစ်နေလို့လဲအကို၊ တစ်မျိုးကြီးဆိုတဲ့စကား

ဖော်မွန်စာပေ

ကဘာကိုလဲ. . . "

"မေကြည့်အသွင်ကသိပ်အေးစက်တာကိုး၊ အကိုကစား သောက်ကြရင်း စကားတွေပြောဖြစ်မယ်ထင်နေတာ. . . "

"မေကြည့်မှာပြောစရာမှမရှိတာ၊ ကဲပါလေ၊ အကိုပြောစ ရာရှိရင်ပြောပါ၊ မေကြည်နားထောင်ပါ့မယ်. . . "

"အကို့မှာလဲပြောစရာမရှိပါဘူး၊ မေးစရာတော့ရှိတယ်"

"ဘာများလဲအကို. . . "

ကိုနေကျော်ဘာမျှမပြော၊ မေကြည့်မျက်နှာလေးကို ဂရု တစိုက်ကြည့်ရင်း သူပြောရမည့်စကားများအတွက် အားတုန့်အား နာဖြစ်နေသည်။

သို့သော်မေကြည်ကသဘောပေါက်၏။

"ဘာလဲ-မေကြည့်အကြောင်းကိုမှတ်လား၊ မေကြည်ဟာ ဘယ်သူလဲ-ဘယ်ကလဲ-ဘယ်လိုဖြစ်လာတာလဲ-ဘာလုပ်ချင်သလဲ ဒါတွေပဲမဟုတ်လားအကို. . . "

ကိုနေကျော်ပြုံးလိုက်သည်။ သူ့ရင်ထဲမှဆန္ဒကိုမေကြည်သ ဘောပေါက်နေသောကြောင့်ဖြစ်သည်။

"တကယ်လို့ကိုယ်ကမေးရင်ကော၊ မေကြည်ကဖြေမှာမို့ လား. . . "

မေကြည်မပြောတတ်တော့၊ ကြောင်ငေးငေးဖြင့်သူ့ကိုကြည့် နေသည်။

သူမအဖြစ်ကိုကြည့်ရင်း၊ ကိုနေကျော်အားနာပြုံး၊ ပြုံးလိုက် ရသည်။





"အလကားပါမေကြည်-အကိုစတာပါ၊ အကိုမမေးတော့ ဘူးလို့ဆုံးဖြတ်လိုက်တယ်၊ ဘာဘဲဖြစ်ဖြစ်တစ်နေ့နေ့တော့ မေကြည် ဟာကိုယ်မမေးပဲနဲ့လဲ ပြောလာမှာပဲလို့မျှော်လင့်ထားတယ်. . . "

"တစ်နေ့နေ့. . . "

မေကြည်ရေရွတ်လိုက်သည်။

"အကိုက ရှည်ရှည်ဝေးဝေးကိုမျှော်လင့်ထားတာကိုး. . "

"ဒါပေါ့မေကြည်-မျှော်လင့်ချက်ဆိုတဲ့ဝေါဟာရကိုက ခု ချက်ချင်းဆိုတဲ့အဓိပ္ပါယ်မျိုးမှမဟုတ်တာ. . . "

မေကြည်ငြိမ်ချက်သားကောင်းနေသည်။ သူမတွင်ပြောစ ရာမရှိသလိုဖြစ်နေသည်။

ကိုနေကျော်အဖို့လည်း ထိုနည်းနှင်နှင်တစ်ဖက်ကစကား မစသောအခါ သူကလည်းဘာမေးရမှန်းမသိတော့။

ခဏအကြာတွင် အကြောင်းအရာသစ်တစ်ခုကိုမေကြည် ကစပြောသည်။

"နေ့လည်တုန်းကလေ-ဧည့်ခန်းကိုရှင်းရင်းစာတွဲဖိုင်တစ် ခုကိုတွေ့လို့ မေကြည်ဖွင့်ကြည့်မိတယ်၊ လက်စသပ်တော့အမှုဖိုင် တွဲဖြစ်နေတာကိုး. . . "

"အော်-ဟုတ်တယ်၊ အကို့သူငယ်ချင်းစာရေးဆရာကိုလူ ကောင်းရဲ့ဝတ္ထုစာမူလေ၊ စာအုပ်မျက်နှာဖုံးရေးပေးဘို့ဆိုပြီး ပေး ထားတာ. . . "

"ဟုတ်လား-မေကြည်လဲအလုပ်မရှိတာနဲ့ အဲဒီဝတ္ထုကြီးကို ဖတ်နေမိတာ၊ အကိုကောဖတ်ပြီးပြီလား. . . "

"ကိုယ်ကဝတ္ထုဖတ်ခဲ့တယ်၊ ဒါပေမယ့်မျက်နှာဖုံးရေးပေးရမှာမို့ဖတ်ကြည့်တတ်တယ်. . . ."

"ကြိုက်လားဟင်. . ."

"ကြိုက်တယ်လို့တော့မဟုတ်ဖူး၊ ဝတ္ထုကတစ်မျိုးကြီးဖြစ်နေလို့ ဒါပေမယ့်သူ့ဝတ္ထုတိုလေးတွေကျတော့ကောင်းတယ်၊ တိုလွန်းပေမယ့်ပြည့်စုံတယ်၊ ဒါကြောင့်ပုဂ္ဂိုလ်**အရခင်မင်ကြတာ**. . ."

"အဲဒီဝတ္ထုထဲက မိန်းကလေးရဲ့ဘဝကသနားစရာပါအကို၊ အင်းလေးကန်ထဲကျပြီးသေသွားတယ်. . ."

"ဟုတ်တယ်မေကြည်. . ."

"ဒီလိုဆိုတကယ့်အဖြစ်အပျက်လားဟင်၊ ဝတ္ထုထဲမှာတော့ ယုတ္တိယုတ္တာအပြည့်ပဲ. . ."

"စိတ်ကူးယဉ်လို့ထင်တာပဲ၊ ဒါပေမယ့်ဖြစ်ရပ်မှန်ပေါ်မူတည်ပြီး ရေးဖွဲ့တာလဲဖြစ်မှာပေါ့. . ."

"မေကြည်တော့ အဲဒီဇာတ်လမ်းကိုစိတ်ဝင်စားတယ်. . ."

"ဟာ၊ ဒီစကားကိုသာ စာရေးဆရာကိုလူကောင်းကြားရင် သိပ်ဝမ်းသာရှာမှာပဲ-သူလာရင်ပြောပြရဦးမယ်၊ သူ့အတွက်စာဖတ်ပရိသတ်တစ်ယောက်တိုးပြန်ပြီလို့. . ."

ကိုနေကျော်ရွှင်ရွှင်ပျပျဖြစ်နေသည်။

"ဝတ္ထုထဲကမိန်းကလေးဟာ သူ့ကိုယ်သူအတော်အထင်ကြီးပုံပဲ၊ မိုက်ရူးရဲစိတ်နဲ့စွန့်စားရင်းက သူ့ဘဝနှင့်ဒုက္ခမမျှဖြစ်ပြီး၊ ဘဝကိုအရှုံးပေးလိုက်ရတဲ့ပုံမျိုးရေးထားတယ်၊ ဒါဟာဖြစ်နိုင်သလား"





မေကြည်ကမေးနေပြန်သည်။

"ဖြစ်တတ်ကြတာပဲမေကြည်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုအထင်ကြီးတာနဲ့ နစ်မွန်းတာဟာမဆိုင်ဘူးလို့ထင်တယ်၊ မလုပ်သင့်တာကိုလုပ်တဲ့လူမျိုးမှာသာ နစ်မွန်းတတ်ကြတာပါ. . ."

"အကိုကတော့ အကောင်းမြင်သမားပဲ. . ."

"ကိုယ့်ကိုဒီလိုမြင်တဲ့အတွက် ကျေးဇူးတင်ပါတယ်မေကြည်၊ ဒါပေမယ့်အကိုဟာ မေကြည်ထင်သလောက်မကောင်းသေးပါဘူး"

"မေကြည်လေ၊ အဲဒီဝတ္ထုကိုဖတ်ပြီး ဇာတ်သိမ်းကိုပြောင်းပစ်ချင်လိုက်တာ. . ."

မေကြည်မှာ ယခုအထိစိတ်အားထက်သန်နေဆဲဖြစ်သည်။

ကိုနေကျော်က နားမလည်သလိုငေးကြည့်နေသည်။

"ဇာတ်သိမ်းခန်းမှာ အဲဒီမိန်းကလေးကို၊ ပန်းချီဆရာဖြစ်တဲ့ကိုနေကျော်က ကယ်ဆယ်လိုက်လို့ခုထိအသက်ရှင်နေသေးတယ်လို့ပြင်ချင်ဟာ. . ."

"ဒါဖြင့်-အဲဒီမိန်းကလေးရဲ့ အမည်ကိုလဲပြောင်းဘို့လိုလိမ့်မယ်. . ."

"ဘယ်လိုလဲဟင်. . ."

မေကြည်က စိတ်ဝင်တစားမေးသည်။

"မေကြည်-လို့. . ."

"အို-အကိုကလဲ-လေ. . ."

မေကြည်မျက်နှာလေး ရှက်ရိပ်ဖြင့်ဝင်းပသွားသည်။

အခိုက်အတန့်အားဖြင့် သူတို့စားသောက်ဝိုင်းလေးစိုပြေ

နေသည်။ အပြုံးချင်းရောယှက်သွားသည်။

သို့သော်ပြောစရာစကားများကုန်ခမ်းနေသလို တိတ်ဆိတ်သွားလေတော့သည်။

မကြာမီမေကြည်က ထိုင်ရာမှထသည်။ စားသောက်ပြီးသောပန်းကန်များကိုယူပြီး မီးဖိုခန်းသို့ဝင်၍ဆေးကြောသည်။

ကိုနေကျော်မှာမူ ဧည့်ခန်းတွင်ငူငူကြီးထိုင်ရင်း စီးကရက်သောက်နေသည်။

သူ့ရင်ထဲတွင်မေကြည့်ကိုနားလည်ချင်နေသည်။ သို့သော်ယခုထိတော့ဘာမျှမသိသေး။

ကိုနေကျော်က စီးကရက်မီးခိုးငွေ့နှင့်အတူ သက်ပြင်းကိုမှုတ်ထုတ်လိုက်သည်။ ။

× × × × × ×

အခန်း(၁၁)။

ထိုအချိန်မှာပင် မော်တော်ဆိုင်ကယ်တစ်စီးမောင်းဝင်လာသံကို ကိုနေကျော်ကြားလိုက်ရသည်။

မီးဖိုချောင်ထဲမှထွက်လျှောက်လာသော မေကြည်သည်လည်း သူ့အိပ်ခန်းအဝသို့အရောက်တွင်၊ မော်တော်ဆိုင်ကယ်သံကိုကြားရသည်။

သူမ ခြေလှမ်းများတုန့်သွားသည်။

သူ့အဖြစ်မှာလူစိမ်းကို အမြင်မခံဝံ့သောဧည့်သည်ဖြစ်နေသည်။ ထို့ကြောင့်ဧည့်ခန်းထဲဝင်ရန် စိတ်ကူးဖျက်လိုက်ပြီး အိပ်ခန်းထဲသို့ဝင်နေလိုက်တော့သည်။

ထိုအချိန်၌ ကိုနေကျော်မှာတံခါးဆီသို့ ရောက်နေချေပြီ။ မာမျှော်လင့်သောမြင်ကွင်းက သူ့ကိုအံ့ဩစေသည်။

"ဟိတ်-မောင်မိုး၊ ဘယ်လိုဖြစ်လာရတာလဲကွ. . . "

ဖော်မွန်စာပေ

ကိုနေကျော်ဝမ်းသာအားရနှင့် နှုတ်ဆက်သည်။

ဘိလပ်တံခါးသော့ကိုလည်း ဖွင့်ပေးလိုက်သည်။

"ဘာဖြစ်လို့လဲဗျ၊ အံ့ဩသွားလို့လား. . ."

ကိုဘင်အောင်မိုးလျှောက်ဝင်လာရင်းမေးလိုက်သည်။

"ဒါပေ့ါကွ၊ ညကစားသောက်ဆိုင်မှာ ပြောတုန်းကတော့ မင်းကိုမျှော်လင့်နဲ့ဦးဆို၊ မိုးကုတ်ကပြန်လာမှ ငါ့ဆီလာနေမယ်ဆို ကွ. . ."

"ဟုတ်တယ်၊ နက်ဖြန်နေ့လည်ကျွန်တော်မန္တလေးသွားမယ်၊ အဲဒီကမှမိုးကုတ်သွားမှာ. . ."

"အခုဟာက၊ ဘယ်လိုဖြစ်လာတာလဲကွ. . ."

"ကျွန်တော်ဒီလမ်းအတိုင်း ဆိုင်ကယ်ဖြတ်စီးသွားတာ ခင်ဗျား နည့်ခန်းမီးလင်းနေတာတွေလို့ဝင်ခဲ့တာ၊ ဒီအချိန်ဟာ ဦး ကျောက်ဆေးချိန်ဆိုတော့ ခင်ဗျားနဲ့အတူသောက်မလားလို့ဗျာ. ."

"ဟုတ်ရဲ့လားကွာ၊ မင်းအရက်မကြိုက်မှန်းငါသိပါတယ်၊ ဒါပေမယ့် မင်းဆန္ဒရှိရင်ငါ့ဘက်က တာဝန်ကျေရမှာပေ့ါကွာ. . ."

တင်အောင်မိုး၏အသွင်မှာ နိုင်ငံခြားပြန်ပီသလှသည်။ ရှပ်ရှည်အဖြူပေါ်တွင် နက်ပြာရောင်ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည် ကိုသေသပ်စွာ ဝတ်ထားသည်။ ပြည့်ဖြိုးသော သူ့အဆစ်အပေါက် နှင့်များစွာ ကြည့်ကောင်းနေသည်။

သူတို့နည့်ခန်းတွင် ဝင်ထိုင်ဖြစ်ကြသည်။

"ကဲ-ပြောကွာ၊ မင်းဘာသောက်မလဲ၊ နိုင်ငံခြားအရက် တော့ လေးငါးမျိုးလောက်ရှိတယ်၊ ဝီစကီ၊ ဝိုင်၊ ရှန်ပိန်၊ ဖော်မယ်ရီ၊





ကဲဘာသောက်မလဲ. . ."

"ကိုနေကျော်ကမေးသည်"

"ဟာဗျာ-ရှန်ပိန်တော့မလုပ်ပါနဲ့၊ မန္တလေးဘီယာတောင် မမှီချင်ဘူး၊ ဂျွန်အိပ်ရှောဘရန်ဒီရနိုင်ရင်တော့ သိပ်ကောင်းမှာပဲ"

"ဟာ-ရတာပေ့ါကွာ၊ ပြင်သစ်ပြန်တစ်ယောက်ကိုပြင်သစ် ဘရမ်ဒီနဲ့ဧည့်ခံရတာ ငါဂုဏ်ယူရမှာပေ့ါကွာ. . ."

"ဒါပေမယ့်-သိပ်တော့အထင်မကြီးနဲ့ကိုနေကျော်၊ ကျွန် တော်က နိုင်ငံခြားရောက်နေပေမယ့် အရက်ကိုအာစွတ်ရုံသာ သောက်တတ်တာ. . ."

"အေးပေ့ါကွာ-စကားပြောကောင်းရုံဆိုပါတော့၊ ဒါထက် မင်းအကိုကိစ္စကထူးခြားလား. . ."

"သက်ဆိုင်ရာကတော့ အပူတပြင်းလိုက်နေတာပဲဗျ၊ သူ တို့ကောက်ချက်ချပုံက၊ ကြိုတင်စီမံပြီးမှလုပ်တဲ့ပုံမျိုးဗျ၊ နောက်ပြီး ဒီကိစ္စမျိုးကို တစ်ခါမှမကျူးလွန်ဖူးတဲ့လူတွေရဲ့လုပ်ရပ်တဲ့ဗျ. . ."

"ဘာဖြစ်လို့တဲ့လဲကွ. . ."

"လုပ်နေကျလူတွေရဲ့လက်ရာဆိုရင် သက်ဆိုင်ရာကခြေဆ လက်ဆကိုကြည့်ပြီး ခြေရာခံလို့လွယ်တယ်တဲ့ဗျ. . ."

"ဒီလိုဆို မျှော်လင့်ချက်မှရှိသေးရဲ့လားကွာ. . ."

"အိုဗျာ-ဘဝရှိနေသရွေ့တော့ မျှော်လင့်ချက်ကရှိနေရမှာ ပေ့ါ၊ ဒုစရိုက်မှုဆိုတာဖုံးကွယ်လို့မရပါဘူး. . . ."

"ဒါပေ့ါကွာ-တရားနတ်စောင့်ပါတယ်၊ အမှန်တရားဆိုတာ ကြာနှေးကြီးပေမယ့် ကြာကြာဖုံးကွယ်မနေတတ်ပါဘူး. . . ."

"ကျွန်တော်လဲ အဲ့ဒီအတိုင်းယုံပါတယ်ဗျား . . "

"ကဲ-မင်းအရက်သောက်မယ်မှတ်လား၊ ဒီမှာပဲသောက်မှာလား၊ ထမင်းစားခန်းထဲမှာသောက်မလား. . . "

ကိုနေကျော်ကမေးလိုက်သည်။

"ဒီမှာလဲမသောက်ချင်ဘူး၊ ထမင်းစားခန်းမှာလဲမသောက်ချင်ဘူး. . ."

"ဟ၊ ဘယ်မှာသောက်ချင်တာလဲ၊ အပြင်ဆိုင်မှာလား. . "

"မဟုတ်ဖူး-ခင်ဗျားစတီရီယိုထဲမှာ. . . "

ကိုတင်အောင်မိုးစကားကြောင့် ကိုနေကျော်အံ့ဩသွားသည်။

"မင်းနှယ့်ကွာ-ပန်းချီရေးတဲ့အခန်းဆိုတာ ရှုပ်ရှုပ်ထွေးထွေးကွ၊ အရက်သောက်ရင်းစိတ်ညစ်ရင် စိတ်မကြည်ပဲညစ်သွားနိုင်တယ်. . . "

"ကျွန်တော်တို့ကစိတ်ညစ်လို့ အရက်သောက်ကြတဲ့လူတွေမှမဟုတ်တာကိုနေကျော်ရာ၊ အပန်းဖြေတဲ့အနေနဲ့ပါ၊ နောက်ပြီးခင်ဗျားရဲ့ပန်းချီခန်းကိုလဲ လေလာချင်လို့ဆိုပါတော့၊ သဘာဝမပျက်ခံစားကြည့်ချင်လို့ပေါ့ကွာ. . . "

တင်အောင်မိုးကရှင်းပြသည်။

"အေးလေ-မင်းဆန္ဒရှိရင်သဘောအတိုင်းပါပဲကွာ. . . "

"နောက်တစ်ခုရှိသေးတယ်ဗျ၊ ဟောဒီမှာ. . . "

တင်အောင်မိုးကသူ၏ကုတ်အင်္ကျီအိတ်ကပ်ထဲမှ ဓါတ်ပုံတစ်ပုံကိုလှမ်းပေးသည်။





ကိုနေကျော်ယူကြည့်လိုက်သောအခါ သွားလေသူသူ့အကိုကိုတင်မောင်မျိုး၏ပုံမှန်းတွေ့ရသည်။

ကိုနေကျော်ဓါတ်ပုံကိုကြည့်ရင်း စိတ်မကောင်းဖြစ်ရပြန်သည်။ သူငယ်ချင်းကားသက်ရှိထင်ရှားမရှိလေတော့၊ ဓါတ်ပုံတော့ချန်ခဲ့သည်။

စင်စစ်တင်မောင်မျိုးနှင့်တင်အောင်မိုးမှာ ရုပ်ချင်းအတော်တူကြသည်၊ အမွှာပူးညီအကိုလားထင်ရသည်။ သူစိမ်းလူများအဖို့မှားနိုင်သည်။

ကွဲပြားခြားနားချက်ကို ငယ်သူငယ်ချင်းကိုနေကျော်ကသာသိသည်။

တင်မောင်မျိုးတွင် ဘယ်ဘက်နှုတ်ခမ်းပေါ်၌မှဲ့နက်တစ်လုံးရှိပြီး ညာဘက်မျက်ခုံးကွဲ၍ဒဏ်ရာရှိသည်။ ယင်းအချက်များကိုဖြည့်ထည့်လိုက်လျှင်ကား-တင်အောင်မိုးသည်တင်မောင်မျိုးဖြစ်သွားနိုင်သည်။

ကိုနေကျော်ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"ကဲ-ဘယ်မှာလဲ-ခင်ဗျားစတူဒီယို. . . "

တင်အောင်မိုးကမေးသည်။

"ဧည့်ခန်းရဲ့နောက်ဘက်၊ ဘယ်ဘက်အခန်းမှာပါကွာ၊ ဝင်ကြည့်ပါ. . . "

သူတို့နှစ်ယောက် ပန်းချီစတူဒီယိုထဲဝင်လိုက်သည်။

ကိုနေကျော်မီးဖွင့်ပေးသည်။

စတီရီယိုတစ်ခုလုံးကား ကိုနေကျော်ပြောသလိုပင် စိတ်ရှုပ်

စရာကောင်းလှပါသည်။ သို့သော်အလင်းရောင်လုံလောက်စွာရရန်ကိုမူဖန်တီးထားသည်။

ပန်းချီရေးသော ဒေါက်စင်သုံးခုကိုတွေ့ရသည်။ နှစ်စင်ပေါ်တွင်ဘာမျှမရှိ၊ တစ်စင်ပေါ်တွင်မူ ဘောင်ကွတ်ထားပြီးသော ဘာမျှမရေးခြစ်ရသေးသည့် အဖြူသက်သက်ကားချပ်တစ်ခုကိုတွေ့ရသည်။ အခန်းနံရံတွင်မူ ပန်းချီကားအတော်များများကိုထပ်၍ထောင့်ထားသည်။

တစ်ခန်းလုံးခြုံကြည့်လျှင်၊ ဆေးစက်၊ ဆေးခွက်၊ စုတ်တံ၊ တာပင်တိုင်အနံ့၊ ဆေးစပ်ကပ်ပြားတို့မှာ စနစ်တကျမရှိပဲပြန့်ကျဲနေသည်။

"ဘယ့်နှယ့်လဲ- တော်တော်လေးမှ စိတ်ရှုပ်သွားရဲ့လား မောင်မိုး. . ."

"စိတ်ရှုပ်တယ်လို့မဟုတ်ပါဘူး-ဒါဟာသဘာဝပေါ့ဗျ၊ စရမ်ကိုသွားရင်ဒီမြင်ကွင်းမျိုးဘယ်မြင်ရမလဲ၊ မှတ်ဖူးလား. . ."

"မင်း-ဦးကျောက်မခြောက်ဖူးဆိုရင် ပြီးတာပါပဲကွာ၊ အဲဒီကုလားထိုင်မှာထိုင်၊ ငါမင်းကိုစမ်းပြီး မျက်နှာကိုဆေးဖြည့်ကြည့်စမ်းမယ်. . ."

တင်အောင်မိုးကုလားထိုင်ပုလေးတွင် ဝင်ထိုင်သောအခါ ကိုနေကျော်ကဆေးခွက်ကိုယူပြီး၊ ခါတ်ပုံကိုကြည့်ကာ ဘယ်ဘက်နှုတ်ခမ်းပေါ်တွင်မှဲ့နက်တစ်လုံး ထင်ထင်ရှားရှားထည့်ပေးလိုက်သည်။ ပြီးမှအနာကပ်သည့်ပလာစတာကို အလေ့တော်ဖြတ်တောက်ပြီး ညာဖက်မျက်ခုံးရိုးပေါ်တွင် တပ်ပေးလိုက်သည်။ အ

ဖော်မွန်စာပေ



သားရောင်ဆေးကိုထပ်ချယ်ပြီး၊ အပိုနေရာများကို မျက်ခုံးမွေးနှင့်ရောသွားစေရန် အနက်ရောင်ဆေးကိုဖို့ပေးသည်။

ပြီးလျှင်ကိုနေကျော်က စူးစမ်းကြည့်သည်။ သူ့လုပ်ရပ်ကိုစိတ်ချသွားသည်။

"မဆိုးဘူးကွ-မောင်မိုး. . ."

"နေအုံးဗျ-ကျွန်တော်လုပ်ပြအုံးမယ်. . ."

တင်အောင်မိုးထိုင်ရာမှထပြီးရင်ကော့၊ ကိုယ်ကိုဆန့်ပြီး ခပ်မတ်မတ်လျှောက်ပြသည်။

"ဘယ့်နှဲ့လဲ-တူတယ်မှတ်လား. . ."

"အေးကွာ-သူစိမ်းဆိုရင်မှားလောက်စရာပဲ၊ မင်းဒီအတိုင်းအပြင်ထွက်သွားလို့ကတော့ အန္တရာယ်မသေးဘူးကွနော်၊ တော်ကြာဒုစရိုက်သမားတွေက၊ ဒီကောင်မသေဘူးဆိုပြီး မင်းကိုဒုက္ခပေးနေဦးမယ်. . ."

"ဒါဆို-ကောင်းတာပေါ့ဗျ. . ."

"ဘာလဲ-မင်းကအနောက်နိုင်ငံကဟီးရိုးတွေကို အားကျစိတ်နဲ့သူ့ရဲကောင်းလုပ်မလို့လား၊ ဒါမြန်မာပြည်နော်-သတိထား"

"ကျွန်တော်သဘောပေါက်ပါတယ်ဗျာ-အခုဟာကရဲအဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်ကြည့်မလားလို့ ကြိုးစားကြည့်တာပါ. . ."

"အေး-အဲဒီလိုဆိုရင်တော့မဆိုးဘူး၊ လိုအပ်ရင်ငါကူညီမယ်. . ."

"ကျေးဇူးပဲဗျာ-အားကိုးပါတယ်. . ."

အခိုက်အတန့်အားဖြင့် သူတို့စကားပြတ်သွားသည်။

ဖော်မွန်စာပေ

တင်အောင်မိုးက၊ ပြန်မထိုင်တော့ပဲ၊ နံရံတွင်ထပ်ထောင်ထားသော ပန်းချီကားများကိုကိုင်ကြည့်သည်။ အသေးစိတ်တော့မဟုတ်၊ ရုပ်ပုံတွေကိုမြင်ရရုံလှန်လှောကြည့်ခြင်းဖြစ်၏။

"ဒါတွေအားလုံးဟာ ခင်ဗျားရေးဆွဲတာတွေချည်းပဲလား ကိုနေကျော်. . ."

"ဒါပေါ့ကွ-ရောင်းမရတဲ့ကားတွေဆိုပါတော့ကွာ. . ."

"ဘာပဲဖြစ်ဖြစ်၊ တစ်နေ့တော့အဖိုးတန်လာမှာပေါ့ဗျာ"

"တော်စမ်းပါ။ မင်းကအနောက်လေသံမျိုးနဲ့ပြောနေပြန်ပြီ၊ သေကာမှငွေတစ်ရာဆိုတာလိုငါသေပြီးမှတော့ ဒါဟာဘာလုပ်မလဲ. . ."

ထိုစကားကြောင့် တင်အောင်မိုးအံ့ဩသွားသည်။

"ဟာ-ခင်ဗျားကလဲကိုယ်ဖန်တီးတဲ့အနုပညာပေါ်မှာ မျှော်လင့်ချက်နဲလှချီလားဗျ. . ."

"ငါအဟုတ်ပြောတာကွ-ဒါတွေကိုငါရေးဆွဲခဲ့တုန်းကတော့ စျာန်အပြည့်နဲ့ရေးခဲ့တာပဲ၊ တကယ်တန်းကျတော့ ဒီကားတစ်ကားဟာ ငါရောင်းနေရတဲ့မိန်းမလှလေးတွေပုံထက် ဆယ်ပုံတစ်ပုံငွေပေးမယ့်သူတောင်မရှိဘူးကွသိလား. . ."

ဤတွင်တင်အောင်မိုးအဖို့ စဉ်းစားစရာဖြစ်လာသည်။ ကိုနေကျော်အပေါ်တွင် နားမလည်ခြင်းပင်ဖြစ်သည်။

"တစ်ခုတော့ရှိတာပေါ့ကိုနေကျော်. . .၊ ထီပေါက်ဖို့ဆိုတာဟာကံတရားနဲ့ဆိုင်ချင်ဆိုင်မယ်၊ ထီပေါက်ပြီးရလာတဲ့ငွေတွေ ကုန်ခမ်းမသွားဘို့ကျတော့ ကံတရားနဲ့မဆိုင်တော့ဘူးဗျ. . ."

ဖော်မွန်စာပေ



"မင်းဘာကိုဆိုလိုတာလဲကွ. . ."

ကိုနေကျော် နားရှုပ်သွားသည်။

"ဒီလိုလေဗျာ-ခင်ဗျားဟာပန်းချီဆရာတစ်ယောက်ဖြစ်ဖို့ရယ်၊ ဒီလိုအောင်မြင်တဲ့အခြေအနေရောက်လာတာဟာ တိုက်ဆိုင်မှုကံကောင်းမှုလို့ဆိုချင်ဆိုနိုင်တယ်၊ ဒါပေမယ့်ကိုယ့်အနုပညာလုပ်ရပ် ကျဆုံးမသွားဘို့ကျတော့ ကံတရားနဲ့မဆိုင်ဘူးလေ၊ ဉာဏ်နဲ့ယှဉ်ပြီး ထိန်းသိမ်းစောင့်စည်းရလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

ကိုနေကျော်ဘာမျှမပြော၊ တင်အောင်မိုး၏စကားကို အလေးအနက်စဉ်းစားနေသည်။

"ကဲပါဗျာ-ကိုနေကျော် စကားကောင်းလွန်းလို့ခဲ့တွင်းတောင်ချဉ်လာပြီ၊ လုပ်ဗျာ-ဘယ်မလဲခင်ဗျားရဲ့ ပြင်သစ်ပြည်ထွက်ဂျွန်အိတ်ရှော့ဘရမ်ဒီ. . ."

ဤတွင်အတွေးတွင်နစ်နေသောကိုနေကျော် လှုပ်ရှားလာသည်။

ဘာမျှတော့မပြော၊ တင်အောင်မိုးကို တစ်ချက်လှမ်းကြည့်ပြီးပြုံးသည်။ ထို့နောက်အခန်းထဲမှ ထွက်သွားလေတော့သည်။

သည်အချိန်ကျတော့မှ တင်အောင်မိုးမှာ သက်ပြင်းချနိုင်တော့သည်။

သူသည်အရက်ကိုသောက်ချင်လွန်းလှ၍ မဟုတ်၊ ကိုနေကျော်အိမ်သို့လာရန်လည်း ရည်စူးချက်မရှိ အိမ်ရှေ့မှဆိုင်ကယ်ဖြတ်မောင်းစဉ် ကိုနေကျော်၏တိုက်လေးထဲမှ မီးရောင်ကိုလှမ်းမြင်ရသဖြင့် လျှပ်တပျက်စိတ်ကူးဖြင့် အစီအစဉ်မရှိပဲဝင်လာခြင်းဖြစ်သည်။

ဖော်မွန်စာပေ

ခုတော့သူတစ်ယောက်ထဲ ပန်းချီခန်းထဲတွင်လွှတ်လပ်စွာ ကျန်ခဲ့သည်။

ပန်းချီကားများကို တစ်ကားစီအသေးစိတ်ကြည့်၏။ ကိုနေကျော်၏အရည်အသွေးတွင် မည်သည့်အကြောင်းအရာတွင် နိုင်နင်းသည်ကို သူလေ့လာခြင်းသာဖြစ်၏။ သူနှင့်ကိုနေကျော်ကွဲကွာသွားကြသည်မှာရှစ်နှစ်ခန့်ရှိချေပြီ။

သူတွေ့နေရသည့်ပန်းချီကားများမှာ ရှုခင်းကားများ၊ အဆောက်အဦးပုံများ၊ အလုပ်လုပ်နေကြသောရေနံလုပ်သားများ ကျောက်တွင်းတူးနေသူများနှင့် လူအများသွားလာလှုပ်ရှားနေသော လမ်းမကြီးများကို အများအားဖြင့်တွေ့ရ၏။

ထိုကားများကိုကြည့်ရင်း တင်အောင်မိုး၏ရင်ထဲတွင်သာမက ခေါင်းထဲတွင်ပါရှုပ်ထွေးလာရသည်။

လေးနက်သောအကြောင်းအရာများကို ရေးဆွဲရာမှ မိန်းမလှလေးများပုံကို အသားပေးရေးဆွဲလာသော ကိုနေကျော်ကိုသူနားမလည်ဖြစ်ရသည်။

ဝတ်တတ်ပြတ်ပြတ်နှင့်တွယ်ရာမဲ့ဘဝတွင် သူရေးဆွဲခဲ့သော ကားများသည်အားမာန်များ၊ မျှော်လင့်ချက်များနှင့်ထူးခြားတောက်ပြောင်သောဂုဏ်တစ်ခုစီရှိကြောင်း သတိပြုမိသည်။

ဤလုပ်ရပ်များက ကိုနေကျော်၏ဘဝကိုကံကောင်းစေသင့်၏။ ယခုတော့ဤသို့မဟုတ်။

တင်အောင်မိုး သက်ပြင်းရှိုက်မိပြန်သည်။ ။

× × × × × ×

ဖော်မွန်စာပေ

အခန်း(၁၂)။

ပန်းချီခန်းစတူရီယိုထဲမှထွက်လာသော ကိုနေကျော်သည သူ့အရက်ဘီဂိုသွားဖွင့်ခဲ့သည်။ သို့သော်သူအလိုရှိသော ဂျွန်အိ ရှောဘရမ်ဒီပုလင်းကိုမတွေ့၊ နောက်မှသူသတိရလာသည်။

ယမန်ညက မေကြည်ကိုသူတိုက်ခဲ့သောအရက်မှာ ထိုအ ရက်ပုလင်းဖြစ်သည်။ ထိုအရက်မှာသူ့ထံတွင် နောက်ဆုံးကျန်သော ပုလင်းဖြစ်သည်။

သူမေကြည့်အခန်းရှေ့ရောက်တော့ တံခါးကိုတွန်းကြည့် သည်။ မပွင့်၊ ထို့ကြောင့်တံခါးကိုသာသာလေးခေါက်ကြည့်သည်။ မည်သည့်လှုပ်ရှားမှုမျှမကြားရသောအခါ ထပ်၍ခေါက်ရပြန်သည်။

အသံတော့မကျယ်ရဲ တင်အောင်မိုးကိုပြောမထားမိသဖြင့် သူ့ကိုအထင်လွဲမည်ကိုစိုးရိမ်သည်။

ဖော်မွန်စာပေ

"အကို-မေကြည်အပြင်မှာပါ၊ ထမင်းစားခန်းထဲမှာစောစောကဝတ္ထုပြန်ဖတ်နေတာပါ. . ."

ထမင်းစားခန်းထဲမှ မေကြည်ထွက်လာပြီး၊ သူ့အနားရောက်လာသည်။

ဘာကြောင့်ရယ်မသိ၊ သူမအသံကလည်းငြင်သာတိုးတိတ်လှသည်။

"အော်-အေး-မေကြည်ရယ်၊ အကိုမေကြည်နဲ့စကားပြောချင်ပါတယ်ကွယ်၊ အခုတော့ဧည့်သည်ရောက်လာတယ်လေ၊ အကိုတို့ ပန်းချီခန်းထဲစကားပြောနေတာ မေကြည်မကြားဘူးလား. . ."

"သဲ့သဲ့တော့အကြားသား၊ စာဖတ်နေလို့ဘာမှမသိဘူး၊ မေကြည်ဘာလုပ်ပေးရမလဲ-အကို. . ."

"အော်-အကို့သူငယ်ချင်းက အရက်သောက်ချင်လို့တဲ့ကွာ အဲဒါညကအရက်ပုလင်း မေကြည့်အခန်းထဲရှိတယ်၊ ကျန်သေးတယ်မှတ်လား. . ."

"ကျန်သေးတယ်လေ-အများကြီးပါ. . ."

"အဲဒီအရက်နဲ့ ကိုယ့်သူငယ်ချင်းကို ဧည့်ခံမလားလို့. . ."

"ကောင်းပြီ-မေကြည်ယူခဲ့မယ်လေ၊ အားလုံးပြည့်စုံအောင်ပြင်ဆင်ပြီးယူလာမယ်၊ အကိုသွားနှင့်ပါ. . ."

"ဖြစ်ပါ့မလား-မေကြည်. . ."

"ဘာလို့မဖြစ်ရမှာလဲ-မေကြည်လုပ်နေကျပါ၊ ဘာလဲ-အကို့သူငယ်ချင်းနဲ့မေကြည့်ကို တွေ့မပေးချင်လို့လား. . ."





"ဒီလိုတော့မဟုတ်ပါဘူး၊ သူနဲ့အကိုကအချစ်ဆုံးသူငယ်ချင်းတွေလေ၊ ဒါပေမယ့်မေကြည်ဒီမှာရှိတဲ့အကြောင်း သူ့ကိုကြို့ပြောမထားရသေးဘူး. . . ."

"ဒီတော့. . ."

မေကြည်က ကိုနေကျော်၏ဆန္ဒကိုမေးသည်။

ကိုနေကျော်လျှပ်တပျက်ဆုံးဖြတ်ချက်ချလိုက်သည်။

"မထူးပါဘူးကွာ-ခုမသိလဲနောက်တော့သိမှာပဲ၊ သူနဲ့အကို့မှာကလျှို့ဝှက်ထားစရာမရှိပါဘူး. . ."

"ဒါဖြင့်-အကိုသွားနှင့်မေကြည်ယူလာခဲ့မယ်. . ."

"ကောင်းပြီ၊ အော်-မြည်းစရာတော့သီးသန့်မရှိဘူး၊ ရေခဲသေတ္တာထဲမှာဒိန်ခဲဗူးရှိတယ်၊ ဖောက်ပြီးယူခဲ့နော်. . ."

"မေကြည်ခေါင်းညိတ်ပြသည်. . ."

ကိုနေကျော်ဘာမျှမပြောတော့၊ ပုခုန်းနှစ်ဘက်တွန့်လိုက်ပြီး စတူဒီယိုခန်းထဲပြန်ဝင်ခဲ့သည်။ ပန်းချီကားကိုစိတ်ဝင်တစားကြည့်နေသော-တင်အောင်မိုးမှာ ခြေသံကြား၍နောက်သို့လှည့်ကြည့်သည်။

"ကျွန်တော်တော့-ခင်ဗျားပန်းချီကားတွေကို အတော်သဘောတွေ့နေပြီဗျို့-ကိုနေကျော်. . ."

"ကျေးဇူးတင်ပါတယ်ကွာ၊ ဝမ်းသာစရာပေါ့. . ."

"ခင်ဗျားကားတွေက အကြောင်းအရာရိုးပေမယ့် ဖွဲ့စည်းပုံကောင်းတယ်၊ ဟိုပြူတင်းပေါက်နားကကားက ကျွန်တော်တို့မိုးကုတ်ကရေနီချောင်းလေးမှတ်လား၊ နောက်ပြီးဒီကားကရွှေဂူချောင်းနား

ကရွှေတိုင်လျှိုကလေးမှန်း ကျွန်တော်သိတယ်. . ."

"မင်းဒါတွေမှတ်မိသားပဲ. . ."

"မှတ်မိပါပြီလားဗျာ၊ ဒီနေရာတွေမှာ ကျွန်တော်တို့ငယ်ငယ်တုန်းက ရေခိုးကူးကြတာပဲမဟုတ်လား၊ ကျွန်တော်ရေနစ်လို့ အကိုကတောင် ဆယ်ခဲ့သေးတယ်လေဗျာ. . ."

ကိုနေကျော်ဘာမျှမပြော၊ ငယ်စဉ်ကအကြောင်းကိုပြန်ကြားရင်၊ ရင်ထဲပီတိပွားသွားသည်။

"တစ်ခါတစ်လေ-ဒီလိုအမှတ်တရနေရာတွေကို တွေ့ရတော့ကိုယ့်ကိုယ်ကိုပြန်ငယ်သွားသလိုဘဲဗျာ. . ."

"အေး-ဟုတ်တယ်၊ ငါကိုယ်တိုင်လဲ မွေးရပ်မြေကိုသတိရနေအောင် ဒီကားတွေကိုထုတ်ချိတ်ဆွဲထားတာကွ. . . ."

"အေးဗျာ၊ ကျွန်တော်တို့မြန်မာတွေမှာချစ်စရာကောင်းတဲ့အချက်ကကိုယ့်မြေ၊ ကိုယ့်ရာ၊ မွေးရပ်ရွာကို ချစ်တဲ့စိတ်ပဲ၊ ကျွန်တော်ပြင်သစ်မှာနေတုန်းကလဲ၊ မြန်မာပြည်ကဓါတ်ပုံတွေကိုစုဆောင်းတယ်၊ အင်း-ဒီတစ်ခါ မြို့ပြန်ရောက်ရင်တော့ တဝကြီးအနှံ့လျှောက်လည်ပစ်အုံးမယ်၊ ခင်ဗျားပါ-ပါရင်သိပ်ကောင်းမှာပဲဗျာ"

"ငါစဉ်းစားပါအုံးမယ်ကွာ၊ အလုပ်ပူလေးရှိနေလို့၊ နို့မို့ဆို-ရင်မင်းလိုအဖော်ကောင်းနဲ့ မိုးကုတ်ကိုပြန်လိုက်ချင်သေးတယ်"

ထို့နောက် တင်အောင်မိုးကြည့်ပြီးမေးသမျှပန်းချီကားများအကြောင်းကို၊ ကိုနေကျော်ကရှင်းပြနေသည်။

ထိုအချိန်မှာပင် မေကြည်ဝင်လာသည်။

သူမ၏လက်ထဲမှဗန်းထဲတွင် ဘရမ်ဒီပုလင်း၊ ဖန်ခွက်နှစ်





လုံး၊ ဆော်ဒါတစ်ပုလင်းနှင့် ဒိန်ခဲကိုလှီးထည့်ထားသော ပန်းကန်ပြားတစ်ချပ်ပါလာသည်။

အခန်းထဲတွင်ဧည့်သည်ရှိနေသဖြင့် မေကြည်ကမျက်လွှာချပြီးဝင်လာခြင်းဖြစ်သည်။ ဗန်းကိုစားပွဲခုံပုလေးပေါ်တွင်တင်နေသည်။

မေကြည်ဝင်လာသည်ကို၊ စတင်မြင်သူမှာ တင်အောင်မိုးဖြစ်သည်။

မေကြည်၏အလှမှာဆွဲဆောင်မှုအပြည့်ရှိသည်။ ထို့ကြောင့် တင်အောင်မိုး၏အကြည့်မှာစူးစူးရဲရဲ ဖြစ်သွားရသည်။

ငြိမ်ချက်သားကောင်းနေသောတင်အောင်မိုးကြောင့်၊ ကိုနေကျော်အံ့ဩသွားသည်။ နောက်မှအကြောင်းသိသွား၍ကိုနေကျော်ကျေနပ်သွားသည်။ တစ်နည်းအားဖြင့်တင်အောင်မိုး၏အပြုအမူသည် မေကြည်၏အလှကို အသိအမှတ်ပြုနေခြင်းသာဖြစ်၍ သူကျေနပ်ရခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် မျက်လွှာချထားသောမေကြည်က မရွံ့မရဲဖြင့်မော့ကြည့်သည်။ တင်အောင်မိုးကိုမြင်သည်။

ဤတွင်မေကြည်အံ့ဩထိတ်လန့်သွားရ၏။ အံ့ဩစိတ်၊ ကြောက်ရွံ့စိတ်ဖြင့် မျက်လုံးလေးအဝိုင်းသားဖြင့် "အို" ဟုရေရွတ်ရင်း သူ့ကိုယ်သူမဟန်နိုင်သကဲ့သို့ ဒူးများပျော့ခွေကျသွားပြီး၊ တစ်စုံတစ်ခုဖြင့် တိုက်မိသွားတော့သည်။

ထိုအဖြစ်၏အကျိုးဆက်မှာ ထိုင်ခုံပုလေးပေါ်မှဗန်းကို တိုက်ချလိုက်သလိုဖြစ်ပြီး၊ အားလုံးလဲကျကျေကွဲကုန်တော့သည်။

ဘရမ်ဒီပုလင်းမှာလဲကျပြီး အထဲမှအရက်များ ဝေါကနဲ သွန်ထွက်လာသည်။ တော်ပါသေးသည်။ ခြေမြန်လက်မြန်ရှိသော တင်အောင်မိုးကပုလင်းကို အချိန်မီဆွဲထားလိုက်ခြင်းကြောင့် အားလုံးကုန်မသွားခြင်းဖြစ်သည်။

"ဟင်မေကြည်-မေကြည်ဘာဖြစ်လဲ. . ."

အဖြစ်ကိုမှင်သက်နေသော ကိုနေကျော်မှာခဏမျှကြောင်ငေးကြည့်ပြီးမှမေးသည်။

မေကြည်ခေါင်းငုံ့နေသည်။ မပီမသသော အသံဗလုံးဗထွေးများကိုလည်း သူမထံမှကြားနေရသည်။

ကိုနေကျော်နှင့်တင်အောင်မိုးတို့ အကြည့်ချင်းဆုံသွားသည်။ ဘာလုပ်ရမည်ကို အကြံတောင်းသော အကြည့်ဖြစ်သော်လည်း ဘာမျှမပြောနိုင်ကြ။

ချက်ချင်းဆိုသလိုပင်ကြံရာမရသော ကိုနေကျော်ကမေကြည့်ပုခုံးလေးကိုဖေးမပြီး အပြင်သို့ဆွဲခေါ်သွားသည်။

"မေကြည်-နေမကောင်းဘူးထင်တယ်၊ အခန်းထဲဝင်ပြီး လှဲနေလိုက်အုံးနော်. . ."

မေကြည် သတိလက်လွတ်အနေအထားဖြင့်၊ ကိုနေကျော်နှင့်ပါလာသည်။ အခန်းဝရောက်တော့မေကြည့်ကို တစ်ယောက်တည်းဝင်စေသည်။

သူကိုယ်တိုင်ကမူ ရှုပ်ထွေးသောစိတ်ဖြင့်ထမင်းစားခန်းထဲမှဖန်ခွက်အသစ်နှစ်လုံးယူပြီး၊ စတူဒီယိုခန်းသို့ပြန်ခဲ့သည်။





"ဘယ်လိုလဲဗျာ၊ ခင်ဗျားအိမ်မှာအမျိုးသမီးတစ်ယောက်ရှိနေတာကို. . ."

တင်အောင်မိုးက စတင်မေးသည်။

"စကားမစပ်မိတာနဲ့မပြောပြသေးတာပါကွာ၊ အခုမှမိတ်ဆက်ပေးမလို့. . ."

"သူကဘယ်သူလဲ. . ."

"ဟန်ပြမယ်-မော်ဒယ်ဂဲ ဆိုပါတော့ကွာ. . ."

ကိုနေကျော်က အဆီအလျော်ဆုံးစကားကိုသုံးလိုက်သည်။

"ခင်ဗျားရဲ့ဟန်ပြမယ်က စားပွဲထိုးလဲလုပ်တယ်၊ ညအိပ်လဲနေတာပဲလား. . ."

"ဒါပေမယ့်-သူကဟန်ပြမယ်အစစ်မှတ်ဖူးကွ. . . ."

"ဗျာ. . ."

ရှေ့နောက်မဆီလျော်သော ကိုနေကျော်စကားကြောင့် တင်အောင်မိုးနားလည်ရခက်သွားသည်။

"ဟင်-ခုနကတော့ဟန်ပြမယ်ဆို၊ ဘယ်လိုလဲဗျာ-ရှင်းစမ်းပါဦး. . . ."

တင်အောင်မိုးသိချင်စိတ်ပြင်းသလောက်၊ ကိုနေကျော်ဒ ဖို့ရှုတ်ထွေးသောစိတ်ဖြင့် တုံဏှိဘာဝေဖြစ်နေသည်။

"ဟေ့လူ၊ ကိုနေကျော်. . ."

တင်အောင်မိုးကခေါ်နေသည်။

"မင်း-မသိပါဘူးကွာ. . ."

"ဟုတ်ပါပြီ-ကျွန်တော်မသိလို့မေးနေတာပေါ့ဗျ. . ."

ကိုနေကျော် အပြောရခက်နေသည်။

တင်အောင်မိုးနားလည်လာအောင် ရှင်းပြရသည်ကအရှည်ကြီး၊ ဘယ်ကစပြောရမှန်း သူစဉ်းစား၍မရသေး။

သူသည်ကြံရာမရသောစိတ်ဖြင့် တင်အောင်မိုးလက်ထဲမှ ဘရမ်ဒီပုလင်းကိုလှမ်းယူပြီး၊ သူ့လက်ထဲတွင်စုကိုင်ထားသော ဖန်ခွက်နှစ်လုံးထဲသို့လောင်းထည့်သည်။

တစ်ဝက်တစ်ပျက်ဖြင့် ပုလင်းကိုထောင်ကြည့်လိုက်သေး၏ မပြစ်စလောက်လက်ကျန်ကိုတွေ့ရသဖြင့် ကုန်သွားအောင်မျှ၍ ဖြည့်ထည့်သည်။

ထို့နောက်ကုလားထိုင်ပုလေးတွင်ဝင်ထိုင်သည်။

သူ့ကိုနားမလည်သေးသော တင်အောင်မိုးသည်၊ အခြားယှဉ်လျက်ရှိသော ကုလားထိုင်တွင်ဝင်ထိုင်သည်။

ကိုနေကျော်လှမ်းပေးသော အရက်ဖန်ခွက်ကိုလှမ်းယူသည်။ ဤတွင်သူတို့အကြည့်ချင်းဆုံသွားသည်။

"ပထမနဲ့နောက်ဆုံးအရက်ပေါ့ကွာ. . ."

သူတို့ဖန်ခွက်နှုတ်ခမ်းချင်းထိလိုက်ကြသည်။

သို့သော် တင်အောင်မိုး၏စကားကြောင့်မသောက်ဖြစ်ခဲ့ချေ။

"ခင်ဗျားအမျိုးသမီးကို စော်ကားတာတော့မဟုတ်ဘူးနော် သောက်ခါနီးအနှောင့်အယှက်တွေ့ရတာ မကောင်းဘူးဗျ၊ ဘုရင်နရပတေ့စားတော်ခေါ် ခါနီး ခွေးချေလို့အစားကို ပယ်လိုက်သလိုပေါ့. . ."

ဖော်မွန်စာပေ



"မင်းသဘောပဲကွာ. . ."

"ကျွန်တော့်ကို စိတ်မဆိုးနဲ့နော်. . ."

"မဆိုးပါဘူးကွာ-ပြောမယ့်သာပြောရတယ်၊ ငါလဲခုနပဲထမင်းစားပြီးတယ်၊ အရက်သောက်ဖို့မကောင်းဘူးကွ. . ."

"အခုအချိန်မှာအကောင်းဆုံးကတော့ ခင်ဗျားအမျိုးသမီးကိုသွားပြီးပြုစုဘို့ပဲဗျ. . ."

တင်အောင်မိုးက အကြံပေးသည်။

"နေပါအုံးကွာ-ငါပြောပါရစေအုံး. . ."

သို့သော်ကိုနေကျော် ဘာကစပြောရမှန်းမသိ၊ ခဏမျှစဉ်းစားပြီးမှသူပြောနိုင်သည်။

"အေးကွာ-စောစောထဲကပြောပြဘို့ပဲ၊ တို့တတွေပန်းချီကားအကြောင်း စကားကောင်းနေကြတာ သူ့အကြောင်းကိုမေ့သွားတယ်. . ."

"သူဟာ-ဟန်ပြမယ်တစ်ယောက်မဟုတ်တာတော့သေချာတယ်ပေါ့. . . ."

တင်အောင်မိုးက စကားအစရနိုင်ရန်မေးသည်။

"အေး-မဟုတ်ဖူး. . . ."

"ဒါဖြင့်ဘယ်သူလဲ-ခင်ဗျားနဲ့ဘယ်လိုဆက်စပ်သလဲ. . ."

သည်တစ်ကြိမ်တွင်တော့ကိုနေကျော်က အားလုံးကိုရှင်းပြနိုင်ပြီဖြစ်သည်။

ဖော်မွန်စာပေ

အခန်းလေးထဲတွင် ကိုနေကျော်၏စကားကလွှမ်းမိုးနေသည်။ နားထောင်နေသူက တင်အောင်မိုး။

ထို့ကြောင့်လည်းတဖက်ခန်းတွင် မေကြည်တစ်ယောက်ပြဿနာတက်နေသည်ကိုသူတို့မသိကြ။

× × × × × ×

## အခန်း(၁၃)။

မေကြည်သည် အခန်းထဲဝင်မိသည်ဆိုသလိုပင် တံခါးကိုမပိတ်နိုင်၊ သူ့အလိုအလျောက် စေ့သွားသည်ကိုပင်ဂရုက်မချမိ။

မတုန်မလှုပ်ကျောက်ရုပ်ကလေးလို၊ ကုတင်ပေါ်တွင်အငူသားထိုင်နေမိသည်။ ထလျှောက်ရန်ကိုမဆိုထားဘိ၊ လှဲလိုက်ရမည်ကိုပင်ကြောက်နေသည်။

ခြောက်ချားဖွယ်မြင်ကွင်းက သူမရင်ကိုတစ္ဆေနှင့်တွေ့လိုက်ရသလို တုန်လှုပ်သွားစေသည်။ အသက်ရှူများမတက်ဖြစ်ရသည်။ ကြံရာမရဖြစ်ရသည်။

ဤဘဝ၌အသက်ရှင်နေထိုင်ရမည်ကိုပင် အစိုးရိမ်ကြီးနေမိသည်။

ဖြစ်ပြီးခဲ့သောအကြောင်းများက၊ အသစ်ဖြစ်လာသည်။ နိဂုံးမရှိသေးသောဇာတ်လမ်းတွင် သူမပါဝင်ကပြခဲ့ရသည်။ ဇာတ်သိမ်းခန်းကိုကား သူမမတွေးဝံ့. . . ”

ဖော်ပြန်စာပေ

ထိုအခိုက်မှာပင်ယောကျ်ားတစ်ဦး၏ အရိပ်ကာသူမ၏မျက်ဝန်းထဲပေါ်လာသည်။ ထိုအရိပ်မှာအတွေးအမျှင်တန်းတစ်ခုထဲမှ ထွက်ပေါ်လာခြင်းမဟုတ်၊ သူမရှေ့တွင်ပင်သက်ဝင်လှုပ်ရှားလာခြင်းဖြစ်သည်။

ရုတ်တရက်မို့ မေကြည်အံ့ဩသွားသည်။

အသွင်ကိုထင်ထင်ရှားရှားမြင်လိုက်ရသောအခါ ကြောက်လန့်စိတ်မှာ အထွတ်အထိပ်သို့ရောက်သွားပြီး သတိလက်လွတ်ဖြင့် အော်ဟစ်လိုက်သည်။

သို့သော် မေကြည့်အသံအပြင်သို့ထွက်မလာ။

သတိရှိသောထိုသူက မေကြည့်ပါးစပ်ကိုအချိန်မှီပိတ်ပစ်လိုက်သည်။ သူ့လက်ဝါးကြမ်းကြမ်းဖြင့် မေကြည့်ပါးစပ်ကိုသာမက တစ်ကိုယ်လုံးမလှုပ်နိုင်အောင် ချုပ်ကိုင်ထားခြင်းလည်းဖြစ် သည်။

သန်မာသောထိုသူ၏လက်ထဲမှ မေကြည်လှုပ်ရှား၍မရနိုင်အောင်ဖြစ်နေရသည်။

"သိပ်လဲရုန်းမနေစမ်းနဲ့မေဇင်လတ်၊ အကြောင်းထူးမှာမဟုတ်ဘူး. . . "

ထိုသူကမေကြည့်နားနားသို့ တိုးကပ်၍ပြောနေသည်။ သူ့အသံမှာဩဇာညောင်းလှသဖြင့် မေကြည်ဆက်မရုန်းနိုင်၊ အသာငြိမ်နေလိုက်ရသည်။

"မင်းနဲ့ငါ စာရင်းရှင်းစရာတွေရှိသေးတယ်ဆိုတာ နားလည်ပါတယ်နော်၊ ဒီတော့တို့ပြေလည်ချင်တယ်၊ မင်းငါ့စကားနား

ဖော်မွန်စာပေ



ထောင်မယ်ဆိုရင်လွှတ်ပေးမယ်၊ အဲ-အော်မယ်၊ ဟစ်မယ်တော့ မကြံနဲ့၊ ငါ့စကားနားမထောင်ရင် ငရဲပြည်တောင်သွားကြရတယ်ဆိုတာမင်းအသိ. . "

ထိုသူကအသံအုပ်အုပ်ဖြင့် ပြောပြန်သည်။

"ကောင်းပြီလေ၊ ကျွန်မကိုလွှတ်ပေး. . . "

"ဂတိတည်နော်. . . "

ပြောပြောဆိုဆို ထိုသူကမေကြည့်ကိုချုပ်ကိုင်ထားရာမှ ဖြေလွှတ်လိုက်သည်။

"ရှင်၊ ဘယ်လိုလုပ်ပြီး ဒီအခန်းထဲရောက်လာရသလဲ၊ ကျွန်မဒီမှာရှိတာကော ဘယ်လိုသိသလဲ. . . "

မေကြည်က ထစ်ထစ်ငေါ့ငေါ့ဖြင့်မေးသည်။

"ဒါတွေဟာငါ့အလုပ်ပါကွာ၊ မင်းရှိတဲ့နေရာတိုင်းမှာငါရောက်ရမှာပေါ့မေဇင်လတ်၊ ဒီအခန်းမပြောနဲ့ ဟောဒီကမ္ဘာကြီးရဲ့ တစ်နေရာရာမှာ ပုန်းနေရင်တောင် ငါမင်းကိုတွေ့အောင်ရှာတတ်ပါတယ်ကွာ၊ အေးတွေ့အောင်လဲရှာရမှာပဲ. . . "

"ရှင်ကျွန်မကိုဆက်ပြီး ဒုက္ခပေးမနေပါတော့နဲ့လားရှင်"

မေကြည်က တိုးလျှိုးတောင်းပန်နေသည်။

"အလို့-တယ်စာတဲ့ဆိုပါလား၊ အဲဒီဒုက္ခဆိုတာ ငါကပေးတာလား၊ မင်းကပေးခဲ့တာလားဟင်၊ ပြောစမ်းမေဇင်လတ်. . . "

"ကျွန်မဟာ၊ ရှင်ကခိုင်းတဲ့ဇာတ်မှာ အနိုင်ကျင့်ပြီးကခဲ့ရတဲ့သူပါ၊ ဒါရှင်အသိ. . . "

ဖော်မွန်စာပေ

"အေးလေ-ဘာပဲဖြစ်ဖြစ် သိပ်လှတဲ့မိန်းမဖြစ်နေတာကို က မင်းဒီဇာတ်မှာကဘို့ဖြစ်လာရတာပဲ၊ ငါ့ကိုအပြစ်တင်မနေနဲ့၊ မင်းရဲ့အလှအပကိုသာအပြစ်တင်. . ."

ထိုသူကပြောပြောဆိုဆို မေကြည့်မေးစေ့လေးကိုလှမ်းကိုင်လိုက်သည်။ မေကြည်ကသူ့လက်ကိုလှမ်းပုတ်လိုက်ပြီး ကိုယ်ကိုနောက်တစ်လှမ်းဆုတ်လိုက်သည်။

"ဒီမှာ-ရှင့်ရဲ့ဓားစာခံဖြစ်ရမယ့်အတူတူ သေတာကမှကောင်းအုံးမယ်၊ ဒါကြောင့်ထွက်ပြေးတာသိလား. . ."

"မင်းသေသွားရင်လဲအကောင်းသား၊ ဒါနဲ့ဘာဖြစ်လို့ငါ့ပစ္စည်းတွေယူသွားရတာလဲ. . . ."

"ဒါကတော့-ကျွန်မကိုပေးတဲ့ ဒုက္ခကမှမသေးပဲကိုး၊ ဒီတော့ရှင်နဲ့အပေးအယူလုပ်စရာ ဒီတစ်နည်းပဲရှိတယ်လေ၊ ဒါကြောင့်ယူသွားတာ. . ."

သည်တစ်ကြိမ်တွင်တော့ မေကြည့်အသံကမာလာသည် မခံချင်စိတ်ဖြင့်အသားများပင် ဆတ်ဆတ်တုန်လာသည်။

"ကောင်းတာပေါ့ကွာ-မင်းဘာလုပ်နိုင်မလဲ၊ ဆက်ပြီးကြည့်ရုံသေးတာပေါ့. . ."

"ဒီမှာအပိုတွေပြောမနေစမ်းပါနဲ့၊ ရှင်ဘာလိုချင်သလဲ-ပြော"

"ငါဘာလိုချင်တယ်ဆိုတာမင်းသိပါတယ်၊ မေဇင်လတ်"

ထိုသူကဘာမျှမပြောပဲ မေကြည့်ကိုစူးစူးရဲရဲကြည့်နေသည်

"ပြောစမ်းပါမြန်မြန်၊ ရှင့်မှာအချိန်မရှိတော့ဘူးဆိုတာကောသိရဲ့လား. . ."

ဖော်မွန်စာပေ



မေကြည်က စိတ်မရှည်သလိုဖြင့်ပြောနေသော်လည်း ထိုသူ၏အပြုအမူကအေးစက်စက်နိုင်လှ၏။

"ဟား-ဟား-ငါ့မှာပစ္စည်းတွေအတွက်ရော၊ မင်းအတွက်ပါ အချိန်တွေအများကြီးရှိနေပါသေးတယ် မေဇင်လတ်. . ."

"အော်-ရှင်မသိသေးပဲကိုး၊ ဟိုဘက်ခန်းမှာရှင့်အတွက်သေမင်းတမန်ရောက်နေတယ်ရှင့်၊ နားလည်လား. . ."

"ဟား-ဟား-ဟား-ရီစရာကောင်းလိုက်ပါဘိကွာ၊ အခုထက်ထိမင်းမှာ ရူးကြောင်ကြောင်စိတ်ကလေးတွေ မပျောက်သေးပဲကိုးကွ. . ."

"ရှင်သာရူးနေတာနားလည်လား-ဟိုဖက်ခန်းမှာဘယ်သူရောက်နေတယ်ထင်သလဲ၊ ဦးတင်မောင်မျိုးရှင့်၊ ဦးတင်မောင်မျိုးရှင်ကိုယ်တိုင်သတ်ခဲ့တဲ့ဦးတင်မောင်မျိုးလေ. . ."

မေကြည့်စကားကြောင့် ထိုသူအံ့သြထိတ်လန့်သွားသည်။

"ဘာ-ဦးတင်မောင်မျိုးဟုတ်လား၊ ဟို-အရိုးဆွေးတော့မယ့်ငနဲလား. . ."

"ဟုတ်တယ်-အဲဒီဦးတင်မောင်မျိုးပဲ. . ."

"နေစမ်းပါဦး၊ သူကဘယ်လိုအသက်ပြန်ရှင်လာရတာလဲ"

"ဒါတော့မသိဘူး၊ မသေတာတော့အမှန်ပဲ၊ အမှုမှန်ပေါ်အောင်ဆိုပြီး၊ တခြားလူရဲ့အလောင်းကို၊ ဦးတင်မောင်မျိုးလို့ဆိုပြီး ရဲတွေကရှင်တို့လို ဒုစရိုက်သမားတွေကိုလှည့်စားထားတာ ဖြစ်မှာပေါ့. . ."

ဖော်မွန်စာပေ

ငဲမကြည့်စကားကြောင့် ထိုသူစဉ်းစားနေသည်။

"အေး-မင်းအတွေးဖြစ်နိုင်တယ်၊ မေဇင်လတ်. . . ."

"သူကခေါင်းတညိတ်ညိတ်လုပ်ရင်း တစ်ဘက်ခန်းနှင့်အနီးကပ်ဆုံးနံရံဆီသို့နားစွင့်ကြည့်သည်။ မည်သည့်လှုပ်ရှားမှုမျှမကြားရသောအခါ၊ သူ့ကိုယ်သူစိတ်ချယုံကြည်သွားသည်။

"မစိုးရိမ်တော့နဲ့မေဇင်လတ်ရေ၊ အခုအချိန်မှာမင်းအသံကုန်အော်ပြီးစကားပြောချင်လည်းပြောနိုင်ပြီ၊ တကယ်တော့သူတို့အတွက်သေမင်းဟာ ဒီအခန်းထဲရောက်ခဲ့တယ်ဆိုတာကိုတောင်သူတို့မသိနိုင်ကြတော့ပါဘူးကွာ. . ."

"ဘာရှင့်-ဘယ်လို. . ."

"အေး-မင်းနားရှင်းအောင်ငါပြောရအုံးမယ်၊ ငါဒီအခန်းထဲကိုမင်းဝင်မလာခင်ဆယ်မိနစ်လောက်စောပြီးရောက်တယ်၊ ဘရမ်ဒီသောက်ဖို့စကားလဲကြားရော၊ ငါ့မှာအသင့်ပါလာတဲ့အဆိပ်ဆေးမှုန့်ကိုအရက်ထဲထည့်ခဲ့တယ်၊ အခုလောက်ဆိုရင်တော့မင်းရဲ့ကယ်တင်ရှင်တွေလဲ အရက်ထဲကအဆိပ်သင့်ပြီး ငရဲကိုဖြတ်လမ်းကရောက်နေရောပေါ့၊ မေဇင်လတ်ရဲ့ယ်-ဟား-ဟား-ဟား. ."

"ဟင်-ရှင်-ရှင်-လူမှဟုတ်သေးရဲ့လား၊ ယုတ်မာရက်စက်လှချည်လား၊ ရှင်-အပြစ်မရှိတဲ့သူတွေကိုမှ လုပ်ကြံရက်တယ်. . ."

မေကြည့်အသားများတဆတ်ဆတ်တုန်လာသည်အထိဒေါသထွက်လာသည်။ အသံမှာလည်းမမှန်တော့ပဲ အရှိန်မြင့်နေသည်။

ထိုသူ၏မျက်နှာကိုကြည့်ရင်း သတ်ပစ်ချင်လောက်အောင်

ဖော်မွန်စာပေ



မေကြည်နာကျည်းသွားသည်။

"ငါမတတ်နိုင်ဘူးမေဇင်လတ်၊ ငါ့အဖြစ်ကကျားမြီးဆွဲထားရသလိုဖြစ်နေပြီ၊ လွှတ်လိုက်ရင် ငါ့ကိုပြန်ကိုက်တော့မှာပေါ့၊ ကျူပ ခုတ်ကျူငုတ်မကျန် ရှင်းပစ်ရတော့မှာပဲ၊ မင်းတောင်ငါကချစ် သေးလို့အသက်ရှင်နေသေးတယ်မှတ်ပါ. . . ."

"ဟင်း-ဟင်း-ကျသေးတယ်၊ ရှင့်လိုလူမျိုးရဲ့အချစ်ကို လက မခံပဲသေမင်းကိုသာ အသက်အပ်လိုက်မယ်သိလား. . ."

မေကြည်က ခနိုးခနဲ့ပြောပြန်သည်။

"အို-အချစ်အကြောင်းမင်းမသိနိုင်သေးပါဘူး၊ မေဇ လတ်၊ အတွေ့အထိပေါ်မှာအချစ်ပန်းပွင့်တတ်ပါတယ်ကွာ-ကဲ ပါ ပစ္စည်းတွေဘယ်မှာထားသလဲပြော. . ."

မေကြည်စဉ်းစားရပြီ၊ ဘာလုပ်ရမလဲ။

ဘယ်နည်းနှင့်ဖြစ်ဖြစ်၊ ထိုသူ့နောက်တော့လိုက်မသွားလို ဤသည်မှာသူမ၏အပြင်းထန်ဆုံးဆန္ဒဖြစ်သည်။

"ဘယ်မလဲ-ပြောလေ. . ."

မေကြည်ဘာမျှဆက်မပြော၊ ထိုသူအားစိမ်းစိမ်းကြီးကြည် နေမိသည်။ လူကမလှုပ်ရှားသော်လည်း ဦးနှောက်လှုပ်ရှားနေ သည်။

"ကျွန်မအတွက်ဖလင်ဘယ်မှာလဲ၊ ဓါတ်ပုံပြောတာမဟုတ် ဖူးနော်၊ မူရင်းဖလင်. . ."

"ဖလင်-ဘာလုပ်မလို့လဲ. . ."

"ရှင်ပြောတဲ့အတိုင်း အပေးအယူသဘောပေါ့၊ ဒီဖလ

ဖော်မွန်စာပေ

ရှင့်ဆီမှာမရှိရင်၊ ရှင်ကျွန်မကိုဒုက္ခဆက်မပေးနိုင်တော့ဘူးပေါ့. . "

"အော်-အော်-ရပါတယ်၊ ငါနဲ့အတူပါတယ်၊ ပေးမယ်၊ ပြ မင်းပစ္စည်း. . ."

ပြောပြောဆိုဆို ထိုသူကတစ်လက်မပတ်လည်ဖလင်လေး တစ်ခုကို အတွင်းအိပ်ကပ်ထဲမှ ထုတ်ပေးသည်။

လျှပ်တပျက်အကြံ သူမခေါင်းထဲဝင်လာသည်။

ဖလင်ကိုလှမ်းယူပြီး၊ မီးရောင်တွင်ထောင်ကြည့်သည်။ ဟုတ်သည်သူမလိုချင်နေသည့်ဖလင်၊ ထိုသူလိုချင်သောပစ္စည်းကို ပြသပြီး၊ ထိုလူယူနေချိန်တွင်၊ အခန်းထဲမှထွက်ပြေးမှဖြစ်မည်။

"ဟေး-မေဇင်လတ်ပြောလေကွာ-ပစ္စည်းတွေဘယ်မှာ လဲ. . ."

မေကြည်ဘာမျှမပြောပဲ ထိုသူ့ရှေ့မှဖြတ်လျှောက်ပြီး၊ ကု တင်ခြေရင်းအရောက်တွင် မွေ့ယာကို မ-ပြလိုက်သည်။

မြင်လိုက်ရသည်က၊ အရောင်ဝင်းလက်နေသည့်စိန်ပွင့် များ။

စိန်ပွင့်များကိုတွေ့လိုက်သည်ဆိုလျှင်ပင်၊ ထိုသူ၏မျက်နှာ ဝင်းထိန်သွားသည်။ သွက်လက်သောခြေလှမ်းဖြင့် ကုတင်နားကပ် လာသည်။

မေကြည်ကကိုယ်ကို နောက်ဆုတ်လိုက်သည်။

လောဘဇောတက်နေသော ထိုသူကလက်တစ်ဖက်ဖြင့် မွေ့ယာကို၊ မပြီးကျန်လက်တစ်ဖက်ဖြင့် ပြန့်ကျဲနေသော စိန်ပွင့် များကိုစုစည်းပြီး၊ သူ့ကုတ်အင်္ကျီအိတ်ထဲထည့်နေသည်။





"အထားပက်စက်လှချည်လားမေဇင်လတ်ရယ်၊ ဒါတွေ ဟာသိန်းပေါင်းများစွာချီပြီးတန်ဟယ်ကွ. . ."

"ရှင့်အတွက်အဖိုးတန်ပေမယ့်၊ ကျွန်မဖို့တော့ကျောက်ခဲ သလဲတွေပါပဲ၊ မမက်ဖူး. . ."

မေကြည်ကပြောပြောဆိုဆို၊ နောက်နှစ်လှမ်းဆုတ်သည်။

ထိုစဉ်မှာပင်မြင်ကွင်းတစ်ခုက သူမ၏စောစောကအကြံ ကိုပျက်ပြားစေသည်။

ထိုသူသည်စိန်ပွင့်များဆီသို့အာရုံရောက်နေပြီး တစ်လုံး မကျန်ကုန်းကောက်နေ၏။ ထိုသို့ကုန်းလိုက်သောအခါ၊ သူ၏ကုတ် အင်္ကျီဖြင့်ဖုန်းကွယ်နေသော ဘောင်းဘီအိတ်ထဲမှခြောက်လုံးပြူး သေနတ်ဒင်ပေါ်နေသည်။

မေကြည့်ခေါင်းထဲအကြံအစည်တစ်ခု လက်ကနဲဝင်လာ သည်။

ကြာကြာစဉ်းစားမနေ၊ လျှပ်တပျက်လှုပ်ရှားလိုက်သည်နှင့် ခြောက်လုံးပြူး သူမလက်ထဲရောက်လာသည်။

အတွေ့အထိတစ်ခုကြောင့် ထိုသူကမေကြည့်ကိုလှည့် ကြည့်သည်။

မေကြည့်လက်ထဲမှခြောက်လုံးပြူးက၊ သူ့နှလုံးသားကိုချိန် ထားသည်။ သူမမျက်လုံးများက အရောင်ထွက်နေသည်။ နှုတ်ခမ်း လေးပြတ်လုခမန်း တင်းကြပ်စွာစေ့ထားသဖြင့် မေးရိုးလေးများပင် ထွက်နေသည်။

"အော်-မင်းကငါ့ကိုပစ်မယ်ပေါ့၊ ပစ်လိုက်စမ်းပါကွာ၊ မင်း

ပစ်လို့တော့ တစ်ခါမဟုတ်ဖူးဆယ်ခါသေရဲတယ်ကွ. . ."

ထိုလူကသတိကြီးစွာထားရင်း အသံကိုအတည်ငြိမ်ဆုံးကြိုးစားပြီးပြောနေသည်။

သို့သော်သူသိပါသည်။ မည်သည့်မိန်းမသားမဆိုဒေါသအထွတ်အထိတ်ရောက်နေချိန်မျိုးတွင် အာမဆိုလုပ်ရဲသည်၊ သတ်ရဲသည်၊ ဖြတ်ရဲသည်။

သည်တော့သူပရိယာယ်သုံးမှဖြစ်တော့မည်။

ဒေါသကြောင့်လောမသီ၊ သေနတ်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသော မေကြည်၏လက်များတုန်ယင်နေသည်။ ထို့ကြောင့်သူလှုပ်ရှားလိုက်သည်နှင့် ထွက်လာမည့်ကျည်ဆံကို သူကြောက်သည်။

ထို့ကြောင့်မလှုပ်ရှားရဲ၊ သတိထားနေရသည်။

ရုတ်တရက်ဆိုသလိုပင်၊ သူ၏အကြည့်သည်တံခါးဝမှတစ်စုံတစ်ယောက်ကို တွေ့လိုက်ရသလို အံ့ဩသောအကြည့်ဖြင့်လှမ်းကြည့်သည်။

မေကြည်သည်ပင်အမှတ်မထင် နောက်ဘက်ရှိတံခါးဆီသို့ကြည့်ဖြစ်သွားသည်။

ဤသည်ပင် မေကြည်၏အမှားဖြစ်သည်။

ထိုသူက မေကြည့်လက်ထဲမှ သေနတ်ကိုလု၍မရမှန်းသိသည်။ ထို့ကြောင့်မေကြည့်လက်ကို သူ့လက်ဝါးစောင်းဖြင့် အပြင်းထန်ဆုံးရိုက်ချလိုက်သည်။





မေကြည်၏အားကနဲအော်သံ၊ ဒိုင်းကနဲကျည်ဆံထွက်သွ
သံနှင့်အတူ၊ ခြောက်လုံးပြူးမှာ တံခါးဝသို့ကျသွားသည်။

လုံခြုံသောအခန်းဖြစ်၍လည်း သေနတ်သံမှာပိုကျယ်သွ
သည်။

ထိုသူသည် အခြေပျက်သွားသောမေကြည် သေနတ်ကု
မကောက်မိစေရန်၊ မေကြည့်ကိုဖမ်းချုပ်ပြီး ပါးစပ်ကိုဖမ်းပိတ်လိုက
သည်။

ချုပ်သူကချုပ်၊ ရုန်းသူကရုန်းဖြင့် အခန်းလေးမှာဝရုံးသ
ကားဖြစ်နေသည်။

စင်စစ်သေနတ်သံကြောင့်တဖက်ခန်းမှ ကိုဇနကျော်ရေ
တင်အောင်မိုးပါအံ့ဩတုန်လှုပ်သွားသည်။

ထိုင်ရာမှရုတ်ချည်းထပြီး အခန်းတံခါးဝသို့ပြေးထွက်
သည်။

အခန်းထဲမှရုန်းကန်သံများကို ကြားရသောအခါ၊ သူ
ချင်းစကားမပြောပဲ အမူအယာဖြင့်နားလည်မှုယူကြသည်။

ယင်းမှာ၍တိုက်အကြောင်းသိသော အိမ်ရှင်ကိုနေကျေ
ကအပြင်ထွက်ပြီး၊ တိုက်ဘေးမှဖြတ်ကာ၊ မေကြည့်အခန်းပြူတ
ပေါက်အောက်ဖက်တွင်သွားစောင့်ခဲ့သည်။

သည်တော့မှအကြမ်းဖက်သမားမှာ တိုက်ကိုဆေးသုတ်
ကထောင်ထားခဲ့သော ဝါးလှေကားဖြင့်ပြူတင်းပေါက်မှတဆင့်
နိုင်ခြင်းဖြစ်ကြောင်းသူသဘောပေါက်သွားသည်။

ထို့ကြောင့်ထိုသူအလွယ်တကူ ပြန်မဆင်းနိုင်ရန်လှေကား ကိုရွှေ့ထားလိုက်သည်။

မေကြည့်အခန်းထဲတွင်ကား ရုန်းကန်နေသော မေကြည့် ကြောင့် ထိုသူမှာကိုယ်ယိမ်းထိုးနေရ၏။ စိတ်မရှည်နိုင်တော့သည့် အဆုံးမေကြည့်ကို ဆောင့်၍ချုပ်ပစ်လိုက်သည်။ နာကျင်သွားသော မေကြည်မှာညည်းညူရင်း ငြိမ်ကျသွားတော့သည်။

ထိုအခါကျတော့မှပင်၊ သူကခါးကိုကြိုးစားကုန်းပြီး တံခါး ဝတွင်ကျနေသော သေနတ်ကိုကောက်ယူရန်ကြိုးစားလိုက်သည်။

သူနောက်ကျသွားချေပြီ။

ရုတ်တရက်တံခါးပွင့်လာပြီး၊ တင်အောင်မိုး၏ခြေတစ်ဖက် ကသေနတ်ကိုဖိနင်းလိုက်သည်။

အရာရာ၀ွင် သတိရှိနေသော ထိုသူအခြေအနေကို ကောင်းစွာရိပ်စားလိုက်မိသည်။

မေကြည့်ကိုအလွတ်မပေးပဲ၊ နောက်တစ်လှမ်းဆုတ်လိုက် သည်။ ချက်ချင်းပင် သူ့ခါးကြားထဲမှဓားမြှောင်ကိုလည်းဆွဲထုတ် လိုက်သည်။ မေကြည်မှာသူ့အတွက် အကောင်းဆုံးခံတပ်ကြီးအခြေ အနေမျိုးတွင်ရှိနေသည်။

တင်အောင်မိုးက သေနတ်ကိုကောက်ယူပြီးခေါင်းမော့ လိုက်သည်။

"ဟင်-ဦးတင်မောင်မျိုး. . ."

ထိုသူ၏အလန့်တကြား အော်သံထွက်လာသည်။

သူ့အပြုအမူမှာလည်း ချောက်ချောက်ချားချားဖြစ်သွား





ကာမေကြည့်ကိုချုပ်ရင်း အနောက်ဖက်နံရံပြူတင်းပေါက်ဆီသ တဖြည်းဖြည်းဆုတ်သွားသည်။ သို့ဖြင့်မေကြည်ကိုယ်တိုင်မှာလည မမှန်သောခြေလှမ်းဖြင့် ပါသွားရှာတော့သည်။

"ကဲ-ကိုယ့်လူ-ခင်ဗျားဓားမြှောင်က၊ ဒီသေနတ်ကိုအံတုနို မယ်ဆိုရင် လွတ်အောင်ပြေးပေတော့. . ."

တင်အောင်မိုး၏အသံက တင်းမာစွာပေါ်ထွက်လာသည

"ဟင်ဒ-ဟင်း-ဦးတင်မောင်မျိုး၊ ပစ်လေဗျာ-ပစ်စမ်းပ ကျုပ်ကိုထိအောင်ပစ်စမ်းပါ-ဟား-ဟား. . ."

ကြားထဲမှမေကြည်ကား၊ လန့်နေချေပြီ၊ သေနတ်ကျည်

သာထွက်လာလျှင် သူမကိုသာအရင်မှန်နိုင်သည်။ ထိုသူကားအ အနေကို အခွင့်ကောင်းယူနိုင်သည်။ သူကဓားဖြင့်ပေါက်၍လည ပြေးနိုင်သည်။

တင်အောင်မိုးက အခြေအနေကိုစူးစမ်းရင်း အကြံရခ သွားသည်။

ထိုသူမှာကား တဖြည်းဖြည်းဖြင့် နောက်ဆုတ်နေချေ ကုတင်ခြေရင်းပြူတင်းပေါက်သို့ ရောက်ပေတော့မည်။

မထူးတော့သဖြင့်၊ တင်အောင်မိုးရှေ့သို့ခြေနှစ်လှမ်းအ လိုက်တွင်ထိုသူမှာ ကုတင်ပေါ် သို့ပင်ရောက်နေပေပြီ။ မေကြ ကိုလည်းအဓမ္မဆွဲတင်နေသည်။ နာကျင်လှသဖြင့်မေကြည်ညည ညူသော်လည်း၊ သူကဂရုမစိုက်၊ ထိုသူအဖို့မေကြည်သည်၊ အခ အကာအကွယ်ဖြစ်နေ၍ လက်လွတ်၍မဖြစ်ပေ။

ထိုသူ၏ခြေထောက်နှစ်ဖက် ပြူတင်းပေါက်ဘောင်ပေါ်တွင် စုရပ်မိလိုက်သည်တွင် အပြင်ဘက်မှကိုနေကျော်၏ အသံကိုကြားရသည်။

"ဟော့လူ၊ မဆင်းနဲ့၊ မဆင်းနဲ့၊ လှေကားကိုကျုပ်ရွှေ့ထားတယ်၊ ပြေးမလွတ်မယ့်အတူအဖမ်းခံပါ၊ အဖမ်းခံပါ. . ."

တိတ်ဆိတ်သောညတွင် ကိုနေကျော်၏အသံကကျယ်လောင်စွာထွက်ပေါ်လာ၏။

ထိုအသံက၊ ထိုသူအားအထင်နှင့်အမြင်လွဲမှားသွားအောင်သတိပေးနိုင်ခဲ့သည်။ သူသည်ကြံရာမရ အံ့အားကြီးသင့်နေရှာတော့သည်။

သို့သော်သတိရှိသောမကြည်က အခြေအနေအရပ်ရပ်ကိုနားလည်သဘောပေါက်သည်။ သူမ၏လွတ်မြောက်ရေးကိုနားလည်သည်။ ထို့ကြောင့်ထိုသူက-တင်အောင်မိုးအားဓားဖြင့်ပေါက်ရန် လက်အမြှောက်လိုက်တွင်၊ ရှန်းထွက်လိုက်သည်။

မကြည်ကားလွတ်မြောက်ပါ၏။ သို့သော်-ထိုသူမှာကားသူ၏ယိမ်းယိုင်နေသောကိုယ်ရှိန်ကိုမသိတ်နိုင်၊ သူ့ခြေမှာပြူတင်းပေါက်ဘောင်ပေါ်မှလွတ်ထွက်သွားပြီး၊ စူးစူးဝါးဝါးအသံနက်ကြီးနှင့်အတူ အပြင်သို့ထိုးကျသွားလေတော့သည်။

"အား" ကနဲအော်သံနှင့်အတူ၊ ဝုန်းကနဲမြေကြီးပေါ်ကျသွားသံမှာ ဖွဲ့အိတ်ကြီးပစ်ချလိုက်သလား အောက်မေ့ရပါသည်။

အောက်ဆီမှ ကိုနေကျော်၏တားဆီးအော်ဟစ်သံလည်း

ဖော်မွန်စာပေ



ကြားရ၏။

တင်အောင်မိုးပြူတင်းပေါက်မှ ငုံ့ကြည့်လိုက်သောအခါ၊ စောစောကလူအား ကိုနေကျော်ကပွေ့ဖက်ထားသည်ကိုတွေ့ရ၏။

"တင့်အောင်မိုးရေ-ငါ့ညှို့ခန်းထဲမှာတယ်လီဖုန်းရှိတယ်ကွ၊ ရဲစခန်းကိုဖုန်းဆက်ပါ၊ ဒီလူမသေသေးဘူးကွ၊ ဒါပေမယ့်အခြေအနေတော့သိပ်မကောင်းဘူး၊ ဆေးရုံအမြန်ပို့မှကောင်းမယ်ကွ. ."

"ကောင်းပြီ-ကိုနေကျော်-သူ့ကိုခင်ဗျားသိလား၊ သူဘယ်သူလဲဟင်. . ."

"သိတာပေါ့ကွာ-ငါ့ရဲ့အသိထဲကပဲ၊ မင်း-ရဲစခန်းကိုဖုန်းဆက်ရင်၊ အဲဒီလူရဲ့နာမည်ဟာကိုမြင့်ဇော်ဖြစ်တယ်ဆိုတာလဲ ပြောပြပါကွာ၊ အော်-မကြည်ကောဘာဖြစ်သေးလဲ-ဟင်. . ."

"မကြည်-ဘာမှမဖြစ်ပါဘူးအကို. . ."

မကြည်ကိုယ်တိုင်လှမ်းပြောသံဖြစ်ပါ၏။

"ဟာ-ငမ်းသာလိုက်တာ မကြည်ရယ်. . ."

ကိုနေကျော်အသံကလှိုက်လှဲဝမ်းသာမှုအပြည့်၊ သူ့မျက်နှာတွင်အပြုံးတွေဝေနေသည်။

မကြည်ကိုယ်တိုင်မှာလည်း ထိုနည်းနှင်နှင်။

× × × × × ×

ဖော်မွန်စာပေ

# အပိုင်း(၃)

## ကျွန်တော်ပြောချင်တဲ့ သူတို့အကြောင်း။


မျှော်လင့်ခြင်းမနက်ဖြန်

## အစ၏နိဂုံး

ဤစာအုပ်၏အဖွင့်စာမျက်နှာ "အဆုံး၏နိဒါန်း" တွင်၊ ကျွန်ုပ်တော်ရေးသားဖော်ပြခြင်းနှင့် ယခုအောက်ဖော်ပြမည့် "အစ၏နိဂုံး" ကိုဆက်စပ်ကြည့်ရန်သာလိုပါလိမ့်မည်။

"ဆရာဦးပိုင်စိုး-ရေ၊ ကိုမြင့်ဇော်တစ်ယောက်တော့ပြန်သတိရပြီဗျာသိလား၊ ဒါပေမယ့်သူ့အခြေအနေကတရားရုံးမှာ အစစ်မခံနိုင်သေးဘူး၊ ရန်ကုန်ဆေးရုံကြီးအချုပ်ခန်းထဲမှာဘဲရှိနေသေးတယ်. . ."

"အလားအလာကောင်းသလားဗျ. . ."

ကျွန်တော်က သူ့ကိုယ်စားစိတ်စောရသည်။

"ကောင်းမယ်ပုံပဲဗျ-အမှုစစ်ရဲ့တွေကို၊ ဒီလူဂတိပေးတယ်ဗျ၊ အားလုံးအမှန်အတိုင်း ဝန်ခံထွက်ဆိုပါ့မယ်တဲ့လေ၊ ဒါပေမယ့်ဆရာဝန်က စကားများများပြောခွင့်မပြုသေးဘူး. . ."

"ဒါဆိုရင်တော့ ခင်ဗျားတို့ကကံကောင်းမှာပဲ. . ."

"ကျွန်တော်လဲဒီအတိုင်းယုံနေတယ်. . ."

"အာမခံကိစ္စကကောဗျာ. . ."

ဖော်ရှင်း . . .

ကျွန်တော်တို့လဲ အပူတပြင်းကြီးစားထားပဲ၊ ကိုမြင့်ဇော်ထွက်ချက်ပေါ်မှာမူတည်နေတယ်ဗျ၊ သူကသာမကြည်မှာအပြစ်မရှိတဲ့အကြောင်းထွက်ဆိုလိုက်တာနဲ့ အမှုပြီးမပြီးတာအကြောင်းမဟုတ်တော့ဘူး၊ မကြည့်ကိုထားရုံးတဲ့အာမခံပေးမှာသေချာတယ်"

ကိုနေကျော်က ရှင်းပြသည်။

"အင်း-မောင်မင်းကြီးသား မြန်မြန်နေကောင်းပါစေဗျာ"

ကျွန်တော်ကလည်းဖြည့်စွက် ဆုတောင်းလိုက်ရပါ၏။

ထိုအကြောင်းများကို အမျိုးသမီးထောင်မှူးမှတဆင့် မကြည့်အားအသိပေးရပါသည်။ သူမအဖို့တစ်အားတက်စရာဖြစ်ပါသည်။

ထိုအတောအတွင်းသက်ဆိုင်ရာ ရုံးခန်းမှလည်းအကျဉ်းထောင်သို့လာ၍ မကြည့်ထံမှစစ်ချက်များကို ယူသွားသည်ဟုသိလိုက်ရသည်။

အမျိုးသမီးဝါဒါတစ်ယောက်စောင့်ကြပ်ပြီး အစစ်ခံရခြင်းဖြစ်သည်။ ထို့ကြောင့်ကျွန်တော်တို့မသိနိုင်ခဲ့ပါ။

မကြည်ထွက်ဆိုချက်နှင့် ကိုမြင့်ဇော်ဖွင့်ဟခန်ခံချက်သာ၊ တစ်ထပ်တစ်သားတည်းကျပါက၊ ကဲအလှည့်သည် မကြည့်အကိုတွင်ရှိသည်ဟု ယုံကြည်နိုင်ပါမည်။

သို့သော်ကိုမြင့်ဇော်၏ကျန်းမာရေးမှာ ကောင်းလာရာမှ ပြန်လည်ဆိုးဝါးသွားကြောင်းသိရသောအခါ၊ ကိုနေကျော်နှင့်အတူ ကျွန်တော်ကိုယ်တိုင်ပင်စိတ်ဓာတ်ကျချင်မိသွားသည်။

"နေပါအုံး-ကိုနေကျော်၊ ဒီကိုမြင့်ဇော်နဲ့မကြည်က ဘယ်





လိုပါဝင်ပတ်သက်ကြတာလဲ၊ သူတို့ ပူးပေါင်းဆောင်ရွက်တယ်ဆိုတာကောဘယ်လိုလဲဗျ. . ."

မရှင်းသေးသည့်ကိစ္စကို မေးကြည့်ရသည်။

"တရားရုံးကတော့အမှုဆွဲတင်နိုင်အောင် မှန်မတပ်ရတာတွေတော့ ထုံးစံပေါ့ဗျာ၊ နောက်မှကာယကံရှင်တွေရဲ့ ထွက်ဆိုချက်ကိုကြားနာပြီးစွဲချက်တင်သင့်၊ မတင်သင့်ဆုံးဖြတ်မှာပေါ့၊ အခုဟာကတော့ ကိုမြင့်ဇော်ရဲ့ကျန်းမာရေးက အဓိကကျနေတယ်လေ. . ."

"မကြည်နဲ့ဒီလူဟာ အစထဲကအဖွဲ့တွေလား. . ."

"မဟုတ်ဖူးဗျ-ပြောရရင်တော့ယုံချင်စရာတောင်မရှိဘူး မကြည်ကမြေလတ်ပိုင်းအတိဗျ၊ သူ့အဖေကအဝေးပြေးကားမောင်းသမား၊ အဖေသေတော့ သူတို့သားအမိကားပိုင်ရှင်အိမ်မှာ ထမင်းစားကျွန်ခံလိုနေကြရတာ၊ မကြည်အရွယ်ရောက်လာချိန်မှာဘဲ အမေဆုံးပြန်ရော၊ အဲဒီမှာဘဲမကြည်ဘဝမလုံခြုံတော့ဘူး ကားပိုင်ရှင်ရဲ့မိန်းမက သူ့ရဲ့တူနဲ့မကြည့်ကိုအတင်းပေးစားမယ် အလုပ်မှာ မကြည်ရန်ကုန်ကိုထွက်ပြေးခဲ့တာ. . ."

"ကဲကြမ္မာတွေ ဖန်လာပြီဆိုပါတော့. . ."

"အဲဒီလိုပြောရမလိုဖြစ်နေပြီ. . ."

"အင်း-ဖြစ်တတ်တာတွေပါပဲဗျာ. . ."

"ဟုတ်တယ်ဗျ-အဲ-ရန်ကုန်ဘူတာကြီးရောက်တော့မသွားတတ်၊ မလာတတ်ဖြစ်နေတဲ့မကြည့်ကို ကိုမြင့်ဇော်တို့အဖွဲ့ကတွေ့သွားတယ်၊ အဲဒီကထဲကမကြည်ဟာ သူ့အဒေါ်အိမ်မရောက်တော့ဘူးဆိုပါတော့ဗျာ. . ."

"နေပါအုံးဗျ-သူတို့ကဘာယ်လိုစည်းရုံးသိမ်းသွင်းလိုက်တာ တဲ့လဲ. . ."

"ဒီလိုလေ-ကိုမြင့်ဇော်တို့အဖွဲ့ထဲကတစ်ယောက်က အငှား ကားမောင်းသမားဟန်ဆောင်ပြီး၊ မေကြည်ကိုမြောက်ဥက္ကလာပ လိုက်ပို့တယ်၊ ဒါပေမယ့်-မြောက်ဥက္ကလာပမရောက်ပါဘူး. . ."

"ဗျာ. ."

ကျွန်တော် အံ့ဩသွားသည်။

"ဒီကောင်တွေက အကြံအဖန်တွေမှတ်လား၊ ဒီတော့မေ ကြည့်ကိုတစ်နေရာခေါ်သွားတာပေ့ါ၊ နောက်တော့ဟန်ပြဘလက္ကာ ယကြံတယ်ဆိုပါတော့ဗျာ. ."

"ဟာဒီကိစ္စကဟန်ပြရယ်လို့ရှိသေးသေးလား၊ ရတဲ့အခွင့် အရေးကိုဘာယ်သူလွှတ်မလဲဗျ. . ."

"နေအုံးလေဗျာ-ဒီကိစ္စမှာသူတို့ရဲ့ပထမခြေလှမ်းပဲရှိသေး တယ်၊ ဖြစ်ပုံကဒီလို-အဲဒီအကောင်က မေကြည့်ကိုကြံစည်တုန်း၊ အဲဒီကောင်လက်ထဲကဓါးနဲ့မေကြည်က ထိုးလိုက်တာသေရောဆို ပါတော့. . ."

"ဟာဗျာ. . ."

ကျွန်တော်ထိတ်လန့်တကြားရေရွတ်မိသည်။

"အဲဒီလိုကားသမားဓားထိုးခံရပြီးသေသွားတုန်း၊ ကိုမြင့် ဇော်ရောက်လာပြီး၊ အဖြစ်ကိုမိတ်ပုံရိုက်တယ်၊ မေကြည့်ကိုလဲခေါ် ထုတ်သွားတယ်-ကာယ်တင်ရှင်ကြီးပုံစံနဲ့ပေါ့ဗျာ. . ."

ဖော်ပွန့်စာပေ



"အင်း-စိတ်ကူးယဉ်ဝတ္ထုတွေရဲ့ဇာတ်အဖွင့်ပုံစံမျိုးအတိုင်း ပဲဗျ. . ."

"ဒီထက်-ပိရိတာလေးလဲရှိတယ်ဗျ၊ အဲဒီကထဲက ကိုမြင့် ဇော်ဟာမေကြည်ကို အပိုင်ကိုင်ခဲ့တယ်ဆိုပါတော့ဗျာ၊ လူသတ်မှု ကျူးလွန်ခဲ့တဲ့အကြောင်း အချိန်မရွေးဖော်ထုတ်နိုင်တဲ့ အခွင့်အရေး သူ့မှာရှိနေတဲ့ပုံစံနဲ့ သူ့ကိစ္စမှာအသုံးချတယ်၊ ဒါပေမယ့်-မေကြည့်မှာ ကံကောင်းတာလေးရှိတယ်ဗျ၊ အဲဒါကတော့ မေကြည်ကလှတယ် မှတ်လား. . ."

"ကျွန်တော့်အထင်တော့-မေကြည့်အလှက မေကြည့်ဘဝ ကိုအရှုပ်ဆိုးစေမှာပဲဗျ. . ."

"မဟုတ်ဖူးဗျ-မေကြည့်ကလှတော့ အပေါ်စားမဆက်ဆံရဲ ကြဘူး၊ မထိရဲဘူး၊ ထိလာရင်လည်းမေကြည့်ဘက်က အသက်နဲ့အ ရှက်လဲပြီး ဖွင့်ချစရာတွေအပြည့်ရှိနေတာကိုး. . ."

"အင်း-စိတ်ဝင်စားစရာတော့ကောင်းနေပြီဗျာ၊ ဆက်ပါ အုံး. . ."

"နောက်ဆုံးတော့-ကျွန်တော့်သူငယ်ချင်းကိုတင်မောင်မျိုး ကိစ္စဆိုပါတော့၊ ဒီလူကြွတော့ကိုမြင့်ဇော်တို့ ချဉ်းကပ်တာနဲ့နဲလွဲချော် မှုရှိသွားပုံရတယ်၊ အခြေအနေရိပ်မိတဲ့ ကိုတင်မောင်မျိုးက အကပ် လဲမခံရော မဟာအခွင့်အရေးကို လက်လွှတ်မခံချင်တဲ့ကိုမြင့်ဇော် ဟာ သူကိုယ်တိုင်ပါဝင်လှုပ်ရှားရတော့တာပေ့ါဗျာ. . ."

"ကိုတင်မောင်မျိုးကို သူကသတ်တာပေ့ါ. . ."

"ဟုတ်တယ်-အဲဒါကိုမကြည်ကလဲမြင်တယ်၊ မေကြည့် ထွက်ဆိုချက်ထဲမှာလဲဒီအတိုင်းတွေ့ရတယ်. . ."

"ဒီတော့. . ."

"မေကြည်အနေနဲ့ကလဲ၊ ပတ်ပင်းတွေ့ရလို့ မြင်ကွင်းကသိပ် ခြောက်ချားစရာဖြစ်သွားတယ်၊ သူ့အနာဂတ်ကိုလဲ သူမယုံတော့ဘူး၊ အဲဒီမှာပဲစိန်ထုပ်ကိုယူပြီး ကိုမြင့်ဇော်အလစ်မှာထွက်ပြေးရင်း၊ တန် တော်ကြီးစောင်းအင်ရောက်မှာ လမ်းလျှောက်လာနေတဲ့ ကျွန်တော့် ကို ကိုမြင့်ဇော်အဖွဲ့ပဲလို့အောက်မေ့ပြီး ပြေးမလွတ်တော့တာမို့ ရေထဲ ခုန်ချခဲ့တာ. . ."

"ဆိုးတဲ့အဖြစ်ပဲဗျာ. . ."

ကျွန်တော်မှတ်ချက်ချမိသည်။

"အဆိုးထဲက အကောင်းဆိုတာလဲရှိသေးတယ်ဗျ၊ အဲဒါက တော့ မေကြည်ထွက်ဆိုချက်အရ ဗုစရိုက်ဂေါင်တွေကိုဖော်ထုတ် နိုင်ခဲ့တယ်၊ အဲဒီထဲမှာ ထွန်းလူဆိုတဲ့ငနဲလဲပါလာတယ်လေ၊ သူ့ ရဲ့ဝန်ခံချက်က အတော်လေးအံ့ချေးပါသဗျ. . ."

"ထွန်းလူက ဘယ်သူလဲဗျ. . ."

"ဖိုဗျား-ကားသမားလေ၊ မေကြည်တေးနဲ့ထိုးသတ်ခဲ့တဲ့ ကောင်ပေါ့. . ."

"ဟင်-ဒီကောင်မသေဘူးလား. . ."

"အကြံအဖန်သေပေးတာလေ. . ."

"ဘယ်လိုလဲဗျာ-ကိုနေကျော်. . ."

"ဒါက-ကိုမြင့်ဇော်ရဲ့အစီအစဉ်ပေါ့ဗျာ၊ ဒီလိုမှမလုပ်ရင်





မေကြည့်ကို သိမ်းသွင်းလို့မရဘူးလေ၊ သတ်စာနီးကစပရင်ခံတဲ့ လပ်စတစ်မီးဗျ ထိုးလိုက်ရင်အသားထဲဝင်သွားသလို့နဲ့ နောက်ဖ ပြန်ကန်တဲ့မီးလေဗျာ. . ."

"အော်-သိပြီး ရုပ်ရှင်တို့ ပြဇာတ်တို့မှာသုံးတတ်တဲ့မီး မှတ်လား. . ."

"ဒါပေါ့. . ."

"အင်း-ကိုမြင့်ဇော်တဦးကျောက်ကောင်းသားပဲ. . ."

"ဒါပေမယ့်-ခုတော့သူဦးကျောက်မကောင်းလို့ အမှ မပြတ်နိုင်တော့ဘူးဗျာ. . ."

"ခင်ဗျားပြောတဲ့အတိုင်း ကိုမြင့်ဇော်ကအမှန်အတိုင်းထွ ဆိုရင်တော့ အကောင်းသွားပေါ့ဗျာ၊ နောက်ပြီးသူ့ထွက်ဆိုချက် တရားရုံးကလဲလက်ခံမယ်ဆိုရင်ပေါ့၊ နို့မို့ရင်တော့. . ."

ကျွန်တော်ဆက်မပြောသော်လည်း၊ ကိုနေကျော်နားလ ပုံရသည်။

သူ့ထံမှသက်ပြင်းရှိုက်သံ တစ်ခုကိုသာကြားရပါ၏။

ညှိုးမှိုင်းမြင့်ထဲအလှည့်ကို ကျွန်တော်တို့စောင့်နေဆဲ၊ ကို ကျော်ထံမှမင်းမျှော်လင့်သော ဝမ်းနည်းဖမ်းသာ[illegible]စကားကိုကြားခဲ့ရ ၏။

ကိုမြင့်ဇော်တစ်ယောက် ထောင်ရုံတွင် သေဆုံးသွားပြီ သည့် သတင်းသည်စိတ်မကောင်းစရာဖြစ်ပါ၏။ သို့သော်သူမသေ သေတမ်းစစ်ချက်ကို ပြီးပြည့်စုံအောင် သက်သေများရှေ့တွင် သားနိုင်ခဲ့သည်ဆိုသော သတင်းမှာ ဝမ်းမြောက်ဝမ်းသာစရာပါ၊ ထို့

ပို၍ဝမ်းသာစရာမှာ သူ့ထွက်ဆိုချက်သည် မေကြည်၏ထွက်ဆိုချက်နှင့်တစ်ထပ်တည်း၊ ထပ်ဆင့်တည်းတူနေခြင်းပင်ဖြစ်ပါသည်။

နေ့လည်ပိုင်းတွင်၊ ကိုနေကျော်ထောင်သို့ရောက်လာပါသည်။ သူ့လက်ထဲတွင်တရားရုံးမှထုတ်ပေးလိုက်သော အရေးပေါ်အာမခံလွှတ်ဝရမ်းကိုကိုင်ထားပါသည်။

ဝမ်းသာရွှင်လန်းနေသော သူ့မျက်နှာကိုကြည့်ရင်း ကျွန်တော်ကြည့်နူးရပါသည်။

ဆိုသော်ထောင်ထုံးစံကိုကား သူ့ကိုလက်ခံစေရပါသည်။

တရားရုံးများကမည်မျှပင်ဝီရိယထားစေ၍ အရေးပေါ်အာမခံထုတ်ပေးပြီးထောင်ထုတ်ဝရမ်းပါလာစေကာမူ၊ အကျဉ်းထောင်ကမူညနေထောင်ပိတ်ခါနီးမှလွှတ်ပေးရိုးထုံးစံရှိပါသည်။

ထို့ကြောင့်သူတို့ညနေလေးနာရီအထိစောင့်ပါရန် မေတ္တာရပ်ခံရပါ၏။

မေကြည့်ကိုလည်း ကြိုတင်အသိပေးလိုက်ရပါသည်။

ဤသို့ဖြင့်ကိုနေကျော်နှင့်ကျွန်တော်တို့အဖို့ စကားပြောချိန်လေးများစွာရရှိလိုက်ပါသည်။

မရှင်းတာလေးများကိုလည်းမေးယူရသည်။

"နေပါဦး-ကိုနေကျော်၊ ဒီ-ကိုမြင့်ဇော်ဆိုတဲ့လူက၊ ခင်ဗျားဆီမေကြည်ရောက်နေတာဘယ်လိုလုပ်သိသတဲ့လဲဗျ. . ."

"အော်-အဲဒါလဲထွက်ဆိုချက်ထဲမှာပါတယ်ဗျ၊ ဟိုဗျာ-ကျွန်တော့်အိမ်ဖို့ဈေးမှာပစ္စည်းတွေဝယ်တဲ့နေ့က ကိုမြင့်ဇော်နဲ့ကျွန်တော်စားသောက်ဆိုင်မှာတွေ့ကြတယ်လေ. . ."





"ဟုတ်တယ်-ကျွန်တော်မှတ်မိပြီ. . ."

"အဲဒီတုန်းက ကျွန်တော်နှာစေးပြီးချေတယ်၊ လက်ကိုင်ပုဝါအထုတ်လိုက်မှာစာရွက်ကျသွားလို့အကောက်၊ စားပွဲပေါ်ကလက်ကိုင်ပုဝါကို၊ ကိုမြင့်ဇော်တွေ့သွားတယ်၊ မေကြည့်လက်ကိုင်ပဝါမှန်းသူသိသွားတာပေါ့၊ လက်ကိုင်ပဝါမှာမေဇင်လတ်ဆိုတဲ့အင်္ဂလိပ်စာလုံးအတိုကောက်၊ (M.Z.L)ကိုစာတမ်းထိုးထားတယ်၊ ဒါကြောင့်မေဇင်လတ်ကျွန်တော့်ဆီရောက်နေလိမ့်မယ်လို့ သူတွေးမိပြီး၊ ကျွန်တော့်တိုက်ကိုလိုက်လာတာပေါ့. . ."

ထိုအခါကျမှကျွန်တော့်မှာ ဟင်းချနိုင်ပါတော့သည်။

ကိုနေကျော်က သူ့ဆန္ဒတစ်ခုကိုလည်းထုတ်ဖော်ပြောပါသေးသည်။

"အခုအတိုင်းဆိုရင်၊ မေကြည်ဟာတစ်ကောင်ကြွက်ပဲဗျ၊ ဒါကြောင့်တရားရုံးကအမျိုးသမီးစောင့်ရှောက်ရေးဂေဟာကို ပို့နိုင်တယ်၊ ဒီတော့-ကျွန်တော့်နှလုံးသားကိုမေကြည်နားလည်မယ်ဆိုရင်သူ့ကိုလက်ထပ်ချင်တယ်ဗျာ. . ."

သူ့တွင်မျှော်လင့်ချက် အပြည့်ရှိနေသည်။

"မေကြည်နားလည်မှာပါဗျာ-ကျွန်တော်သွားတိုင်းခင်ဗျားအနေအထိုင်အစားအသောက်အခြေအနေနဲ့ ကျန်းမာရေးကိုဂရုတစိုက်မေးရှာတယ်ဗျ၊ မေတ္တာဆိုတဲ့တုန့်ပြန်မှုရှိပြီးသားပါဗျာ. . ."

ထိုညနေ၊ မေကြည်ထောင်ထဲမှ ထွက်ခွင့်ရသောအခါ ကိုနေကျော်ကကြိုဆိုရင်း ကျွန်တော့်ကိုစောင့်ပြန်သေးသည်။

သူတို့ချင်းမည်သို့ဆွေးနွေးလိုက်ကြသည်မသိ၊ ကိုနေကျော်ကျွန်တော့်ကိုပြောလိုက်သော စကားစုများကိုမူ ယခုတိုင်ကြားယောင်နေပါသေး၏။

ယင်းမှာ-

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ-နောက်ဆုံးကျတော့လဲဘဝဆိုတာချစ်သူရင်ခွင်မှာ အဆုံးသတ်ကြရတာပဲမဟုတ်လား. . ." ဟူသောစကားရပ်ပင်ဖြစ်ပါသတည်း။ ။

× × × × × ×

အသက်ဆွေ

# အသက်ဆွေ

ဦးလာဘ(သို့မဟုတ်) သံယောဇဉ်မှတ်တ



စာမူခွင့်ပြုချက်အမှတ် ၊ ၅၀၀၁၄၃၈၀၂